# တပည့်တော်စစ်များ မွေးထုတ်ခြင်း

အုပ်စုငယ်များ၊အိမ်အသင်းတော်များ၊
သာသနာခရီးတိုများအတွင်းလွယ်ကူလျှင်မြန်စွာ
တပည့်တော်မွေးထုတ်ခြင်းမှအသင်းတော်တည်ထောင်ခြင်း
အတွက်လမ်းညွှန်လက်စွဲ

**Daniel B. Lancaster, Ph.D.**

T4T Press

Copyright © 2014 by Daniel B. Lancaster, Ph.D.
မူပိုင်ဖြစ်သည့်ဤစာအုပ်ကို ပြန်လည်လေ့လာဆည်းပူးခြင်းမှလွဲ၍ မည်သည့်အစိတ်အပိုင်းကိုမဆို ပြန်လည်ထုတ်လုပ်ခြင်း၊ အခ်ိပ္ပါယ်လွှဲပြောင်းခြင်း၊ နည်းပညာဖြင့်ဖြစ်စေ၊ မိတ္တူကူး၍ဖြစ်စေ၊ အသံသွင်း၍ဖြစ်စေ၊ သတင်းအချက် အလက်များကိုစုဆောင်းသည်ဖြစ်စေ၊ စာရေးသူ၏ခွင့်ပြုချက် မရရှိပဲ မပြုလုပ်ရန်တားမြစ်ပါသည်။

T4T Press
ပထမအကြိမ် ၂၀၁၁

www.t4tpress.com

စာအုပ်အပြင်အဆင် © ၂၀၁၃ BookDesign Templates.com

All scripture quotations, unless otherwise indicated, are taken from the HOLY BIBLE, NEW INTERNATIONAL VERSION®, NIV® copyright © 1973, 1978, 1984 by International Bible Society. Used by permission of Zondervan. All rights reserved.

Scripture quotations marked (NLT) are from the Holy Bible, New Living Translation, Copyright © 1996, 2004,used by permission of Tyndale House Publishers, Inc., Wheaton, Illinois, 60189. All rights reserved.

Scripture quotations marked (NASB) are from the NEW AMERICAN STANDARD BIBLE ®, Copyright © 1960, 1962, 1963, 1968, 1971, 1972, 1973, 1975, 1977, 1995 by The Lockman Foundation. All rights reserved.

Scripture quotations marked (HCSB) are from the Holman Christian Standard Bible® Copyright © 2003, 2002, 2000, 1999 by Holman Bible Publishers. All rights reserved.

Scriptures quotations marked (CEV) are from the Contemporary English Version Copyright © 1995 by American Bible Society. Used by permission.

Library of Congress Cataloging-in-Publication Data

Making Radical Disciples/Data Daniel B Lancaster, Ph.D. -2nd ed.

ISBN. 978-0-9831387-0-9 printed

# <u>အကြံပြုထောက်ခံချက်များ</u>

အသင်းတော်များတိုးတက်ကြီးထွားခြင်းနှင့် သာသနာကျယ်ပြန့်ရန်အတွက် ဘိသိတ်နှင့်၄င်း၊ အတွေ့အကြုံနှင့်၄င်း ပြည့်စုံသောစာအုပ်စာတမ်းများ အမြဲတမ်းလိုအပ်ပေသည်။ ယေရှုခရစ်တော်နောက်သို့လိုက်ခြင်းသင်ခန်းစာသည် ထိုအချက်များတွေ့ရသော စာအုပ်တစ်အုပ်ဖြစ်သည်။ ယနေ့ မျက်မှောက်ကာလလူသားများအားကယ်တင်ရန် သခင်ယေရှု၏နည်းဗျူဟာများကို အလွန်ရိုးရှင်းစွာ ဖွင့်ဆိုထားသောစာအုပ်ဖြစ်သည်။

ဤစာအုပ်သည် အယူအဆသဘောတရားမျှသာမဟုတ်ဘဲ လက်တွေ့ကျသောအရာများနှင့် ရေးသားပြုစုထားပေသည်။ အတွေ့အကြုံရှိသောဝါရင့်နည်းပြဆရာ Dr Daniel Lancaster ၏ ယေရှုခရစ်တော်နောက်သို့လိုက်ခြင်းသင်တန်းအား သင်သည် တက်ရောက်လေ့လာခြင်းအားဖြင့် ကြွယ်ဝပြည့်စုံလာပေလိမ့်မည်။

Roy J,Fish<br>
Professor Emmeritus Southwestern<br>
Baptist Theological Seminary

သင်သည် တိုင်းရင်းသားလူမျိုးစုများကြားတွင် ယုံကြည်သူလူသစ်များရှာဖွေရန်နှင့် တပည့်တော်စစ် များမွေးထုတ်ဖို့ရန်အတွက် လက်တွေ့ကြုံသောနည်းစနစ်များ/ အချက်အလက်များ လိုအပ်နေပါသလား ?––– ဒီမှာရှိပါတယ်...

အလွန်ရိုးရှင်းပြီး ပြောင်းလဲကာစလူသစ်များပင် အခြားသူများအား ဆက်လက်သွန်သင်ပေးနိုင်သော အချိန်သုံးရက်မျှသာပေးရသည့် တပည့်တော်ဖြစ်သင်တန်းပင်ဖြစ်သည်။ ဥပမာအားဖြင့် သခင်ယေရှု၏ မိန့်မှာချက်များထဲမှ ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ Dr Daniel Lancaster သည် မြောက်များလှစွာသောအတွေ့အကြုံများ၊ အကောင်းဆုံးလက်တွေ့အမှုအရာများနှင့် သမ္မာကျမ်းစာကိုအတူပူးတွဲကာ ကရိယာတန်ဆာပလာအဖြစ် ပြုစုထားသောကြောင့် ကျွန်ုပ်ကိုယ်တိုင် လက်တွေ့အသုံးပြုနေပါသည်။

Galen Currah<br>
Paul Timothy Trainers Itinerant Consultant<br>
<u>www.Paul-Timothy.net</u>

အလွန်ရိုးရှင်းပြီး ထိရောက်သောအချက်များပါဝင်သည့် ဤတပည့်တော်ဖြစ်သင်ခန်းစာများသည် ယုံကြည်သူလူသစ်များအတွက် ယုံကြည်ခြင်း၏အခြေခံသဘောတရားကို နားလည်လာစေကာ ရင့်ကျက်မှုနှင့် အခြားသူကိုလည်း မိမိတို့လေ့လာယုံကြည်မှုများကို လက်ဆင့်ကမ်းဝေမျှဖို့ရန်အတွက် အလွန်အထောက်အကူပြုပေသည်။

Clyde D. Meador
Executive Vice
President International Mission
Board, SBC

ကျွန်ုပ်သည် အမေရိကန်နိုင်ငံတွင် ခေါင်းဆောင်ပေါင်း၁၀၀ကျော်အား ဤသင်ခန်းစာနှင့်ထိတွေ့ပေးခဲ့ပြီး အမြဲတမ်းတုန့်ပြန်မှုနှစ်ချက်ကိုကျွန်ုပ်ပြန်ကြားရသည်။ "ဒါကအရမ်းလွယ်ကူရိုးရှင်းတာဘဲ"နှင့်" ဒီတစ်နှစ်ပတ်လုံးဒီသင်ခန်းစာကို လက်တွေ့လုပ်ဆောင်သွားမယ်လို့ ကျွန်တော်ဆန္ဒရှိတယ်"လို့ပြောကြတယ်။ ဤစာစဉ်၏အမှန်တရားမှာ တပည့်တော်စစ်မှ အခြားတပည့်တော်မွေးထုတ်လိုသူတိုင်းအတွက် "မြင်သာခြင်း၊ လက်တွေ့ကျခြင်း၊ သက်သေထင်ရှားခြင်းနှင့် ထိရောက်မှုရှိသောအရာများပင်ဖြစ်သည်။ ကျွန်ုပ်သည် ဤစာစဉ်အား လှိုက်လှဲစွာထောက်ခံပါသည်။

Roy McClung
Missionary/Consultant
www.MaximizeMyMinistry.com

ဤစာစဉ်သည် ကမ္ဘာလုံးဆိုင်ရာအသင်းတော်တည်ထောင်ခြင်းအတွက် အဓိကကျသောအရာတစ်ခုဖြစ်ပေသည်။ တပည့်တော်စစ်များအတွက် အသီးသီးသောအသက်တာဖြစ်ဖို့ရန် လုပ်ဆောင်ရာမှာ အလွန်ရိုးရှင်းလွယ်ကူပြီး ထိရောက်အောင် ရုပ်ပုံဆက်နည်းကိုအသုံးပြုကာ ရှင်းပြပုံပိုးပေးထားသည်။ အထူးသဖြင့် ဤစာစဉ်သည် အလွန်အဖိုးတန်သောအဓိပ္ပါယ်များနှင့် လက်တွေ့ကျခြင်းများကို ဖြည့်စွက်ထားသောသင်တန်းတစ်ခုဖြစ်ပေသည်။

Curtis Sergeant
Vice President for Global Strategies
E3 Partners Ministry
www.e3partners.org

"ယေရှုခရစ်တော်နောက်သို့လိုက်ခြင်းသင်တန်းစာစဉ်မှ (၁)တပည့်တော်စစ်မွေးထုတ်ခြင်း စာစဉ်သည် ကမ္ဘာတစ်ဝှမ်းလုံးရှိယုံကြည်သူလူသစ်များအတွက် လက်တွေ့ကျသော တပည့်တော်စစ်မွေးထုတ်ခြင်းဆိုင်ရာ အထောက်အကူပြုစာစဉ်ဖြစ်ပြီး လူသစ်များအတွက် ယေရှုခရစ်တော်ပေါ်တွင် ယုံကြည်ခြင်းကို ထပ်ဆင့်တည်ဆောက်တတ်ဖို့ရန်ဖြစ်သည်။ ယုံကြည်သူတိုင်းအား ဘုရားသခင်ကို စိတ်နှလုံးအကျွင်းမဲ့၊ နံ့ဝိညာဉ်နှင့်၊ ဉာဏ်ရှိသမျှ၊ အစွမ်းရှိသမျှနှင့်ချစ်တတ်ရန် သွန်သင်ထားသည်။ ထို့အပြင် ရင့်ကျက်သောယုံကြည်သူများနှင့် လူသစ်များအတွက် မေတ္တာရှင်ခရစ်တော်နှင့် ဆက်သွယ်ရင်းနှီးကျွမ်းဝင်ဖို့ရန် အထောက်အကူပြုပေးသည်။

သင်တန်းအစပြုသည့်ပထမနေ့မှာပင် သင်တန်းသားများသည် နောက်ဆုံးသောကာလနှင့် ပျောက်ဆုံးဝိညာဉ်များအတွက် စဉ်းစားမိလာကြသည်။ သင်ကြားပေးသူမှသင်တန်းသားများအား မိမိတို့လေ့လာသိရှိခဲ့သောအရာများကို အမှောင်ထုဖုံးလွှမ်းနေသောနေရာများ၌ ခရစ်တော်၏ ကယ်တင်ခြင်းနှင့် အလင်းတရားရရှိစေဖို့ ဝေမျှသက်သေခံတတ်ရန် လေ့ကျင့်သင်ကြားပေးသည်။ ဤသင်ခန်းစာသည် အလွန်လက်တွေ့ကျခြင်း၊ အချင်းချင်းရင်းနှီးကျွမ်းဝင်ခြင်း၊ သမ္မာတရားနှင့်ပြည့်ဝပြီး အလွန်ထင်ရှားလှပေသည်။

Gerald W. Burch<br>
Missionary<br>
Emeritus International<br>
Mission Board, SBC

Dr Daniel Lancaster သည် အလွန်ရိုးရှင်းပြီး သမ္မာတရားနှင့်ပြည့်စုံကာ ဆင့်ပွားလုပ်ဆောင်နိုင်သော နည်းစနစ်တစ်ခုကို ခရစ်တော်နောက်လိုက်မည့်သူများမွေးထုတ်ရာတွင် အထောက်အကူပြုဖို့ပြုစုထားပေသည်။ မိတ်ဆွေအတွက် ဘာများလိုအပ်နေသေးသလဲ...? Dr Daniel Lancaster သည် ယုံကြည်သူတိုင်းအား ဘုရားသခင်၌ကြီးထွားခိုင်ခံ့စေရန် အထောက်အကူအဖြစ် ခရစ်တော်၏ ပုံရိပ် ၈ မျိုးကိုအသုံးပြုထားပေသည်။ ဤအခြေခံသဘောတရားများသည် သာသနာခရီးတွင် လက်တွေ့လုပ်ဆောင်နေပြီး သင့်အတွက်လည်း အမှန်တစ်ကယ်ထိရောက်စေပါလိမ့်မည်။

Ken Hemphill<br>
National Strategist for Empowering Kingdom Growth<br>
Author, Speaker, Growth Consultant, and Professor of Evangelism and Church Growth

ကျွန်ုပ်သည် ဤစာစဉ် အားဖိလစ်ပိုင်နိုင်ငံတွင်အသုံးပြုခဲ့ပြီး အလွန်နှစ်သက်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော အလွန်ထိရောက်သောကြောင့်ပင် ဖြစ်သည်။ ကျွန်ုပ်၏ သင်တန်းသားများအား "ဘာကြောင့် ဒီသင်ခန်းစာကိုနှစ်သက်ရသလဲ"ဟု မေးသောအခါ သူတို့က "ကျွန်တော်တို့သင်ခဲ့ရသောအရာများကို အခြားသူအား တစ်ဆင့်ပြန်လည် လက်တွေ့သင်ကြားပေးနိုင်သောကြောင့်ပါ" ဟု ပြန်လည်ဖြေကြားကြပါသည်။ ဒီအချက်သည် အလွန်ရိုးရှင်းသော ဤသင်ခန်းစာမှ အလွန်ကြီးမားသောရလဒ်ပင်ဖြစ်ပေသည်။ ထိုသူတို့သည် ဆင့်ပွားလုပ်ဆောင်သူများ ဖြစ်လာပေသည်။

ဤသင်ခန်းစာအား ရှေ့နေများ၊ ဆရာဝန်များ၊ စစ်တပ်အရာရှိများ၊ စီးပွားရေးသမားများ၊ မုဆိုးမများ၊ လုံခြုံရေးဝန်ထမ်းများ၊ ပညာတတ်များနှင့် ပညာရေးချို့တဲ့သူများအားလုံးအတွက် လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် သူတို့သည်လည်းအခြားသူများကို ဆက်လက်သင်ကြားပေးနိုင်သူများ ဖြစ်လာစေသည်။

Darrel Seale<br>
Missionary in the Philippines

လွန်ခဲ့သောနှစ်၃၀ကျော်မှစ၍ ယိုးဒယားနိုင်ငံ၏ကျေးလက်နှင့် မြို့ပြဒေသများ၌ အသင်းတော်တည်ထောင်ရေးလုပ်ဆောင်နေသူများတွင် အများအားဖြင့် သမာရိုးကျအသင်းတော်များသာ ပေါ်ပေါက်လာစေကြောင်း တွေ့မြင်ရသည်။ ပြင်ပခေါင်းဆောင်များထံမှ ဝိညာဉ်ရေးရာအဟာရကို အမှီပြုရပ်တည်နေရသောအခြေအနေများ တွေ့ရှိရသည်။ ဤအခြေအနေသည် အလွန်ကြီးမားသောခက်ခဲမှုပင်ဖြစ်ပြီး ထိုသို့သောအသင်းတော်တည်ထောင်သူများမှာ အနောက်တိုင်းနှင့်အရှေ့တိုင်းယဉ်ကျေးမှုကို ရောနှောသင်ကြားခြင်းနည်းစနစ်ဖြစ်၍ ဒေသခံယုံကြည်သူများအတွက် ဆင့်ပွားလက်တွေ့လုပ်ဆောင်တတ်ရန် မလွယ်ကူပေ။ ထိုကဲ့သို့သောအသင်းတော်များမှ ယုံကြည်သူအချို့သည် လက်တွေ့ဆင့်ပွားလုပ်ဆောင်လိုသော်လည်း ကြာရှည်မတည်တံ့ပေ။

ဤသင်တန်းသည် ကျွန်ုပ်တို့အား အဓိကသော့ချက်နှစ်ချက်ကို အသုံးပြုနိုင်ရန် ပေးထားသည်။ နှုတ်ကပတ်တော်အား ယုံကြည်သူမှ အခြားယုံကြည်သူများထံသို့ လက်ဆင့်ကမ်းပေးရန်နှင့် အလွန်ရိုးရှင်းစွာ ဆင့်ပွားမွေးထုတ်နိုင်ရန် ကြိမ်ဖန်များစွာ လေ့ကျင့်ပေးခြင်းပင်ဖြစ်သည်။

Jack Kinnison<br>
Missionary<br>
Emeritus International<br>
Mission Board, SBC

ယေရှုက "ငါ၏တပည့်ဖြစ်လိုသူတိုင်း မိမိကိုယ်ကိုငြင်းပယ်ပြီး သူ၏ကားတိုင်ကိုထမ်းကာ သူ့နောက်ကိုလိုက်ပါ"ဟုပြောထားပါသည်။ ဆရာသမား၊ သင်းအုပ်ဆရာ၊ သာသနာပြုနှင့် ဖခင်များကဲ့သို့ Dr Daniel Lancaster သည် အခြေခံတပည့်တော်ဖြစ်ခြင်းသင်ခန်းစာအား အခြေခံကျကျနားလည်ပိုင်နိုင်စွာဖြင့် အစားမထိုးနိုင်သောအဓိကလိုအပ်ချက်များနှင့် ဖြည့်စွက်တည်ဆောက်ထားပေသည်။ ဤသင်တန်းသည် အလွန်အဖိုးတန်ခြင်း၊ နည်းဗျူဟာကျခြင်းနှင့် ကျေးလက်ဒေသ အဆင့်မှ တက္ကသိုလ်စာသင်ခန်းအတွင်းထိပင် အသုံးပြုနိုင်ပေသည်။

တပည့်တော်ဖြစ်ခြင်းဆိုသည်မှာ တစ်ကမ္ဘာလုံးနှင့်ဆိုင်သောအကြောင်းအရာဖြစ်ပြီ; Dr Daniel Lancaster သည် ယဉ်ကျေးမှုတိုင်းနှင့် ဒေသအခြေအနေအမျိုးမျိုးတို့တွင် အလွန်အသုံးဝင်ပြီး ဆင့်ပွါးလုပ်ဆောင်ရန်အတွက် ထိရောက်သောနည်းစနစ်တစ်ခုကို ဖန်တည်းထားခြင်းဖြစ်သည်။ အလွန်ရိုးရှင်းပြီး နူးညံ့ပျော့ပြောင်းသောနည်းစနစ်ကို အသုံးပြုထားသည်။ ယေရှုခရစ်တော်နောက်သို့လိုက်ခြင်းမှ တပည့်တော်စစ်ဖြစ်ခြင်းသင်တန်းတွင် ပျော်ရွှင်ခြင်းနှင့် မှတ်မိလွယ်ခြင်း နှစ်မျိုးစလုံး တွေ့ရှိရသည်။ ယေရှုခရစ်တော်နောက်သို့လိုက်ခြင်းသင်တန်းသည် တပည့်တော်ဖြစ်ခြင်း၊ သမ္မာတရားနှင့် လက်တွေ့ကျပြီး ဆင့်ပွားလုပ်ဆောင်ချက်များ၊ တိုးတက်ပွားများခြင်းတို့အတွက် လုံးဝပြည့်စုံသောသင်တန်းဖြစ်သည်။

Bob Butler<br>
Country Director<br>
Cooperative Services International<br>
Phnom Penh, Kingdom of Cambodia

Dr Daniel Lancaster သည် ဧဝံဂေလိအတွက်သာ အာရုံစိုက်လုပ်ဆောင်ခဲ့ခြင်းမဟုတ်ဘဲ ရိုးရာယဉ်ကျေးမှုကိုပါ ဦးစားပေးလေ့လာခဲ့သည်။ သူသည် ကျွန်ုပ်တို့အား အလွန်ရိုးရှင်းပြီး လုပ်ဆောင်ရလွယ်ကူသောနည်းလမ်းများကို ပြင်ဆင်ပေးကာ ယုံကြည်သူများအား သခင်ဘုရား၌ ကြီးထွားခိုင်ခံလာစေရန်နှင့် ခရစ်တော်တစ်ဖန်မကြွလာခင် "ကြိုတင်ပြင်ဆင်ထားကြရန်" အတွက် ရည်ရွယ်ပေသည်။ ဤသင်ခန်းစာပါ အိမ်အသင်းတော်များ၏ လုပ်ဆောင်ချက်များသည် ခရစ်တော်ကိုဗဟိုပြုထားပြီး တပည့်တော်တိုင်း၏နာခံမှုပင်ဖြစ်သည်။ ကျွန်ုပ်သည် ဤသင်ခန်းစာပါအိမ်အသင်းတော်များ၏ လုပ်ဆောင်ပုံများနှင့်နည်းစနစ်များကို အထူးအားပေးထောက်ခံပြီး ယဉ်ကျေးမှုတိုင်းနှင့်ကိုက်ညီသော အိမ်အသင်းတော်များ တိုးတက်ပေါ်ပေါက်လာရန်နှင့် မြောက်အမေရိက၌ မိရိုးဖလာအသင်းတော်များတွင်လည်း ဤနည်းစနစ်များ အသုံးပြုလာနိုင်စေရန် ဆုတောင်းပါသည်။

Ted Elmore<br>
Prayer Strategist and Field Ministry<br>
Strategist Southern Baptists of Texas<br>
Convention

# မာတိကာ


အကြံပြုထောက်ခံချက်များ ..........၃
ဥယျောဇဉ် ..........၉
အသိအမှတ်ပြုခြင်း ..........၁၁
မိတ်ဆက်ခြင်း ..........၁၃
အပိုင်း(၁) ဝက်အူတိုင် နှင့်ဝက်အူခေါင်းများ ..........၁၇
သခင်ယေရှု၏နည်းဗျူဟာ ..........၁၈
သင်တန်းသားများအားသင်ကြားပို့ချနည်း ..........၂၄
ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်း ..........၃၁
အပိုင်း(၂) လေ့ကျင့်သင်ကြားခြင်း..........၃၅
"ကြိုဆိုနှုတ်ခွန်းဆက်ပါ" ..........၃၆
"ဆတိုးပွားပါ" ..........၄၃
"ချစ်ပါ" ..........၅၆
"ဆုတောင်းပါ" ..........၆၆
"နာခံပါ" ..........၇၇
"လျှောက်လှမ်းပါ" ..........၈၉
"သွားပါ ..........၁၀၀
"ဝေငှပါ" ..........၁၀၉
"မျိုးကြဲပါ" ..........၁၂၀
"ထမ်းပါ" ..........၁၂၉
အပိုင်း(၃) ရည်ညွှန်းချက် ..........၁၃၅
ဆက်လက်လေ့လာရန် ..........၁၃၆
အညွှန်း ..........၁၃၈
အဆုံးသတ်မှတ်စု ..........၁၃၉
နောက်ဆက်တွဲအပိုင်း(က) ..........၁၄၀
နောက်ဆက်တွဲအပိုင်း(ခ) ..........၁၄၂
နောက်ဆက်တွဲအပိုင်း(ဂ) ..........၁၅၁
နောက်ထပ်အားထားရန် ..........၁၅၆

# ဥယျာဉ်

---

"ငါသည် သင်တို့အားပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့၊"

လွန်ခဲ့သော်နှစ်ပေါင်း၂၀၀၀ကျော်က သခင်ယေရှုမိန့်မှာခဲ့သည့် မဟာစေခိုင်းချက်၏အဆုံးပိုင်းသည် ကျွန်ုပ်တို့အတွက် အရေးကြီးသော စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပေသည်။ ဆိုလိုသည်မှာ သခင်ယေရှုမိန့်မှာခဲ့သည့် ပညတ်တော်များအားလုံးကို နာခံလိုက်လျှောက်ရန်စေခိုင်းထားခြင်းမဟုတ်ပါလား?၊ ယောဟန် ၂၁း၂၅ တွင် တမန်တော်ကြီးရှင်ပေါလုက သခင်ယေရှုမိန့်မှာခဲ့သည့်အရာများနှင့် လုပ်ဆောင်ချက်များအား ရေးသားပြုစုမည်ဆိုပါက မြေကြီးမဆန့်နိုင်အောင် များပြားလိမ့်မည်ဟု ပြောထားပါသည်။ သေချာသည့်တစ်ခုမှာ သခင်ယေရှုတွင် အဓိကမျော်လင့်ထားသောအရာတစ်ခုရှိသည်။

တပည့်တော်စစ်များမွေးထုတ်ခြင်းသင်တန်းတွင် Dr.Dan Lancaster သည် သခင်ယေရှုအား ပုံရိပ်ဇမျိုးဖြင့်စံထားပြီး အတုယူနိုင်စေရန် မြင်သာစွာဖွင့်ဆိုထားကာ ယေရှုနောက်သို့လိုက်လျှောက်သူတစ်ဦးအား သခင်ယေရှု ချစ်ခင်နှစ်သက်သော တပည့်တော်စစ်ဖြစ်လာစေသည်။ တပည့်တော်စစ်များမွေးထုတ်ခြင်းသင်တန်းအား Dr.Dan သည်လွယ်ကူရိုးရှင်းပြီး ထိရောက်ကာ အလွန်လေးနက်သည့် တပည့်တော်ဖြစ်စေသော စာအုပ်အဖြစ် ရည်ရွယ်ပြုစုထားပါသည်။ Dr.Dan သည် ဆင့်ပွားတပည့်တော်ဖြစ်စေခြင်းလမ်းညွှန်ကို သူ၏အမြင်ဖြင့် ပြုစုထားပြီး လေးနှစ်တာကာလပတ်လုံး ပြင်ဆင်ဖြည့်စွက် တည်ဆောက်ခြင်း၊ စမ်းသပ်ခြင်း၊ ရလဒ်ကိုပြန်လည်သုံးသပ်ခြင်းတို့ကို အပြန်ပြန်အလှန်လှန် အချိန်ပေးသုံးသပ်ပြုစုခြင်းအားဖြင့် ယုံကြည်သူလူသစ်များအား ယေရှုချစ်ခင်နှစ်သက်သော တပည့်တော်ဖြစ်လာစေရန်အတွက်သာမဟုတ်ဘဲ သူတို့ကိုယ်တိုင် တပည့်တော်မွေးထုတ်ပေးသူဖြစ်လာစေရန် အထောက်အကူဖြစ်စေပါသည်။

ဤတပည့်တော်ဖြစ်စေခြင်းနည်းစနစ်ကို ရင်းနှီးဖော် ထုတ်ပြီးနောက် Dr.DanLancaster သည် သခင်ယေရှု၏ကိုယ်ခန္ဓာအားဖော်ဆောင်နိုင်ရန် ဤသင်ခန်းစာများအားဖြင့် အကျဉ်းချုံး၍ တည်ဆောက်ထားကာ ကမ္ဘာတဝှမ်းအသုံးပြုလိုသူများအတွက် ရင်းနှီးပွင့်လင်းစွာနှင့် ဆင့်ပွားရန်လွယ်ကူပြီး မိမိဒေသအခြေအနေ ပေါ်မူတည်ကာ ဖြည့်စွက်သင်ကြားနိုင်ရန်ပင်ဖြစ်သည်။ တပည့်တော်စစ်များမွေးထုတ်ခြင်းသင်တန်းသည် အဆုံးမရှိသောယေရှုခရစ်တော်၏စိတ်သဘောကို အလွန်နက်ရှိုင်းစွာ ပုံဖော်ထားပြီး အသစ်သောတပည့်တော်စစ်များဆင့်ပွားမွေးထုတ်ခြင်းအားဖြင့် ယေရှုခရစ်တော်၏နိုင်ငံတော်သည် ကမ္ဘာအနှံ့ကျယ်ပြန့်စေရန်ဖြစ်သည်။ ကမ္ဘာပေါ်တွင် တပည့်တော် စစ်မွေးထုတ်ရန်ဆိုသည်မှာ မလွယ်ကူပေ၊ သို့သော် ဖြစ်နိုင်ခြင်းမဖြစ်နိုင်ခြင်းဆိုသည်ထက် သင်သည် Dr. Dan Lancaster ၏

တပည့်တော်စစ်များမွေးထုတ်ခြင်းသင်တန်းသို့ရောက်ရှိသောအခါ ရှေ့ဆက်ခရီးအတွက် ထင်ရှားသည့် အထောက်အကူပြုမြေပုံကို ရေးဆွဲဖြည့်စွက်ခြင်း၊ သင်ကြားပို့ပိုးပေးမည့် တပည့်တော်တစ်ဦးနှင့် တပည့်တော်မွေးထုတ်သူတစ် ဦးတို့အား သင်တွေ့မြင်ရပေလိမ့်မည်။

David Garrison

Chiang Mai, Thailand

# အသိအမှတ်ပြုခြင်း

လွန်ခဲ့သော နှစ်ပေါင်း၁၄နှစ်ကတည်းက ယေရှုခရစ်တော်နောက်သို့လိုက်ခြင်း သင်တန်းအစပြုခဲ့သော အမေရိကန်နိုင်ငံရှိ အသင်းတော်သုံးပါးမှ အသင်းသူအသင်းသားများကို ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်ပါသည်။ “Community Bible Church, Hamilton, Texas (a rural church plant); New Covenant Baptist Church, Temple, Texas ( an established discipleship focused church) ; and Highland Fellowship, Lewisville, Texas (a suburban church plant)’’.F J Tသင်တန်းသည် လွန်ခဲ့သောနှစ်များအတွင်း အဆင့်လေးဆင့်မှ အဆင့်ခုနှစ်ဆင့်အဖြစ်ကြီးထွားခဲ့ပြီး နောက်ဆုံးတွင် ခရစ်တော်၏ ပုံရိပ်ဇမျိုး ဖြစ်ပေါ်လာခဲ့ပေသည်။ ကျွန်ုပ်တို့အချင်းချင်း အကြိမ်ပေါင်းများစွာဆွေးနွေးအကြံပြုခဲ့ကြပြီး မိတ်ဆွေတို့၏ မေတ္တာနှင့် ဆုတောင်းပေးမှုများကြောင့် နိုင်ငံတော်အတွက် များစွာသော အသီးအပွင့်များ မွေးဖွားပေါ်ထွန်းခဲ့ပေသည်။

ဤသင်ရိုးညွှန်းတမ်းကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အရှေ့တောင်အာရှနိုင်ငံအချို့မှ နိုင်ငံသားများသည် ကူညီထောက်ပံ့ပေးခဲ့ပြီး နိုင်ငံတွင်းအခြေအနေအမျိုးမျိုးကြောင့် ထိုသူတို့၏အမည်များကို ဖော်ပြနိုင်စွမ်းမရှိခဲ့ပါ။ ထိုနိုင်ငံများတွင် စမ်းသပ်ကာလအဖြစ် ပြုစုပျိုးထောင်ရာမှ ထိုနိုင်ငံသားများသည် တပည့်တော်များ ဆင့်ပွားမွေးထုတ်လာနိုင်ကြပြီး သင်တန်းများကို လက်ဆင့်ကမ်းပို့ချပေးနေပါသည်။ တလက်စတည်း လေးနှစ်တာကာလအတွင်း အရှေ့တောင်အာရှနိုင်ငံများမှ များစွာသော သင်တန်း လုပ်ဖော်ဆောင်ဖက်များ၏ ဆုတောင်းပေးမှု၊ ပြန်လည်တုန့်ပြန်ချက်များနှင့် အားပေးပံ့ပိုးမှုများကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။ ထိုသူတို့ကြောင့် သင်တန်းပို့ချမှုတွင် ကြီးမားသော အထောက်အကူနှင့် နည်းလမ်းများ ရရှိခဲ့ပါသည်။

လူတစ်ဦးတစ်ယောက်စီတိုင်းသည် လှေ့လာမှု၊ လမ်းပြသူများနှင့် ဘဝအတွေ့အကြုံအရ ကြီးထွားရင့်ကျက်လာသူများဖြစ်ပါသည်။ ကျွန်တော့်အနေနှင့် Ronnie Capps, Ken Craig, Dr. Jack Ender, Dr. Roy J. Fish, Craig Garrison, Dr. David Garrison, Reed Iwami, Dr. Elvin McCann, Nick Olson, Dr. Ricky Paris, Dylan Romo, Tom Wells, and Dr.ThomWolf တို့ကို ကျွန်တော်၏ ဘဝ အသက်တာတွင်လည်း ခရစ်တော်၏ တပည့်တော်စစ်များအဖြစ် မှတ်ကျောက်တင်ရှိပါသည်။ ဤသင်တန်းအတွက် အထောက်အကူပြုသော ဇာတ်လမ်းတိုများအား ဖြင့် ကူညီခဲ့သော Drs.George Patterson နှင့် Galen Currah ကိုအထူးကျေးဇူးတင်ရှိပါသည်။

နောက်ဆုံးတွင် ကျွန်တော်၏သားသမီးများဖြစ်သော Jeff, Zach, Karis နှင့် Zane တို့၏ အားပေးထောက်ပံ့မှုနှင့် သူတို့၏အဆုံးမရှိသော ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်ခြင်းမေတ္တာများကို ကျေးဇူးတင်ရှိပါသည်။

ကျွန်တော်၏ဇနီး Holliသည် သင်ခန်းစာများအား စာလုံးများစီစစ်ခြင်း၊ စာအုပ်မာတိကာနှင့် ဖွဲ့စည်းတည်ဆောက်ပေးခြင်း၊ သရုပ်ပြမှုများအတွက် ဆန်းစစ်လေ့လာပြုစုပေးခြင်း၊ လက်ဟန်အမူအရာများ ဖြည့်စွက်ပေးခြင်းများကို လွန်ခဲ့သောနှစ်ပေါင်း ၁၅ နှစ်ကတည်းကစ၍ အမှတ်ရဖွယ် ကူညီပေးခဲ့ပါသည်။

ကျွန်တော်တို့သည် အာသီသပြင်းပြသော ဝိညာဉ်ရေးရာခေါင်းဆောင်များကို မွေးထုတ်ရင်း ကမ္ဘာကြီးကိုကောင်းကျိုးပြုစေရန် ဆုတောင်းရင်း တစ်ယောက်စီတိုင်းကို ဘုရားသခင် ကောင်းချီးပေးပါစေ။

Daniel B. Lancaster, Ph.D.
January 2011
Southeast Asia

# မိတ်ဆက်ခြင်း

ယေရှုခရစ်တော်နောက်သို့လိုက်ခြင်း သင်တန်း (FJT)၏ ပထမသင်ခန်းစာဖြစ်သော တပည့်တော်စစ်များမွေးထုတ်ခြင်းမှ ကြိုဆိုပါသည်။ သားတော်ယေရှုခရစ်တော်နောက်သို့လိုက်လျှောက်ခြင်းဖြင့် ဘုရားသခင်ထံမှကောင်းကြီးမင်္ဂလာနှင့် ငြိမ်ဝပ်ခြင်းချမ်းသာခံစားရရှိပါစေ။ သင်သည်ယေရှုခရစ်တော်နှင့်အတူ ညှင်သာစွာလျှောက်လှမ်းခြင်းအားဖြင့် မယုံကြည်သူများကြားတွင် သင်၏အမှုဆောင်ခြင်းသည် အဆ ရာထောင်ချီတိုးတက်ပြီး အသီးများစွာသီးပါစေကြောင်း ဆုတောင်းပါသည်။ သင်၏လက်ထဲတွင်ရှိသော ဤစာစဉ်သည် သခင်ယေရှု၏ တစ်ကမ္ဘာလုံးကိုကယ်တင်ရန် နည်းဗျူဟာပေါ်တွင်အခြေပြုထားကာ ပြည့်စုံစွာစီစဉ်ထားသော နည်းစနစ်ဖြစ်ပေသည်။ နှစ်ပေါင်းများစွာစုဆောင်းရှာဖွေခြင်း၊ လက်တွေ့စမ်းသပ်လုပ်ဆောင်ခြင်းများကို မြောက်အမေရိကနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် ပြုလုပ်ခဲ့ပြီးနောက်ရလဒ်များကိုပေါင်းစုထားခြင်းဖြစ်သည်။ ဤနည်းစနစ်သည် အယူအဆသဘောတရားသက်သက်မဟုတ်ဘဲ လက်တွေ့ဆန်ပါသည်။ သင်သာသနာ၌ သခင်နှင့်အတူလျှောက်လှမ်းလုပ်ဆောင်ရာတွင် ဤနည်းစနစ်များကို အသုံးပြုခြင်းဖြင့် ကမ္ဘာပေါ်တွင် အလွန်ထူးခြားသောဖြစ်စဉ်များဖြစ်ပေါ်လာစေပါ။ ကျွန်ုပ်တို့လုပ်ဆောင်လျှက်ရှိပြီးသင်လည်းလုပ်ဆောင်နိုင်ပါလိမ့်မည်။

အမေရိကတွင် နယ်အသင်းတော်တစ်ပါးနှင့်မြို့ခံအသင်းတော်တစ်ပါး တည်ထောင်ပြီးနောက်ကျွန်ုပ်တို့မိသားစုသည် အရှေ့တောင်အာရှနိုင်ငံများတွင် ခေါင်းဆောင်များလေ့ကျင့်သင်ကြားပေးရန်နှင့် နည်းပြအဖြစ်အခေါ်ခံရကြောင်းသတိပြုမိခဲ့သည်။ ကျွန်ုပ်သည် အမေရိကတွင် အသင်းတော်တည်ထောင်သူအဖြစ် ၁၀နှစ်ကျော် လုပ်ဆောင်ခဲ့သည့်အပြင် အခြားသူများကိုလည်း အသင်းတော်တည်ထောင်ခြင်းနည်းပြအဖြစ် လုပ်ဆောင်ခဲ့သည်။ ရေခြားမြေခြားသို့သွားရောက်ကာမူလလုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်ရာမှာ မည်မျှခက်ခဲမည်နည်း?။ ကျွန်ုပ်တို့မိသားစုသည် ကြီးမားသောမျှော်လင့်ချက်နှင့်ခံယူချက်တို့ပေါင်းစပ်ကာ သာသနာခရီးအတွက် ထွက်ခွာခဲ့ ကြပါသည်။ ဒေသစကားပြော လေ့လာနေစဉ်ကာလအတွင်း၌ ဒေသတွင်းကူညီပေးသူနှင့်အတူ အခြားသူများအား စတင်သင်ကြားပေးခဲ့ပါသည်။ အစပိုင်းတွင် အခြေခံတပည့်တော် ဖြစ်ခြင်းနှင့် အသင်းတော် တည်ထောင်ခြင်းသင်တန်းကို တစ်ပတ်တာ သင်ခန်းစာအဖြစ်သင်ကြားခဲ့ပါသည်။ ပျမ်းမျှသင်တန်းသား ၃၀မှ၄၀ ခန့် တက်ရောက်ကြပြီး သင်တန်းသားများထံမှသင်ခန်းစာများသည်မည်မျှကောင်းကြောင်းနှင့် သင်ကြားပေးသောကျွန်ုပ်တို့အား မည်မျှကျေးဇူးတင်ကြောင်း ပြောဆိုကြပါသည်။ သို့သော်လည်း ကျွန်ုပ်တို့အတွက် စိတ်အနှောက်အယှက်ဖြစ်စေသောအရာတစ်ခုမှာ သင်တန်းသားများသည် သူတို့ လေ့လာသင်ယူပြီးသောအရာများကို အခြားသူများအား ပြန်လည်ဆင့်ပွားဝေငှနိုင်ခြင်း မရှိကြောင်းတွေ့လာရသည်။

အမေရိကတွင် သင်သည် အခြားသူများအား ဆင့်ပွါးလေ့ကျင့် သင်ကြားခြင်းမရှိပါကသင်၌ရှိသောအရာများ ပြောက်ပျက်သွားနိုင်သည်ဟု ဆိုလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ယဉ်ကျေးမှုအရသာမက ပျောက်ဆုံးဝိညာဉ်များအတွက်ပါ သမ္မာ

ကျမ်းစာအား နားလည်ရုံသက်သက်ကြောင့်ပင်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများတွင် မည်သို့ပင်ရှိစေကာမူ ပျောက်ဆုံးဝိညာဉ်များသည် သမ္မာကျမ်းစာအား မသိနားမလည်ပါ။ အမေရိကတွင်သင်သည် "ဒီလူဖြစ်နိုင်ခြေရှိတာကတော့ သူအပေါ်မှာ ဩဇာလွှမ်းမိုးတဲ့ အခြားခရစ်ယာန်တစ်ယောက်နဲ့ အဆင်မပြေဘူး" ... ထိုသို့သောအကြောင်းအရာ များကို လက်ချိုးရေတွက်နိုင်ပါသည်။ ဤအဖြစ်အပျက်မျိုးသည် သာသနာတွင် မည်သို့မျှအာမခံချက်မရှိသော အခြေအနေပင်ဖြစ်သည်။

ကောင်းပြီ...အခုလက်ရှိ တွေ့ရသောအကျဉ်းအကျပ်က ကျွန်တော်တို့အမြင်မှာကောင်းသည်ဟု သတ်မှတ်ထားသောပုံစံနှင့် ဒေသခံများအား သင်ကြားပေးသော်လည်း သူတို့သည် လက်တွေ့ ဆင့်ပွါးလုပ်ဆောင်နိုင်ခြင်း မရှိကြပေ။ အမှန်တစ်ကယ်မှာ အသိပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုဆွေးနွေးပွဲ တစ်ရပ်အဖြစ်သာ လုပ်ဆောင်နိုင်ခဲ့ကြောင်း တွေ့ရပေသည်။ ရလဒ်မှာ ဆင်းရဲမှုလွှမ်းမိုးနေသော ဒေသအတွက် သင်တန်းကာလတစ်လျှောက်လုံး အစားအသောက်ဖြည့်ဆည်းပေးခြင်းသည်သာ အဓိကဖြစ်နေခဲ့သည်။ ကျွန်ုပ်အတွက် နောက်ထပ်အံ့သြစရာများနှင့် ဆင်ခြင်စရာများလည်း ပိုမိုကြုံတွေ့ရရှိခဲ့သည်။ သင်တန်းတစ်ခုလုံး ကျင်းပပြီးသောအခါ ကျွန်ုပ်၏ဘာသာပြန်ပေးသူနှင့်အတူ လဖ္ဖက်ရည်ဆိုင်တွင်ထိုင်ကာ သူ့အား မေးခွန်းလွယ်လွယ်လေးတစ်ခု မေးခဲ့ပါသည်။

> "ယောဟန်...ဒီအပတ် ငါတို့သင်တန်းပေးခဲ့တဲ့ သင်တန်းသားတွေထဲက ဘယ်နှစ်ယောက်လောက် တစ်ကယ်လက်တွေ့ လုပ်ဆောင်ပြီး ဆင့်ပွါးသင်ကြားမယ် လို့မင်းထင်သလဲ?"။

ယောဟန်သည် အတန်ကြာ စဉ်းစားနေဟန်ပြုနေသည်။ သူကျွန်တော့်ကို အဖြေမပေးချင်မှန်း ကျွန်တော်ခန့်မှန်းနိုင်သည်။ သူတို့၏ယဉ်ကျေးမှုတွင် ကျောင်းသားတစ်ဦးသည် ဆရာအား ဝေဖန်ခြင်းမပြုကြဘဲ ကျွန်တော်သည် သူ့အား ထိုသို့ပြုလုပ်ခိုင်းနေသောကြောင့် သူအခက်တွေ့နေသည်။ နောက်ထပ်အနည်းငယ် ဆွေးနွေးရှင်းပြသောအခါမှ ကျွန်တော့်ဆိုလိုရင်းကို သိသွားပြီးနောက် သူ၏တုန့်ပြန်မှုများ ပြောင်းလဲသွားသည်။

> "*Dr Dan*––ကျွန်တော့်အထင်ဆိုရင် သင်တန်းသားအားလုံးရဲ့၁၀% လောက်ဘဲ ခင်ဗျားမျှော်လင့်သလို လုပ်ဆောင်လိမ့်မယ်လို့ ထင်တယ်"။

ကျွန်တော် အလွန်အံ့သြသွားသော်လည်း သူ့အားမမြင်တွေ့စေပါ။ ထို့နောက် ကျွန်တော်သည် ယောဟန်အား တစ်ခြားမေးခွန်းတစ်ခုအဖြစ် နောက်ထပ် ၂နှစ်ခွဲအတွက် လုပ်ဆောင်ရန် အစီအစဉ်များကို မေးပါသည်။

> "ယောဟန်––လက်တွေ့လုပ်တယ် (သို့) လုပ်ကြမယ်လို့မင်းထင်ထားတဲ့ ၁၀% သော သင်တန်းသားတွေကို သေချာမှတ်ထားသလား? ကျွန်တော့်အစီအစဉ်က ဒီ ၁၀%သော သင်တန်းသားတွေကို သီးသန့်ရွေးချယ်ပြီး တစ်ခြားသူတွေမပါစေဘဲ ကျွန်တော် သင်ပေးသည့်အတိုင်း လက်တွေ့လုပ်နိုင်တဲ့အချိန်အထိ သူတို့ကို သင်တန်း သို့ဆက်လက်ဖိတ်ခေါ်သင်ကြားပေးမယ်။

ယောဟန်သည် သူမှတ်ထားသည့် ၁၀% သောသင်တန်းသားတွေစာရင်းအား ကျွန်တော့်ကိုပြပါသည်။ ကျွန်တော်တို့ ဆွေးနွေးတိုင်ပင်ကြပြီးနောက် သင်တန်းအတွက်

သင်ခန်းစာနှင့် အစီအစဉ်များကို ရေးဆွဲကြသည်။ နောက်တစ်လအကြာတွင် နောက်ထပ်သင်တန်း တစ်ပတ်ကျင်းပပြီးနောက် ကျွန်တော်သည် ယောဟန်အား ယခင်မေးခွန်းကိုပင် ပြန်မေးခဲ့ပါသည်။ ရာခိုင်နှုန်းဘယ်လောက်များ လက်တွေ့လုပ်ဆောင်ကြမလဲ ?။

> ယောဟန်က "*DrDan*––ဒီတစ်ခါတော့ ခင်ဗျားမျှော်လင့်ထားတဲ့လူတွေ ၁၅% လောက် တစ်ကယ် လုပ်ဆောင်လိမ့်မယ်ဆိုတာ သေချာတယ်"လို့ ပြန်ပြောတယ်။

ကျွန်တော် မှင်သက်မိသွားတယ်၊ ကျွန်တော်ဒီလောက်ကြိုးစားပြီး သင်ခန်းစာကို အရင်ကထက်ပိုမိုပြည့်စုံအောင် ပြင်ဆင်ရေးသားခဲ့ပြီး အမေရိကဆရာများထံမှ စနစ်တစ်ကျ လေ့လာထားသောအရာများနှင့် အသင်းတော်တည်ထောင်ခြင်း နည်းပြုလုပ်စဉ်က အကြောင်းအရာများကို ပေါင်းစပ်ကာ အကောင်းတစ်ကာ့အကောင်းဆုံး ဖြစ်အောင် ပြင်ဆင်ပြီးမှ သင်ကြားပေးပေမဲ့ ယောဟန်က ဘာကြောင့်နားမလည်ရတာလဲ ?။ ယခုသင်တန်းသည် သင်တန်းသားများအတွက် ကျွန်ုပ်ပေးနိုင်သည့် အကောင်းဆုံးသောအရာ ဖြစ်သော်လည်း...၁၅%သော သင်တန်းသားများသာ လက်တွေ့ခံယူလုပ်ဆောင်မည်ဆိုသောအခါ...!

ဤအတိုင်းပင် ကျွန်ုပ်တိုသည် ၂နှစ်ခွဲကြာမျှ ရင်းနှီးမြှုပ်နှံပြီး ဖြည့်စွက်မှုများပြုလုပ်ကာ ယေရှုခရစ်တော် နောက်သို့လိုက်ခြင်းနည်းစနစ်ကို အကောင်အထည်ဖေါ်ခဲ့သည်။ တစ်လလျှင် တစ်ပတ်နှုန်းနှင့် ကျွန်ုပ်တို့သည် လစဉ်သင်တန်းမျိုး ကျင်းပကာ သင်တန်းတစ်ခုပြီးဆုံးတိုင်း လေ့လာဆန်းစစ်မှုအပိုင်း ထည့်သွင်းဆွေးနွေးကြသည်။ မေးခွန်းတစ်ခုမေးခြင်းဖြင့် ကျွန်ုပ်တို့၏ ကြိုးစားအားထုတ်မှုကို အမြဲဆန်းစစ်ကြသည်။ ဤသင်တန်းအားဖြင့် ကျွန်ုပ်တို့မျှော်လင့်ထားသည့်အတိုင်း သင်တန်းသားရာခိုင်နှုန်းမည်မျှသည် လက်တွေ့လုပ်နိုင်(သို့) လုပ်နေကြသနည်း?

တတိယလ ရောက်သောအခါ ကျွန်ုပ်တို့၏တိုးတက်မှုမှာ ၂၀%ခန့် ရောက်ရှိလာသည်။ နောက်တစ်လတွင် ၂၅%ခန့် ဖြစ်လာသည်။ တစ်ခါတစ်ရံတွင် မည်သည့်တိုးတက်မှုမှမတွေ့ရပါ။ တိုးတက်သည့်အချိန်များလည်း တွေ့ရပေသည်။ နောက်ဆုံးတွင် အဓိက သိသာထင်ရှားသော နည်းစနစ်တစ်ခု ရှင်းလင်းစွာ ပေါ်ပေါက်လာခဲ့သည်။ ကျွန်ုပ်တို့သည်"ခရစ်တော်နောက်သို့လိုက်ခြင်း"ဉပမာအတိုင်း အခြားသောသူများကို လေ့ကျင့်ပျိုးထောင်ပေးလေလေ... သူတို့သည်လည်း ထိုနည်းအတိုင်းပင် အခြားသောသူများအား ဆက်လက်လေ့ကျင့်သင်ကြား လုပ်ဆောင်သွားကြောင်းတွေ့ရပေသည်။

ကျွန်တော်တစ်ခါတုန်းက ယောဟန်နှင့်အတူ အခြားဒေသခံများနှင့် ဆွေးနွေးခဲ့သည့်အချိန်ကို အမှတ်ရမိနေသေးသည်။ ကျွန်ုပ်တို့လေ့ကျင့်သင်ကြားပေးလိုက်သောသူများထဲမှ အချို့သောသူများသည် ၉၀% ခန့် လက်တွေ့လုပ်ဆောင်နေကြောင်း သိခဲ့ရသည်။ ကျွန်ုပ်တို့သည်အချိန်များစွာပေးပြီး အနောက်တိုင်းနည်းစနစ်များ၊ အရှေ့တိုင်းနည်းစနစ်များ၊ ကျွန်ုပ်တို့၏ Phd ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများကို စိတ်ချစွာ

လေ့လာသင်ယူခဲ့ကြသော်လည်း အဓိကမကြဘဲ သခင်ယေရှုခရစ်တော်က သူ့နောက်လိုက်ရန် ကျွန်ုပ်တို့အားနည်းဥပမာပေးထားခဲ့သည်။

ဤအရာများသည် ယေရှုခရစ်တော်နောက်သို့လိုက်ခြင်းသင်တန်း ( F J T ) မည်သို့ဖြစ်ပေါ်လာရကြောင်းပင်ဖြစ်သည်။ တပည့်တော်စစ်များ မွေးထုတ်ခြင်းသည် လက်ဆင့်ကမ်းသော နည်းစနစ်တစ်ခုဖြစ်ပြီး ယုံကြည်သူတိုင်းအား သခင်ယေရှု၏ နည်းဗျူဟာဖြစ်သော အဆင့် ၅ဆင့်အတိုင်း လက်တွေ့လုပ်ဆောင်တတ်ရန် နည်းလမ်းပေးထားခြင်းဖြစ်ကာ ခရစ်ဝင်ကျမ်း၊ တမန်တော်ဝတ္ထု၊ ဩဝါဒစာနှင့် အသင်းတော်သမိုင်းတွင်လည်း တွေ့ရပေသည်။ သင်တန်း၏ အဓိကရည်ရွယ်ချက်မှာ သတင်းအချက် အလက်မဟုတ်ဘဲ ပုံသဏ္ဍာန်ပြောင်းလဲရန်အတွက်ပင်ဖြစ်သည်။ ထို့အတွက်ကြောင့် ဝိညာဉ်ရေးရာယုံကြည်ခြင်း၏သော့ချက်ကို အလွန်ရိုးရှင်းသောသင်ခန်းစာများအား မျိုးစေ့အဖြစ်အသုံးပြုထားကာ ဝိညာဉ်ရေးရာနည်းစနစ်အတိုင်း လုပ်ဆောင်ခြင်းဖြင့် အဖူးအပွင့်များကို မြင့်မားစွာ ထပ်ဆင့်မွေးထုတ်ပေးနိုင်ပေလိမ်မည်။ "တဆေးနဲနဲသည် မုန့်တစ်ခုလုံးကိုပွစေသည်"ဆိုသည့်အတိုင်း ယုံကြည်သူများသည်လည်း သခင်ယေရှု၏တန်ခိုးတော်အားဖြင့် လက်ဆင့်ကမ်းမွေးထုတ်လုပ်ဆောင်သော ရာနှုန်းပြည့်ခရစ်တော်၏ နောက်လိုက်များဖြစ်လာပေလိမ့်မည်။ ဤသင်ခန်းစာတွင်ပါသည်အတိုင်း မည်သည့်အရာကိုမျှ (သင်၏လူမျိုးစု ရိုးရာယဉ်ကျေးမှုအတွက် ဖြည့်စွက်ရာမှအပ) ပြောင်းလဲဖြည့်စွက်ခြင်းမပြုဘဲသင်ကြားပါ။ လက်တွေ့လေ့ကျင့်ပေးသူနှင့် အတူတကွအနည်းဆုံး ၅ကြိမ်မျှ လေ့လာသင်ယူပါ။ ထို ၅ကြိမ်အတွင်း သင်ကြားပေးသူမှ သင့်အား"တပည့်တော်စစ်များမွေးထုတ်ခြင်း" သင်တန်းကာလအတွင်း လမ်းပြကူညီပေးခြင်းဖြင့် နားလည်ကျွမ်းကျင်လာစေရန် တစ်ဆင့်ပြီးတစ်ဆင့် အကြိမ်ပေါင်းများစွာ သင်ကြားပေးကာ အခြားသူများအား ထိုနည်းအတိုင်းပင်သင်ကြားပေးနိုင်ရန် လုပ်ဆောင်ပေးခြင်းဖြင့် သင်၏ကျွမ်းကျင်မှုအရှိန်အဟုန် မြင့်မားလာပေမည်။ ယနေ့အထိ အရှေ့ တောင်အာရှနှင့်အမေရိကတို့တွင် ထောင်ပေါင်းများစွာသော (ယုံကြည်သူနှင့် မယုံ ကြည်သူ) များအား လက်တွေ့ကျကျလေ့ကျင့်သင်ကြားပေးခဲ့ပြီး ဤအတွေ့အကြုံ များမှ အားနည်းချက်များ၊ မှားယွင်းမှုများ ၊ချို့ယွင်းချက်ပေါင်းများစွာ တွေ့ရှိခဲ့ပေသည်။ "သတိပြုပါ" တည်ကြည်ဖြောင့်မှန်သောသူသည် မိမိအမှားကိုအမြဲဆင်ခြင်မှတ်ကျုံးကြ၏။ ပညာရှိသောသူသည် အခြားသူ၏အမှားကိုအမြဲ လေ့လာဆင်ခြင်တတ်၏။


သင်အစပြုသောအခါ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့ လက်ဆင့်ကမ်း သင်ကြားပေးလိုက်သူများအား ယေရှုခရစ်တော်နောက်သို့လိုက်ခြင်းသင်တန်းမှ ပြုပြင်ပြောင်းလဲပေးလိုက်သောအရာများကို သင့်အားပြန်လည်ဝေငှခဲ့ပေသည်။ သင်တို့၏အသက်တာ၌လည်း ဘုရားသခင်သည် ထိုကဲ့သို့ ကြီးမားသောပြောင်းလဲမှုနှင့် ကြွယ်ဝသော အသက်တာရရှိပါစေကြောင်း ဆုတောင်းပေးပါသည်။

# အပိုင်း(၁)

# ဝက်အူတိုင်
# နှင့်ဝက်အူခေါင်းများ

# သခင်ယေရှု၏ နည်းဗျူဟာ

သခင်ယေရှု၏ လောကီသားများအတွက် လုပ်ဆောင်ခဲ့သော နည်းဗျူဟာတွင် အဆင့်၅ ဆင့်တွေ့ရပါသည်။ "ဘုရားသခင်၌ ကြီးထွားခိုင်ခံခြင်း၊ ဝမ်းမြောက်ဖွယ် သတင်းစကားဝေငှခြင်း၊ တပည့်တော်ဖြစ်စေခြင်း၊ အသင်းတော်ဖြစ်ပေါ်လာစေရန် အုပ်စုငယ်များ အစပြုခြင်းနှင့် ခေါင်းဆောင်များမွေးထုတ်ခြင်းတို့ပင် ဖြစ်သည်။ အဆင့်တစ်ခုစီတိုင်းသည် အရေးကြီးသကဲ့သို့ တစ်ဆင့်မှတစ်ဆင့်သို့ စက်ဝိုင်းသဏ္ဍာန် ဆင့်ပွားလုပ်ဆောင်သွားရန်ပင် ဖြစ်သည်။ ယေရှုခရစ်တော်နောက်သို့လိုက်ခြင်း သင်ခန်းစာများသည် မိမိလူမျိုးစုများအား ခရစ်တော်နောက်သို့လိုက်လျှောက်စေခြင်းအားဖြင့်အသင်းတော်များပေါ်ပေါက်လာစေရန် အထောက်အကူနည်းလမ်းတစ်ခုအဖြစ် အားဖြည့်သင်ကြားပေးခြင်းပင်ဖြစ်သည်။




တပည့်တော်စစ်များမွေးထုတ်ခြင်းသင်တန်းတွင် ပထမအဆင့်သုံးဆင့်မှာ "ဘုရားသခင်၌ကြီးထွားခိုင်ခံခြင်း၊ ဝမ်းမြောက်ဖွယ်သိတင်းစကားဝေငှခြင်း၊ တပည့်တော်ဖြစ်စေခြင်းတို့ဖြစ်သည်။ သင်တန်းသားများသည်မိမိ၏တပည့်တော်စုအုပ်စုငယ်များအားဦးဆောင်ကာ မည်သို့"ဆုတောင်းခြင်း၊ ခရစ်တော်၏မိန့်မှာချက်များကို နာခံခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးနှင့် လျှောက်လှမ်းတတ်ရန် (ဘုရားသခင်၌ ကြီးထွားခိုင်ခံ့ခြင်း) လေ့လာသင်ကြားရမည်။ ထို့အပြင် သင်တန်းသားများသည် ဘုရားသခင်အလုပ်လုပ်နေသည့်နေရာကိုသိရှိပြီး ပါဝင်လုပ်ဆောင်လာတတ်ရန်၊ မိမိ၏သက်

သေခံချက်ကိုဝေငှတတ်ရန်၊ ဧဝံဂေလိမျိုးစေ့ကြဲဝေငှတတ်ရန်၊ ရလဒ်များကို ဆင်ခြင်တတ်ရန်၊ အခြားသူများအားလည်း မိမိလူမျိုးစုများအတွင်း တူညီသောရှုပါရုံအတိုင်း ဆင့်ပွား တိုးတက်များပြားလာပြီး အချင်းချင်း ဝေငှလုပ်ဆောင်တတ်ရန် (ဝမ်းမြောက်ဖွယ်သိတင်းစကားဝေငှခြင်း) တို့ကို လေ့လာသင်ကြားရမည်။ တပည့်တော်ဖြစ်သင်ခန်းစာကိုသင်ကြားပြီးနောက် တပည့်တော်မွေးထုတ်နေသူများသည် အုပ်စုငယ်များအစပြုနိုင်ရန် (တတိယအဆင့်) ဆက်လက်အားပေးပါ။

သင်တန်းသားများထဲမှ တပည့်တော်စစ်များမွေးထုတ်ခြင်းသင်ခန်းစာကို အသုံးပြု၍အခြားသူများအားယုံကြည်ခြင်းဖြင့် လက်ဆင့်ကမ်းနေသူများသည် ဆက်လက်၍အသင်းတော်စတင်ခြင်း(သို့)ခေါင်းဆောင်မွေးထုတ်ခြင်း သင်ခန်းစာများအားသူတို့၏လိုအပ်ချက်အပေါ်မူတည်၍ လေ့လာသင်ကြားနိုင်ပေသည်။ အသင်းတော်စတင်တည်ထောင်ခြင်းနည်းစနစ်သည် အုပ်စုငယ်များမှစွမ်းရည်ပြည့်ဝသောအသင်းတော်များဖြစ်ပေါ်တိုးပွါးလာစေရန်နှင့် အသင်းတော်တည်ထောင်ခြင်း (စတုတ္ထအဆင့်)ဆီသို့ ဦးတည်နေပါသည်။ "ခေါင်းဆောင်မွေးထုတ်ခြင်း" သင်ကြားမှုနည်းစနစ်သည် စိတ်ဓါတ်မြင့်မားပြီး ဝိညာဉ်ရေးရာကြီးထွားလာသော ခေါင်းဆောင်များအား မွေးထုတ်ခြင်းပင်ဖြစ်သည်။ (သခင်ယေရှု၏ နည်းဗျူဟာအဆင့်၅)။ ထို့အပြင် အသင်းတော်တည်ဆောက်ခြင်းဆီသို့ပင် ရည်ရွယ်ချက်ပန်းတိုင်ထားရှိပါသည်။ သင်တန်းနှစ်ခုလုံး၏ သင်ကြားမှုနည်းစနစ်များသည် ခရစ်တော်၏နည်းစနစ်နှင့် သာသနာပြုခြင်းအပေါ်တွင် အခြေပြုလေ့လာဆည်းပူးထားကာ သင်တန်းသားများအား လွယ်ကူရိုးရှင်းပြီးပြန်လည်ဆင့်ပွားလုပ်ဆောင်နိုင်ရန်အထောက်အကူပြုကာ အခြားသူများအားဝေငှရာတွင်လည်း ကျွမ်းကျင်မှုပိုရှိလာပေမည်။

သခင်ယေရှု၏သာသနသမိုင်းတွင် တွေ့ရသောနည်းဗျူဟာအဆင့် ၅ ဆင့်အားအောက်ပါသမ္မာကျမ်းချက်များတွင် လက်တွေ့ကျကျ သက်သေပြုထားပါသည်။ ပေတရုနှင့်ပေါလုတို့၏ လုပ်ဆောင်ပုံနည်းဗျူဟာများသည်လည်း သခင်ယေရှု၏ နည်းဗျူဟာအတိုင်းပင် အတုယူလုပ်ဆောင်ခဲ့ပြီး ယေရှုခရစ်တော်နောက်သို့လိုက်ခြင်းသင်တန်းသည်လည်း ထိုပုံစံအတိုင်းပင်လက်တွေ့လုပ်ဆောင်စေပါသည်။

# သခင်ယေရှု

## ဘုရားသခင်၌ကြီးထွားခိုင်ခံခြင်း–

––လုကာ ၂ း ၅၂ ––ယေရှုသည်လည်း အစဉ်အတိုင်းကြီး၍ ပညာတိုးပွားလျက်၊ ဘုရားသခင်ရှေ့ လူတို့ရှေ့မှာ မျက်နှာရတော်မူ၏။

## ဝမ်းမြောက်ဖွယ်သတင်း စကားဝေငှခြင်း–

––မာကု ၁ း ၁၄–၁၅ ––ယောဟန်သည် ထောင်ထဲသို့ရောက်သည်နောက်၊ ယေရှုသည် ဂါလိလဲပြည်သို့ကြွတော်မူလျှင်၊ အချိန်ပြည့်စုံပြီ ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ၊ နောင်တရကြလော့။ ဧဝံဂေလိတရားကိုယုံကြည်ကြလော့ ဟူသော ဘုရားသခင်၏ နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောတော်မူ၏။

## တပည့်တော်ဖြစ်စေခြင်း–

––မာကု ၁ း ၁၆–၁၈ ––ဂါလိလဲအိုင်နားမှာကြွတော်မူစဉ်၊ ရှမိုန်နှင့်အန္ဒြေညီအစ်ကိုနှစ်ယောက်သည် တံငါဖြစ်၍အိုင်တွင်ပိုက်ကွန်ဖြန့်ချသည်ကိုမြင်တော်မူလျှင်၊ ထိုသူတို့အား ငါနောက်သို့လိုက်ကြလော့။ သင်တို့သည်လူကိုမျှားသော တံငါဖြစ်စေခြင်းငှါ ငါပြုမည်ဟုအမိန့်တော်ရှိသော်၊ ထိုသူတို့သည် ချက်ခြင်းပိုက်ကွန်ကိုစွန့်ပစ်၍ နောက်တော်သို့ လိုက်ကြ၏။

## အုပ်စု/အသင်းတော်များစတင်ခြင်း–

––မာကု ၃ း ၁၄–၁၅ ––ကိုယ်တော်နှင့်အတူ ရှိနေစေခြင်းငှါလည်း၊ တရားဟောသောအခွင့်၊ အနာရောဂါတို့ကို ငြိမ်းစေ၍၊ နတ်ဆိုးတို့ကို နှင်ထုတ်နိုင်သောအခွင့်နှင့် စေလွှတ်ခြင်းငှါလည်း၊ တကျိပ်နှစ်ပါးသောသူတည်းဟူသော....

(မာကု ၃ း ၁၆/၁၉/၃၁/၃၅)တို့တွင်လည်းတွေ့ရသည်။

## ခေါင်းဆောင်များမွေးထုတ်ခြင်း–

––မာကု ၆ း ၇–၁၀ ––တကျိပ်နှစ်ပါးသောတပည့်တော်တို့ကို ခေါ်တော်မူပြီးမှ ညစ်ညူးသောနတ်တို့ကိုနိုင်စေခြင်းငှါ အခွင့်ပေးလျက်၊ နှစ်ယောက်စီနှစ်ယောက် စီ စေလွှတ်တော်မူ၍၊ သင်တို့သည်တောင်ဝေးတခုမှတပါး လမ်းခရီးတို့ အဘယ်အရာကိုမျှမယူကြနှင့်။ လွယ်အိတ်နှင့်မုန့်မှစ၍ ခါးပန်း၌ကြေးငွေကိုမယူကြနှင့်။ ခြေနင်း

ကိုစီးကြလော့။ အင်္ကျီနှစ်ထပ်မဝတ်ကြနှင့်ဟု မှာထားတော်မူ၏။ ထိုမှတပါး သင်တို့သည်မည်သည့်အိမ်သို့ဝင်လျှင်၊ ထိုအိမ်တွင် ထိုအရပ်မှမထွက်မသွားမှီတိုင်အောင် နေကြလော့။ (မာကု ၆ း ၁၁–၁၃)တို့တွင်လည်းတွေ့ရသည်။

# ပေတရု

## ဘုရားသခင်၌ကြီးထွားခိုင်ခံခြင်း–

––တမန် ၁ း ၁၃–၁၄ ––ရောက်ကြလျှင်၊ ပေတရု၊ ယာကုပ်၊ ယောဟန်၊ အန္ဒြေ၊ ဖိလိပ္ပု၊ သောမ၊ ဗာသောလမဲ၊ မဿဲ၊ အာလဖဲ၏သားယာကုပ်၊ ရှမိုန်ဇေလုတ်၊ ယာကုပ်ညီယုဒတို့သည် တည်းနေရာအိမ်အထက်ခန်းသို့တက်ကြ၏။ ထိုသူအပေါင်းတို့သည် ယေရှု၏မယ်တော်မာရိမှစ၍ မိန်းမတို့နှင့်၎င်း၊ ညီတော်တို့နှင့်၎င်း၊ တညီတညွတ်တည်းကြိုးစား၍ ဆုတောင်းပဌနာပြုလျက်နေကြ၏။

## ဝမ်းမြောက်ဖွယ်သတင်း စကားဝေငှခြင်း–

–– တမန် ၂ း ၃၈–၃၉ ––ပေတရုကလည်း၊ သင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါ နောင်တရ၍တယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်တည်းဟူသော ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။ အကြောင်းမူကား၊ ဂတိတော်သည်သင်တို့နှင့်၎င်း၊ သင်တို့၏သားသမီးတို့နှင့်၎င်း၊ ဝေးသောသူတို့တွင် ငါတို့၏ဘုရားသခင်ထာဝရဘုရား ခေါ်တော်မူသမျှသောသူတို့နှင့်၎င်း ဆိုင်သည်ဟုဟော၏။

## တပည့်တော်ဖြစ်စေခြင်း–

–– တမန် ၂ း ၄၂–၄၃–– ထိုသူများသည် တမန်တော်တို့၏ ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌာနပြုခြင်းတို့ကို အမြဲဆောင်ရွက်၍ နေကြ၏။ လူအပေါင်းတို့သည်ကြောက်လန့်ခြင်းရှိသည်ဖြစ်၍ တမန်တော်တို့သည် များစွာသောနိမိတ်လက္ခဏာ၊ အံ့ဘွယ်သောအမှုတို့ကို ပြုကြ၏။

## အုပ်စု/အသင်းတော်များစတင်ခြင်း–

–– တမန် ၂ း ၄၄–၄၇ –– ယုံကြည်သော သူအပေါင်းတို့သည် တစုတဝေးတည်းနေကြသဖြင့်၊ မိမိတို့၌ရှိသမျှကို ဆက်ဆံ၍သုံးဆောင်ကြ၏။ မိမိတို့ဥစ္စာပစ္စည်းများကိုရောင်းပြီးလျှင် လူများဆင်းရဲသည်အတိုင်း အသီးအသီးတို့အား ဝေ၍

ခြင်းကိုပြုကြ၏။ ထိုသူတို့သည်လည်း ဗိမာန်တော်၌နေ့တိုင်း အစဉ်တညီတညွတ် တည်းနေ၍၊ ကိုယ်အိမ်၌မုန့်ကိုဖဲ့လျက် ကြည်ဖြူရွှင်လန်းဝမ်းမြောက်သောစိတ်နှင့် အစာအာဟာရကိုသုံးဆောင်ကြ၏။ ဘုရားသခင်ကိုလည်းချီးမွမ်း၍ လူအပေါင်းတို့ ရှေ့မှာမျက်နှာပွင့်လန်းခြင်းအခွင့်ကိုရကြ၏။ ကယ်တင်ခြင်းသို့ရောက်သော သူတို့ ကိုလည်း နေ့စဉ်မပြတ်သခင်ဘုရားသည် သင်းဝင်စေတော်မူ၏။

## ခေါင်းဆောင်များမွေးထုတ်ခြင်း–

–– တမန် ၆ း ၃–၄ –– ထိုကြောင့်ညီအစ်ကိုတို့ ဝိညာဉ်တော်နှင့်ငင်း၊ ပညာနှင့် ငင်းပြည့်စုံလျက်၊ အသရေရှိသောလူခုနစ်ယောက်တို့ကိုသင်တို့တွင်ရှာကြလော့။ဤ အမှုကိုဆောင်ရွက်စေခြင်းငှါ ထိုသူတို့ကို ငါတို့သည် ခန့်ထားကြမည်။ ငါတို့မူကား၊ ဆုတောင်းပဌနာပြုခြင်း၊နှုတ်ကပတ်တရားတော်ကိုဟောပြောခြင်းအမှုတို့ကိုအမြဲပြု ၍ နေမည်ဟုဆိုကြ၏။ (တမန် ၆ း ၅–၆)တို့တွင်လည်းတွေ့ရသည်။

# ပေါလု

## ဘုရားသခင်၌ကြီးထွားခိုင်ခံခြင်း–

––ဂလာ ၁ း ၁၅–၁၇ ––သို့သော်လည်း၊ ငါ့ကိုအမိဝမ်းထဲကပင် ရွေးချယ်ခွဲ ထား၍ ကျေးဇူးတော်အားဖြင့် ခေါ်တော်မူသော ဘုရားသခင်သည်၊ သားတော်၏ ဧဝံ ဂေလိတရားကို တပါးအမျိုးသားတို့၌ ဟောပြောစေမည်အကြောင်း၊ မိမိအလိုတော် နှင့်အညီ သားတော်ကိုငါအားပြတော်မူသောအခါ၊ ငါသည်အသွေးအသားနှင့်တိုင်ပင် ခြင်းကိုမပြု။ ငါ့အရင်တမန်တော်ဖြစ်နှင့်သော သူတို့ရှိရာယေရုရှလင်မြို့သို့လည်းမ သွား၊ အာရပ်ပြည်သို့ ချက်ခြင်း သွား၍ တဖန်ဒမာသက်မြို့သို့ ပြန်လေ၏။

## ဝမ်းမြောက်ဖွယ်သတင်း စကားဝေငှခြင်း–

–– တမန် ၁၄ း ၂၁––ထိုမြို့၌ ဧဝံဂေလိတရားကို ဟောပြော၍ လူများတို့ကို တပည့်တော်ဖြစ်စေပြီးမှ၊ လုတ္တရမြို့၊ဣကောနိမြို့၊အန္တိအုတ်မြို့တို့ကိုအစဉ်အတိုင်း လှည့်လည်၍ပြန်ကြ၏။

## တပည့်တော်ဖြစ်စေခြင်း

–– တမန် ၁၄ း ၂၂ ––ထိုသို့ပြန်ကြစဉ်၊ တပည့်တော်များ၏ စိတ်နှလုံးကို မြဲမြံ ခိုင်ခံ့စေသဖြင့်၊ ယုံကြည်ခြင်း၌တည်ကြည်မည့်အကြောင်း နှိုးဆော်ချီးပင့်၍၊ ငါတို့

သည် များပြားသောဆင်းရဲဒုက္ခကိုခံ၍ ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ရကြမည်ဟု ဟောပြောပြည့်ဆွန်ကြ၏။

## အုပ်စု/ အသင်းတော်များစတင်ခြင်း

-- တမန် ၁၄ း ၂၃--အသင်းတော်များတို၌ သင်းအုပ်တို့ကို ခန့်ထား၍၊ အစာရှောင်လျက် ဆုတောင်းပဌနာပြုပြီးလျှင်၊ သင်းဝင်သူတို့ယုံကြည်သော သခင်ဘုရား၏ လက်တော်သို့ ထိုအသင်းတော်တို့ကို အပ်နှံကြ၏။

## ခေါင်းဆောင်များမွေးထုတ်ခြင်း

-- တမန် ၁၆ း ၁-၃ --ထိုနောက်မှ ပေါလုသည် ဒေရဗေမြို့နှင့် လုတ္တရမြို့သို့ ရောက်လေ၏။ လုတ္တရမြို့၌ တိမောသေ အမည်ရှိသော တပည့်တော်တယောက် ရှိ၏။ သူ၏ အမိကားယုံကြည်သောယုဒမိန်းမဖြစ်၏။ အဘကားဟေလသလူဖြစ်၏။ ထိုသူသည်လုတ္တရမြို့ဣကောနိမြို့၌ရှိသောညီအစ်ကိုတို့တွင် အသရေရှိသောသူဖြစ်၏။ ပေါလုသည် ထိုသူကိုခေါ်ခြင်းငှါအလိုရှိ၍၊ သူ၏အဘသည် ဟေလသလူဖြစ်သည် ကို ထိုအရပ်တို့၌ရှိသော ယုဒလူအပေါင်းတို့သည် သိသောကြောင့်၊ အရေဖျားလှီးခြင်းကို သူ့အားပေးလေ၏။

# အသင်းတော်သမိုင်း

အသင်းတော်သမိုင်းတစ်လျှောက်လုံးတွင်၎င်းအဆင့်၅ဆင့်စလုံးအားအလွန်ရှင်းလင်းစွာမြင်တွေ့ရပေသည်။St. Benedict, St. Francis of Assisi, Peter Waldo and the Waldensians, Jacob Spener and the Pietists, John Wesley and the Methodists, Jonathan Edwards and the Puritans, Gilbert Tennant and the Baptists, Dawson Trotman and the Navigators, Billy Graham and modern evangelicalism,or Bill Bight and Campus Crusade for Christ, တို့အားလုံးတွင်၎င်းနည်းဗျူဟာပုံစံကို အကြိမ်ပေါင်းများစွာအသုံးပြုထားကြောင်းတွေ့ရသည်။ သခင်ယေရှုက "ငါ့အသင်းတော်ကို ငါတည်ဆောက်မည် "ဟု မဿဲ ၁၆ း၁၈ တွင် ပြောထားပါသည်။ "FJT"၏ပုံစံသည် သခင်ယေရှု၏နည်းစနစ်ပင်ဖြစ်ပြီး ယုံကြည်သူတိုင်းအား ခရစ်တော်နောက်သို့ စိတ်နှလုံးအကျွင်းမဲ့၊ နံဝိညာဉ်နှင့်၊ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်ရှိသမျှနှင့်ဆက်ကပ်ကာ လိုက်လျှောက်ဖို့ရန် အဓိက မီးမောင်းထိုးပြထားပေသည်။

# သင်တန်းသားများအားသင်ကြားပို့ချနည်း

ဤအပိုင်းတွင် သင်တန်းသားများအား ဆင့်ပွားလုပ်ဆောင်နိုင်သောနည်းလမ်းကို အသေးစိတ်ဖော်ပြထားပါသည်။ ရှေးဦးစွာကျွန်ုပ်တို့သည် တပည့်တော်စစ်များမွေးထုတ်ခြင်းသင်တန်း၏ အကျိုးရလဒ်များကို ဝေငှပါမည်။ ထိုနောက် သင်တန်းသင်ကြားမှုနည်းစနစ်ကို ရှင်းပြပါမည်။ ထိုအထဲတွင်(၁) ကိုးကွယ်ခြင်း (၂) ဆုတောင်းခြင်း(၃) လေ့လာခြင်း(၄) လက်တွေ့လုပ်ဆောင်ခြင်းတို့အား အကြီးမြတ်ဆုံးသော မိန့်မှာချက်ပေါ်တွင်အခြေခံ၍ လေ့လာကြမည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ထောင်ပေါင်းများစွာသော သင်တန်းနှင့် သင်တန်းသားများထံမှ ရရှိသော အတွေ့အကြုံများမှ အဓိကကျသောအချက်များအား သင်ကြားပေးသွားမည်ဖြစ်သည်။

---

## အကျိုးရလဒ်များ

တပည့်တော်စစ်များ မွေးထုတ်ခြင်းသင်တန်း တက်ရောက်ပြီးပါက သင်တန်းသားများသည်–

- တပည့်တော်ဖြစ် သင်ခန်းစာ(၁၀)ခုအား ခရစ်တော်ကိုဗဟိုပြု၍ အခြားသူများအား သင်တန်း၏လွယ်ကူသောဆင့်ပွားနည်းအတိုင်း ပြန်လည်သင်ကြားနိုင်ခြင်း၊
- သခင်ယေရှု၏ စစ်မှန်သော နောက်လိုက်တစ်ဦးဖြစ်စေရန် ရုပ်ပုံ(၈)မျိုးကို ရှင်း လင်းစွာမှတ်မိစေခြင်း၊
- အကြီးမြတ်ဆုံးသော မိန့်မှာချက်အပေါ်အခြေခံ၍ အုပ်စုငယ်များအားဦးဆောင်ပြီး ဝတ်ပြုကိုးကွယ်တတ်လာခြင်း၊
- တန်ခိုးနှင့်ပြည့်ဝသောသက်သေခံခြင်းနှင့် ဧဝံဂေလိဟောပြောတင်ဆက်ခြင်းတွင် ယုံကြည်စိတ်ချမှုရှိလာခြင်း၊
- ပျောက်ဆုံးဝိညာဉ်များအား ရှာဖွေရန်နှင့် ယုံကြည်သူများ ဆင့်ပွားလေ့ကျင့်ရန် တမန်တော်၂၉ မြေပုံကိုရေးဆွဲခြင်းအားဖြင့် ခိုင်မာသောရူပါရုံရရှိလာခြင်း၊
- တပည့်တော်စုစတင်ခြင်း(အချို့တို့သည် အသင်းတော်များ ဖြစ်လာတတ်ပေသည်)နှင့် အခြားသောသူများအားလည်း ထိုနည်းတူ လုပ်ဆောင်တတ်ရန် လေ့ကျင့်သင်ကြားပေးခြင်း)

# နည်းစနစ်

သင်ခန်းစာတိုင်းကို ဤပုံစံအတိုင်းလုပ်ဆောင်သွားမည်ဖြစ်ပြီး အောက်တွင် အစီအစဉ်နှင့် ခန့်မှန်းအချိန်များကို သတ်မှတ်ပေးထားပါသည်။

## ကိုးကွယ်ခြင်း

- ၁၀ မိနစ်
- တစ်စုံတစ်ယောက်အား သင်ခန်းစာအစပြုရန်၊ ဘုရားသခင်၏မျက်မှောက်တော်နှင့် ကောင်းကြီးမင်္ဂလာခံစားရရန် ဆုတောင်းစေပါ။ ထို့နောက်တစ်စုံတစ်ယောက်အား (အချိန်ပေါ်မူတည်၍) ချီးမွမ်းသီချင်း (သို့)ဓမ္မသီချင်း အနည်းငယ်ဦးဆောင်သီဆိုစေပါ။ တူရိယာများကိုရွေးချယ်သုံးစွဲနိုင်ပါသည်။

## ဆုတောင်းခြင်း

- ၁၀ မိနစ်
- သင်တန်းသားများအား နှစ်ယောက်တစ်တွဲတွဲစေပါ (တစ်ခါမျှ မတွဲဘူးသေးသောသူများကို တွဲစေပါ)။ သင်တန်းသားတိုင်း မိမိ၏ အပေါင်းအပါနှင့် အတူ အောက်ပါမေးခွန်းနှင့် အဖြေများကိုမျှဝေခိုင်းပါ။

  ၁။ သင်သိသော မယုံကြည်သူများအား ကယ်တင်ခြင်းရရန် ကျွန်ုပ်တို့မည်သို့ ဆုတောင်းပေးရမည်နည်း။
  ၂။ မိတ်ဆွေ လေ့ကျင့်သင်ကြားပေးနေသည့်အဖွဲ့အတွက် ကျွန်ုပ်တို့မည်သို့ ဆုတောင်းပေးနိုင်မည်နည်း၊ အကယ်၍ တစ်စုံတစ်ယောက်သည် လုံးဝ မသင်ကြားဘူးသေးလျှင် သူ၏ပတ်ဝန်းကျင်၌ ဖြစ်နိုင်ခြေရှိသော မိသားစုများ၊ မိတ်ဆွေများအား စာရင်းပြုစုစေပြီး စတင်လေ့ကျင့်သင်ကြားနိုင်ရန် ဆုတောင်းပေးပါ။ ထိုနောက်မိမိနှင့်တွဲထားသည့် မိတ်ဆွေနှင့်အတူ ဆုတောင်းပါ။

## သင်ကြားလေ့လာခြင်း

ယေရှုခရစ်တော်နောက်သို့လိုက်ခြင်း သင်တန်းအား အောက်ပါနည်းလမ်းအတိုင်းလုပ်ဆောင်သွားပေမည်။ ကိုးကွယ်ခြင်း၊ ဆုတောင်းခြင်း၊ လေ့လာခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းတို့ဖြစ်ကာ ဤနည်းလမ်းသည် ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်းပုံစံပေါ်တွင် အခြေပြုထားသည်။ ရိုးရှင်းစွာဝတ်ပြုခြင်းပုံစံ အသေးစိတ်ကို စာမျက်နှာ ၃၁ တွင် ဖော်ပြထားသည်။ F J T သင်ရိုးညွှန်းတန်းတွင် သင်ခန်းစာ ၁၀ခုပါဝင်ကာ လေ့လာခြင်းအပိုင်းကို အောက်ပါအတိုင်းဖွဲ့စည်းတည်ဆောက်ထားသည်။

- ၃၀ မိနစ်၊

- သင်ခန်းစာတိုင်းအား ပြန်လည်လေ့ကျင့်ခြင်းဖြင့် အစပြုထားသည်၊ သခင်ယေရှု၏ ပုံရိပ်(၈)မျိုးမှအစပြု၍ သင်ကြားခဲ့ပြီးသော သင်ခန်းစာများအား ကိုယ်ဟန်အမူအရာများဖြင့်ပြန်လည်လေ့ကျင့်ရသည်။ သင်တန်းပြီးဆုံးသွားချိန်တွင် သင်တန်းသားများသည် သင်ခန်းစာအားလုံးကို အလွတ်မှတ်မိ နိုင်မည်ဖြစ်သည်။
- ပြန်လည်လေ့ကျင့်ပြီးနောက် သင်ကြားပို့ချသူမှ ကျန်ရှိသောသင်ခန်းစာကို ဆက်လက်သင်ကြားမည်ဖြစ်သည်။ သင်ခန်းစာအဆုံးတွင်အချင်းချင်းအပြန်အလှန်သင်ကြားရမည်ဖြစ်သောကြောင့် သင်တန်းသားများအားသေချာ လေ့လာ မှတ်သားထားစေပါ။
- သင်ကြားပို့ချရာတွင် အောက်ပါအဆင့်အတိုင်း အသုံးပြုဆွေးနွေးသင်ကြားသွားမည်ဖြစ်သည်။

  ၁. ဦးစွာ မေးခွန်းမေးရန်
  ၂. သမ္မာကျမ်းစာဖတ်ရှုရန်
  ၃. သင်တန်းသားများအားလုံး မေးခွန်းအားဖြေကြားခြင်းဖြင့်ခွန်အားယူရန်

ဤသင်ကြားမှုတွင် ဘုရားရှင်၏ စစ်မှန်သောသမ္မာကျမ်းစာမှ ဖွင့်ပြချက်သာလျှင် အသက်တာအတွက် အဖြေဖြစ်ပြီး သင်တန်းဆရာ၏ ဩဝါဒအဖြေ မဟုတ်ရပါ။ များသောအားဖြင့် သင်တန်းဆရာက မေးခွန်းမေးပြီးနောက် အဖြေကိုပြောပြသည်။ ထိုနောက်မှအဖြေကို အထောက်အကူပြုသော သမ္မာကျမ်းစာကိုအသုံးပြုသည်။ ဤဖြစ်စဉ်မှာ ဆရာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ထက် ပိုမိုအာဏာရှိနေသည်။

- သင်တန်းသားများ၏ ဖြေကြားမှုမှာမှားနေပါက မပြင်ပေးသေးဘဲ သမ္မာကျမ်းစာကို နောက်တစ်ခေါက် အသံထွက်ဖတ်စေပြီး တစ်ဖန်ဖြေကြားစေပါ။
- သင်ခန်းစာတစ်ခုစီတိုင်းအား သမ္မာကျမ်းစာအလွတ်ကျက်မှတ်ပြီးမှ အဆုံးသတ်ပေသည်။ သင်ကြားသူနှင့် သင်တန်းသားများအားလုံး အတူတကွမတ်တတ်ရပ်ပြီး သမ္မာကျမ်းစာကို အလွတ်(၁၀)ခေါက် ကျက်မှတ်ရန်နှင့် ကျမ်းညွှန်းကို အရင်ဖတ်ပြီးမှ ကျမ်းပိုဒ်ကိုကျက်ရန်ဖြစ်သည်။ သင်တန်းသားများသည် သမ္မာကျမ်းစာအုပ်(သို့) ကျောင်းသားမှတ်စုကိုအသုံးပြုပြီး ပထမ(၆)ကြိမ်ကို ကြည့်ကျက်ရန်နှင့် ကျန်(၄)ကြိမ်ကို နှလုံးသားထဲမှ အလွတ်ကျက်ရန်ဖြစ်သည်။ သမ္မာကျမ်းစာကို (၁၀)ကြိမ် အလွတ်ကျက်မှတ်ပြီးသော သူများအား ထိုင်စေပါ။

## လက်တွေ့လေ့ကျင့်လုပ်ဆောင်ခြင်း

- ၃၀ မိနစ်၊
- အစပြုချိန်တွင် သင်တန်းဆရာမှဆုတောင်းရန် နှစ်ယောက်အတူထိုင်စေသောသူတို့သည် အတူလက်တွေ့လုပ်ဆောင်လေ့ကျင့်သူများဖြစ်သည်။

- သင်ခန်းစာတိုင်းတွင် နှစ်ယောက်တစ်တွဲမှ မည်သူကစတင်ဦးဆောင်ရန် ရွေးချယ်ရမည့်နည်းလမ်းကို အသုံးပြုထားသည်။ ဦးဆောင်သူသည် သင်ခန်းစာအား ပထမ ပြန်လည်သင်ကြားပေးရန်ဖြစ်ပြီး သင်တန်းဆရာမှ ဦးဆောင်ရမည့်သူ ရွေးချယ်ရန်နည်းလမ်းကို ရှင်းပြပေးရမည်။
- သင်တန်းဆရာမှ သင်ကြားပေးသည့်အတိုင်းတစ်ပုံစံတည်း ဦးဆောင်သူမှပြန်လည်သင်ကြားပေးရမည်ဖြစ်ပြီး သင်ကြားရန်မှာ ပြန်လည်လေ့ကျင့်ခြင်း၊ ယခုသင်ပြီးသောသင်ခန်းစာနှင့် အလွတ်ကျက်ရန်ကျမ်းပိုဒ်အထိ ဖြစ်ပေသည်။ သင်တန်းသားများသည် အတွဲလိုက်သင်ကြားပြီးပါက မတ်တတ်ရပ်၍ သမ္မာကျမ်းစာအလွတ်ကျက်မှတ်ပြီး ပြန်ထိုင်စေခြင်းဖြင့် မည်သည့်အတွဲက လေ့ကျင့်ခြင်းပြီးမပြီးကို သိရှိနိုင်ပေသည်။
- နှစ်ယောက်တစ်တွဲမှ ပထမလူသင်ကြားပြီးသောအခါ ဒုတိယလူမှ အစအဆုံး ပြန်လည်သင်ကြားခြင်းအားဖြင့် သင်တန်းတစ်ခုလုံးကိုပါ လေ့ကျင့်ပြီးသားဖြစ်ပေမည်။ သို့သော်လက်တွေ့လေ့ကျင့်ရာတွင် သင်တန်းသားများသည် သင် ခန်းစာများကို အတိုချုံးပြောဆိုခြင်း၊ ကျော်သင်ခြင်းများ မလုပ်စေရန်နှင့် နောက်မှနောင်တရနေမည်ဖြစ်ကြောင်း ပြောပြပါ။
- သင်တန်းသားများ လက်တွေ့လေ့ကျင့်သင်ကြားနေစဉ်တွင် သင်တန်းဆရာမှ သင်တန်းခန်းမအတွင်း လှည့်လည်ကြည့်ရှုကာ ဆရာသင်ကြားပေးသည့်ပုံစံအတိုင်း မှန်ကန်မှုရှိရန်ကြပ်မတ်ပေးပါ။ လေ့ကျင့်သင်ကြားသူများသည်လက်ဟန်အမူအရာမပါပါက သင်တန်းဆရာ၏ ပုံသဏ္ဍာန်အတိုင်းမဟုတ်ဘဲ မှားယွင်းနေသောကြောင့် အသက်မပါပေ၊ ထို့ကြောင့် သင်တန်းဆရာ၏ပုံသဏ္ဍာန်အတိုင်းလေ့ကျင့်သင်ကြားကြရန် အဓိကထားသတိပေးပါ။ ပထမ တစ်တွဲသင်ကြားပြီးပါက အတွဲအသစ်ထပ်တွဲစေကာ နောက်တစ်ကြိမ်ထပ်မံ လေ့ကျင့်စေပါ။

## အဆုံးသတ်ခြင်း

- ၂၀ မိနစ်၊
- သင်ခန်းစာအတော်များများသည် အဆုံးတွင် လက်တွေ့သရုပ်ပြပွဲများပြုလုပ်၍ သင်ကြားမှုကို အထောက်အကူပြုထားသည်။ သင်တန်းသားများအား တမန်တော်၂၉မြေပုံ ရေးဆွဲဖို့ရန် အချိန်အတော်များများပေး၍ ရေးဆွဲစေပြီး မြေပုံဆွဲ ရာတွင် အထောက်အကူရစေရန် သင်တန်းခန်းမအတွင်း အခြားသူများရေးဆွဲနေမှုများကို ကြည့်ရှု၍ နမူနာယူနိုင်ပါသည်။
- လိုအပ်သော ကြေညာစရာများ ကြေညာပြီးနောက် တစ်စုံတစ်ယောက်အား သင်ကြားခဲ့ရသောအရာများနှင့် သင်တန်းချိန်အတွက် ဆုတောင်းခိုင်းပါ၊ ဆုတောင်းခြင်းအမှုတွင် မပါဝင်ရသေးသူတစ်ဦးအား ဦးဆောင်ဆုတောင်းစေ

ခြင်းဖြင့် သင်တန်းပြီးဆုံးချိန်တွင် သင်တန်းသားအားလုံးသည် အနည်းဆုံး တစ်ကြိမ်မျှစီ ဆုတောင်းပြီးဖြစ်ပေမည်။

# နိယာမသဘောတရားများ

ကျွန်ုပ်တို့သည် လွန်ခဲ့သော ၁၀နှစ်တာကာလအတွင်း သင်ကြားခဲ့သည့်အတွေ့အ ကြုံများမှ ဤထိရောက်သောနိယာမများကို တွေ့ခဲ့ရသည်။ ကျွန်ုပ်တို့အတွေ့အကြုံ များအရ အချို့သောယဉ်ကျေးမှုများတွင် ဤနိယာမသဘောတရားများသည် အံဝင်ဂွင်ကျ မဖြစ်နိုင်ပေ။ ဤအချက်ကို ကျွန်ုပ်တို့ အာရှ၊ အမေရိကနှင့် အာဖရိကနိုင်ငံများတွင် လက်တွေ့လုပ်ဆောင်ခြင်းအားဖြင့် တွေ့ကြုံခဲ့ပြီးဖြစ်သည်။ (ဥရောပပိုင်းတွင်အခြေအနေ မသိနိုင်သေးပါ)

- *စည်းမျဉ်း၅ချက်* –သင်တန်းသားများသည် လက်တွေ့လုပ်ဆောင်ခြင်းမပြုမီ မိမိကိုယ်ကိုစိတ်ချပိုင်နိုင်မှုရှိစေရန် သင်တန်းကာလအတွင်းအနည်းဆုံး ၅ကြိမ်ခန့် လက်တွေ့လေ့ကျင့်လုပ်ဆောင်ရပေမည်။ လေ့ကျင့်ခြင်းသင်ခန်းစာတွင် တစ်စုံတစ်ယောက်ထံမှ နားထောင်ပြီး သင်ခန်းစာအား လေ့ကျင့်ခြင်း (သို့) မိမိတစ်ကိုယ်ရည် လေ့ကျင့်ခြင်းတို့ဖြစ်သည်။ တစ်ဦးမှ သင်ကြားနေစဉ် တစ်ဦးမှနားထောင်ကာ သင်ကြားပြီးသွားပါက နားထောင်သူမှ ပြန်လည်သင်ကြားပေးရမည်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့သည် လက်တွေ့နှစ်ကြိမ်လေ့ကျင့်ရန် အကြံပြုထားခြင်းဖြစ်သည်။
- *အဓိကမကျသောအရာကို လျှော့ချခြင်း* –အရည်အချင်းရှိသော သင်တန်းသားများသည် နားလည်လွယ်ပြီး နာခံတတ်သောအဆင့်ရှိကြသည်။ သင်တန်းဆရာများဖြစ်တတ်သောအမှားတစ်ခုမှာ သင်တန်းသားများ နားလည်လက်ခံနိုင်သောအတိုင်းအတာထက် ပိုမိုရှင်းပြနေခြင်းပင်ဖြစ်သည်။ ရေရှည်အတွက်ဖေါ်ဆောင်ထားသော ဤနည်းစနစ်မှာ အနည်းငယ်သောတဆေးအဖြစ် ကြွယ်ဝသောအသိပညာများအား အကြိမ်အနည်းငယ်သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သင်တန်းသားများအား သူတို့ ကိုယ်တိုင်နားလည်လက်ခံပြီး လက်တွေ့လုပ်ဆောင်နိုင်သော သတင်းအချက်အလက်များ၏ကျောရိုးကို သင်ကြားပေးအပ်ခြင်းဖြစ်ပြီး ဝန်ထုတ်သေတ္တာ ပေးလိုက်ခြင်းမျိုးမဟုတ်ပါ။
- *မတူညီသောသင်တန်းသားများ လေ့လာပုံမှာမတူညီပေ* –လူသားများပညာရပ်တစ်ခုကိုလေ့လာသင်ယူရာမှာ နည်းလမ်းသုံးမျိုးတွေ့ရပေသည်။ ကြားသိခြင်းအားဖြင့်၊ မြင်တွေ့ခြင်းအားဖြင့်၊ လက်တွေ့ကိုယ်တိုင်လုပ်ကိုင်ခြင်းအားဖြင့် ပိုမိုနားလည်ကျွမ်းကျင်လာကြသည်။ ဤသင်ခန်းစာတစ်ခုစီတိုင်းတွင် အဆိုပါလေ့လာသင်ယူနည်း သုံးမျိုးစလုံးအား အသုံးပြုထားပေသည်။

အချို့သောသင်တန်းများတွင် အဆိုပါလေ့လာသင်ယူနည်း တစ်မျိုး(သို့)နှစ်မျိုးခန့် အများစုံး အသုံးပြုထားကြသည်။ ကျွန်ုပ်တို့၏ပန်းတိုင်မှာ မြောက်များစွာသောယုံကြည်သူများနှင့် အုပ်စုငယ်များ တိုးတက်ပြောင်းလဲပေါ်ထွန်းလာစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သင်တန်းနည်းစနစ်၏ရလဒ်အရ လေ့လာသင်ယူနည်းသုံးမျိုးစလုံးအား အသုံးပြုသင်ကြားရပြီး တစ်မျိုးမျိုးကိုမှ ထုပ်ပယ်၍မရပါ။

- *နည်းစနစ်နှင့် အားရကျေနပ်မှုမှာ အရေးကြီးသည်*–ယနေ့မျက်မှာက်ခေတ်လူငယ်များသည် ပညာရည်မြင့်မားပြီးတိုးတက်သောအခြေအနေတွင် ကျွန်ုပ်တို့သည် သူတို့အားသတင်းအချက်အလက်ပေးခြင်းထက် အသွင်ပြောင်းလဲစေရန် သင်ကြားဖို့လိုအပ်ကြောင်း စမ်းစစ်လေ့လာတွေ့ရှိရပေသည်။ ဥပမာကျွန်ုပ်တို့သည်သမရိုးကျသင်တန်းပုံသဏ္ဍာန်ကိုသိရှိထားပြီး အသုံးပြုသည့်အချိန်တိုင်း ကျောင်းသားအများစုအတွက် ကောင်းမွန်ထိရောက်ပြီး နည်းစနစ်ကျသောအရာများ မဖြစ်တတ်ကြောင်း တွေ့ရသည်။ နိုင်ငံအတော်များများတွင်ယနေ့အထိ ထိုကဲ့သို့သောနည်းစနစ်ကို ကျင့်သုံးနေကြောင်း ဝမ်းနည်းစွာတွေ့မြင်ရသည်။ ကျွန်ုပ်တို့သည် ယေရှုခရစ်တော်နောက်သို့ လိုက်ခြင်းသင်တန်းအား ဆင့်ပွါးလုပ်ဆောင်တတ်ရန် အဓိကအာရုံစူးစိုက်ထားပြီး ရှေ့ဆက်ပေါ်ပေါက်လာမည့် လေ့လာသင်ယူသူများအား အရည်အချင်းပြည့်မီသော လက်ဆင့်ကမ်း လုပ်ဆောင်တတ်သူများဖြစ်လာစေရန် အထူးပြုသုံးသပ်ထားပေသည်။
- *ပြန်လည်သုံးသပ်ပါ––သုံးသပ်ပါ––သုံးသပ်ပါ*–နောက်ထပ်မှတ်မိလွယ်ရန် လုပ်ဆောင်လေ့ရှိသည်အရာမှာ နှလုံးသားနှင့် လေ့လာဆည်းပူးခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ သင်တန်းနည်းစနစ်မှာ လူတိုင်း၏နှလုံးသားခံယူချက်များ အမှန်တစ်ကယ်ပြောင်းလဲလာစေရန် ဖြစ်သည်။ ကျွန်ုပ်တို့၏မျှော်လင့်ချက်မှာ သင်တန်းသားတိုင်းသည် သင်ခန်းစာအားလုံးကိုကျွမ်းကျင်စွာမှတ်မိစေလိုပေသည်။ သင်ခန်းစာတစ်ခုမစမီ ပြန်လည်လေ့လာခြင်းအပိုင်းကို အမြဲပြုလုပ်ပါ။ ပြန်လည်လေ့လာခြင်းအပိုင်းကိုမပြုလုပ်ဘဲ မကျော်လိုက်ပါနှင့်။ ကျွန်ုပ်၏အတွေ့အကြုံအရ အရှေ့တောင်အာရှနိုင်ငံများတွင် အနိမ့်ဆုံးအခြေခံပညာရှိသူပင်လျှင် တပည့်တော်စစ်များ မွေးထုတ်ခြင်းသင်ခန်းစာတစ်ခုလုံးကို ကိုယ်ဟန်အမူအရာနှင့် မှတ်မိလုပ်ဆောင်နေကြောင်း သိရှိရသည်။
- *သင်ခန်းစာကို တည်ဆောက်ပါ* —ကျွန်ုပ်တို့သည် သင်တန်းသားများအား သင်ခန်းစာသင်ကြားပေးရာတွင် သူတို့အတွက်မှတ်မိနိုင်ရန်နှင့် မိမိကိုယ်ကိုယုံကြည်မှုရှိလာစေရန် အထူးဂရုပြုပါသည်။ ဥပမာအားဖြင့် ကျွန်ုပ်တို့ ပထမ မေးခွန်းမေးသည်။ ထိုနောက် ကျမ်းစာဖတ်ပြီး အဖြေကိုပြောပါသည်။ ထိုနောက် ကိုယ်ဟန်အမူအရာကို လုပ်ဆောင်ပြပါသည်။ ထိုနောက်မှ ဒုတိယ

မေးခွန်းကို ဆက်မေးပြီး ယခင်နည်းအတိုင်းပင် လုပ်ဆောင်သွားသည်။ သို့သော် တတိယမေးခွန်းသို့မသွားမှီ ကျွန်ုပ်တို့သည် ပထမမေးခွန်းနှင့် ဒုတိယမေးခွန်းတို့ကို ပြန်မေးပြီး အဖြေပြန်ပြောစေကာ ကိုယ်ဟန်အမူအရာများကိုပြန်လုပ်စေပါသည်။ ပြီးမှ တတိယမေးခွန်းသို့ ဆက်သွားပါသည်။ သင်ခန်းစာတစ်ခုလုံးကို ဤပုံစံအတိုင်း စနစ်တစ်ကျဖွဲ့စည်းတည်ဆောက်ထားကာ မေးခွန်းတစ်ခုမမေးမှီ ပထမလေ့လာထားသောအကြောင်းအရာကို ထပ်တလဲလဲသုံးသပ်စေသည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် သင်တန်းသားများအတွက် ပိုမိုနားလည်စေပြီး သင်ခန်းစာတစ်ခုလုံးကို ပြိုင်ပွဲနှင့်သရုပ်ပြပွဲမှ အစ အကောင်းဆုံးမှတ်မိနိုင်စေပါသည်။

- *သာဓက နမူနာပေးပါ* –လူ၏သဘောသဘာဝမှာ သူတို့တွေ့ဘူးသောအရာကို လိုက်လုပ်တတ်ကြပေသည်။ ဤသင်တန်းသည် အခြားသောသူအားသတင်းအချက် အလက်ပေးခြင်း သက်သက်မဟုတ်ဘဲ နေ့စဉ် အသက်ရှင်လုပ်ဆောင်တတ်ဖို့ရန် ဖြစ်ပေသည်။ ကျွန်ုပ်တို့ လေ့ကျင်သင်ကြားပေးနေသူများအား ယခုလက်ရှိဌပင် ဘုရားသခင်သည် ကျွန်ုပ်တို့ဘဝ၌ အဘယ်မျှကောင်းမြတ်ကြောင်း ဖြစ်စဉ်များကို ဝေမျှပြောပြခြင်းသည် လက်တွေ့ကြပေသည်။ သင်တန်းဆိုသည်မှာ လုပ်ငန်းတစ်ခုမဟုတ်ပါ။ ဘဝအသက်ရှင်ရပ်တည်ရန်အတွက်ပင် ဖြစ်သည်။ အသင်းတော်တည်ထောင်ခြင်းမှာ အုပ်စုငယ်များအတွင်းမှ အချို့သောယုံကြည်သူများတွင် ယခုကဲ့သို့ သဘောထားများ တွေ့မြင်ခံစားလာရခြင်းမှ ဖြစ်ပေါ်လာပေသည်။

# ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်း

ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်းသည် ယေရှုခရစ်တော်နောက်သို့လိုက်ခြင်း သင်တန်းတွင် တပည့်တော်တစ်ယောက်ဖြစ်လာစေဖို့ရန် အဓိကသော့ချက်ဖြစ်ပြီး အကဲဖြတ်သောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ အကြီးမြတ်ဆုံးသောမိန့်မှာချက်အပေါ်တွင် အခြေပြုပြီး ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်းအားဖြင့် ဘုရားသခင်အား စိတ်နှလုံးအကျွင်းမဲ့ချစ်ခြင်း၊ နံဝိညာဉ်နှင့်ချစ်ခြင်း၊ ဉာဏ်ရှိသမျှနှင့်ချစ်ခြင်း၊ အစွမ်းရှိသမျှနှင့် ချစ်တတ်လာစေရန်နှင့် နာခံလုပ်ဆောင်လာတတ်စေရန် အထောက်အကူပြုသင်ကြားပေးထားသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်အား စိတ်နှလုံးအကျွင်းမဲ့ ချစ်သောကြောင့် ချီးမွမ်းကြသည်၊ နံဝိညာဉ်နှင့် ချစ်သောကြောင့် ကျွန်ုပ်တို့ ဆုတောင်းကြသည်။ ဉာဏ်ရှိသမျှနှင့် ချစ်သောကြောင့် ကျွန်ုပ်တို့ ကျမ်းစာဖတ်ရှုကြသည်။ အစွမ်းရှိသမျှနှင့် ချစ်သောကြောင့် ကျွန်ုပ်တို့ လေ့လာသင်ယူခဲ့သော အရာများကို အခြားသူများအား လက်တွေ့ ဝေငှလုပ်ဆောင်ကြသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်းအား မည်သည့်နေရာတွင်မဆို(အိမ်၊စားသောက်ဆိုင်၊ပန်းခြံ၊ဥပုဒ်စာဖြေကျောင်း၊စေတီ...)အစပြုနိုင်ကြောင်း သိရှိသွားပြီးနောက် အစပြုနေသောအုပ်စုငယ်များအား ဘုရားသခင်သည် အံ့သြဖွယ်ကောင်းကြီးပေးနေကြောင်း တွေ့ရှိရပေသည်။

## အစီအစဉ်

- အဖွဲ့သားလေးယောက်ပါဝင်သောအဖွဲ့အား အကြမ်းဖျင်း မိနစ်၂၀အတွင်း ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်းပြုရန် ပုံစံဖော်ပေးရမည်။
- သင်တန်းကာလအတွင်း သင်တန်းအစပြုချိန်(သို့) နေ့လည်ထမင်းစားနားပြီးနောက်တွင် ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်းအား ကျင်းပပြုလုပ်လေ့ရှိသည်။
- ပထမအကြိမ် ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်းအား သင်တန်းဆရာမှဦးဆောင်ကာ မည်သို့လုပ်ရမည်ကို ပုံစံခုပြပြီး အချက်တစ်ခုစီတိုင်းကို အချိန်ယူရှင်းပြပါ။
- သင်တန်းဆရာမှ ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်းပုံစံကိုရှင်းပြပြီးနောက် သင်တန်းသားများအား နှစ်ယောက်တစ်တွဲ တွဲခိုင်းပါ။ ပုံမှန်အားဖြင့် သင်တန်းသားများသည် မိမိ၏မိတ်ဆွေသူငယ်ချင်းများကိုသာ ရွေးချယ်တတ်သည်။ သင်တန်းသားတိုင်းအတွဲရရှိပါက အခြားအတွဲတစ်တွဲနှင့်ပူပေါင်းစေကာ လေးယောက်တစ်အုပ်စုအဖြစ်ပြုလုပ်စေပါ။
- ထိုနောက်အဖွဲ့တိုင်းအား မိမိအဖွဲ့ကိုနာမည်မှည့်ခိုင်းပြီး အချိန်အနည်းငယ်မျှပေးပါ။ ထိုနောက်တစ်ဖွဲ့ခြင်းစီသို့သွားပြီး အဖွဲ့နာမည်များကိုမေးကာ သင်တန်းပြီးဆုံးသည်အထိ မိမိအဖွဲ့နှင့်မိမိအမြဲအတူ ပါဝင်ပါစေ။

- အပတ်စဉ်သင်ကြားမှုပုံစံတွင် ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်းအား ပထမဦးဆုံး သင် ကြားပေးစေလိုသည်။ နောက်ထပ်သင်ခန်းစာနှစ်ခု သင်ကြားပြီးတိုင်း ပြန်လည်လေ့ကျင့် လုပ်ဆောင်စေပါ။

# နည်းစနစ်

- အဖွဲ့သားလေးယောက်ပါဝင်သောအဖွဲ့များဖွဲ့ပါ။
- တစ်ဦးခြင်းစီသည် ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်းပါ အချက်တစ်ချက်ကို ဦးဆောင်ရမည်။
- ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်းကို လက်တွေ့လေ့ကျင့်လုပ်ဆောင်တိုင်း သင်တန်းသားများသည် မိမိဦးဆောင်ရမည့်အချက်ကို တစ်ကြိမ်နှင့်တစ်ကြိမ် မတူစေဘဲ ပြောင်းလဲလုပ်ဆောင်စေခြင်းဖြင့် သင်တန်းပြီးဆုံးသွားသောအခါ သင်တန်းသားတစ်ဦးသည် အချက်တစ်ချက်ကို အနည်းဆုံးနှစ်ကြိမ်ခန့် လုပ်ဆောင်ပြီး ဖြစ်နေပေလိမ့်မည်။

## ကိုးကွယ်ခြင်း

- တစ်စုံတစ်ယောက်အား ဓမ္မသီချင်း(သို့)ချီးမွမ်းသီချင်းနှစ်ပုဒ် အတူတကွသီဆိုစေပါ။ (အချိန်ပေါ်မူတည်၍)
- တူရိယာများကို ရွေးချယ်သုံးစွဲနိုင်ပါသည်။
- သင်တန်းချိန်အတွင်း သင်းတန်းသားများအား ထိုင်ခုံများကို လဖ္ဖက်ရည်စားပွဲဝိုင်းတွင်ထိုင်သကဲ့သို့ မျက်နှာခြင်းဆိုင်ထိုင်စေပါ။
- အဖွဲ့တိုင်းသည် မတူညီသောသီချင်းများကို သီဆိုကြမည်ဖြစ်ပြီး အလွန်ကောင်းပါသည်။
- ဤအချိန်တွင် ကျွန်ုပ်တို့အားလုံး ဘုရားသခင်ကို စိတ်နှလုံးအကျွင်းမဲ့ချီးမွမ်းကိုးကွယ်ရန်ဖြစ်ပြီး မည်သည့်အဖွဲ့က အသံအကျယ်ဆုံးဖြစ်သည်ကို သရုပ်ပြလုပ်ဆောင်ရန် မဟုတ်ပါ။

## ဆုတောင်းခြင်း

- အဖွဲ့သားနောက်တစ်ဦးမှ ဆုတောင်းခြင်းကို ဦးဆောင်သွားရန်ဖြစ်သည်။ (ချီးမွမ်းခြင်းဦးဆောင်သူမှ တစ်ဖန် ဦးဆောင်ရန် မဟုတ်ပါ)
- ဦးဆောင်ဆုတောင်းမည့်သူသည် အဖွဲ့သားများထံမှ အထူးဆုတောင်းခံချက်များကို မေးပြီး ရေးမှတ်ထားပါ။

- ဦးဆောင်ဆုတောင်းမည့်သူသည် နောက်တစ်ကြိမ်အဖွဲ့သားများ ပြန်ဆုံသည့်အချိန်အထိ ဤဆုတောင်းချက်များကို တာဝန်ယူဆုတောင်းရမည်။
- အဖွဲ့သားများ အထူးဆုတောင်းခံချက်တင်ပြီးသောအခါ ဦးဆောင်ဆုတောင်းမည့်သူမှအဖွဲ့သားများအတွက် ဆုတောင်းပေးပါ။

## လေ့လာသင်ယူခြင်း

- အဖွဲ့သားနောက်တစ်ဦးသည် လေ့လာသင်ကြားခြင်းကို ဦးဆောင်သွားရပေမည်။
- လေ့လာသင်ကြားခြင်းကို ဦးဆောင်သူသည် သမ္မာကျမ်းစာထဲမှ အဖြစ်အပျက်တစ်ခုအား မိမိဝါကျအတိုင်း ပြန်လည်ပြောပြစေပါ၊ အကြံပေးလိုသည်မှာ ခရစ်ဝင်ကျမ်းထဲမှပါသော အကြောင်းအရာများဖြင့် အစပြုပါ။
- အဖွဲ့သားများပေါ်မူတည်၍ လေ့လာသင်ကြားခြင်းကို ဦးဆောင်သူသည် အသုံးပြုမည့်အခြေပြုသမ္မာကျမ်းအား ဦးစွာဖတ်ရှုစေပြီးနောက် မိမိဝါကျအတိုင်း ပြန်လည် ပြောပြစေပါ၊
- သမ္မာကျမ်းစာထဲမှ အဖြစ်အပျက်တစ်ခုအား ပြန်လည်ပြောပြပြီးနောက် ဦးဆောင်သူမှ အဖွဲ့သားများအား မေးခွန်းသုံးခု ဆက်လက်မေးမြန်းရန်ဖြစ်သည်။

  ၁။ ဤအကြောင်းအရာမှ ကျွန်ုပ်တို့အား ဘုရားသခင်အကြောင်း ဘာပြောထားသလဲ၊?

  ၂။ ဤအကြောင်းအရာမှ ကျွန်ုပ်တို့အား လူတွေအကြောင်း ဘာပြောထားသလဲ၊?

  ၃။ ဤအကြောင်းအရာမှ ကျွန်ုပ်အား ခရစ်တော်နောက်သို့လိုက်ရန်ဘယ်လိုသွန်သင်ထားသလ၊?

- အဖွဲ့သားတိုင်းမေးခွန်းတစ်ခုစီတိုင်းအား အတူတစ်ကွစဉ်းစားဆွေးနွေးစေကာ ဦးဆောင်သူမှ ဆွေးနွေးခြင်း၏ရလဒ် တိုးတက်မှုအပေါ်မူတည်ပြီးနောက် မေးခွန်းကို ဆက်လက်ဆွေးနွေးစေပါ။

## လက်တွေ့လေ့ကျင့်ခြင်း

- အဖွဲ့သားနောက်တစ်ဦးသည် လက်တွေ့လေ့ကျင့်ခြင်းကို ဦးဆောင်ရပေမည်။
- လေ့ကျင့်ခြင်းကိုဦးဆောင်သူသည် အဖွဲ့သားတိုင်းအား သင်ခန်းစာကိုပြန်လည်လေ့ကျင့်ပေးရန်ဖြစ်ပြီး အဖွဲ့သားတိုင်း ရှင်းလင်းစွာနားလည်စေရန်နှင့် အခြားသူများကို ပြန်လည်ဆင့်ပွားသင်ကြားပေးနိုင်ရန်အတွက် ဖြစ်သည်။
- လေ့ကျင့်ခြင်းကို ဦးဆောင်သူသည် လေ့လာသင်ကြားခြင်းကို ဦးဆောင်သူ ပြောပြသွားသော သမ္မာကျမ်းစာထဲမှ အကြောင်းအရာကို ပြန်ပြောပြရန်ဖြစ်သည်။
- လေ့ကျင့်ခြင်းကိုဦးဆောင်သူမှ ယခင်မေးခွန်းသုံးခုအား ပြန်လည်မေးမြန်းပြီး အဖွဲ့သားများ ပြန်လည်ဆွေးနွေးစေပါ။

**အဆုံးသတ်ခြင်း**

- ချီးမွမ်းသီချင်း သီဆိုခြင်းအားဖြင့် (သို့) ပဌနာတော်ဆုတောင်းခြင်းအားဖြင့် ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်းကို အဆုံးသတ်နိုင်သည်။

# မှတ်သားထားရန်အဓိကသောချက်များ

- ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်းလေ့ကျင့်ရာတွင် အဖွဲ့တစ်ဖွဲ့တွင်အဖွဲ့သားလေးဦးသာအကောင်းဆုံးဖြစ်ပြီး အဖွဲ့သားငါးဦးဖြစ်နေပါက တစ်ဖွဲ့အတွက်သာ လက်ခံပါ။ အဖွဲ့တစ်ဖွဲ့တွင် အဖွဲ့သားခြောက်ဦးရှိနေခြင်းထက် သုံးဦးရှိသောအဖွဲ့နှစ်ဖွဲ့က ပိုထိရောက်ပေသည်။
- ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်းအား ဆင့်ပွါးလက်တွေ့လုပ်ဆောင်တတ်ရန် အဓိကအချက်တစ်ခုမှာ အဖွဲ့သားတစ်ဦးခြင်းစီတိုင်းသည် ဝတ်ပြုကိုးကွယ်ခြင်းပါ အချက်လေးချက် (ချီးမွမ်းခြင်း၊ဆုတောင်းခြင်း၊လေ့လာသင်ယူခြင်း၊လက်တွေ့လေ့ကျင့်ခြင်း)အား တစ်ကြိမ်နှင့်တစ်ကြိမ်မတူအောင် ပြောင်းလဲလုပ်ဆောင်စေပါ။
- အဖွဲ့တိုင်းအား ချီးမွမ်းကိုးကွယ်မှုပြုရာတွင် မိမိနှလုံးသားထဲမှ ထွက်လာသောစာသားများနှင့် ခံစားသီဆိုစေပါ။ အကယ်၍အဖွဲ့သားများသည် သီချင်းမဆိုတတ်ပါက (ကြုံတွေ့ခဲ့ဘူးပါသည်) ဆာလံကျမ်းချက်မျိုးကို အတူတူ အသံထွက်ဖတ်စေပါ။
- လက်တွေ့လေ့ကျင့်ခြင်းအပိုင်းအတွက် လုံလောက်သောအချိန်ကို သတ်မှတ်ပေးခြင်းဖြင့် လက်တွေ့လေ့ကျင့်ခြင်းကို ဦးဆောင်သူသည် တိကျစွာလုပ်ဆောင်နိုင်မည်ဖြစ်သည်။ လက်တွေ့လေ့ကျင့်ခြင်းသည် ရိုးရှင်းစွာဝတ်ပြုကိုးကွယ်ခြင်းအားဆင့် ပွါးလက်တွေ့လုပ်ဆောင်တတ်ရန် အဓိကပံပိုးမှုတစ်ရပ် ဖြစ်သည်။ လက်တွေ့လေ့ကျင့်ခြင်းအပိုင်း မပြုလုပ်ပါက ပုံမှန်ကျမ်းစာသင်တန်းတစ်ခု ကျင်းပသည့် ပုံစံကဲ့သို့ပင်ဖြစ်သွားလိမ့်မည်၊...

# အပိုင်း(၂)

# လေ့ကျင့်သင်ကြားခြင်း

## အခန်း–၁

# ကြိုဆိုနှုတ်ခွန်းဆက်ပါ

**အ**စပြုချိန်၌ သင်တန်းမှူးနှင့်သင်တန်းသားများအချင်းချင်း မိတ်ဆက်ပြီးနောက်သင်တန်းမှူးမှသင်တန်းသားများကို ခရစ်တော်၏ပုံရိပ်(၈)ခုဖြစ်သည့် (စစ်သား၊ ရှာဖွေသူ၊ သိုးထိန်း၊ မျိုးကြဲသူ၊ သား/သမီး၊ သန့်ရှင်းသူ၊ အစေခံနှင့် ဘဏ္ဍာထိန်း) တို့ကို လက်နှင့်အမူအရာပြုလုပ်ခြင်းဖြင့် မိတ်ဆက်စေပါ။ အဘယ်ကြောင့်ဆိုသော် သင်တန်းသားများသည် နားထောင်ခြင်း၊ မြင်တွေ့ခြင်း၊ လုပ်ဆောင်ခြင်းတို့ဖြင့် ယေရှုခရစ်တော်နောက်သို့လိုက်ခြင်း သင်တန်းတွင် ပေါင်းစပ်ထားသည့် သင်ကြားနည်းပုံစံများကို သင်ခန်းစာတိုင်းတွင် တွေ့ရမည်ဖြစ်သည်။ သမ္မာကျမ်းစာက သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏သင်ကြားပေးသူဖြစ်ကြောင်းပြောထားပြီး သင်ခန်းစာတစ်ခုလုံးအားနားလည်နိုင်ရန်သူ့အားမှီခိုရပေမည်။ ခရစ်တော်သည်တပည့်တော်များနှင့်အတူ ဆွေးနွေးသကဲ့သို့ သင်တန်းအား“လှေကားရည်ဆိုင်တွင်အနားယူရင်းဆွေးနွေးသကဲ့သို့ ပြုလုပ်ကာသင်ခန်းစာအား အဆုံးသတ်ရပါမည်။

---

# ကိုးကွယ်ခြင်း

- တစ်စုံတစ်ယောက်အား ဘုရားသခင်၏ မျက်မှောက်တော်နှင့် ကောင်းကြီးခံစားရရန်ဆုတောင်းစေပါ။
- ဓမ္မသီချင်း(သို့) ချီးမွမ်းသီချင်း နှစ်ပုဒ်အတူတကွသီဆိုစေပါ။

---

# အစပြုခြင်း

### သင်ကြားပေးမည့်သူက မည်သူနည်း ?

သင်တန်းစတင်ဖွင့်လှစ်ချိန်မှစ၍ သင်တန်းမှူးနှင့် သင်တန်းသားများသည် ဝိုင်းဖွဲ့၍ ထိုင်ရမည်။ စားပွဲများ၊ ထိုင်ခုံများရှိပါက ကြိုတင်ဖယ်ထားပါ။

- သင်တန်းမှူးသည် သင်တန်းသားများ မည်ကဲ့သို့ မိတ်ဆက်ရမည်ကို လက်တွေ့လုပ်ပြပါ။


- သင်တန်းမှူးနှင့်လက်ထောက်တို့ တစ်ဦးကိုတစ်ဦး မိတ်ဆက်သောအခါ အမည်၊ မိသားစု၊ လူမျိုးစု (သင့်လျှော်ပါက)နှင့် ဘုရားသခင်သည် မိမိအား ယခင်လအတွင်း မည်သို့သောကောင်းကြီးတစ်မျိုးပေးကြောင်း ဝေငှစေပါ။

## သင်တန်းသားများက မည်သူတွေနည်း?

- သင်တန်းသားများအား နှစ်ယောက်တစ်တွဲတွဲစေပါ။
  "သင်တန်းမှူးနှင့်လက်ထောက်တို့ မိတ်ဆက်သည့်အတိုင်းအချင်းချင်းမိတ်ဆက်ပေးရမည်ဖြစ်ကြောင်း ပြောပါ။"
- သင်တန်းသားတို့သည် မိမိတို့အပေါင်းအပါ၏ အမည်၊ မိသားစုအကြောင်း၊ လူမျိုးစုနှင့် လွန်ခဲ့သည့်လက ခံစားခဲ့ရသည့်ကောင်းကြီးမင်္ဂလာအကြောင်းကို ဝေမျှခိုင်းပါ။ တစ်ဦးအကြောင်းတစ်ဦးမှတ်မိရန်၊ မိမိမှတ်စုထဲတွင်ရေးမှတ်ထားပါက၊ အထောက်အကူဖြစ်စေပါသည်။
- ငါးမိနစ်မျှကြာပြီးနောက် တွဲဘက်နှစ်ယောက်ကို အခြားအတွဲ(၅)တွဲထံ သင်တန်းမှူးမိတ်ဆက်ပေးသည့်အတိုင်း မိတ်ဆက်စေပါ။

## သခင်ယေရှုက မည်သူနည်း?

သင်တန်းမှူးများ မိတ်ဆက်ပြီးသောအခါ သင်တန်းသားအချင်းချင်း မိတ်ဆက်ကြသည်။ ယခုကျွန်ုပ်တို့ ယေရှုခရစ်တော်နှင့် မိတ်ဆက်ပေးလိုပါတယ်၊ သမ္မာကျမ်းစာထဲတွင် သခင်ယေရှု၏ ပုံရိပ်များစွာရှိသည့်အနက်မှ အဓိကအာရုံစိုက်ရန် ပုံရိပ်(၈)မျိုးနှင့် မိတ်ဆက်ပေးလိုပါတယ်"



## သမ္မာကျမ်းစာထဲမှ သခင်ယေရှု၏ပုံရိပ်(၈)မျိုး၊

- သင်ပုန်းပေါ်တွင် စက်ဝိုင်းတစ်ခုရေးဆွဲ၍၊ ခရစ်တော်၏ ရုပ်ပုံများကို ရေးချပြီးနောက် သင်တန်းသားများ အလွတ်ရသည့်အထိ ကျက်မှတ်စေပါ။

သခင်ယေရှုသည် စစ်သား၊ ရှာဖွေသူ၊ သိုးထိန်း၊ မျိုးကြဲသူ၊ သား/သမီး၊ သန့်ရှင်း သူ၊ အစေခံနှင့် ဘဏ္ဍာထိန်းတို့ ဖြစ်သည်။

စစ်သား
ခေါင်းကိုမြှောက်သည့်ပုံလုပ်ပါ၊

ရှာဖွေသူ
မျက်လုံးပေါ်တွင်လက်ကိုတင်၍ ရှေ့နောက်ရှာဖွေသည့်ပုံလုပ်ပါ၊

သိုးထိန်း
လူစုကိုစုစည်းသကဲ့သို့လက်နှစ်ဖက်ကို ရင်ပတ်ဖက်သို့ ဆွဲယူပုံလုပ်ပါ၊

- မျိုးကြဲသူ
  လက်ဖြင့်မျိုးစေ့ကြဲသည့်ပုံလုပ်ပါ၊

- သား/သမီး
  စားသောက်သည့်ပုံလုပ်ပါ၊

- သန့်ရှင်းသူ
  လက်ဖဝါးနှစ်ဖက်ဖြင့် ဆုတောင်းသည့်ပုံလုပ်ပါ၊

သခင်ယေရှုသည် သူတော်စင်တစ်ဦးဖြစ်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသူဟု ခေါ်ဆိုကြသည်။

- အစေခံ
  တူထုနေပုံလုပ်ပါ၊

- ဘဏ္ဍာထိန်း
  အိတ်ထဲမှပိုက်ဆံထုတ်ပုံလုပ်ပါ၊

"ရုပ်ပုံတစ်ခုဟာ စကားလုံးထောင်တန်ပါတယ်။ ဤသမ္မာကျမ်းစာရုပ်ပုံတွေက ခရစ်တော်နှင့်အတူလျှောက်လှမ်းဖို့ရန် လေးနက်သောအတွင်းသဘောကို မြင်တွေ့လာစေပါတယ်။ ရုပ်ပုံတစ်ပုံစီမှ သခင်ယေရှု မည်သည့်အချိန်တွင် မည်ကဲ့သို့ လုပ်ကိုင်သည်ကို ကျွန်ုပ်တို့အား ရှင်းလင်းသောအမြင်နှင့် စွမ်းရည်ကိုရရှိစေပါတယ်။

ဖခင်တစ်ဦး သတင်းစာဖတ်နေချိန်မှာ သူရဲ့သားငယ်ဟာ ဖခင်နဲ့အတူကစားလိုကာ ဂျီတိုက်နှောင့်ယှက်နေပါတယ်။ ဖခင်ဖြစ်သူမှ သူ၏သား နှောက်ယှက်နေသဖြင့် သတင်းစာတစ်ရွက်ကိုယူ၍ တစ်စစီဖြဲကာ၊ သားအား မူလအတိုင်းပြန်ဆက်ခဲ့ရန်နှင့် ပြန်ဆက်ပြီးပါက ကစားမည်ဖြစ်ကြောင်း ပြောလိုက်ပါတယ်။
အဖေဖြစ်သူသည် သူ့သားအနေနှင့် သတင်းစာစာရွက်အား နဂိုပုံမှန်ဖြစ်အောင်ပြုလုပ်ရန်မှာ အချိန်ကြာမြင့်မည်ဖြစ်သောကြောင့် သတင်းစာအား စိတ်အေးလက်အေး ဖတ်နေပါတော့တယ်။ သို့သော် "၁၀"မိနစ်ခန့်မျှကြာသောအခါ၊ သားဖြစ်သူသည် ထိုဉာဏ်စမ်းကိုနဂိုအတိုင်းပြီးစီးအောင်လုပ်ပြီး ပြန်ရောက်လာတယ်။

ဒီလောက်မြန်ဆန်စွာ ပြုလုပ်နိုင်ခဲ့တာဘာကြောင့်လဲဟု အဖေကသူ့သားအားမေးရာ သားက ချက်ခြင်းဘဲ"လွယ်ပါတယ်"ဟု ပြောရင်း"နောက်တစ်ဖက်တွင် ပုံတစ်ပုံပါသောကြောင့် ပုံကိုကြည့်၍ကပ်လိုက်သောအခါ အခြားတစ်ဖက်မှစာတွေအားလုံး နဂိုအတိုင်း ပြန်ဖြစ်လာတာပါ"ဟုပြန်ဖြေပါသည်။
"သခင်ယေရှု၏ရုပ်ပုံ(၈)ခုမှာ ကျွန်ုပ်တို့အား သခင်ယေရှုနှင့်အတူအသက်ရှင်လျှောက်လှမ်းနိုင်ရန် ရှင်းလင်းပြတ်သားသော ရုပါရုံကိုရရှိစေပါလိမ့်မည်။"

တစ်စုံတစ်ဦး၏နောက်သို့ လိုက်သည်ဆိုရာတွင် ထိုသူပြုလုပ်သည့်အတိုင်း တစ်ပုံစံတည်း အတုယူပြုလုပ်ခြင်းဖြစ်သည်။ အလုပ်သင်တစ်ဦးသည် သူ့ဆရာ၏အတုကိုယူ၍ ပညာကိုသင်ကြားမှုပြုသည်။ တပည့်များသည် ဆရာများသွန်သင်သည့်ပုံသဏ္ဍာန်အတိုင်း ဖြစ်လာပေသည်။ ကျွန်ုပ်တို့သည် တစ်ယောက်ယောက်၏အတုကို တုယူမြဲဖြစ်သည်။ ကျွန်ုပ်တို့နှစ်သက်၍ အတုခိုးလုပ်သည့်အတိုင်း ကျွန်ုပ်တို့ဖြစ်လာပေသည်။ ယခုသင်တန်းအတွင်း၌ ကျွန်ုပ်တို့သည် မေးခွန်းများမေးပြီး၊ အဖြေများကို သမ္မာကျမ်းစာ၌ရှာကာ ခရစ်တော်အဘယ်ကဲ့သို့ အသက်ရှင်ခဲ့ကြောင်း ရှာဖွေတွေ့ရှိပြီးနောက် သူ့နောက်လိုက်ရန် လက်တွေ့လေ့ကျင့် အသက်ရှင်မည်ဖြစ်သည်။

## လေ့လာသင်ယူရန်နည်းလမ်းသုံးမျိုးကားအဘယ်နည်း?

"လက်တွေ့လေ့လာသင်ယူရာမှာ နည်းလမ်းသုံးမျိုးတွေ့ရသည်။ လူတိုင်း ဤနည်းလမ်းသုံးမျိုးကို အသုံးပြုတတ်ကြသော်လည်း ကျွန်ုပ်တို့တစ်ဦးစီတိုင်းသည် နည်းလမ်းတစ်မျိုးအားဖြင့် အကောင်းဆုံးလေ့လာခံယူတတ်ကြပေသည်။ ယခုဤသင်တန်းတွင် ကျွန်ုပ်တို့သည် သင်ခန်းစာတစ်ခုစီတိုင်း၌ နည်းလမ်းသုံးမျိုးစလုံးဖြင့် အသုံးပြုလေ့လာသွားကြမည်ဖြစ်သည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့ တစ်ယောက်စီတိုင်းအတွက် ဤသင်ခန်းစာများအား မိမိအားသန်ရာ လေ့လာခံယူတတ်သောနည်းလမ်းဖြင့် နားလည် ကျွမ်းကျင်လာပေလိမ့်မည်။"

"အချို့သောသူတို့သည် နားထောင်ခြင်းအားဖြင့် အကောင်းဆုံးသင်ယူတတ်ကြသည်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့သည် ကျမ်းစာဖတ်ခြင်းနှင့် မေးခွန်းများမေးခြင်းကို အမြဲတမ်းအကျယ်တဝင့် ပြုလုပ်ကြမည်ဖြစ်သည်။"

> နားထောင်ခြင်း
> လက်ဖြင့်နားထောင်သည့်ပုံလုပ်ပါ၊

"အချို့သောသူတို့သည် ကြည့်ရှုမြင်တွေ့ခြင်းအားဖြင့် အကောင်းဆုံး လေ့လာသင်ယူတတ်ကြသည်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့သည် ရုပ်ပုံများ၊ သရုပ်ပြပွဲများ ပြုလုပ်ခြင်းအားဖြင့် အရေးကြီးသောအရာများကို မှန်ကန်စွာနားလည်လာနိုင်ရန် သင်ကြားပေးမည်ဖြစ်သည်။"

> ကြည့်ရှုမြင်တွေ့ခြင်း
> မျက်စိကိုလက်ညွှန်ပြပါ၊

"အချို့သောသူတို့သည် လက်တွေ့လုပ်ကိုင်ခြင်းဖြင့် အကောင်းဆုံးလေ့လာသင်ယူတတ်ကြသည်။ ထို့အတွက်ကြောင့်ကျွန်ုပ်တို့သည် ကိုယ်ဟန်အမူအရာများအတူတကွပြုလုပ်ခြင်းအားဖြင့် မိမိတို့လေ့လာပြောဆိုသမျှကို အမြဲတမ်းမှတ်မိနားလည်စေမည် ဖြစ်သည်။"

လက်တွေ့ လုပ်ဆောင်ခြင်း

လက်နှစ်ဖက်ဖြင့်လည်ပတ်နေသည့်ပုံသဏ္ဍာန်ပြုလုပ်ပါ၊

"သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတည်းဟူသော ဆရာသုံးမျိုးရှိပါသည်။ ထို့အပြင် သမ္မာကျမ်းစာ၌ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ဆရာဖြစ်ကြောင်း ဖွင့်ပြထားပေသည်။ ဤသင်တန်းကာလတွင် မိတ်ဆွေတို့အတွက် ကျွန်ုပ်အားပေးလိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော် ဖွင့်ပြပေးသည့်အတိုင်း၊ ကျွန်ုပ်တို့ လေ့လာသင်ကြားခံယူဘို့ရန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသာလျှင် အရာအားလုံးကို သင်ကြားပေးနိုင်သောကြောင့် ဖြစ်သည်။"

# အဆုံးသတ်ခြင်း

## လ္ဘက်ဖက်ရည်ဆိုင်ဖွင့်ပြီ

"သူငယ်ချင်းများနှင့် ဘယ်နေရာမှာတွေ့ဆုံရတာ နှစ်သက်ပါသလဲ၊ ကျောင်းခန်းထဲတွင်လား၊ လ္ဘက်ရည်ဆိုင် (ကော်ဖီဆိုင်) တွင်လား၊"

"ကျွန်ုပ်တို့သည် ကျောင်းခန်းထဲတွင် ကောင်းသည့်အရာများစွာကို သင်ယူခဲ့ကြပေသည်။ ထို့ပြင် ကျွန်ုပ်တို့၏ဆရာများကိုလည်း လေးစားကြပေသည်။ မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့၏ သူငယ်ချင်းများအကြောင်း၊ မိသားစုအကြောင်း၊ ရွာအကြောင်း စသောအရာများကို များသောအားဖြင့် လ္ဘက်ရည်ဆိုင်တွင် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခြင်းအားဖြင့် အများဆုံးသိနိုင်ပေသည်။ သခင်ယေရှု ကမ္ဘာမြေပေါ်တွင်ကျင်လည်ခဲ့စဉ်က ဤကဲ့သို့ပင်ဖြစ်ပေသည်။

-- လုကာ ၇း၃၁-၃၅--ထိုကြောင့် ဤလူမျိုးကို အဘယ်ဥပမာနှင့် ပုံပြရအံ့နည်း။ အဘယ်သူနှင့်တူသနည်း။ ပွဲသဘင်၌ ထိုင်နေသောသူငယ်ချင်းတို့သည် တယောက်ကိုတယောက် အသံလွှင့်ကြ၍၊ ငါတို့သည် သာယာစွာတီးမှုတ်သော်လည်း သင်တို့သည်မကကြ။ ညည်းတွားစွာမြည်တမ်းသော်လည်း မငိုကြွေးကြဟုပြောဆိုသော သူငယ်တို့နှင့် ဤလူမျိုးသည်တူလှ၏။ အကြောင်းမူကား၊ ဗတ္တိဇံဆရာယောဟန်သည် မုန့်ကိုမစား၊ စပျစ်ရည်ကိုမသောက်ဘဲ လာသည်ရှိသော် သင်တို့က၊ ဤသူသည် နတ်ဆိုးစွဲသော သူပါတကားဟုဆိုကြ၏။ လူသားသည် စားသောက်လျက်လာသည်ရှိသော်၊ ဤသူသည် စားကြူးသောသူ၊ စပျစ်ရည်သောက်ကြူးသောသူပါတကား။ အခွန်ခံသောသူနှင့် ဆိုးသောသူတို့ကို မိတ်ဆွေဖွဲ့သောသူပါတကားဟု ဆိုပြန်ကြ၏။ သို့သော်လည်း ပညာတရားသည်မိမိသားရှိသမျှတို့တွင် ကဲ့ရဲ့ပြစ်တင်ခြင်းနှင့်လွတ်၏ဟု မိန့်တော်မူ၏။

"လ္ဘက်ရည်ဆိုင်တွင် ကျွန်ုပ်တို့သည် အလွန်ပင်သက်တောင့်သက်သာဖြစ်ပြီး၊ ပေါ့ပါးလွတ်လပ်စေသည်၊ အကယ်၍ သခင်ယေရှုသည် ယနေ့တဖန် ကမ္ဘာပေါ်တွင် ကျင်လည်ပါက သူလည်းလ္ဘက်ရည်ဆိုင်တွင် အချိန်ပေးမည်ဖြစ်သည်။ ပထမ အကြိမ်ကြွ

လာစဉ်ကပင်၊ ဤနည်းလမ်းအတိုင်း လုပ်ဆောင်ပြသခဲ့ပေသည်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့သည် ဤအခန်းအား သင်တန်းခန်းမမှ လ္ဘက်ရည်ဆိုင်တစ်ဆိုင်အဖြစ် ခံယူပြောင်းလဲကြမည်ဖြစ်သည်။"

- ဤနေရာတွင် သင်တန်းသားများအတွက် အဆာပြေမုန့်၊ လ္ဘက်ရည်၊ ကော်ဖီများ စီစဉ်ပေးရန်ဖြစ်သည်။

လ္ဘက်ရည်ဆိုင်ဖွင့်ရခြင်း၏ရည်ရွယ်ချက်မှာ၊ လွတ်လပ်ပြီးသက်တောင့်သက်သာနှင့် ခင်မင်ရင်းနှီးပွင့်လင်းသော သင်တန်းတစ်ခုအဖြစ် ဖန်တီးခြင်းဖြစ်ပေသည်။ တစ်နည်းအားဖြင့် သင်တန်းသားများအချင်းချင်း အတူတကွထိုင်စေခြင်းဖြင့် သခင်ယေရှုနှင့်တပည့်တော်များ၏ မိတ်သဟာယကို ဖော်ဆောင်ခြင်း ဖြစ်ပေသည်။

# အခန်း–၂

# ဆတိုးပွားပါ

ဆတိုးပွားခြင်းတွင် ခရစ်တော်သည် ဘဏ္ဍာထိန်း တစ်ဦးဖြစ်ကြောင်း မိတ်ဆက်ပေးပါ၊ ဘဏ္ဍာထိန်းများသည် သူတို့၏အချိန်နှင့် ဥစ္စာပစ္စည်းများကို အကျိုးရှိရှိ အသုံးချကာ၊ ကြိုးစားပြီး ရိုးသားဖြောင့်မတ်စွာ နေထိုင်ကြသည်။ သင်ယူသူများသည် (၁)ဘုရားသခင်၏ လူသားများအပေါ် ပထမဦးဆုံးမိန့်မှာချက် (၂)ယေရှုခရစ်တော်၏ နောက်ဆုံးမိန့်မှာချက် (၃)နှစ်သုံးလုံးနိယာမနှင့် (၄)ဂါလိလဲပင်လယ်နှင့် ပင်လယ်သေတို့၏ကွာခြားချက်များအား လေ့လာခြင်းဖြင့် အသီးနှင့်ပြည့်ဝသော ရုပ်ပုံများ ရရှိပေမည်။ သင်ခန်းစာအဆုံးတွင် သာမန်သင်ကြားပုံနှင့် လက်တွေ့လေ့ကျင့်သင်ကြားခြင်း တို့၏ကွာခြားပုံကို လက်တွေ့သရုပ်ပြခြင်းအားဖြင့် ရှင်းလင်းစွာ မြင်တွေ့လာစေပါသည်။ သင်ယူသူများသည် အခြားသူများအား အဘယ်သို့ဝတ်ပြုရမည်၊ ဆုတောင်းရမည်၊ နှုတ်ကပါတ်တော်လေ့လာခြင်းနှင့် အခြားသူများအား လက်ဆင့်ကမ်း သင်ကြားပေးရမည့်အရာများ သိရှိလာပေမည်။ အချိန်၊ ဘဏ္ဍာနှင့် ကြိုးစားပြီး ရိုးသားဖြောင့်မတ်ခြင်းများအား အကျိုးရှိစွာရင်းနှီးမြှုပ်နှံခြင်းအားဖြင့် သင်ယူသူများသည် ကောင်းကင်ဘုံ၌ ခရစ်တော်နှင့်တွေ့သောအခါ အံ့သြဘွယ်ရာ လက်ဆောင်များ ပေးနိုင်ပါလိမ့်မည်။

## ကိုးကွယ်ခြင်း

- တစ်စုံတစ်ယောက်အား ဘုရားသခင်၏ မျက်မှောက်တော်နှင့် ကောင်းကြီးခံစားရရန် ဆုတောင်းစေပါ။
- ဓမ္မသီချင်း(သို့) ချီးမွမ်းသီချင်း နှစ်ပုဒ်အတူတကွသီဆိုစေပါ။

## ဆုတောင်းခြင်း

- သင်တန်းသားများအား နှစ်ယောက်တစ်တွဲတွဲစေပါ။ တစ်ခါမျှမတွဲဘူးသေးသောသူများကို တွဲစေပါ။
- သင်တန်းသားတိုင်း မိမိ၏အပေါင်းအပါနှင့်အတူ အောက်ပါမေးခွန်းနှင့် အဖြေများကို မျှဝေခိုင်းပါ။

၁။ သင်သိသောမယုံကြည်သူများအား ကယ်တင်ခြင်းရရန် ကျွန်ုပ်တို့မည်သို့ ဆုတောင်းပေးရမည်နည်း ?
၂။ မိတ်ဆွေလေ့ကျင့်သင်ကြားပေးနေသည့် အဖွဲ့အတွက် ကျွန်ုပ်တို့မည်သို့ ဆုတောင်းပေးနိုင်မည်နည်း ?

- မိမိနှင့်တွဲထားသူနှင့်အတူ ဆုတောင်းပါ။

# လေ့လာသင်ကြားခြင်း

## ပြန်လည်လေ့လာခြင်း

သင်ခန်းစာတိုင်းအား ပြန်လည်လေ့ကျင့်ခြင်းဖြင့် အစပြုထားသည်။ သင်တန်းသားတိုင်း သင်ကြားခဲ့ပြီးသောသင်ခန်းစာများအား မတ်တတ်ရပ်ကာ ပြန်လည်လေ့ကျင့်ရန်ဖြစ်သည်။ လက်ဟန်အမူအရာများဖြင့် ပြန်လည်လေ့ကျင့်ရန် အထူးဂရုပြုပါ။

**သခင်ယေရှု နောက်သို့လိုက်လျှောက်ရန် အထောက်အကူဖြစ်စေသည့် ပုံရိပ် (၈)မျိုးကား အဘယ်နည်း?**

စစ်သား၊ ရှာဖွေသူ၊ သိုးထိန်း၊ မျိုးကြဲသူ၊ သား/သမီး၊ သန့်ရှင်းသူ၊ အစေခံနှင့် ဘဏ္ဍာထိန်း

## ကျွန်ုပ်တို့ဝိညာဉ်ရေးရာအသက်တာသည်ပူစီပေါင်းကဲ့သို့ဖြစ်သည်။

- ပူစီပေါင်းတစ်ခုကိုယူ၍ သင်တန်းသားများအား ရှင်းပြပါ။

  "ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ အသက်တာသည် ပူစီပေါင်းကဲ့သို့ ဖြစ်ပါတယ်။"

- ပူစီပေါင်းကိုမှုတ်ပြီး ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ ကောင်းကြီးမင်္ဂလာခံစားရကြောင်းနှင့် ပူစီပေါင်းထဲမှလေကိုထုတ်လိုက်ပြီး........ပြောပါ...

  "ဘုရားသခင်သည်ကျွန်ုပ်တို့အားကောင်းကြီးပေးသကဲ့သို့၊ကျွန်ုပ်တို့လည်း အခြားသောသူများအားပေးရန်ဖြစ်သည်။ကျွန်ုပ်တို့သည်ကောင်းကြီးပေးရန်၊ ကောင်းကြီးမင်္ဂလာခံစားရသူများ ဖြစ်ပေသည်။"

- ဝိညာဉ်ရေးရာအသက်တာ၏ "အဝင်၊အထွက်" သဘောထားကို နားလည်လာအောင် ဤဥပမာကို အကြိမ်ကြိမ်လုပ်ပြပါ။

  "ကျွန်ုပ်တို့အတော်များများသည်၊ မိမိတို့ရရှိသည့်အရာများကို အခြားသူများအားမပေးဘဲ မိမိအတွက်သာ ကြည့်တတ်ကြသည်။ အခြားသူများအား

မျှဝေ ပေးလိုက်ပါက ဘုရားသခင်ထံမှပြန်ရမည်ကို မထင်မှတ်ထားကြပါ။ ထို့အပြင် အခြားသူများကို မျှဝေပေးရန် လည်းဝန်လေးတတ်ကြသည်။"

- ဘောလုံးကိုဆက်မှုတ်ပြပါ။ တစ်ခါတစ်ရံ လေအနည်းငယ်ကို ပြန်ထုတ်လိုက်ပါ။ အဘယ်ကြောင့်ဆိုသော် သင်သည် လိပ်ပြာမသန့်သောကြောင့်ဖြစ်သည်။ ဘုရားသခင်က သင့်အားကောင်းကြီးများ ဆက်တိုက်ပေးလျှက်ရှိသည်။ သို့သော် သင်သည် အခြားသူများအား လက်ဆင့်ကမ်းပေးဝေခြင်းမှာ အားနည်းနေသည်။ နောက်ဆုံးတွင် ဘောလုံးပေါက်ကွဲသွားသည်အထိ မှုတ်လိုက်ပါ။

ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာ အသက်တာသည် ဤပုံစံကဲ့သို့ပင်ဖြစ်ပေသည်။ ကျွန်ုပ်တို့ လေ့လာသင်ယူခဲ့သမျှကို အခြားသူများအား လက်ဆင့်ကမ်းသင်ကြားပေးရမည်။ ကျွန်ုပ်တို့ ကောင်းကြီးခံစားရသောအခါ၊ အခြားသူများအားလည်း ကောင်းကြီးပေးရမည်။ ဤကဲ့သို့မပြုလုပ်ပါက ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာအသက်တာတွင် ကြီးမားသော ပြဿနာအခက်အခဲများနှင့် တွေ့ကြုံရပေမည်။ ကျွန်ုပ်တို့ ခံစားရသောအရာများကို လက်ဆင့်ကမ်းမပေးခြင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာ ကျဆုံးခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပေသည်။

## သခင်ယေရှုအား မည်သို့တွေ့ရသနည်း ?

--မဿဲ ၆း၂၀-၂၁--သံချေး၊ ပိုးရွ မဖျက်ဆီး၍ သူခိုးမထွင်းမဖောက်မခိုးမယူရာ ကောင်းကင်ဘုံ၌ ဘဏ္ဍာကိုဆည်းဖူးကြလော့။ အကြောင်းမူကား၊ အကြင်အရပ်၌ သင်တို့၏ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့၏ စိတ်နှလုံးရောက်တတ်၏။

"သခင်ယေရှုသည် ဘဏ္ဍာထိန်းတစ်ဦးဖြစ်သည်။ သူသည်ငွေကြေး၊ ရာထူး၊ အခြားသောအရာများထက် ဦးစားပေးရမည့်အရာများကို ပြောကြားခဲ့ပေသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အထဲ၌ ဘဏ္ဍာထိန်းတစ်ဦးကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများပြုပြီး အောင်မြင်တိုးတက်ဖြစ်ထွန်းမှုကို မျှော်မှန်းထားသည်။"

ဘဏ္ဍာထိန်း

( အိတ်ထဲမှပိုက်ဆံထုတ်ပုံလုပ်ပါ )

## ဘဏ္ဍာထိန်းတစ်ဦး၏ လုပ်ဆောင်မှုသုံးမျိုးကားအဘယ်နည်း?

--မဿဲ ၂၅း၁၄-၂၈--ဥပမာကား၊ လူတဦးသည် အခြားသောပြည်သို့သွားမည်ဟု အကြံရှိလျက်၊ မိမိငယ်သားတို့ကိုခေါ်၍ မိမိဥစ္စာများကို အပ်ပေး၏။ သူတို့သည် အသီးအသီးအစွမ်းသတ္တိရှိသည်အတိုင်း၊ တဦး၌ငွေအခွက်ငါးဆယ်၊ တဦး၌အခွက်နှစ်ဆယ်၊ တဦး၌အခွက်တဆယ်ကိုအပ်ပေးပြီးမှ ချက်ခြင်းသွားလေ၏။ အခွက်ငါး

ဆယ်ကိုခံသောသူသည် သွား၍ကုန်သွယ်ခြင်းကိုပြုသဖြင့် အခြားသောအခွက် ငါးဆယ်ကို အမြတ်ရလေ၏။ ထိုနည်းတူ အခွက်နှစ်ဆယ်ကိုခံသောသူသည်လည်း၊ အခြားသောအခွက်နှစ်ဆယ်ကို အမြတ်ရလေ၏။ အခွက်တဆယ်ကိုခံသောသူမူကား၊ သွား၍မြေ၌တွင်းတူးပြီးလျှင် အရှင်၏ငွေကို ဝှက်ထားလေ၏။ ထိုငယ်သားတို့၏ အရှင်သည်လာ၍ သူတို့ကိုစာရင်းယူလေ၏။ အခွက်ငါးဆယ်ကိုခံသောသူသည်ချဉ်းကပ်၍ အခြားသောအခွက်ငါးဆယ်ကိုဆက်လျက် သခင် ကိုယ်တော်သည် အကျွန်ုပ်၌ အခွက်ငါးဆယ်ကို အပ်ပေးတော်မူ၏။ အခြားသောအခွက်ငါးဆယ်ကို အကျွန်ုပ်အမြတ်ရပါပြီဟု လျှောက်လေ၏။ အရှင်ကလည်း သာဓု သစ္စာရှိသောငယ်သားကောင်း သင်သည် အမှုငယ်၌သစ္စာစောင့်လေပြီ။ များစွာသောအမှုအခွင့်ကို သင်၌ငါအပ်ပေးမည်။ သင်၏သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့ဟု မိန့်တော်မူ၏။ အခွက်နှစ်ဆယ်ကိုခံသောသူ သည်လည်းချဉ်းကပ်၍ သခင် ကိုယ်တော်သည်အကျွန်ုပ်၌ အခွက်နှစ်ဆယ်ကို အပ်ပေးတော်မူ၏။ အခြားသောအခွက်နှစ်ဆယ်ကို အကျွန်ုပ် အမြတ်ရပါပြီဟုလျှောက်လေသော် အရှင်က သာဓုသစ္စာရှိသောငယ်သားကောင်း သင်သည် အမှုငယ်၌သစ္စာစောင့်လေပြီ။ များစွာသောအမှုအခွင့်ကို သင်၌ငါအပ်ပေးမည်။ သင်၏သခင်နှင့်အတူစည်း စိမ်ကိုဝင်စားလော့ဟု မိန့်တော်မူ၏။ အခွက်တဆယ်ကိုခံသောသူသည်လည်း ချဉ်း ကပ်၍သခင် ကိုယ်တော်သည်ခဲယဉ်းသောသူ ဖြစ်သည်နှင့် ကိုယ်မစိုက်မပျိုးသောအရပ်၌ရိတ်၍ ကိုယ်မဖြန့်မကြဲသောအရပ်၌ စုသိမ်းတတ်သည်ကို အကျွန်ုပ်သိ၍၊ ကြောက်သောကြောင့် အခြားသို့သွား၍ကိုယ်တော်၏ငွေ အခွက်တဆယ်ကိုမြေ၌ ဝှက်ထားပါပြီ။ ယခုကိုယ်တော်၏ ဥစ္စာရှိပါသည်ဟု လျှောက်၏။ အရှင်ကလည်း ဆိုးညစ်ပျင်းရိသောငယ်သား ငါသည် ကိုယ်မစိုက်မပျိုးသော အရပ်၌ရိတ်၍ ကိုယ်မဖြန့်မကြဲသောအရပ်၌ စုသိမ်းသည်ကို သင်သိသည်မှန်လျှင် ငါ့ငွေကိုပွဲစားလက်သို့အပ်ရမည်။ ထိုသို့အပ်လျှင် ငါပြန်လာသောအခါ ငွေရင်းနှင့်အတိုးကို ရနိုင်၏။ ထို့ကြောင့် အခွက်တဆယ်ကို ထိုသူ၏လက်မှနှုတ်ကြ။ အခွက်တရာရှိသောသူကို ပေးကြ။

၁။ ဘဏ္ဍာထိန်းတစ်ဦးသည် မိမိငွေကြေး၊ ဥစ္စာပစ္စည်းများအား ပညာရှိစွာ ရင်းနှီး မြှုပ်နှံသည်။

"သခင်ယေရှုသည် သခင့်၏ငွေကြေးဥစ္စာကို စီမံခန့်ခွဲပြီး၊ ရင်းနှီးမြှုပ်နှံမှုပြုခဲ့သော အစေခံသုံးဦး၏ဥပမာကို ပြောပြခဲ့သည်။ ထိုသုံးယောက်ထဲမှနှစ်ဦးသည် သခင်၏ငွေကြေးဥစ္စာကို ပညာရှိစွာရင်းနှီးမြှုပ်နှံခဲ့သည်။"

၂။ ဘဏ္ဍာထိန်းတစ်ဦးသည် မိမိအချိန်များကို ပညာရှိစွာရင်းနှီးအသုံးချသည်။

"သခင်ယေရှုသည်၊ကျွန်ုပ်တို့အားဘုရားသခင်၏နိုင်ငံတော်ကိုဦးစားပေးရန် ပြောထားသည်။"

၃။ ဘဏ္ဍာထိန်းတစ်ဦးသည် ဖြောင့်မတ်တည်ကြည်ခြင်းနှင့် အသက်ရှင်ကြသည်။

"သခင်ယေရှုသည်ကျွန်ုပ်တို့၏သေးငယ်သောအမှုတွင်သစ္စာရှိခြင်းနှင့်ကြိုးစားလုပ်ဆောင်မှုအပေါ်တွင်သာ၍ကောင်းကြီးပေးမည့်အကြောင်းပြောထားသည်။"

"သခင်ယေရှုသည် ဘဏ္ဍာထိန်းတစ်ဦးဖြစ်ပြီး၊ ကျွန်ုပ်တို့အထဲ၌ အသက်ရှင်နေသည်။ သခင်ယေရှုနောက်သို့နာခံလိုက်လျှောက်လျှင် ကျွန်ုပ်တို့သည်လည်း ထိုသခင်နည်းတူ ဘဏ္ဍာထိန်းကောင်းများ ဖြစ်လာပေမည်။ ကျွန်ုပ်တို့၏ ငွေကြေး၊ ဘဏ္ဍာနှင့် အချိန်တို့ကို တန်ဖိုးရှိရှိ ရင်းနှီးမြှုပ်နှံလာနိုင်ပြီး ကြိုးစားလုပ်ဆောင်တတ်လာပေလိမ့်မည်။"

## လူသားများအတွက် ဘုရားသခင်၏ပထမဆုံးမိန့်မှာချက်မှာ အဘယ်နည်း?

-- ကမ္ဘာ ၁း၂၈ --အချင်းတို့ များပြားစွာမွေးဘွားကြလော့။ မြေကြီးကို ပြည့်စေ၍နိုင်ကြလော့။ ပင်လယ်ငါးတို့ကိုငင်း၊ မိုဃ်းကောင်းကင်ငှက်တို့ကိုငင်း၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုငင်း အုပ်စိုးကြလော့ ဟုမိန့်တော်မူ၍၊ သူတို့ကိုကောင်းကြီးပေးတော်မူ၏။

## လူသားများအတွက် သခင်ယေရှု၏နောက်ဆုံးမိန့်မှာချက်ကား အဘယ်နည်း ?

-- မာကု ၁၆း၁၅ --သင်တို့သည် လောကီနိုင်ငံအရပ်ရပ် ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရား;ကို ဟောကြလော့။

"ဘုရားသခင်သည် လူသားတို့အား ရုပ်ပိုင်းဆိုင်ရာသားသမီးများ မွေးဖွားတိုးပွားဖို့ရန်ပြောခဲ့ပါသည်။"

## ကျွန်ုပ်လည်းမည်သို့ဝိညာဉ်အသီးသီးပြီးတိုးပွားနိုင်မလဲ?

--၂တိ၂း၂ --သက်သေခံအများရှိသည်နှင့် ငါထံ၌ကြားရပြီးသောအရာတို့ကို၊ သစ္စာနှင့်ပြည့်စုံ၍ သူတပါးတို့ကိုသွန်သင်ခြင်းငှါ၊ တတ်စွမ်းနိုင်သောသူတို့၌ အပ်ပေးလော့။

"ကျွန်ုပ်တို့လေ့လာသင်ယူခဲ့သည့်အရာများကို အခြားသူများအား လက်ဆင့်ကမ်းသင်ကြားပေးခြင်းအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာတွင် ပွား

များမှုများ ဖြစ်ပေါ်လာစေပါလိမ့်မည်။ ဤနိယာမကို "၂၂၂နိယာမ" ဟုကျွန်ုပ်တို့ ခေါ်ဆိုထားပါသည်။ သခင်ယေရှုသည် ရှင်ပေါလုအား မိမိအကြောင်း ဖွင့်လှစ် ဖော်ပြခဲ့သည်။ ရှင်ပေါလုသည် တိမောသေအား လက်ဆင့်ကမ်းသွန်သင်ခဲ့သည်။ တိမောသေမှ ယုံကြည်သူများအား ဆက်လက်သွန်သင်ခဲ့ပြီး ယုံကြည်သူများမှ အခြားသောသူများအား လက်ဆင့်ကမ်းသွန်သင်ပေးခဲ့ကြသည်။ ထိုနည်းအတိုင်း သမိုင်းကြောင်းတစ်လျှောက် လက်ဆင့်ကမ်းဝေမျှသွန်သင်ခြင်းအားဖြင့် တစ်နေ့ တွင် မိတ်ဆွေအား တစ်ဦးတစ်ယောက်မှ သခင်ယေရှုအကြောင်း ဝေမျှသွန် သင် ပေးခြင်း ဖြစ်ပေါ်လာခဲ့ပေပြီ။"

## ဂါလိလဲအိုင်နှင့် ပင်လယ်သေ ၄၃

- တစ်ဖက်ပါပုံကို တစ်ဆင့်ချင်းစီဆွဲပါ။ အဆင့်တစ်ခုချင်းစီတွင် သူ၏အနက် အဓိပ္ပါယ်များကို သင်ကြားရှင်းပြခြင်းဖြင့် ရေးဆွဲပါ။ ပုံအားလုံးပြီးပြည့်စုံ သည်အထိ ရေးဆွဲရှင်းပြပါ။
  "ဣသရေလတိုင်းပြည်တွင် အိုင်(၂)အိုင် ရှိပါတယ်။ ထိုအိုင်တွေရဲ့ နာမည် များကိုသိပါသလား၊?"

## (ဂါလိလဲပင်လယ်(အိုင်)နဲ့ပင်လယ်သေ)




- စက်ဝိုင်း၂ခုဆွဲပါ။ စက်ဝိုင်းအသေးကို အပေါ်တွင်ဆွဲပြီး၊ စက်ဝိုင်းအကြီးကို အောက်ဖက်တွင်ဆွဲကာ ထိုစက်ဝိုင်းနှစ်ခုကို မျဉ်းကြောင်းတစ်ခုဖြင့် ဆက်ပေးပါ။ စက်ဝိုင်းအသေးထိပ်ဖက်တွင် မျဉ်းတစ်ကြောင်းဆွဲ၍ အိုင်နှစ်အိုင်ကို နာမည်တပ်ပေးပါ။

  "ဂါလိလဲအိုင်နှင့်ပင်လယ်သေကို ဆက်သွယ်ထားသောမြစ်တစ်မြစ်ရှိသည်၊ ထိုမြစ်အမည်ကိုသိပါလား?"

  **ယော်ဒန်မြစ်**

- မြစ်ကိုအညွှန်းတပ်ပေးပါ။

  "ဂါလိလဲအိုင်နှင့် ပင်လယ်သေတို့သည် အလွန်ပင်ကွာခြားပါသည်။

  ဂါလိလဲအိုင်တွင် ငါးအများကြီးရှိသည်။"

- ဂါလိလဲအိုင်အတွင်း၌ ငါးပုံများဆွဲပါ။

"ပင်လယ်သေတွင် ငါးလုံးဝမရှိပါ။"

- ပင်လယ်သေတွင် ကြက်ခြေခတ်ပုံဆွဲပါ။

"ဂါလိလဲအိုင်နားတွင် သစ်ပင်အများကြီးရှိသည်။"

- ဂါလိလဲအိုင်ပတ်ဝန်းကျင်တွင် သစ်ပင်ပုံများဆွဲပါ။

"ပင်လယ်သေတွင် သစ်ပင်တစ်ပင်မှမရှိပါ။"

- ပင်လယ်သေပတ်ဝန်းကျင်တွင် ကြက်ခြေခတ်ပုံများဆွဲပါ။

"ဂါလိလဲအိုင်တွင် အိမ်/ရွာအများကြီးရှိသည်။"

- ဂါလိလဲအိုင်ပတ်ဝန်းကျင်တွင် အိမ်ပုံများ ဆွဲပါ။

"ပင်လယ်သေတွင် အိမ်/ရွာများမရှိပါ။"

- ပင်လယ်သေပတ်ဝန်းကျင်တွင် ကြက်ခြေခတ်ပုံဆွဲပါ။

"ဂါလိလဲအိုင်နားတွင် နာမည်ကြီး ငါးဖမ်းသမား(၄)ယောက် နေထိုင်ကြသည်။ သူတို့၏အမည်များကို သိပါသလား?"

## ပေတရု၊ အန္ဒြေ၊ ယာကုပ်၊ ယောဟန်

- ဂါလိလဲအိုင်ဘေးတွင် လူရုပ်ပုံ၄ပုံဆွဲပါ။

"ပင်လယ်သေတွင် နာမည်ကြီးများမရှိပါ။"

- ပင်လယ်သေ ပတ်ဝန်းကျင်နားတွင် ကြက်ခြေခတ်ပုံဆွဲပါ။
"ဂါလိလဲအိုင်က'ရှင်သန်'စိမ်းလန်းနေပြီး၊ ပင်လယ်သေက ခြောက်ကပ်'သေဆုံး'နေခြင်းမှာ အဘယ့်ကြောင့်လို့ သင်ထင်ပါသလဲ?"

"အဘယ့်ကြောင့်ဆိုသော် ဂါလိလဲအိုင်သည် ရေအဝင်နှင့်အထွက်(စီးဆင်းမှု) ရှိပြီး ပင်လယ်သေသည် ရေအဝင်သာရှိပြီး အထွက်မရှိသောကြောင့် ဖြစ်သည်"

"ဤအကြောင်းအရာသည် ကျွန်ုပ်တို့ဝိညာဉ်အသက်တာ၏ ပုံသဏ္ဍာန်ကို ဖော်ဆောင်ထားပေသည်။ ကျွန်ုပ်တို့ကောင်းကြီးခံစားရသောအခါ အခြားသူများအား လက်ဆင့်ကမ်း ကောင်းကြီးပေးရမည်။ ကျွန်ုပ်တို့ လေ့လာသင်ကြားခဲ့ရသောအရာများကို အခြားသူများအား လက်ဆင့်ကမ်း သင်ကြားပေးရပေမည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဂါလိလဲအိုင်ကဲ့

သို့ ဖြစ်လာပါမည်။ မိမိအတွက်သာခံယူသိမ်းဆည်းထားပါက၊ ပင်လယ်သေကဲ့သို့ ဖြစ်နေပေမည်။”

“မည်သည့်အိုင်မျိုး အသက်ရှင်လုပ်ဆောင်ရန် လွယ်ကူပါသလဲ?ပင်လယ်သေလား(သို့) ဂါလိလဲအိုင်လား၊ လူအများစုအတွက် ပင်လယ်သေကဲ့သို့ အသက်ရှင်လုပ်ဆောင်ရန်မှာ လွယ်ကူပေသည်။ အဘယ့်ကြောင့်ဆိုသော် လူတို့သည်ပေးကမ်းခြင်းထက် ရယူလိုကြပေသည်။ မည်သို့ပင်ဆိုစေ သခင်ယေရှုနောက်သို့ နာခံလိုက်လျှောက်သောသူတိုင်း၊ ဂါလိလဲအိုင်ကဲ့သို့ပင် ဖြစ်ပေမည်။ သခင်ယေရှုသည် ခမည်းတော်ထံမှရရှိသောအရာများကို အခြားသူများအား ပေးခဲ့သည်။ ကျွန်ုပ်တို့လည်း အခြားသူများအား လက်ဆင့်ကမ်းသင်ကြားလေ့ကျင့်ပြုစုပျိုးထောင်သောအခါ၊ သခင်ယေရှု၏ နည်းလမ်းပုံသဏ္ဍာန်အတိုင်း လုပ်ဆောင်ရမည်ဖြစ်ပေသည်။”

“သင်သည် မည်သည့်အိုင်ကဲ့သို့ ဖြစ်ချင်ပါသလဲ၊? ကျွန်ုပ်သည် ဂါလိလဲအိုင်ကဲ့သို့ ဖြစ်ချင်ပါသည်။”

## အလွတ်ကျက်မှတ်ရန်ကျမ်းပိုဒ်

-- ယောဟန် ၁၅း၈ --သင်တို့သည် များစွာသောအသီးကို သီးသောအားဖြင့် ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၍၊ သင်တို့သည်လည်း ငါ၏တပည့်မှန်ကြလိမ့်မည်။

- အားလုံးမတ်တပ်ရပ်၍ ဤကျမ်းပိုဒ်ကို (၁၀)ကြိမ် အတူတကွကျက်မှတ်ရန်ဖြစ်သည်။ ပထမ(၆)ကြိမ်တွင် သင်တန်းသားများသည် ကျမ်းစာအုပ်(သို့) မှတ်စုကိုကြည့်၍ ကျက်မှတ်ပြီး ကျန်(၄)ကြိမ်ကို အလွတ်ကျက်မှတ်ရန် ဖြစ်သည်။ ကျမ်းစာကျက်မှတ်သည့်အခေါက်တိုင်း ကျမ်းညွှန်းကို အရင်ထည့်၍ ကျက်ရန်နှင့် ပြီးသွားသောသူတိုင်း ထိုင်စေပါ။
- ဤသို့ပြုလုပ်စေခြင်းဖြင့် လက်တွေ့လုပ်ဆောင်ရာတွင် မည်သူကပြီးသည်၊ မပြီးသည်ကို အလွယ်တကူသိမှတ်နိုင်သည်။

# လက်တွေ့လေ့ကျင့်လုပ်ဆောင်ခြင်း

- ယခုသင်ခန်းစာအစပြုချိန်၌ နှစ်ယောက်တစ်တွဲ အတူတကွဆုတောင်းခဲ့သူအချင်းချင်း မျက်နှာချင်းဆိုင်ထိုင်ခိုင်းပါ။ ပြီးနောက် အချင်းချင်းအပြန်အလှန် တစ်ယောက်တစ်လှည့်စီ သင်ကြားလေ့ကျင့်ဖို့ရန်ဖြစ်သည်။

နှစ်ယောက်တစ်တွဲတွင် ***အသက်ငယ်သူမှ*** စတင်သင်ကြားပေးရန်ဖြစ်သည်။

- စာမျက်နှာ(၂၄)တွင်ပါဝင်သော သင်တန်း၏ သင်ကြားမှုနည်းစနစ်အတိုင်း လုပ်ဆောင်ခိုင်းပါ။
- သင်တန်းသားများသည် သင်ကြားလေ့လာခြင်းတွင် သင်တန်းမှူးသင်ကြားသွားသည့်အတိုင်း တစ်ပုံစံတည်း လေ့ကျင့်သင်ကြားစေပါ။

"သင်တန်းမှူး သင်ကြားသွားသည့်အတိုင်း ပထမဦးဆုံးမေးခွန်းမေးခြင်း၊ သမ္မာကျမ်းစာအတူတကွဖတ်ခြင်း၊ အဖြေရှာခြင်းတို့ကို လက်နှင့်အမူအရာလုပ်ကာ တဆင့်ပြီးတဆင့် လုပ်ဆောင်ရကြောင်းရှင်းပြပါ။

ဂါလိလဲအိုင်နှင့် ပင်လယ်သေတို့၏ ပုံဆွဲခြင်းအဆင့်ဆင့်ကို သင်ကြားပေးရန်နှင့် အလွတ်ကျက်မှတ်ရန်ကျမ်းပိုဒ်တွင်လည်း သင်တန်းမှူး သင်ကြားပေးသည့် ပုံစံအတိုင်း လေ့ကျင့်သင်ကြားစေပါ။

သင်တန်းသားနှစ်ဦးစလုံးသည် မိမိသင်ကြားရမည့်အလှည့်တိုင်း၌ မှတ်စုစာမျက်နှာအလွတ်တွင် ဂါလိလဲအိုင်နှင့် ပင်လယ်သေအကြောင်းတို့ကို ကိုယ်တိုင်ရေးဆွဲသင်ကြားစေပါ။"

- နှစ်ဦးစလုံးသင်ကြားလေ့ကျင့်ပြီးပါက နောက်ထပ် အတွဲသစ်တွဲပြီးနောက် တစ်ကြိမ်လေ့ကျင့်စေပါ။ လေ့ကျင့်ပြီးသွားပါက သင်တန်းသားအားလုံးကို ဤသင်တန်းပြီးဆုံးသွားသောအခါ ဤသင်ခန်းစာကို မည်သူ့အားသင်ကြားပေးမလဲဟု မေးပါ။
  အားလုံးကိုစဉ်းစားစေပြီး၊ သင်ပေးလိုသူ၏ အမည်ကို ဤသင်ခန်းစာ၏ ပထမစာမျက်နှာထိပ်တွင် ရေးမှတ်ထားစေပါ။

# အဆုံးသတ်ခြင်း

## ခရစ်တော်အတွက် လက်ဆောင် ၇၃

- သရုပ်ပြရန်ကူညီပေးမည့်သူတစ်ဦးကိုခေါ်ပါ။
- သရုပ်ဖော်ပြရာတွင် သင်သည် အခန်းတစ်ဖက်၌ရပ်နေပြီး၊ ကူညီမည့်သူအား အခန်း၏ အခြားတစ်ဖက်တွင် ရပ်နေစေပါ။
- "သင်နှင့် ကူညီပေးသူနှစ်ဦးစလုံးသည် ဝိညာဉ်ရေးရာ ရင့်ကျက်ခြင်းမှာ အတူတူပင်ဖြစ်ကြောင်း သင်တန်းသားများအားလုံး သတ်မှတ်မြင်တွေ့စေပါ။"
- သင်တို့နှစ်ဦးစလုံးသည်..

ချီးမွမ်းသည်၊
လက်မြှောက်၍ချီးမွမ်းသည့်ပုံလုပ်ပါ။

ဆုတောင်းသည်၊
ဆုတောင်းသည့်ပုံလုပ်ပါ။

ကျမ်းစာလေ့လာသည်၊
ကျမ်းစာဖတ်သည့်ပုံ လုပ်ပါ။

အခြားသူများအားယေရှုအကြောင်းပြောသည်၊
မျိုးကြဲသည့်ပုံ လုပ်ပါ။

- သင်တို့နှစ်ဦးစလုံးသည် ဝိညာဉ်ရေးရာတွင် အားလုံးအတူတူပင်ဖြစ်ကြောင်းနှင့် မတူညီသောအချက် တစ်ခုသာရှိကြောင်း အဓိကထား၍ ပြောပါ။
- “သင်တို့နှစ်ဦး၏ အဓိကမတူညီသောအချက်မှာ ကူညီသရုပ်ဆောင်သူသည် မိမိအားဖြင့်ပြောင်းလဲလာသူများကို အခြားသူများအား ဆက်လက်ဝေငှသင်ကြားပေးရန် သွန်သင်ပေးသည်။ သို့သော် သင်မူကား သင့်အားဖြင့် ပြောင်းလဲလာသူများကို ဦးဆောင်သင်ကြားပေးသော်လည်းအခြားသူများအား လက်ဆင့်ကမ်းသင်ကြားပေးရန် သင် မသွန်သင်ပေးပါ။”

“ယခု မိတ်ဆွေတို့အား၍သင်ကြားမှုနှစ်မျိုးမှကွဲပြားမှုကိုပြသလိုပါသည်”

- “သင်တို့နှစ်ဦးသည် ဇဝ်ဂေလိဝေငှခြင်းအားဖြင့် ယုံကြည်သူလူသစ် တစ်နှစ်လျှင် တစ်ယောက် နှစ်စဉ် ရရှိကြကြောင်းပြောပါ။”
- ထို့ကြောင့် သင်တို့နှစ်ဦးစလုံးသည် သင်တန်းသားများထဲမှ တစ်ယောက်စီအရှေ့သို့ ခေါ်လာပါ။ ပြီးနောက် မိမိခေါ်လာသူနှင့်အတူမတ်တပ်ရပ်နေပါ။

“မိတ်ဆွေတို့တွေ့သည့်အတိုင်း ပထမတစ်နှစ်တွင် ဘာမျှမကွာခြားပါ။ သင်၌ ယုံကြည်သူတစ်ဦးနှင့် ကူညီသူတွင် ယုံကြည်သူတစ်ဦး ရရှိပေသည်”

- သို့သော်ငြားလည်း ကူညီသူသည် သူ၏ယုံကြည်သူလူသစ်အား ခရစ်တော်၌ ခိုင်ခံ့စေပြီး လက်တွေ့လုပ်ဆောင်တတ်ရန် လေ့ကျင့်ပေးသည်။ သူတို့နှစ်ဦးစလုံး ကိုယ်ဟန်အမူအရာဖြင့် (ချီးမွမ်းခြင်း၊ ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ဇဝ်ဂေလိဝေငှခြင်း)တို့ကို လက်တွေ့လုပ်ဆောင်သလို လက်တွေ့

လုပ်ပြပါ။ သို့သော် သင်မူကား တစ်ဦးတည်းသာ ကိုယ်ဟန်အမူအရာလုပ်၍ မိမိ၏လူသစ်အား သင်ကြားပေးပုံ လုပ်ပြပါ။

"ဒုတိယနှစ်တွင် ထူးခြားချက်ကို ကြည့်ကြပါစို့။ သင်နှင့်ကူညီသူနှစ်ဦးစလုံးသည် တစ်နှစ်လျှင် ယုံကြည်သူတစ်ယောက် ပုံမှန် မွေးထုတ်ပေးကြသည်။ မတူသောအဓိကအချက်မှာ ကူညီသူသည် သူလုပ်သည့်အတိုင်း လုပ်ဆောင်ရန် လေ့ကျင့်သင်ကြားပေးသည်။ သို့သော် သင်သည် လုပ်ဆောင်တတ်ရန် သင်ကြားလေ့ကျင့်ပေးခြင်း မရှိသောကြောင့် ယခုနှစ်တွင်လည်း သင်တစ်ဦး တည်းသာ လုပ်ဆောင်ဝေငှခြင်းဖြင့် ယုံကြည်သူလူသစ်တစ်ဦးသာ ရရှိမြဲဖြစ်သည်။ သို့သော်ကူညီသူနှင့် သူ၏ ယုံကြည်သူလူသစ်မှာ နှစ်ဦးစလုံး လုပ်ဆောင်ဝေငှတတ်သောကြောင့် ယခုနှစ်တွင် တစ်ဦးလျှင် လူသစ်တစ်ယောက်စီ ရရှိသည်။"

- ကူညီသူနှင့် သူ၏ယုံကြည်သူလူသစ်တို့ သင်တန်းသားအုပ်စုတွင်းသို့သွား၍ အခြားသူတစ်ယောက်စီ အရှေ့သို့ခေါ်လာပါ။ သင်လည်း တစ်ယောက်သွား၍ ခေါ်လာပါ။

"ဒုတိယနှစ်ပြီးသောအခါ အနည်းငယ်ကွာခြားမှု တွေ့ရပါမည်။ သင်၌နှစ်ယောက်ရှိပြီး ကူညီသူ၌ သုံးယောက်ရှိပေမည်။"

- ယခုဆက်လက်ပြီး ကူညီသူနှင့် သူ၏လူများသည် မိမိခေါ်လာသူအချင်းချင်း ကိုယ်ဟန်အမူအရာဖြင့် (ချီးမွမ်းခြင်း၊ ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ဧဝံဂေလိဝေငှခြင်း)တို့ကို အတူ လေ့ကျင့်လုပ်ဆောင်ပြပါ။ သို့သော် သင်မူကား သင်၏လူများအား ကိုယ်ဟန်အမူအရာဖြင့် သင်ကြားပေးရုံသာ ပြုကာ လုပ်ဆောင်ဝေငှတတ်ရန် မလေ့ကျင့်ပေးပါ။
- ဤနည်းလမ်းအတိုင်း သင်တန်းခန်းမထဲမှ သင်တန်းသားများကုန်သွားသည့်အထိ နှစ်အတန်ကြာမျှ လက်တွေ့သရုပ်ဖော်လုပ်ဆောင်ပါ။ နှစ်စဉ်သင့်အားဖြင့် ပြောင်းလဲလာသူများအား ချီးမွမ်းခြင်း၊ ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ဧဝံဂေလိဝေငှခြင်းတို့ကို သင်တစ်ဦးသာ ကိုယ်ဟန်အမူအရာပြုလုပ်ပြီး သင်ကြားမှုပြုပါ။
- တစ်ခါတစ်ရံ သရုပ်ဖော်ပွဲအတွက် သင်တန်းသားများ မလုံလောက်တတ်ပါ။ ထိုအခါတွင် မိမိအားဖြင့် ပြောင်းလဲလာသော ယုံကြည်သူလူသစ်များအား ခေါ်ဆောင်ရန် မရှိသောအခါ ထိုသူ၏ လက်နှစ်ဖက်ကို မြှောက်ထားခိုင်းခြင်းဖြင့် လူနှစ်ဦးကို ပုံဆောင်စေပါ။
- "ငါးနှစ်အကြာတွင် ကူညီသူ၏အဖွဲ့သားများနှင့် သင်၏အဖွဲ့သားများ တိုးပွားနှုန်းမှာ အလွန်ပင်ကွာခြားနေကြောင်း တွေ့ရှိရပေမည်။ အထူးသဖြင့် သင်သည် သင်၏ယုံကြည်သူလူသစ်များအား အလွန်ချစ်၍ အလွန်တစ်ရာမှ ရင့်ကျက်သူများ ဖြစ်စေလိုသောကြောင့် အကြောင်းအရာအတော်များများကို

အားသွန်ခွန်စိုက် သင်ကြားပို့ချပေးသည်။ သို့သော် အခြားသူများကို လက်ဆင့်ကမ်းသင်ကြားလုပ်ဆောင်တတ်လာရန် လေ့ကျင့်သင်ကြားပေးခြင်း မရှိပေ။”

“သင်တန်းသားအားလုံးကို မေးပါ။ ကောင်းကင်ဘုံသို့ ရောက်သောအခါ လက်ဝါးကားတိုင်ပေါ်တွင် ကျွန်ုပ်တို့အတွက် အသေခံခဲ့သော သခင်ယေရှု အတွက် မည်ကဲ့သို့သောလက်ဆောင် ပေးလိုပါသလဲ၊? သင့်အားဖြင့် ရရှိသော လူသစ်ပမာဏလား(သို့) ကူညီသူအားဖြင့်ရရှိသော လူသစ်ပမာဏ လား၊?

- အခန်း၏ အခြားတစ်ဖက်တွင်ရပ်နေသော ကူညီမည့်သူအားညွှန်ပြပြီး မေးပါ။

“ဘုရားသခင်သည် ကျွန်ုပ်တို့အား အသီးသီးပြီး တိုးတက်ပွားများဖို့ရန် မိန့်မှာထားပါသည်။ ကျွန်ုပ်လည်း ခရစ်တော်ကဲ့သို့ အခြားသူများကို ဆင့်ပွါးမွေးထုတ်သင်ကြားပေးလျှက် တစ်ဖန် ထိုသူတို့အား လက်ဆင့်ကမ်း လုပ်ဆောင်တတ်ရန် လေ့ကျင့်သင်ကြားပေးရပါသည်။ ကျွန်ုပ်တို့ လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် ဆင့်ပွါးဖြစ်ပေါ်လာသော အခြားသောသူများ၏ လက် ဆင့်ကမ်းလုပ်ဆောင်ပေးခြင်းအားဖြင့် ဖြစ်ပေါ်ပြောင်းလဲလာသော ယုံကြည်သူများအား ခရစ်တော်ထံ ကြီးမားသောလက်ဆောင်အဖြစ် ပေးဆပ်လိုပါသည်။ ကျွန်ုပ်၏ငွေကြေးဥစ္စာ၊ အချိန်နှင့် အစွမ်းသတ္တိများကို အကျိုးရှိစွာ ရင်းနှီးမြှုပ်နှံ လုပ်ဆောင်ခြင်းအားဖြင့် ခရစ်တော်ကဲ့သို့ ဘဏ္ဍာထိန်းကောင်း တစ်ဦး ဖြစ်လိုပါသည်။”

- သင်၏အဖွဲ့သားများအားလုံးကို ကူညီသူ၏အဖွဲ့သားများနှင့် ပူးပေါင်း၍၊ သူတို့၏လုပ်ဆောင်မှုပုံသဏ္ဍာန်အတိုင်း၊ လက်တွေ့ လုပ်ဆာင်စေခြင်းဖြင့် အယောက်စီတိုင်းသည် အောင်မြင်သူများ ဖြစ်လာပေလိမ့်မည်။
- ကူညီသူအား “ခရစ်တော်အတွက် လက်ဆောင်”သရုပ်ပြပွဲ အဆုံးတွင် သင်ကြားခဲ့ရသော သင်ခန်းစာအတွက် အဆုံးသတ် ဆုတောင်းစေပါ။

# အခန်း–၃

# ချစ်ပါ

**ချစ်** ပါတွင် ခရစ်တော်သည် သိုးထိန်းတစ်ဦးဖြစ်ကြောင်း မိတ်ဆက်ပေးပါ။ သိုးထိန်းများသည်သိုးများအား ဦးဆောင်ခြင်း၊ ကာကွယ်ပေးခြင်းနှင့် သူတို့အားကျွေးမွေးစောင့်ရှောက်ကြသည်။ ကျွန်ုပ်တို့အခြားသူများအား နှုတ်ကပါတ်တော် သင်ကြားခြင်းသည် သိုးများအားကျွေးမွေးခြင်းပင်ဖြစ်သည်။ သို့သော်ဘုရားသခင်နှင့်ပတ်သက်ပြီး အခြားသူများအား ကျွန်ုပ်တို့ ပထမဦးဆုံးသင်ကြားပေးရမည့်အရာမှာ အဘယ်နည်း?၊ သင်တန်းသားများသည် အကြီးမြတ်ဆုံးမိန့်မှာချက်ကိုဆင်ခြင်ကာ မည်သူသည် မေတ္တာ၏ အရင်းခံဖြစ်ကြောင်းနှင့် အရေးအကြီးဆုံးမိန့်မှာချက်ကိုအခြေခံ၍၊ ဝတ်ပြုကိုးကွယ်ရမည့် အချက်များကို ရှာဖွေတွေ့ရှိပေမည်။ သင်ယူသူတို့သည် ရိုးစင်းသောတပည့်တော်စုအား လက်တွေ့ဦးဆောင်လေ့ကျင့်သောအခါ အဓိကသော့ချက်လေးချက်ရှိပေသည်။ ဝတ်ပြုခြင်း (စိတ်နှလုံးအကြွင်းမဲ့ ဘုရားသခင်ကိုချစ်ခြင်း) ဆုတောင်းခြင်း (နာမ်ဝိညာဉ်ရှိသမျှနှင့် ချစ်ခြင်း) သမ္မာကျမ်းစာလေ့လာခြင်း (ဉာဏ်ရှိသမျှနှင့်ချစ်ခြင်း) လက်တွေ့ လုပ်ဆောင်ခြင်း (အစွမ်းသတ္တိရှိသမျှနှင့် ချစ်ခြင်း)တို့ ဖြစ်ပါသည်။ နောက်ဆုံး “သိုးများနှင့် ကျားများ”ဟူသည့်သရုပ်ပြခြင်းဖြင့် များစွာသောတပည့်တော်နှင့် ယုံကြည်သူများအကြား လိုအပ်ချက်ကိုပြသရပေမည်။

## ကိုးကွယ်ခြင်း

- တစ်စုံတစ်ယောက်အား ဘုရားသခင်၏ မျက်မှောက်တော်နှင့် ကောင်းကြီးခံစားရရန် ဆုတောင်းစေပါ။
- ဓမ္မသီချင်း(သို့) ချီးမွမ်းသီချင်း နှစ်ပုဒ်အတူတကွသီဆိုစေပါ။

## ဆုတောင်းခြင်း

- သင်တန်းသားများအား နှစ်ယောက်တစ်တွဲတွဲစေပါ။ တစ်ခါမျှမတွဲဘူးသေးသောသူများကို တွဲစေပါ။
- သင်တန်းသားတိုင်း မိမိ၏အပေါင်းအပါနှင့်အတူ အောက်ပါမေးခွန်းနှင့် အဖြေများကို မျှဝေခိုင်းပါ။

၁။ သင်သိသောမယုံကြည်သူများအား ကယ်တင်ခြင်းရရန် ကျွန်ုပ်တို့မည်သို့ ဆုတောင်းပေးရမည်နည်း ?
၂။ မိတ်ဆွေလေ့ကျင့်သင်ကြားပေးနေသည့် အဖွဲ့အတွက် ကျွန်ုပ်တို့မည်သို့ ဆုတောင်းပေးနိုင်မည်နည်း ?

• မိမိနှင့်တွဲထားသူနှင့်အတူ ဆုတောင်းပါ။

---

# လေ့လာသင်ကြားခြင်း

## ပြန်လည်လေ့လာခြင်း

သင်ခန်းစာတိုင်းအား ပြန်လည်လေ့ကျင့်ခြင်းဖြင့် အစပြုထားသည်။ သင်တန်းသားတိုင်း သင်ကြားခဲ့ပြီးသောသင်ခန်းစာများအား မတ်တတ်ရပ်ကာ ပြန်လည်လေ့ကျင့်ရန်ဖြစ်သည်။ လက်ဟန်အမူအရာများဖြင့် ပြန်လည်လေ့ကျင့်ရန် အထူးဂရုပြုပါ။

**သခင်ယေရှု နောက်သို့လိုက်လျှောက်ရန် အထောက်အကူဖြစ်စေသည့် ပုံရိပ်(၈)မျိုးကား အဘယ်နည်း**?

စစ်သား၊ ရှာဖွေသူ၊ သိုးထိန်း၊ မျိုးကြဲသူ၊ သား/သမီး၊ သန့်ရှင်းသူ၊ အစေခံနှင့် ဘဏ္ဍာထိန်း

ဆတိုးပွားပါ

ဘဏ္ဍာထိန်းတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း၊?
လူသားများအတွက် ဘုရားသခင်၏ ပထမဆုံးမိန့်မှာချက်မှာ အဘယ်နည်း။?
လူသားများအတွက် သခင်ယေရှု၏ နောက်ဆုံးမိန့်မှာချက်ကား အဘယ်နည်း?
ကျွန်ုပ်လည်း မည်သို့သောအားဖြင့် ဝိညာဉ်အသီးသီးပြီး တိုးပွားနိုင်မလဲ၊?
ဣသရေလတိုင်းပြည်တွင်ရှိသော ပင်လယ်နှစ်ခုကား အဘယ်နည်း၊?
ပင်လယ်နှစ်ခုကား အဘယ်ကြောင့် လွန်စွာခြားနားရသနည်း၊?
သင်သည် မည်သည့်ပင်လယ်ကဲ့သို့ ဖြစ်ချင်ပါသနည်း၊?

## သခင်ယေရှုအား မည်ကဲ့သို့တွေ့ရသနည်း ?

-- မာကု ၆း၃၄ --ယေရှုသည်ထွက်ကြွ၍ လူများအပေါင်းတို့ကိုတွေ့မြင်တော်မူလျှင်၊ ထိုသူတို့သည် ထိန်းသူမရှိပြစ်ထားသောသိုးကဲ့သို့ဖြစ်ကြသည်ကို သနားခြင်းစိတ်တော်ရှိ၍များစွာသော ဆုံးမဩဝါဒကို ပေးတော်မူ၏။

"သခင်ယေရှုသည် ကောင်းသောသိုးထိန်းတစ်ဦးဖြစ်သည်။ သူသည် ကျွန်ုပ်တို့အား အဆုံးမဲ့ချစ်ပြီး ပြဿနာများကိုဖြေရှင်းပေးကာ ဘုရားသခင်၏ပုံသဏ္ဍာန်အတိုင်း ဦး

ဆောင်လမ်းပြသည်။ သိုးထိန်းတစ်ဦးဖြစ်သော သခင်ယေရှုသည် ကျွန်ုပ်တို့အသက်တာထဲမှ ထိုကဲ့သို့လုပ်ဆောင်ပေးနေသည်။”

သိုးထိန်း
လက်နှစ်ဖက်ဖြင့် သင်၏ကိုယ်ခန္ဓာရှေ့ စုစည်းပုံလုပ်ပါ၊”

## သိုးထိန်းတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

-- ဆာလံ ၂၃း၁-၆ --ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ။ စိမ်းလန်းသောကျက်စားရာအရပ်၌ ငါ့ကိုအိပ်စေတော်မူ၏။ သာယာသော မြစ်နားသို့ လမ်းပြတော်မူ၏။ ငါ့ဝိညာဉ်ကိုအားဖြည့်၍၊ နာမတော်အဘို့အလိုငှါ တရားလမ်းထဲ၌ သွေးဆောင်တော်မူ၏။ အကယ်၍ သေမင်း၏အရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့ ရောက်သွားရသော်လည်း ဘေးအန္တရာယ်ကိုမကြောက်ပါ။ အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူရှိတော်မူသည်ဖြစ်၍၊ လှံတံတော်နှင့်တောင်ဝေးတော်သည် အကျွန်ုပ်ကို ချမ်းသာစေပါ၏။ အကျွန်ုပ်၏ရန်သူတို့ရှေ့မှာ အကျွန်ုပ်အဘို့ စားပွဲကို ခင်းတော်မူ၏။ အကျွန်ုပ်ခေါင်းကိုဆီနှင့်လိမ်းတော်မူ၏။ အကျွန်ုပ်ခွက်ဖလားသည် လျှံလျက်ရှိပါ၏။ အကယ်စင်စစ် အကျွန်ုပ်သည် ကျေးဇူးနှင့်ကရုဏာကို တသက်လုံးခံစားရ၍၊ ထာဝရဘုရား၏အိမ်တော်မှာ အစဉ်အမြဲနေရပါလိမ့်မည်။

၁. သိုးထိန်းတစ်ဦးသည် မိမိသိုးများအား စိမ်းလန်းသောကျက်စားရာသို့ပို့ဆောင်လမ်းပြသည်။

၂. သိုးထိန်းတစ်ဦးသည် မိမိသိုးများအား အန္တရာယ်မှကွယ်ကာသည်။

၃. သိုးထိန်းတစ်ဦးသည် မိမိသိုးများအား ကျွေးမွေးပြုစုသည်။

“သခင်ယေရှုသည်သိုးထိန်းတစ်ဦးဖြစ်ပြီး ကျွန်ုပ်တို့အထဲ၌အသက်ရှင်နေသည်။ သခင်ယေရှုနောက်သို့ နာခံလိုက်လျှောက်လျှင် ကျွန်ုပ်တို့သည်လည်း ထိုသခင်နည်းတူ သိုးထိန်းကောင်းများဖြစ်လာပြီး အခြားသောသူများအား ခရစ်တော်ထံပို့ဆောင်ကာ အပြစ်ဒုစရိုက်မှ ကွယ်ကာပြီး ဝိညာဉ်အား အစာကျွေးမွေးတတ်လာပေလိမ့်မည်။”

## အခြားသူများအားသွန်သင်ရမည့် အရေးကြီးဆုံးသောမိန့်မှာချက်ကားအဘယ်နည်း?

-- မာကု ၁၂း၂၈-၃၁ --ထိုသို့ဆွေးနွေးငြင်းခုံကြသည်ကို ကျမ်းပြုဆရာတယောက်သည်ကြား၍ ကိုယ်တော်သည် လျှောက်ပတ်စွာပြန်ပြောတော်မူသည်ကို သိမြင်လျှင် အထံတော်သို့ချဉ်းကပ်၍ ပညတ်တကာတို့တွင် အဘယ်မည်သောပညတ်သည် သာ၍မြတ်သနည်းဟု မေးလျှောက်သော် ယေရှုက ပညတ်တကာတို့တွင် အမြတ်ဆုံးသော ပညတ်ဟူမူ

ကား အိုက္ကသရေလအမျိုး နားထောင်လော့။ ငါတို့၏ဘုရားသခင်ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရား ဖြစ်တော်မူ၏။ ထာဝရဘုရားသည် တပါးတည်း ဖြစ်တော်မူ၏။ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှ အ စွမ်းသတ္တိရှိသမျှနှင့် ချစ်လော့။ ဤပညတ်သည် ပဌမပညတ်ဖြစ်၏။ ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ဒုတိယပညတ်သည် ပညတ်နှင့်သဘောတူ၏။ ဤပညတ်တို့ထက် သာ၍ကြီးမြတ်သောပညတ် မရှိဟု ပြန်၍မိန့်တော်မူ၏။

## ဘုရားသခင်အားချစ်ပါ

လက်နှစ်ဖက်ကို ဘုရားသခင်ဆီသို့ မြှောက်ပါ။

## အချင်းချင်းချစ်ပါ

လက်နှစ်ဖက်ကို ပတ်ဝန်းကျင်ရှိအချင်းချင်းသို့ ညွှန်ပြပါ။

# ချစ်ခြင်းမေတ္တာသည် မည်သည့်နေရာမှလာသနည်း?

-- ၁ယောဟ ၄း၇-၈--ချစ်သူတို့၊ ငါတို့သည် အချင်းချင်းချစ်ကြကုန်အံ့၊ အကြောင်းမူကား၊ ချစ်ချင်းမေတ္တာသည် ဘုရားသခင်နှင့်စပ်ဆိုင်၏။ ချစ်တတ်သောသူမည်သည်ကား၊ ဘုရားသခင်ဖြစ်ဘွားစေတော်မူသောသူဖြစ်၏။ ဘုရားသခင်ကို သိသောသူလည်းဖြစ်၏။ ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကိုမသိ။ အကြောင်းမူကား ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။

## ချစ်ခြင်းမေတ္တာသည် ဘုရားသခင်ဆီမှလာပါသည်

"ထို့ကြောင့်..ကျွန်ုပ်တို့ ဘုရားမေတ္တာကိုခံစားရသောကြောင့် ထိုမေတ္တာကိုဘုရားသခင်အား ပြန်ပေးကြသည်။"

လက်ကိုအပေါ်သို့မြှောက်ကာ မေတ္တာယူပုံပြုလုပ်ပြီးနောက် ဘုရား သခင်အား ပြန်ပေးသည့်ပုံ ပြုလုပ်ပါ။

"ဘုရားမေတ္တာအားရရှိခံစားပြီးနောက် အခြားသောသူများအားပြန်ပေးရပေမည်။"

လက်ကိုအပေါ်သို့မြှောက်ကာ မေတ္တာယူပုံပြုလုပ်ပြီးနောက် အခြားသူများအားဖြန့်ဝေသည့်ပုံ ပြုလုပ်ပါ။

## ရိုးစင်းသော ဝတ်ပြုကိုးကွယ်ခြင်းကားအဘယ်နည်း?

- ချီးမွမ်းခြင်း
  လက်ကိုအပေါ်သို့မြှောက်၍ ချီးမွမ်းပုံပြုလုပ်ပါ။
- ဆုတောင်းခြင်း
  ဆုတောင်းသည့်ပုံ ပြုလုပ်ပါ။
- ကျမ်းစာလေ့လာခြင်း
  လက်ဖြင့် စာအုပ်ဖတ်သည့်ပုံ ပြုလုပ်ပါ။
- လက်တွေ့လုပ်ဆောင်ခြင်း
  မျိုးစေ့ကြဲသည့်ပုံ ပြုလုပ်ပါ။

## ကျွန်ုပ်တို့အဘယ်ကြောင့်ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်းပြုလုပ်ရမည်နည်း?

-- မာကု ၁၂း၃၀ --သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့။ ဤပညတ်သည် ပဌမပညတ်ဖြစ်၏။

| ကျွန်ုပ်တို့သည် | ထို့ကြောင့် ကျွန်ုပ်တို့– | ကိုယ်ဟန်အမူအရာ |
|---|---|---|
| ဘုရားသခင်အားစိတ် နှလုံးအကြွင်းမဲ့ ချစ်သည်။ | ချီးမွမ်းကြသည်။ | လက်ကို နှလုံးသားပေါ်တင်ပြီးနောက်ဘုရားသခင်အား ချီးမွမ်းသည့်ပုံ ပြုလုပ်ပါ။ |
| ဘုရားသခင်အားနံဝိညာဉ်ရှိသမျှနှင့် ချစ်သည်။ | ဆုတောင်းကြသည်။ | လက်ကိုဝမ်းဗိုက်ဘေးတွင်ထားပြီးနောက် ဆုတောင်းသည့်ပုံ ပြုလုပ်ပါ။ |
| ဘုရားသခင်အားဉာဏ်ရှိသမျှနှင့် ချစ်သည်။ | သမ္မာကျမ်းစာလေ့လာကြသည်။ | လက်ကိုညာဘက်ဦးခေါင်းတွင်ထားကာစဉ်းစားဟန်ပြုပြီး၊လက်ဖဝါးများဖြင့် စာဖတ်သည့်ပုံ ပြုလုပ်ပါ။ |
| ဘုရားသခင်အားအစွမ်းသတ္တိရှိသမျှနှင့် ချစ်သည်။ | သင်ကြားခဲ့သောအရာများကို ပြန်လည်ဝေငှကြသည်။(လက်တွေ့လုပ်ဆောင်ကြသည်) | လက်မောင်းကြွက်သားထုတ်ကာအစွမ်းရှိပုံပြုပြီးမျိုးစေ့ကြဲသည်ပုံ လုပ်ပါ။ |

- 'ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်း'ပါ အချက်များကို သင်တန်းသားများဖြင့် ပြန်လည်လေ့ကျင့်ပါ။ 'ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်း'သည် မာကု၁၂း၃၀ တွင်ပါ အကြီးမြတ်ဆုံးသောမိန့်မှာချက်ကို နာခံရန် လေ့ကျင့်သင်ကြားပေးမှုပင် ဖြစ်သည်။

- ဤသင်ခန်းစာသည် ရိုးစင်းစွာဝတ်ပြုကိုးကွယ်ခြင်း၏ ရည်ရွယ်ချက်ကိုရှင်းပြထားပြီး အမူအရာဖြင့်လေ့ကျင့်လုပ်ဆောင်ခြင်းကို သင်တန်းသားများအား အကြိမ်များစွာ ပြုလုပ်စေပါ။

"ကျွန်ုပ်တို့သည် ဘုရားသခင်အား စိတ်နှလုံးအကြွင်းမဲ့ချစ်သောကြောင့် ချီးမွမ်းကိုးကွယ်ကြသည်။ နံဝိညာဉ်နှင့်ချစ်သောကြောင့် ဆုတောင်းကြသည်။ ဉာဏ်ရှိသမျှနှင့်ချစ်သောကြောင့် ကျမ်းစာဖတ်ရှုလေ့လာကြသည်။ အစွမ်းသတ္တိရှိသမျှနှင့် ချစ်သောကြောင့် လက်တွေ့လုပ်ဆောင်ကြသည်။"

## ရိုးစင်းစွာဝတ်ပြုကိုးကွယ်ရန် "လူ" မည်မျှလိုအပ်သနည်း?

-- မဿဲ ၁၈း၂၀ --အကြောင်းမူကား၊ အကြင်အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမကိုထောက်၍ စည်းဝေးကြ၏၊ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်ဟု မိန့်တော်မူ၏။

"လူနှစ်ဦး၊ သုံးဦးတို့သည် ယေရှုနာမ၌စုဝေးလျှင် ခရစ်တော်ကသူရှိမည့်အကြောင်း ဂတိပေးထားပါသည်။"

## အလွတ်ကျက်မှတ်ရန်ကျမ်းပိုဒ်

--ယောဟန် ၁၃း၃၄-၃၅ --သင်တို့သည် အချင်းချင်းတယောက်ကိုတယောက် ချစ်ကြလော့။ ငါသည်သင်တို့ကိုချစ်သည်နည်းတူ အချင်းချင်းချစ်ကြလော့ဟု ပညတ်သစ်ကို ငါပေး၏။ သင်တို့သည်အချင်းချင်းချစ်ကြလျှင်၊ လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ်သည်ကို သိကြလိမ့်မည်ဟု မိန့်တော်မူ၏။

- အားလုံးမတ်တပ်ရပ်၍ ဤကျမ်းပိုဒ်ကို (၁၀)ကြိမ် အတူတကွကျက်မှတ်ရန် ဖြစ်သည်။ ပထမ(၆)ကြိမ်တွင် သင်တန်းသားများသည် ကျမ်းစာအုပ်(သို့) မှတ်စုကိုကြည့်၍ ကျက်မှတ်ပြီး ကျန်(၄)ကြိမ်ကို အလွတ်ကျက်မှတ်ရန် ဖြစ်သည်။ ကျမ်းစာကျက်မှတ်သည့်အခေါက်တိုင်း ကျမ်းညွှန်းကိုအရင်ထည့်၍ကျက်ရန်နှင့် ပြီးသွားသောသူတိုင်း ထိုင်စေပါ။
- ဤသို့ပြုလုပ်စေခြင်းဖြင့် လက်တွေ့လုပ်ဆောင်ရာတွင် မည်သူကပြီးသည်၊ မပြီးသည်ကို အလွယ်တကူသိမှတ်နိုင်သည်။

# လက်တွေ့လေ့ကျင့်လုပ်ဆောင်ခြင်း

- ယခုသင်ခန်းစာအစပြုချိန်၌ နှစ်ယောက်တစ်တွဲ အတူတကွဆုတောင်းခဲ့သူ အချင်းချင်း မျက်နှာချင်းဆိုင်ထိုင်ခိုင်းပါ။ ပြီးနောက် အချင်းချင်းအပြန်အလှန် တစ်ယောက်တစ်လှည့်စီ သင်ကြားလေ့ကျင့်ဖို့ရန်ဖြစ်သည်။

နှစ်ယောက်တစ်တွဲတွင် ***<u>အသက်ငယ်ကြီးသူမှ</u>*** စတင်သင်ကြားပေးရန်ဖြစ်သည်။

- စာမျက်နှာ(၂၄)တွင်ပါဝင်သော သင်တန်း၏သင်ကြားမှုနည်းစနစ်အတိုင်း လုပ်ဆောင်ခိုင်းပါ။
- သင်တန်းသားများသည် သင်ကြားလေ့လာခြင်းတွင် သင်တန်းမှူးသင်ကြားသွားသည့်အတိုင်း တစ်ပုံစံတည်း လေ့ကျင့်သင်ကြားစေပါ။

"သင်တန်းမှူး သင်ကြားသွားသည့်အတိုင်း ပထမဦးဆုံးမေးခွန်းမေးခြင်း၊ သမ္မာ ကျမ်းစာအတူတကွဖတ်ခြင်း၊ အဖြေရှာခြင်းတို့ကို လက်နှင့်အမူအရာလုပ်ကာ တဆင့်ပြီးတဆင့် လုပ်ဆောင်ရကြောင်းရှင်းပြပါ။

- နှစ်ဦးစလုံးသင်ကြားလေ့ကျင့်ပြီးပါက နောက်ထပ်အတွဲသစ်တွဲပြီးနောက် တစ်ကြိမ်လေ့ကျင့်စေပါ။ လေ့ကျင့်ပြီးသွားပါက သင်တန်းသားအားလုံးကို ဤသင်တန်းပြီးဆုံးသွားသောအခါ ဤသင်ခန်းစာကို မည်သူ့အားသင်ကြား ပေးမလဲဟု မေးပါ။

  အားလုံးကိုစဉ်းစားစေပြီး၊ သင်ပေးလိုသူ၏အမည်ကို ဤသင်ခန်းစာ၏ ပထမစာမျက်နှာထိပ်တွင် ရေးမှတ်ထားစေပါ။

---

# အဆုံးသတ်ခြင်း

## ရိုးစင်းသော ဝတ်ပြုကိုးကွယ်ခြင်း

- သင်တန်းသားများအား ၄ယောက်တစ်ဖွဲ့ ဖွဲ့စေပါ။ အဖွဲ့တိုင်းတွင်သူတို့အဖွဲ့အားနာမည်ပေးရန် တစ်မိနစ်မျှစဉ်းစားစေပါ။
- အခန်းတွင်းရှိအဖွဲ့များထံသွား၍ မိမိရွေးချယ်ထားသည့်အဖွဲ့နာမည်ကို ပြောစေပါ။
- ရိုးစင်းသော ဝတ်ပြုကိုးကွယ်ခြင်းအဆင့်တိုင်းကို သင်ယူသူများနှင့် ပြန်လည်လေ့ကျင့်ပါ။ ထို့နောက် ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်းအား အတူတကွလုပ်ဆောင်ရန် ပြောပါ။
- လူတိုင်းအား ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်း ခေါင်းစဉ်အောက်ရှိ အစိတ်အပိုင်းတစ်ခုစီကို မိမိအဖွဲ့တွင် ဦးဆောင်စေပါ။ ဥပမာ တစ်ဦးက ချီးမွမ်းကိုးကွယ်ခြင်း၊ နောက်တစ်ဦးက ဆုတောင်းခြင်း၊ နောက်တစ်ဦးက သမ္မာကျမ်းစာပုံပြင်လေ့လာခြင်းနှင့် နောက်တစ်ဦးက လက်တွေ့လေ့ကျင့်ခြင်းများအားဖြင့် ပါဝင်စေပါ။
- အဖွဲ့တိုင်းအား ချီးမွမ်းကိုးကွယ်ချိန်၌ အနီးနားရှိအခြားအဖွဲ့များလည်း ဝတ်ပြုကိုးကွယ်နိုင်ရန် နူးညံ့စွာလုပ်ဆောင်စေပါ။ သမ္မာကျမ်းစာပုံပြင်ပြောမည့်သူအား သမ္မာကျမ်းစာထဲမှ "ဘုရားသခင်၏ မေတ္တာ" အကြောင်းကို ပေါ်လွင်စေသော ပုံ

ဥပမာကို "ဟောပြောခြင်း" မဟုတ်ဘဲ "ပြောပြခြင်း"နည်းစနစ်ဖြင့် ပြောစေပါ။ အကယ်၍ ပုံပြင်ပြောမည့်သူစဉ်းစားမရသေးပါက ပျောက်သောသားကဲ့သို့သော ပုံပြင်မျိုး ပြောရမည့်အကြောင်း အကြံပြုပါသည်။

- သမ္မာကျမ်းစာပုံပြင်ပြောသူသည် မေးခွန်းသုံးခုအကြောင်းကို ဦးဆောင်လေ့လာ ဆွေးနွေးစေပါ။

  ၁. ဤအကြောင်းအရာမှ ကျွန်ုပ်တို့အား ဘုရားသခင်အကြောင်း ဘာပြောထားသလဲ၊?

  ၂. ဤအကြောင်းအရာမှ ကျွန်ုပ်တို့အားလူတွေအကြောင်းဘာပြောထားသလဲ၊?

  ၃. ဤအကြောင်းအရာမှ ကျွန်ုပ်အား ခရစ်တော်နောက်သို့လိုက်ရန် ဘယ်လို သွန်သင်ထားသလ၊?

## တပည့်တော်စုများကို သင်စတင်စုစည်းရန် အဘယ့်ကြောင့်အရေးကြီးသနည်း?

### သိုးများနှင့်ကျားများ

- စာသင်ခန်းအား သိုးခြံတစ်ခုအဖြစ်မြင်စေရန် ရှင်းပြပါ။ လုပ်အားပေးမည့်သူတစ်ဦးအား ဖိတ်ခေါ်၍ သိုးများကိုစောင့်ရှောက်သူ(သိုးထိန်း) လုပ်စေပါ။ အခြားသုံးဦးအား ကျားများလုပ်ခိုင်းပါ။ ကျန်သောသူများအား သိုးများအဖြစ်လုပ်ခိုင်းပါ။

  "ရည်ရွယ်ချက်မှာ ကျားများသည်သိုးများကိုသတ်နိုင်သလောက်သတ်ပါစေ။ သိုးထိန်းသည် ကျားကိုထိပါကကျားသေမည်(ထိုင်ချလိုက်ပါ)၊ ကျားကသိုးများကိုထိပါက သိုးနာကျင်သေဆုံးမည်(ထိုင်ချလိုက်ပါ)၊ ကျားနှစ်ကောင်မှ သိုးထိန်းကိုတပြိုင်နက်ထိပါက သိုးထိန်းနာကျင်သေဆုံးမည်(ထိုင်ချလိုက်ပါ)။ ပါဝင်ကစားသူများသည် "နာခြင်း"(သို့) "သေပြီ"ဆိုပါက ကစားဝိုင်းမှထွက်ပြီး ကြမ်းပြင်ပေါ်တွင် နာကျင်သည့်ပုံစံလုပ်စေပါ။ ထို့နောက်ကစားပွဲပြီးဆုံးစေပါ။"

- စာအုပ်၊ ခဲတံများအားလုံး ဖယ်ရှားထားခိုင်းပါ။ ကြမ်းပြင်ပေါ်မှ အန္တရာယ်ရှိသော အရာများကို ကြိုတင်ဖယ်ရှားထားပါ၊

  "အချို့သောသူများသည် ကစားနေစဉ်အတွင်း အော်ဟစ်တတ်ကြပြီး ကိစ္စမရှိကြောင်း ပြောပါ။"

- ထို့နောက် စကစားရန်အချက်ပေးပါ။ ကစားသမားများအားလုံးဖြစ်စေ သိုးများအားလုံးဖြစ်စေ သေမှုရပ်ပါ။ ဖြစ်နိုင်သည်မှာ သိုးများသေဖို့များပါသည်။ သိုးထိန်းများလည်း သေနိုင်ပါသည်။

- ဤကဲ့သို့ ထပ်မံကစားမည်ဟုပြောပါ။ သို့သော်ယခုအချိန်တွင် သိုးထိန်း(၁) ယောက်အစား (၅)ယောက်ထားပါ။ ကျား(၃)ကောင်အတိုင်းရှိပါစေ။ အခြားသူများအား သိုးများအဖြစ်ပါဝင်စေပါ။ သိုးများကို သိုးထိန်းများအနားတွင် အုပ်စုဖွဲ့နေခိုင်းပါ။ "စ"ဟုပြောပြီးကစားပါ။
- သိုးများအားလုံး (သို့မဟုတ်) ကျားများအားလုံး သေသည့်အထိကစားစေပါ။ ကျားများအားလုံး မြန်မြန်သေနိုင်ပါသည်။ သိုးအချို့လည်း သေနိုင်ပါသည်။

"ဤကစားနည်းအတိုင်းပင် တပည့်တော်စုအဖွဲ့အသစ်များနှင့် အသင်းတော်သစ်များ များစွာ ပေါ်ပေါက်လာဖို့အရေးကြီးကြောင်း ပြောပြပါ။ ပထမကစားပွဲကဲ့သို့သင်းအုပ်တစ်ဦးတည်းက သိုးများကိုကာကွယ်ရင်း အသင်းတော်အား ကြီးထွားသထက်ကြီးထွား စေလိုပါသည်။ ထိုအခြေအနေက စာတန်သည် များစွာသောအသင်းသူအသင်းများကို အလွယ်တကူ ထိခိုက်နာကျင်စေနိုင်ပါသည်။ ဒုတိယကစားပွဲတွင် ဝိညာဉ်ရေးခေါင်းဆောင်အတော်များများသည် သူတို့၏အဖွဲ့ငယ်များကို ကောင်းစွာကာကွယ်နိုင်စွမ်းရှိပါသည်။ အဘယ်ကြောင့်ဆိုသော စာတန်နှင့်သူ၏နတ်ဆိုးများ(ကျားများ)သည် သိုးများအားအလွယ်တကူ မထိခိုက်နိုင်တော့ပါ။"

သခင်ယေရှုသည် ကောင်းသောသိုးထိန်းတစ်ဦးဖြစ်သည်။ သူသည်သူ၏သိုးတို့အတွက် သူ့အသက်ကိုစတေးခဲ့သည်။ ကျွန်ုပ်တို့ဝိညာဉ်သဘောရှိ သိုးထိန်းများသည်လည်း ကျွန်ုပ်တို့ဘဝတစ်ခုလုံး၊ ကျွန်ုပ်တို့အချိန်များ၊ ကျွန်ုပ်တို့ဆုတောင်းချက်များ၊ ကျွန်ုပ်တို့ရည်ရွယ်ချက်များကို ကျွန်ုပ်တို့၏သိုးများနှင့် ကျွန်ုပ်တို့အားကြည့်ရှုပြီး ခရစ်တော်အကြောင်းကို လေ့လာနေသူများအတွက် စတေးနိုင်ခြင်းရှိရပေမည်။ နိုင်ငံတော်အတွက် များစွာသောလူများကိုရရှိဖို့ရန် ယနေ့သည် အချိန်အခါတစ်ရပ်ပင် မဟုတ်ပါလား? သခင်ယေရှုတစ်ပါးတည်းသာ အောင်မြင်စေနိုင်သောသူဖြစ်ပေသည်။ ထို့ကြောင့်ကျွန်ုပ်တို့ အခြားသောသူများကို သင်ကြားပေးကာ ထိုသူများက အခြားသောသူများကို ဆက်လက် သင်ကြားပေးစေခြင်း ဖြစ်သည်။ ထိုသို့အားဖြင့် လုပ်ဆောင်စရာဝန်တာများကို နားလည်သဘောပေါက်သူများ တိုးပွါးလာကာ ခရစ်တော်၏ အလိုတော်ကိုပြည့်စေမည်ဖြစ်သည်။

## အခန်း–၄

# ဆုတောင်းပါ

ဆုတောင်းပါတွင် ခရစ်တော်သည် သန့်ရှင်းသူတစ်ဦးဖြစ်ကြောင်း မိတ်ဆက်ပေးပါ။ ယေရှုခရစ်တော်သည် သန့်ရှင်းသောအသက်တာနှင့် ရှင်သန်နေထိုင်ပြီးကားတိုင်ပေါ်တွင် ကျွန်ုပ်တို့အတွက်အသေခံခဲ့ပါသည်။ ကျွန်ုပ်တို့သည် ခရစ်တော်နောက်လိုက်ခြင်းဖြင့် သန့်ရှင်းသူများအဖြစ် အခေါ်ခံရပေမည်။ သန့်ရှင်းသူတစ်ဦးသည် ဘုရားသခင်ကို ကိုးကွယ်ပြီး၊ သန့်ရှင်းသောအသက်တာနှင့် အသက်ရှင်ကာ၊ အခြားသူများအတွက် ဆုတောင်းပေးပါသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုဆုတောင်းနည်းအတိုင်း ဆုတောင်းသောအခါ ဘုရားသခင်အားချီးမွမ်းခြင်း၊ အပြစ်မှနောင်တရခြင်း၊ ကျွန်ုပ်တို့လို အပ်သောအရာများကို ဘုရားသခင်အားတောင်းခံခြင်းနှင့် ဘုရားသခင်၏အလိုတော်ကို ကျွန်ုပ်တို့ ဝန်ခံခြင်းတို့ပင်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ဆုတောင်းသမျှကို နည်းလမ်းလေးသွယ်ဖြင့် အဖြေပေးပါသည် “မပေးပါ” (ကျွန်ုပ်တို့မှားယွင်းသောသဘောဖြင့်တောင်းခြင်းကြောင့်) “ဖြည်းဖြည်း” (ကျွန်ုပ်တို့ရရှိရန် အချိန်မရောက်သေးသောကြောင့်) “ကြီးထွားရင့်ကျက်ရန်” (ကျွန်ုပ်တို့အဖြေရရန် ပိုမိုရင့်ကျက်တိုးတက်ဖို့လိုအပ်သောကြောင့်) သို့မဟုတ် “ခွင့်ပြုသည်”(ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်အတိုင်းဆုတောင်းသော အခါ) တို့ပင်ဖြစ်သည်။ သင်ယူသူများသည် ဘုရားသခင်၏ ဖုန်းနံပါတ်ဖြစ်သော ၃–၃–၃ အား မှတ်မိရပေမည်။ ယေရမိ ၃၃း၃ အား အခြေခံထားခြင်းဖြစ်ပြီး ဘုရားသခင်အား နေ့တိုင်း ခေါ်ရပေမည်

## ကိုးကွယ်ခြင်း

- တစ်စုံတစ်ယောက်အား ဘုရားသခင်၏ မျက်မှောက်တော်နှင့် ကောင်းကြီးခံစားရရန် ဆုတောင်းစေပါ။
- ဓမ္မသီချင်း(သို့) ချီးမွမ်းသီချင်း နှစ်ပုဒ်အတူတကွသီဆိုစေပါ။

## ဆုတောင်းခြင်း

- သင်တန်းသားများအား နှစ်ယောက်တစ်တွဲတွဲစေပါ။ တစ်ခါမျှမတွဲဘူးသေးသော သူများကို တွဲစေပါ။
- သင်တန်းသားတိုင်း မိမိ၏အပေါင်းအပါနှင့်အတူ အောက်ပါမေးခွန်းနှင့် အဖြေများကို မျှဝေခိုင်းပါ။

၁။ သင်သိသောမယုံကြည်သူများအား ကယ်တင်ခြင်းရရန် ကျွန်ုပ်တို့မည်သို့ ဆုတောင်းပေးရမည်နည်း ?
၂။ မိတ်ဆွေလေ့ကျင့်သင်ကြားပေးနေသည့် အဖွဲ့အတွက် ကျွန်ုပ်တို့မည်သို့ ဆုတောင်းပေးနိုင်မည်နည်း ?

- မိမိနှင့်တွဲထားသူနှင့်အတူ ဆုတောင်းပါ။

# လေ့လာသင်ကြားခြင်း

## တယ်လီဖုန်းကစားနည်း ☎

"သင် ယခင်ကတယ်လီဖုန်းကစားနည်း ကစားဖူးပါသလား၊?"

- မိမိဘေးမှလူအား စကားအနည်းငယ်ပြောပြီးနောက် ထိုသူသည် အခြားသောသူအား ဆက်လက်ပြောရမည်ဖြစ်ကြောင်း ပြောပြပါ။ လူတိုင်း မိမိဘေးမှသူအားတိုးတိုး ပြောရမည်ဖြစ်ပြီး တစ်ဝိုင်းလုံးကုန်သည့်တိုင်အောင် သူတို့ကြားသမျှ လက်ဆင့်ကမ်းပြောစေပါ။
- နောက်ဆုံးသောသူသည် မိမိကြားသမျှကို မတ်တပ်ရပ်၍ပြောစေပါ။ သင်ပြောခဲ့သည့် စကားနှင့် နောက်ဆုံးသူ၏စကားမည်မျှတူကြောင်း နှိုင်းယှဉ်စေပါ၊ အဓိပ္ပါယ်ကင်းမဲ့သောစကားများ ဖြစ်သွားတတ်ကြောင်း တွေ့ရပေမည်။ နှစ်ကြိမ်တိုင်အောင် ကစားပါ။

"ကျွန်ုပ်တို့သည် ဘုရားသခင်အကြောင်းကို ကြားသိထားကြပေသည်။ သို့သော် ကျွန်ုပ်တို့အမြဲတမ်း ဘုရားနှင့်တိုက်ရိုက်စကားမပြောပါ။ ကျွန်ုပ်တို့၏ ကစားနည်းတွင်လည်း ကျွန်ုပ်ပြောသောအရာကို သင်ကိုယ်တိုင်မေးမြန်းပါက ရှင်းလင်းစွာနားလည်နိုင်ပေမည်။ ထိုသို့မဟုတ်ဘဲ သူတစ်ပါးထံမှတဆင့်ကြား သိရသောအခါတွင်နားလည်ရန်ခက်ခဲပြီး မှားယွင်းရှုပ်ထွေးစေပါသည်။ ဆုတောင်းခြင်းသည် လွန်စွာမှအရေးကြီးပြီး ဘုရားသခင်နှင့် တိုက်ရိုက်ဆက်သွယ် သောနည်းလမ်း ဖြစ်သည်။"

## ပြန်လည်လေ့လာခြင်း

သင်ခန်းစာတိုင်းအား ပြန်လည်လေ့ကျင့်ခြင်းဖြင့် အစပြုထားသည်။ သင်တန်းသားတိုင်း သင်ကြားခဲ့ပြီးသောသင်ခန်းစာများအား မတ်တတ်ရပ်ကာ ပြန်လည်လေ့ကျင့်ရန်ဖြစ်သည်။ လက်ဟန်အမူအရာများဖြြင့် ပြန်လည်လေ့ကျင့်ရန် အထူးဂရုပြုပါ။

**သခင်ယေရှု နောက်သို့လိုက်လျှောက်ရန် အထောက်အကူဖြစ်စေသည့် ပုံရိပ်(၈)မျိုးကား အဘယ်နည်း?**

စစ်သား၊ ရှာဖွေသူ၊ သိုးထိန်း၊ မျိုးကြဲသူ၊ သား/သမီး၊ သန့်ရှင်းသူ၊ အစေခံနှင့် ဘဏ္ဍာထိန်း

ဆတိုးပွားပါ

ဘဏ္ဍာထိန်းတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း၊?
လူသားများအတွက် ဘုရားသခင်၏ ပထမဆုံးမိန့်မှာချက်မှာ အဘယ်နည်း။?
လူသားများအတွက် သခင်ယေရှု၏ နောက်ဆုံးမိန့်မှာချက်ကား အဘယ်နည်း?
ကျွန်ုပ်လည်း မည်သို့သောအားဖြင့် ဝိညာဉ်အသီးသီးပြီး တိုးပွားနိုင်မလဲ၊?
ဣသရေလတိုင်းပြည်တွင်ရှိသော ပင်လယ်နှစ်ခုကား အဘယ်နည်း၊?
ပင်လယ်နှစ်ခုကား အဘယ်ကြောင့် လွန်စွာခြားနားရသနည်း၊?
သင်သည် မည်သည့်ပင်လယ်ကဲ့သို့ ဖြစ်ချင်ပါသနည်း၊?

ချစ်ပါ

သိုးထိန်းတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?
အခြားသောသူများအားသွန်သင်ရမည့် အရေးကြီးဆုံးသောမိန့်မှာချက်ကား အဘယ်နည်း?
ချစ်ခြင်းမေတ္တာသည် မည်သည့်နေရာမှ လာသနည်း?
ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်းကား အဘယ်နည်း?
ကျွန်ုပ်တို့အဘယ်ကြောင့် ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်း လုပ်ဆောင်ရမည်နည်း?
ရိုးစင်းစွာဝတ်ပြုကိုးကွယ်ရန် လူမည်မျှလိုအပ်သနည်း?

## သခင်ယေရှုအား မည်ကဲ့သို့တွေ့ရသနည်း ?

-- လုကာ ၄ း ၃၃-၃၅--ထိုတရားစရပ်၌ ညစ်ညူးသောနတ်ဆိုး စွဲသောသူတယောက်ရှိ၍၊ ဪ နာဇရပ်မြို့သားယေရှု ကိုယ်တော်သည် အကျွန်ုပ်တို့နှင့် အဘယ်သို့ဆိုင်သနည်း။ အကျွန်ုပ်တို့ကို ဖျက်ဆီးခြင်းငှါလာသလော။ ကိုယ်တော်သည် အဘယ်သူဖြစ်သည်ကို အကျွန်ုပ်သိပါ၏၊ ဘုရားသခင်၏ သန့်ရှင်းတော်မူသောသူ ဖြစ်ပါသည်ဟု ကြီးသောအသံနှင့် ဟစ်ကြော်လေ၏။ ယေရှုကလည်း၊ တိတ်ဆိတ်စွာနေလော့။ ထိုသူ၏အထဲက ထွက်သွားလော့ဟု ဆုံးမတော်မူလျှင်၊ နတ်ဆိုးသည် ထိုသူကိုလူအများအလယ်၌ လှဲချ၍ ဘေးဥပဒ်မပြုဘဲ ထွက်သွား၏။

"ယေရှုခရစ်တော်သည် သန့်ရှင်းသောဘုရားဖြစ်သည်။ သူသည်ကျွန်ုပ်တို့ကိုးကွယ်ရန် တစ်ဆူတည်းသော ဘုရားဖြစ်သည်။ ကျွန်ုပ်တို့အတွက် ကြားဝင်ဖျန်ဖြေသူမလုပ်မီ ပလ္လင်ပေါ်တွင် စိုးစံသောဘုရားဖြစ်သည်။ သူသည် ကျွန်ုပ်တို့အားခေါ်ယူခြင်းမှာ အခြားသောသူများအတွက် အသက်ရှင်ရန်နှင့် သန့်ရှင်းစွာအသက်ရှင်ရန်၊ ဘုရားသခင်နှင့် ဆက်သွယ်ရန် ဖြစ်သည်။ ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်သည်။ ကျွန်ုပ်တို့လည်း သန့်ရှင်းသူအဖြစ် ခေါ်ယူပေသည်။"

သန့်ရှင်းသူ

👋 လက်ကို " ဆုတောင်း" သည့်ပုံ ပြုလုပ်ပါ။

## သန့်ရှင်းသူတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကားအဘယ်နည်း?

--မဿဲ ၂၁ း ၁၂-၁၆ --ယေရှုသည် ဘုရားသခင်၏ဗိမာန်တော်သို့ ဝင်တော်မူပြီးလျှင်၊ ဗိမာန်တော်၌ရောင်းဝယ်သောသူ အပေါင်းတို့ကို နှင်ထုတ်၍၊ငွေလဲသောသူတို့၏ ခုံများကိုငှင်း၊ ချိုးငှက်ရောင်းသောသူတို့၏ ထိုင်နေရာကိုငှင်း တွန်းလှဲတော်မူလျက်၊ ငါ့အိမ်ကို ဆုတောင်းရာအိမ်ဟူ၍ ခေါ်ဝေါ်ကြလတံ့ဟု ကျမ်းစာ၌လာသော်လည်း၊ သင်တို့သည် ထိုအိမ်ကို ထားပြတွင်းဖြစ်စေကြပြီတကားဟု မိန့်တော်မူ၏။ ထိုအခါဗိမာန်တော်၌ မျက်စိကန်းသောသူ၊ ခြေမစွမ်းသောသူတို့သည် အထံတော်သို့လာ၍ သူတို့အနာရောဂါကို ငြိမ်းစေတော်မူ၏။ ကိုယ်တော်ပြုတော်မူသော အံ့သြဘွယ်အမှုတို့ကိုငှင်း၊ သူငယ်တို့ကလည်း၊ ဒါဝိဒ်၏သားတော်အား ဟောရှန္နာဖြစ်စေသတည်းဟု ဗိမာန်တော်၌ ကြွေးကြော်ကြသည်ကိုငှင်း၊ ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့သည် ကြားမြင်လျှင် အမျက်ထွက်ကြ၍၊ ဤသူတို့သည် အဘယ်သို့ပြောဆိုသည်ကို ကြားသလောဟု ယေရှုအားမေးကြလေသော် ငါကြား၏။ နို့စို့သူငယ်တို့နှုတ်ထဲမှ ကိုယ်တော်သည် ချီးမွမ်းခြင်းကိုပြင်ဆင်တော်မူသည် ဟူသောစကားကို သင်တို့သည် တရံတခါမျှ မဘတ်ဘူးသလောဟု မိန့်တော်မူ၏။

၁. သန့်ရှင်းသူတစ်ဦးသည် ဘုရားသခင်အား ချီးမွမ်းကိုးကွယ်ကြသည်။
"ကျွန်ုပ်တို့သည် ဗိမာန်တော်မှသူငယ်များကဲ့သို့ ဘုရားသခင်အားချီးမွမ်းကိုးကွယ်ရပေမည်။"

၂. သန့်ရှင်းသူတစ်ဦးသည် သန့်ရှင်းစွာ အသက်ရှင်နေထိုင်ကြသည်။
"သခင်ယေရှုသည် ခမည်းတော်၏ဗိမာန်တော်အား လောဘလွန်ကြူးခြင်းကြောင့် ညစ်နွမ်းမှုကိုခွင့်မပြုပေ။"

၃. သန့်ရှင်းသူတစ်ဦးသည် သူတစ်ပါးအတွက် ဆုတောင်းပေးကြသည်။

"သခင်ယေရှုက ဘုရားသခင်၏အိမ်တော်သည် ဆုတောင်းရာအိမ်ဖြစ်ရမည်ဟု ပြောထားပါသည်။"

"ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ ကယ်တင်ရှင်ဖြစ်ပြီး ကျွန်ုပ်တို့အထဲ၌ အသက်ရှင်နေသည်။ ကျွန်ုပ်တို့ ခရစ်တော်နောက်လိုက်လျှင်၊ သခင်ဘုရား သန့်ရှင်းသကဲ့သို့ ကျွန်ုပ်တို့လည်း သန့်ရှင်းလာပေမည်။ ထိုသခင်အားကျွန်ုပ်တို့ဝတ်ပြုကိုးကွယ်၍သန့်ရှင်းသော အသက်တာဖြင့် အသက်ရှင်လျက် ခရစ်တော် အခြားသူများအတွက် ဆုတောင်းပေးသကဲ့သို့ ကျွန်ုပ်တို့ဆုတောင်းရပေမည်။"

# ကျွန်ုပ်တို့ မည်သို့ဆုတောင်းမည်နည်း?

-- လုကာ ၁၀ း ၂၁ --ထိုအခါယေရှုသည် ဝမ်းမြောက်တော်မူခြင်း စိတ်ရှိသဖြင့်၊ ကောင်းကင်နှင့်မြေကြီးကို အစိုးရတော်မူသောအဘ၊ ကိုယ်တော်သည် ပညာအလိမ္မာနှင့် ပြည့်စုံသောသူတို့အား ဤအရာများကို ထိမ်ဝှက်ကွယ်ထားလျက် သူငယ်တို့အား ဘော်ပြတော်မူသည်ဖြစ်၍၊ ကျေးဇူးတော်ကို အကျွန်ုပ်ချီးမွမ်းပါ၏။ ထိုသို့အလိုတော်ရှိသောကြောင့် မှန်ပါ၏။ အဘ။

## "ချီးမွမ်းခြင်း"

"ယေရှုခရစ်တော်သည် ခမည်းတော်ဘုရားအား ဝမ်းမြောက်ပျော်ရွှင်စွာ ချီးမွမ်းဆုတောင်းပြီး ကမ္ဘာလောကကြီးတွင် ဘုရားသခင်ပြုတော်မူသောအရာများအတွက် ကျေးဇူးတင်ခဲ့ပါသည်။"

ချီးမွမ်းခြင်း

"လက်များမြှောက်ပြီးချီးမွမ်းပါ။"

-- လုကာ ၁၈ း ၁၀-၁၄ --လူနှစ်ယောက်တို့သည် ဆုတောင်းပဌနာပြုခြင်းငှါ ဗိမာန်တော်ပေါ်သို့တက်ကြ၏။ တယောက်ကား ဖာရိရှဲဖြစ်၏။ တယောက်ကားအခွန်ခံဖြစ်၏။ ဖာရိရှဲသည် တယောက်တည်းရပ်လျက်၊အိုဘုရားသခင်၊ သူတပါးတို့သည် အနိုင်အထက်လုယူခြင်း မတရားသဖြင့်ကျင့်ခြင်း သူ့မယားကိုပြစ်မှားခြင်းအပြစ်ရှိသကဲ့သို့ အကျွန်ုပ်၌ မရှိသည်သာမက၊ ဤအခွန်ခံကဲ့သို့ပင်မဟုတ်သောကြောင့် ကျေးဇူးတော်ကြီးလှပေ၏။ အကျွန်ုပ်သည် ခုနှစ်ရက်တွင် နှစ်ရက်အစာရှောင်ပါ၏။ ဥစ္စာရှိသမျှတို့ကို ဆယ်ဘို့တဘို့လှူပါ၏ဟူ၍ ဆုတောင်းပဌနာပြု၏။ အခွန်ခံမူကား၊ အဝေးကရပ်၍ ကောင်းကင်သို့ မမျှော်မကြည့်ဝံ့ဘဲ ရင်ပတ်ကိုခက်လျက်၊ အိုဘုရားသခင်၊ အပြစ်များသောအကျွန်ုပ်ကို သနားခြင်းကရုဏာ စိတ်ရှိတော်မူပါဟုဆုတောင်းလေ၏။ ငါဆိုသည်ကား၊ ထိုသူသည်အပြစ်ပြေလျက်မိမိအိမ်သို့ပြန်သွား၏။ ဖာရိရှဲမူကား အပြစ်မပြေ။ အကြောင်းမူကား၊ ကိုယ်ကိုကိုယ် ချီးမြှောက်သောသူမည်သည်ကား၊ နှိမ့်ချခြင်းသို့ရောက်လတံ့။ ကိုယ်ကိုကိုယ်နှိမ့်ချသောသူမည်သည်ကား၊ ချီးမြှောက်ခြင်းသို့ရောက်လတံ့ဟု မိန့်တော်မူ၏။

## "နောင်တရခြင်း"

"ဤအဖြစ်အပျက်တွင် သခင်ယေရှုမှ လူနှစ်ယောက်၏ ကွဲပြားသောဆုတောင်းမှုကို နှိုင်းယှဉ်ပြထားပေသည်။ ဖာရိရှဲသည် မာနနှင့်မိမိကိုယ်ကိုချီးမြှောက်ပြီးအပြစ်သားထက် သူက ဂုဏ်ယူဝင့်ကြွားစွာ ဆုတောင်းနေသည်။ အခွန်ခံကမူ နှိမ့်ချစွာဖြင့် ဘုရားသခင်ရှေ့၌ မိမိအပြစ်များကို ဝန်ချတောင်းပန်လျက် နောင်တနှင့် ဆု

တောင်းနေခြင်းဖြစ်သည်။ သခင်ယေရှုသည် အခွန်ခံ၏ဆုတောင်းခြင်းကို ဘုရားသခင်နှစ်သက် ကြောင်းမိန့်မြွက်ခဲ့ပါသည်။"

"နောင်တဟူသောအဓိပ္ပါယ်မှာ အပြစ်တရားမှ ဝန်ချတောင်းပန်ပြီး ထပ်၍မလုပ်ရန်ဖြစ်သည်။ နောင်တရ၍ ခွင့်လွှတ်ခြင်းခံရသူများသည် ဘုရားအား ကျေနပ်နှစ်သက်စေသောသူများ ဖြစ်ပါသည်။"

နောင်တရခြင်း

"လက်နှစ်ဖက် ကိုဘေးတွင်ယှက်၍ မျက်နှာကိုအခြားတဖက်သို့ လှည့်ထားပါ။"

-- လုကာ ၁၁ း ၉ --တဖန်ငါဆိုသည်ကား၊ တောင်းကြလော့။တောင်းလျှင်ရမည်။ ရှာကြလော့။ ရှာလျှင်တွေ့မည်။ တံခါးကိုခေါက်ကြလော့၊ ခေါက်လျှင်ဖွင့်မည်။

## "တောင်းခံခြင်း"

"ဘုရားမျက်မှောက်တော်သို့ချဉ်းကပ်ခြင်း၊ အပြစ်တရားမှနောင်တရခြင်းနှင့် ဝင်ရောက်ပြီးသကာလ ကျွန်ုပ်တို့လိုအပ်သမျှအတွက်ဆုတောင်းရန် အသင့်ဖြစ်ပေပြီ။ မြောက်များစွာသောသူများက ဆုတောင်းခြင်းကို တောင်းခံခြင်းဖြင့်အစပြုတတ်ပါသည်။ သို့သော် ဤသို့ပြုမူခြင်းမှာရိုင်းစိုင်းလှပေသည်။"

တောင်းခံခြင်း

"လက်များအား ခွက်သဏ္ဍာန်ပြု၍ ရယူပုံလုပ်ပါ။"

-- လုကာ ၂၂ း ၄၂ --အိုအဘ၊ အလိုတော်ရှိလျှင် ဤခွက်ကို အကျွန်ုပ်မှ လွှဲတော်မူပါ။ သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည်အတိုင်း ဖြစ်ပါစေသောဟု ဆုတောင်းတော်မူ၏။

## "အလိုတော်ကိုဝန်ခံခြင်း"

"ယေရှုခရစ်တော်သည် ကားတိုင်သို့တက်ရန် ဂေသရေမာန်ဥယျာဉ်၌ ညည်းတွားမြည်တမ်းခဲ့ပါသည်။ သို့သော် နောက်ဆုံးပြောခဲ့သောစကားမှာ ကျွန်ုပ်အလိုအတိုင်းမဟုတ်ဘဲ ခမည်းတော်အလိုအတိုင်းသာဖြစ်ရန် အပ်နှံခဲ့ပါသည်။ ကျွန်ုပ်တို့သည်လည်း လိုအပ်သမျှဘုရားသခင်အားပြောပြီးသည့်အခါ ဘုရားစကားကိုနားထောင်ပြီး အလိုတော်ကို ဝန်ခံရပေမည်။"

အလိုတော်ဝန်ခံခြင်း---ဘုရားသခင် ကျွန်ုပ်တို့ထံမှတောင်းဆိုခြင်း

"လက်ကို နဖူးထက်တွင်တင်ကာ ဘုရားကိုရိုသေသောပုံပြုလုပ်ပါ"

## အတူတကွဆုတောင်းခြင်း

- အဖွဲ့အားဦးဆောင်၍ အပိုင်း ၄ပိုင်းကိုအသုံးပြု ဆုတောင်းပါ။ အပိုင်းတစ်ပိုင်းစီတွင် တစ်ကြိမ် ဆုတောင်းရပေမည်။
- လူတိုင်းဆုတောင်းရာတွင် 'ချီးမွမ်းခြင်း' နှင့် 'တောင်းခံခြင်း' ၌ အသံကျယ်စွာ ဆုတောင်းနိုင်ပြီး၊ 'နောင်တရခြင်း' နှင့် 'အလိုတော်ကိုဝန်ခံခြင်း'၌ တိတ်ဆိတ်စွာ ဆုတောင်းရပေမည်။

"ဆုတောင်းပြီးချိန်၌ ဦးဆောင်သူမှ အားလုံးအား"အာမင်"ဟု ဝန်ခံစေခြင်းဖြင့် အဆုံးသတ်ပါ၊"

- ဆုတောင်းခြင်းအဆင့်အားလုံးကို လက်ဟန်အမူအရာလုပ်ခြင်းဖြင့်အမြဲတမ်းမှတ်မိစေကြောင်း တိုက်တွန်းအားပေးပါ။

## ကျွန်ုပ်တို့အားဘုရားသခင်မည်သို့ အဖြေပေးသနည်း?

-- မဿဲ ၂၀ း ၂၀-၂၂ --ထိုအခါ ဇေဗေဒဲ၏သားတို့အမိသည် သားတို့နှင့်အတူ အထံတော်သို့ချဉ်း၍ ပြပ်ဝပ်လျက် ဆုကျေးဇူးကိုတောင်းပန်လေ၏။ ကိုယ်တော်က သင်သည် အဘယ်ဆုကျေးဇူးကိုအလိုရှိသနည်းဟု မေးတော်မူသော်၊ ကိုယ် တော်၏နိုင်ငံတွင် ကျွန်မ၌ ဤသားနှစ်ယောက်တို့သည် လက်ျာတော်ဘက်၌တယောက်၊ လက်ဝဲတော်ဘက်၌ တယောက် ထိုင်ရသောအခွင့်ကို ပေးတော်မူပါဟု လျှောက်လေ၏။ ယေရှုကလည်း၊ သင်တို့သည် အဘယ်သို့ တောင်းပန်သည်ကို သင်တို့မသိကြ။ ငါသောက်ရအံ့သောခွက်ကို သောက်ခြင်းငှါ၎င်း၊ ငါခံသောဗတ္တိဇံကိုခံခြင်းငှါ၎င်း၊ သင်တို့သည် တတ်စွမ်းနိုင်သလောဟု မေးတော်မူလျှင်၊ အကျွန်ုပ်တို့သည် တတ်စွမ်းနိုင်ပါ၏ဟု လျှောက်ကြသော်၊

### "အဖြေမပေးခြင်း"

"ယာကုပ်နှင့်ယောဟန်တို့၏မိခင်က ကောင်းကင်နိုင်ငံတွင် အခွင့်ထူး ခံစားသောနေရာရရန် တက်မက်မှုမာနနှင့် အခွင့်တန်ခိုးက သူမအတွက် ဦးစားပေးဖြစ်နေသဖြင့် ခမည်းတော်တစ်ပါးတည်းသာ အခွင့်ရှိကြောင်း ခရစ်တော်ဘုရား ပြောခဲ့ပါသည်။ မှားယွင်းသော ဦးတည်ချက်ရှိသောအခါ ဘုရားသခင် အဖြေမပေးပါ။

အဖြေမပေးခြင်း---ကျွန်ုပ်တို့၏ မှားယွင်းသောဦးတည်ချက်ရှိသောကြောင့်၊

✋ "ခေါင်းကို ခါယမ်း၍ငြင်းပုံပြုလုပ်ပါ။"

-- ယောဟန် ၁၁ း ၁၁-၁၅ --ငါတို့အဆွေလာဇရုသည် အိပ်ပျော်၏။ သူ့ကို နိုးခြင်းအလိုငှါ ငါသွားမည်ဟုမိန့်တော်မူ၏။ တပည့်တော်တို့ကလည်း၊ သခင်၊ သူသည်အိပ်

ပျော်လျှင် သက်သာရလိမ့်မည်ဟု လျှောက်ကြ၏။ ယေရှုသည် လာဇရုသေကြောင်းကို မှတ်၍ မိန့်တော်မူသော်လည်း၊ ပကတိအိပ်ပျော်ကြောင်းကို မိန့်တော်မူသည်ဟု တပည့်တော်တို့သည် ထင်မှတ်ကြ၏။ ထိုကြောင့်ယေရှုက၊ လာဇရုသေပြီ။ သင်တို့သည်ယုံကြည်မည်အကြောင်း၊ ထိုအရပ်၌ ငါမရှိသည်ကိုထောက်၍ သင်တို့အတွက် ငါဝမ်းမြောက်ခြင်းရှိ၏။ သူ့ဆီသို့ ငါတို့သွားကြကုန်အံ့ဟု အတည့်အလင်းမိန့်တော်မူ၏။

## “ဖြည်းဖြည်း”

“လာဇရုဖျားနေချိန်၌ စော၍ရောက်ခဲ့လျှင် ပျောက်ကင်းကြောင်း သခင်ယေရှုသိပါသည်၊ သို့သော် သေဆုံးချိန်အထိစောင့်၍၊ ကြီးမြတ်သော လုပ်ဆောင်မှု့အဖြစ် သေခြင်းမှ ထမြောက်စေခဲ့ပါသည်။ သခင်ယေရှုသည် လာဇရုသေခြင်းမှအသက်ပြန်ရှင်ခြင်းကြောင့် လူများယုံကြည်ခြင်းတိုးပွားကာ ဘုရားဘုန်းတော်သာ၍ ထင်ရှားမည့်အကြောင်း သိပါသည်။ ရံဖန်ရံခါ ကျွန်ုပ်တို့သည် မှန်ကန်သောအချိန်ရောက်သည့်တိုင်အောင် စောင့်စားတတ်ရပေမည်။”

ဖြည်းဖြည်း–––ဘုရားသခင်၏အချိန်ကိုစောင့်ရန်နှင့် ကျွန်ုပ်တို့ဆန္ဒအတိုင်း မဖြစ်ရပေ၊

“ကားကို ဖြည်းညှင်းစွာတွန်းသကဲ့သို့ ပြုလုပ်ပါ၊”

–– လုကာ ၉ း ၅၁–၅၆ ––ကောင်းကင်သို့ဆောင်ယူခြင်းကို ခံတော်မူသောအချိန်ရောက်သောအခါ၊ ယေရုရှလင်မြို့သို့ တူရူကြွအံ့သောငှါ သဘောထားတော်မူ၏။ ရှေ့တော်သို့ တမန်တော်တို့ကိုစေလွှတ်တော်မူသဖြင့်၊ သူတို့သည် ကိုယ်တော်၏အဘို့ကို ပြင်ဆင်ခြင်းငှါသွား၍ ရှမာရိရွာတရွာသို့ဝင်ကြ၏။ ကိုယ်တော်သည် ယေရုရှလင်မြို့သို့သွားအံ့သောအခြင်းအရာကို ထိုရွာသားတို့သည်ထောက်၍ လက်မခံကြ။ ထိုအကြောင်းကို တပည့်တော် ယာကုပ်၊ ယောဟန်တို့သည်မြင်လျှင်၊ သခင်၊ ဧလိယပြုသကဲ့သို့ အကျွန်ုပ်တို့သည် ကောင်းကင်မှမီးကျစေ၍ ထိုသူတို့ကိုလောင်စေခြင်းငှါ အလိုရှိတော်မူသလောဟု လျှောက်ကြသော်၊ ယေရှုသည် လှည့်ကြည့်၍၊ သင်တို့သည် ကိုယ်စိတ်သဘောကိုကိုယ် မသိကြ၊ လူသားသည် လူတို့၏ အသက်ကို သတ်အံ့သောငှါကြွလာသည်မဟုတ်။ ကယ်တင်အံ့သောငှါကြွလာသည်ဟုဆုံးမတော်မူပြီးမှ၊ အခြားသောရွာသို့ကြွတော်မူ၏။

## “ကြီးထွားရင့်ကျက်စေခြင်း”

“ရှမာရိရွာသားများမှခရစ်တော်အား လက်ခံကြိုဆိုခဲ့ခြင်းမရှိသည့်အတွက် ယာကုပ်နှင့်ယောဟန်က တစ်ရွာလုံးကိုမီးရှို့ဖျက်စီးချင်ခဲ့ပါသည်။ တပည့်တော်များက ခရစ်တော်ဘုရား၏သာသနာပြုခြင်းအား နားမလည်ပေ။ လူသားများအား ကယ်တင်ရန်သာ သူလာခဲ့ကြောင်းနှင့် ဖျက်စီးဖို့ရန်မဟုတ်ပါ။ တပည့်တော်များ

အား ရင့်ကျက်ကြီးထွားစေခဲ့ပါသည်။ ထိုကဲ့သို့ပင်ကျွန်ုပ်တို့သည် မလိုအပ်ဘဲ တောင်းဆိုခြင်း၊ အခက်အခဲနှင့် တွေ့ကြုံနိုင်ခြင်း၊ ဘုရားသခင်၏ သာသနာ၌ ကျွန်ုပ်တို့၏ အပဟန့်အတားဖြစ်စေမည့် ဆုတောင်းချက်များအား ခွင့်မပြုပါ။ ကျွန်ုပ်တို့ရှင်သန်ကြီးထွားရင့်ကျက်ရန် သူမိန့်မှာခဲ့ပါသည်။"

ကြီးထွားရင့်ကျက်ခြင်း – ဘုရားသခင်သည်ကျွန်ုပ်တို့အားမိမိရှိသည့် နေရာ၌ ရှင်သန်ကြီးထွားစေချင်သည်၊

"လက်ကိုသစ်ပင်ရှင်သန်သည့် ပုံလုပ်ပါ။"

–– ယောဟန် ၁၅ း ၇ –သင်တို့သည်ငါ၌တည်၍ ငါ့စကားသည်သင်တို့၌တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကိုတောင်း၍ ရကြလိမ့်မည်။

## "ခွင့်ပြုခြင်း"

ကျွန်ုပ်တို့သည် ဘုရားစကားကိုနားထောင်၍ ခရစ်တော်နောက်လိုက်သောအခါ၊ ကျွန်ုပ်တို့လိုအပ်သောအရာများကို စိတ်ချစွာ တောင်းခံပါက ဘုရားသခင်အဖြေပေးပါလိမ့်မည်။ ဘုရားသခင်က "ခွင့်ပြုတယ်၊လုပ်ပါ၊သင်ရယူနိုင်တယ်"ဟု ခွင့်ပြုပါလိမ့်မည်။

ခွင့်ပြုခြင်း––ကျွန်ုပ်တို့သည် အလိုတော်အတိုင်း ဆုတောင်းသောအခါ ဘုရားသခင်က"ခွင့်ပြုသည်"ဟုပြောမည်။

"ခေါင်းကို ညိတ်သည့်ပုံပြုလုပ်ပြီး၊ လက်ကရှေ့သို့သွားသည့်ပုံလုပ်ပါ"

# အလွတ်ကျက်မှတ်ရန်ကျမ်းပိုဒ်

–– လုကာ ၁၁ း ၉ ––တဖန်ငါဆိုသည်ကား၊ တောင်းကြလော့။ တောင်းလျှင်ရမည်။ ရှာကြလော့။ ရှာလျှင်တွေ့မည်။ တံခါးကိုခေါက်ကြလော့၊ ခေါက်လျှင်ဖွင့်မည်။

- အားလုံးမတ်တပ်ရပ်၍ ဤကျမ်းပိုဒ်ကို (၁၀)ကြိမ် အတူတကွကျက်မှတ်ရန် ဖြစ်သည်။ ပထမ(၆)ကြိမ်တွင် သင်တန်းသားများသည် ကျမ်းစာအုပ်(သို့) မှတ်စုကို ကြည့်၍ ကျက်မှတ်ပြီး ကျန်(၄)ကြိမ်ကို အလွတ်ကျက်မှတ်ရန် ဖြစ်သည်။ ကျမ်းစာကျက်မှတ်သည့်အခေါက်တိုင်း ကျမ်းညွှန်းကိုအရင်ထည့်၍ကျက်ရန်နှင့် ပြီးသွားသောသူတိုင်း ထိုင်စေပါ။
- ဤသို့ပြုလုပ်စေခြင်းဖြင့် လက်တွေ့လုပ်ဆောင်ရာတွင် မည်သူကပြီးသည်၊ မပြီးသည်ကို အလွယ်တကူသိမှတ်နိုင်သည်။

# လက်တွေ့လေ့ကျင့်လုပ်ဆောင်ခြင်း

- ယခုသင်ခန်းစာအစပြုချိန်၌ နှစ်ယောက်တစ်တွဲ အတူတကွဆုတောင်းခဲ့သူ အချင်းချင်း မျက်နှာချင်းဆိုင်ထိုင်ခိုင်းပါ။ ပြီးနောက် အချင်းချင်းအပြန်အလှန် တစ်ယောက်တစ်လှည့်စီ သင်ကြားလေ့ကျင့်ဖို့ရန်ဖြစ်သည်။

  နှစ်ယောက်တစ်တွဲတွင် ***<u>အရပ်ပုသူမှ</u>*** စတင်သင်ကြားပေးရန်ဖြစ်သည်။

- စာမျက်နှာ(၂၄)တွင်ပါဝင်သော သင်တန်း၏သင်ကြားမှုနည်းစနစ်အတိုင်း လုပ်ဆောင်ခိုင်းပါ။
- သင်တန်းသားများသည် သင်ကြားလေ့လာခြင်းတွင် သင်တန်းမှူးသင်ကြားသွားသည့်အတိုင်း တစ်ပုံစံတည်း လေ့ကျင့်သင်ကြားစေပါ။

"သင်တန်းမှူး သင်ကြားသွားသည့်အတိုင်း ပထမဦးဆုံးမေးခွန်းမေးခြင်း၊ သမ္မာ ကျမ်းစာအတူတကွဖတ်ခြင်း၊ အဖြေရှာခြင်းတို့ကို လက်နှင့်အမူအရာလုပ်ကာ တဆင့်ပြီးတဆင့် လုပ်ဆောင်ရကြောင်းရှင်းပြပါ။

- နှစ်ဦးစလုံးသင်ကြားလေ့ကျင့်ပြီးပါက နောက်ထပ်အတွဲသစ်တွဲပြီးနောက် တစ်ကြိမ်လေ့ကျင့်စေပါ။ လေ့ကျင့်ပြီးသွားပါက သင်တန်းသားအားလုံးကို ဤသင်တန်းပြီးဆုံးသွားသောအခါ ဤသင်ခန်းစာကို မည်သူ့အားသင်ကြား ပေးမလဲဟု မေးပါ။

  အားလုံးကိုစဉ်းစားစေပြီး၊ သင်ပေးလိုသူ၏အမည်ကို ဤသင်ခန်းစာ၏ ပထမစာမျက်နှာထိပ်တွင် ရေးမှတ်ထားစေပါ။

---

# အဆုံးသတ်ခြင်း

### ဘုရားသခင်၏ ဖုန်းနံပါတ် ☎

ဘုရားသခင်၏ ဖုန်းနံပတ်ကို သင်သိပါသလား ? ၃ .၃ .၃ .ဖြစ်ပါသည်။

> -- ယေရမိ ၃၃ ： ၃ --ငါ့ကိုခေါ်လော့။ ငါထူးမည်။ ကြီးသောအရာ၊ သင်မသိနိုင်အောင် နက်နဲသော အရာတို့ကို ငါပြမည်။

"နေ့တိုင်း ဘုရားသခင်အားခေါ်ပါ။ သူ၏သားသမီးများနှင့်စကားပြောရန် ဘုရားသခင် မေတ္တာဖြင့် စောင့်မျှော်နေပါသည်။"

## လက်နှစ်ဘက်–လက်ချောင်းဆယ်ချောင်း ၉

- လက်နှစ်ဖက်ကို မြှောက်ထားပါ။

"ကျွန်ုပ်တို့နေ့စဉ်ဆုတောင်းပေးဘို့ရန် ယုံကြည်သူနှင့် မယုံကြည်သူဟူ၍ နှစ်မျိုးရှိပါသည်။"

"ယုံကြည်သူများအား ခရစ်တော်နောက်လိုက်ပြီး အခြားသူများကိုလည်း ထိုကဲ့သို့ပင် သွန်သင်နိုင်ရန်အတွက် ဆုတောင်းပေးခြင်းဖြစ်သည်။ မယုံကြည်သူများအတွက် ခရစ်တော်အား လက်ခံရရှိရန် ကျွန်ုပ်တို့ဆုတောင်း ပေးခြင်းဖြစ်သည်။"

- သင်တန်းသားများ၏ ညာဘက်လက်တွင် သူတို့သိသော မယုံကြည်သူငါးဦးကို ရွေးချယ်ပြီး သူတို့အသက်တာ၌ ခရစ်တော်နောက်လိုက်နိုင်စေရန် အချိန်ပေးဆုတောင်းပါ။
- ဘယ်ဘက်လက်တွင် ခရစ်တော်နောက်လိုက်ရန် လေ့ကျင့်သင်ကြားပေးနိုင်သည့် သူတို့သိသောယုံကြည်သူငါးဦးအား စိတ်နှလုံးအကြွင်းမဲ့ခရစ်တော်နောက်လိုက်ရန် အချိန်ပေးဆုတောင်းပါ။

## အခန်း–၅

# နာခံပါ

**နာ**ခံပါတွင် ခရစ်တော်သည် အစေခံတစ်ဦးအဖြစ် မိတ်ဆက်ပေးပါ။ အစေခံများသည်အခြားသူများအား ကူညီကြသည်။ နှိမ့်ချသောစိတ်နှလုံးရှိကြသည်။ သခင့်စကားကိုလည်း နာခံကြသည်။ ထိုကဲ့သို့ပင် ခရစ်တော်သည် ခမည်းတော်စေခိုင်းသမျှအား လိုက်လျှောက်နာခံခဲ့သဖြင့် ကျွန်ုပ်တို့လည်း ယခု ခရစ်တော်နောက်လိုက်ကာ အစေခံရပါမည်။ အခွင့်တန်ခိုးအာဏာအရှိဆုံးသူမှ ကျွန်ုပ်တို့လိုက်နာရန် မိန့်မှာချက်လေးချက်ပေးအပ်ခဲ့ပါသည်။ သွားပါ၊ တပည့်တော်များဖြစ်စေပါ၊ ဗတ္တိဇံပေးပါနှင့် ခရစ်တော်၏ မိန့်မှာချက်များအားလိုက်နာရန် သင်ကြားပေးဖို့စေခိုင်းထားခြင်းတို့ဖြစ်သည်။ ခရစ်တော်ဘုရားသည် ကျွန်ုပ်တို့နှင့်အစဉ်အမြဲရှိမည့်အကြောင်း ဂတိပေးထားပါသည်။ ခရစ်တော်ပေးသည့် မိန့်မှာချက်များကို အမြဲတမ်း၊ ချက်ခြင်းပင် နှလုံးသားမှမေတ္တာဖြင့် နာ ခံရပေမည်။

လူတိုင်းအတွက် ဘဝမုန်တိုင်းရှိသော်လည်း၊ ပညာရှိသောသူက ခရစ်တော်ဘုရား၏မိန့်မှာချက်များကိုနာခံရင်း ဘဝကိုတည်ဆောက်ရပေမည်။ သို့သော် ပညာမဲ့သောသူသည် ထိုသို့မဟုတ်ပါ။ နောက်ဆုံး၌ သင်ယူသူများသည် တမန်တော်(၂၉)မြေပုံကို အစပြုကာ သူတို့ရိတ်သိမ်းရမည့် ကွင်းပြင်များ၏ပုံကို ဖော်ဆောင်၍ တပည့်တော်ဖြစ်သင်တန်းအဆုံး၌ ထိုမြေပုံကို ပြန်လည်တင်ဆက်ရမည်ဖြစ်သည်။

# ကိုးကွယ်ခြင်း

- တစ်စုံတစ်ယောက်အား ဘုရားသခင်၏ မျက်မှောက်တော်နှင့် ကောင်းကြီးခံစားရရန် ဆုတောင်းစေပါ။
- ဓမ္မသီချင်း(သို့) ချီးမွမ်းသီချင်း နှစ်ပုဒ်အတူတကွသီဆိုစေပါ။

# ဆုတောင်းခြင်း

- သင်တန်းသားများအား နှစ်ယောက်တစ်တွဲတွဲစေပါ။ တစ်ခါမျှမတွဲဘူးသေးသောသူများကို တွဲစေပါ။
- သင်တန်းသားတိုင်းမိမိ၏အပေါင်းအပါနှင့်အတူ အောက်ပါမေးခွန်းနှင့်အဖြေများကို မျှဝေခိုင်းပါ။

၁။ သင်သိသောမယုံကြည်သူများအား ကယ်တင်ခြင်းရရန် ကျွန်ုပ်တို့မည်သို့ ဆုတောင်းပေးရမည်နည်း ?

၂။ မိတ်ဆွေလေ့ကျင့်သင်ကြားပေးနေသည့် အဖွဲ့အတွက် ကျွန်ုပ်တို့မည်သို့ ဆုတောင်းပေးနိုင်မည်နည်း ?

- မိမိနှင့်တွဲထားသူနှင့်အတူ ဆုတောင်းပါ။

# လေ့လာသင်ကြားခြင်း

**ဖန်ကီချစ်ကမ်းအကလုပ်ပါ။**

"ယနေ့ သင်ဘယ်တော့မှမမေ့နိုင်တဲ့အရာတစ်ခု ကျွန်ုပ်လုပ်ပြပါမည်။ သင်တန်းသားအားလုံး ကျွန်ုပ်ကိုဝိုင်းကြည့်ပြီး ကျွန်ုပ်လုပ်သမျှအတိုင်း တပုံစံတည်း အတုယူ လိုက်လုပ်ပါ။"

- ပထမအကြိမ်တွင် လူတိုင်းလိုက်လုပ်နိုင်သောအမူအရာကိုလုပ်ပြပါ။ ဥပမာ သန်းခြင်း၊ ပါးပုတ်ခြင်း၊ တတောင်ကွေးကိုပုတ်ခြင်းတို့ကို ဖြည်းဖြည်းလေးပြုလုပ်ပြီး လူတိုင်းလွယ်ကူစွာလုပ်ဆောင်နိုင်ရန် ပြုလုပ်ပါ။

"လိုက်လုပ်ရသည်မှာ လွယ်ကူပါသလား၊ ဘာကြောင့်လဲ?

"လွယ်ကူပါသည်။ ရိုးရိုးလေး လုပ်ဆောင်သောကြောင့်ဖြစ်သည်။ ယခုတစ်ဖန် ကျွန်ုပ်လုပ်သမျှအတိုင်း တပုံစံတည်း တိကျစွာလိုက်လုပ်ရန် သတိပြုပါ။"

- ဒုတိယအကြိမ်တွင်" Funky Chicken အက ဒစ်စကိုအက Foxtrot အက" တို့ကို ရောစ၍ကရန်ဖြစ်သည်။ သင့်ကိုယ်ပိုင် ရှုပ်ထွေးသောအက မည်သူမျှ လိုက်မတုနိုင်သောအကမျိုး ကပါ။

"ကျွန်ုပ်ကသည့်အတိုင်းလိုက်ကရန် လွယ်ကူပါသလား၊ မလွယ်ကူဘူးလား၊ ဘာကြောင့်လဲ?

"ကျွန်ုပ်တို့သည် သင်တို့ ပြန်လည်သင်ကြားနိုင်သောနည်းဖြင့် သင်ခန်းစာများကို သင်ကြားပေးလျှက်ရှိသည်။ ယခုကဲ့သို့ သင်ကြားပေးသောအခါ သင်သည် အခြားသူများကိုသင်ကြား၍ ထိုသူများသည်လည်း အခြားသောသူများကို ဆက်လက် သင်ကြားပေးနိုင်ပေမည်၊ သင်ခန်းစာသည် အလွန်ရှုပ်ထွေးသောအခါ အခြားသူများကို ပြန်လည်မဝေမျှနိုင်ပါ။ သခင်ယေရှုသင်ကြားသော နည်းလမ်းကို သင်လေ့လာသောအခါ သူသည် ရိုးရိုးလေးသာသင်ကြားပြီး လူအများကမှတ်မိ၍ ပြန်လည်ဝေမျှနိုင်သည်ကို တွေ့ရပေသည်။ သခင်ယေရှု၏နည်းလမ်းကို ကျွန်ုပ်တို့လိုက်နာ၍ အခြားသူများကိုလည်း ဝေမျှရမည် ဖြစ်သည်။"

## ပြန်လည်လေ့လာခြင်း

သင်ခန်းစာတိုင်းအား ပြန်လည်လေ့ကျင့်ခြင်းဖြင့် အစပြုထားသည်။ သင်တန်းသားတိုင်း သင်ကြားခဲ့ပြီးသောသင်ခန်းစာများအား မတ်တတ်ရပ်ကာ ပြန်လည်လေ့ကျင့်ရန်ဖြစ်သည်။ လက်ဟန်အမူအရာများဖြင့် ပြန်လည်လေ့ကျင့်ရန် အထူးဂရုပြုပါ။

**သခင်ယေရှု နောက်သို့လိုက်လျှောက်ရန် အထောက်အကူဖြစ်စေသည့် ပုံရိပ် (၈)မျိုးကား အဘယ်နည်း?**

စစ်သား၊ ရှာဖွေသူ၊ သိုးထိန်း၊ မျိုးကြဲသူ၊ သား/သမီး၊ သန့်ရှင်းသူ၊ အစေခံနှင့် ဘဏ္ဍာထိန်း

ဆုတောင်းပါ

ဘဏ္ဍာထိန်းတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း၊?

လူသားများအတွက် ဘုရားသခင်၏ ပထမဆုံးမိန့်မှာချက်မှာ အဘယ်နည်း။?

လူသားများအတွက် သခင်ယေရှု၏ နောက်ဆုံးမိန့်မှာချက်ကား အဘယ်နည်း?

ကျွန်ုပ်လည်း မည်သို့သောအားဖြင့် ဝိညာဉ်အသီးသီးပြီး တိုးပွားနိုင်မလဲ၊?

ဣသရေလတိုင်းပြည်တွင်ရှိသော ပင်လယ်နှစ်ခုကား အဘယ်နည်း၊?

ပင်လယ်နှစ်ခုကား အဘယ်ကြောင့် လွန်စွာခြားနားရသနည်း၊?

သင်သည် မည်သည့်ပင်လယ်ကဲ့သို့ ဖြစ်ချင်ပါသနည်း၊?

ချစ်ပါ

သိုးထိန်းတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

အခြားသောသူများအား သွန်သင်ရမည့်အရေးကြီးဆုံးသော မိန့်မှာချက်ကား အဘယ်နည်း?

ချစ်ခြင်းမေတ္တာသည် မည်သည့်နေရာမှ လာသနည်း?

ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်းကား အဘယ်နည်း?

ကျွန်ုပ်တို့ အဘယ်ကြောင့် ရိုးစင်းသော ဝတ်ပြုကိုးကွယ်ခြင်း လုပ်ဆောင်ရမည်နည်း?

ရိုးစင်းစွာဝတ်ပြုကိုးကွယ်ရန် လူမည်မျှလိုအပ်သနည်း?

ဆုတောင်းပါ

သန့်ရှင်းသူတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

ကျွန်ုပ်တို့ မည်သို့ ဆုတောင်းရမည်နည်း?

ကျွန်ုပ်တို့အား ဘုရားသခင်မည်ကဲ့သို့ အဖြေပေးမည်နည်း?

ဘုရားသခင်၏ ဖုန်းနံပါတ်ကား အဘယ်နည်း?

## သခင်ယေရှုအား မည်ကဲ့သို့တွေ့ရသနည်း?

-- မာကု ၁၀ း ၄၅ --အကြောင်းမူကား၊ လူသားသည်သူတပါးကိုစေစားခြင်း ငှါမလာ၊ သူတပါးအစေကိုခံခြင်းငှါ၎င်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှါ၎င်း၊ ကြွလာသတည်းဟု မိန့်တော်မူ၏။

"သခင်ယေရှုသည် အစေခံတစ်ဦးဖြစ်သည်။ သခင်ယေရှု၏စိတ်သဘောသည် လူသားတို့အတွက် အသက်ပေး၍ ဘုရားသခင်၏ အစေကိုခံရန် ဖြစ်သည်။"

အစေခံ

"တူ ထုသည့်ပုံ ပြုလုပ်ပါ။"

## အစေခံတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

-- ဖိ ၂ း ၅-၈ --- ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍မထင်မမှတ်လျက်ပင်၊ မိမိအသရေ ကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဘွားမြင်ခြင်း ကိုခံတော်မူ၏။ ထိုသို့လူ၏ ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ် လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏။

၁။ အစေခံတစ်ဦးသည် သူတစ်ပါးကိုကူညီသည်။
"သခင်ယေရှုသည် လူသားများအတွက် လက်ဝါးကားတိုင်ပေါ်တွင်အသေခံခြင်းအားဖြင့် ဘုရားသခင်၏မိသားစုဝင်များ ဖြစ်စေခဲ့သည်။"

၂။ အစေခံတစ်ဦးသည် နှိမ့်ချသောစိတ်သဘောရှိ၏။

၃။ အစေခံတစ်ဦးသည် သူ၏သခင်ကိုနာခံမှုရှိသည်။
"သခင်ယေရှုသည်ခမည်းတော်ကိုနာခံသည်။ ကျွန်ုပ်တို့သည်လည်း သခင်ကိုနာခံရမည်။"

"သခင်ယေရှုသည် ကျွန်ုပ်တို့အပြစ်များအတွက် ကားတိုင်မှာအသေခံခြင်းအားဖြင့် နှိမ့်ချခဲ့ပြီး ဖခမည်းတော်၏စကားကိုလည်း နားထောင်ခဲ့ပေသည်။ သခင်ယေရှုသည် အစေခံကျွန်အဖြစ် ကျွန်ုပ်တို့တွင်အသက်ရှင်လျှက်ရှိသည်။ ကျွန်ုပ်တို့သည်လည်း သခင်၏နောက်လိုက်ဖြစ်သောကြောင့် အစေခံကျွန်များဖြစ်ကြသည်။ ကျွန်ုပ်တို့အခြားသူများကို ကူညီရမည်။ နှိမ့်ချသောနှလုံးသားရှိရမည်။ ကျွန်ုပ်တို့သခင်ယေရှုကို နာခံမှုရှိရမည်။"

## ကမ္ဘာလောကတွင် အမြင့်ဆုံးအာဏာရှိသူမှာ မည်သူနည်း?

-- မဿဲ ၂၈ း ၁၈ -- ယေရှုသည် အနီးအပါးသို့ ချဉ်းတော်မူပြီးလျှင်၊ ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။

“သခင်ယေရှုတွင် ကောင်းကင်နှင့်မြေကြီးပေါ်၌ စီရင်ပိုင်သော အမြင့်ဆုံးတန်ခိုးအာဏာရှိသည်။ ကျွန်ုပ်တို့ မိဘ၊ ဆရာများ၊ အစိုးရအရာရှိများထက် သခင်ယေရှု၌ အာဏာပိုကြီးသည်။ သူ့တွင် အမြင့်ဆုံးအာဏာရှိသောကြောင့် မိန့်မှာချက်တစ်ခု ရှိသောအခါ အားလုံးထက် နာခံမှုရှိရန် လိုအပ်သည်၊”

## သခင်ယေရှုသည် ယုံကြည်သူတိုင်းကိုပေးထားသော မိန့်မှာချက်(၄)ခုမှာ အဘယ်နည်း?

-- မဿဲ ၂၈ း ၁၉-၂၀ က -- သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့် ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေး ကြလော့။ ငါသည် သင်တို့အားပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမ သြဝါဒပေးကြလော့။

**သွားပါ**

“လက်ချောင်းများဖြင့် အရှေ့သို့လမ်းလျှောက်သည့် ပုံစံပြုလုပ်ပါ။”

**တပည့်တော်ဖြစ်စေပါ**

“ရိုးစင်းသောဝတ်ပြုခြင်းပုံစံ လက်အမူအရာ (၄)ခုလုပ်ပါ။ ချီးမွမ်းခြင်း၊ ဆုတောင်းခြင်း၊ ကျမ်းစာလေ့လာခြင်း၊ လက်တွေ့လုပ်ဆောင်ခြင်း”

**ဗတ္တိဇံပေးပါ**

“သင်၏လက်ကို အခြား တံတောင်ကွေးပေါ်သို့တင်ပါ။ တစ်စုံတစ်ယောက် ဗတ္တိဇံခံသကဲ့သို့ တံတောင်ကွေးကို အပေါ်အောက်တင်ချပုံပြုလုပ်ပါ။”

**ပညတ်တော်များကိုနာခံရန်သင်ကြားပေးပါ။**

“သင်သည် စာဖတ်သကဲ့သို့ လက်များကို စာအုပ်သဏ္ဍာန်လုပ်ပါ။ စာအုပ်ကို သင်၏ရှေ့နောက် ဘယ်ညာရွှေ့ပြီး သင်သည် လူများကို သင်ကြားနေသကဲ့သို့ ပြုလုပ်ပါ။”

# ကျွန်ုပ်တို့ သခင်ယေရှုအားမည်ကဲ့သို့ နာခံရမည်နည်း?

“သင့်အား ဘုရားသခင်ကျွန်ုပ်တို့အပေါ် ဆန္ဒရှိသော နာခံမှုအမျိုးအစားများကို ဖော်ပြထားသည့် ပုံပြင်(၃)ခုကို ဝေမျှလိုပါသည်။ သေချာဂရုစိုက်နားထောင်ခြင်းဖြင့် သင်သည် မိမိတွဲဘက်ကို မိနစ်အနည်းငယ်အတွင်း ပြန်လည်သင်ကြားပေးနိုင်မည် ဖြစ်သည်။”

## အမြဲတမ်း

“သားတစ်ယောက်ကသူ့ဖခင်၏စကားကို တစ်နှစ်တွင်ဆယ့်တစ်လသာနာခံပြီး ကျန်တစ်လကိုမူ (အရက်သောက်ခြင်း၊ ကျောင်းမသွားခြင်း၊ စသဖြင့်) သူလုပ်ချင်ရာလုပ်မည်”ဟုပြောလျှင် သူ၏ဖခင်မည်ကဲ့သို့ခံစားရမည်ဟု သင်ထင်ပါသနည်း၊?

ထိုလူငယ်လေးကပင် သူ၏ဖခင်အား “တစ်နှစ်တွင် အပတ်တိုင်း ဖခင်ခိုင်းသမျှလုပ်ပါမည်၊ သို့သော် တစ်ပတ်တွင်မူ (မူးယစ်ဆေးဝါးသုံးစွဲခြင်း အိမ်မှထွက်ပြေးခြင်း စသဖြင့်) သူလုပ်ချင်ရာလုပ်မည်”ဟုပြောလျှင် ဖခင်မည်ကဲ့သို့ ခံစားရမည်ဟု သင်ထင်ပါသနည်း၊?

ထို့နောက် ထိုလူငယ်သည်“တစ်နှစ်တာ၏နေ့ရက်စဉ်တိုင်း ဖခင်၏စကားကို နာခံမည်။ သို့သော်တစ်ရက်တွင်မူ ကျွန်ုပ်ကြိုက်နှစ်သက်ရာ (အိမ်ထောင်ပြုခြင်း လူသတ်ခြင်း စသည်ဖြင့်)လုပ်မည်”ဟုပြောလျှင် သူ၏ဖခင်မည်ကဲ့သို့ခံစားရမည်ဟုသင်ထင်ပါသနည်း၊?

“ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏သားသမီးများအား အမြဲတမ်းနာခံတတ်ကြရန် မျှော်လင့်သကဲ့သို့ သခင်ယေရှုသည် ကျွန်ုပ်တို့အား သူ၏ပညတ်တို့ကို အမြဲတမ်းနာခံစေလိုသည်”

အမြဲတမ်း

သင်၏ညာလက်ကို ဘယ်ဘက်မှ ညာဘက်ကို ရွှေ့ပုံပြုလုပ်ပါ။

## ချက်ခြင်း

မိခင်ကိုအလွန်ချစ်သော မိန်းမငယ်လေးတစ်ဦးရှိသည်။ မိခင်သည်အလွန်ဖျားနာပြီး သေခါနီးရှိ၏။ မိခင်ကသမီးအား “ရေတစ်ခွက်လောက်ပေးပါ”ဟုတောင်းရာ သမီးက “ဟုတ်ကဲ့ ကျွန်မပေးပါမယ် …နောက်တစ်ပတ်မှ” ဟုဖြေပါက မိခင်မည်ကဲ့သို့ ခံစားရမည်ဟု သင်ထင်ပါသနည်း၊?

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏သားသမီးများအား ချက်ခြင်းနာခံတတ်ကြရန် မျှော်လင့်သကဲ့သို့ သခင်ယေရှုသည် ကျွန်ုပ်တို့အား သူ၏ပညတ်တို့ကို ချက်ခြင်းနာခံစေလိုသည်။ တစ်ချိန်ချိန်ဟူသော အနာဂတ်မှမဟုတ်ပါ။”

ချက်ခြင်း

လက်ကို အပေါ်မှအောက်သို့ အလွှာချပ် လှီးဖြတ်သကဲ့သို့ ရွှေ့လျားပါ။

## နှလုံးသားမှချစ်ခြင်းမေတ္တာနှင့်

"တစ်ခါက လူငယ်လေးတစ်ဦး လက်ထပ်ရန်အတွက် ကျွန်ုပ်ကသူ့အား သူစေခိုင်းသမျှကို လုပ်ဆောင်ပေးသော စက်ရုပ်တစ်ရုပ် ပြုလုပ်ပေးမည်။ သူအလုပ်မှပြန်လာသောအခါ စက်ရုပ်က "သင့်ကိုအလွန်ချစ်တယ်၊ သင်သည် အလုပ်ကြိုးစားသောသူဖြစ်တယ် ဟုပြောလိမ့်မည်၊ သူသည် စက်ရုပ်မိန်းမကို မည်သည့်အရာလုပ်ခိုင်းသည်မဆို သူမက "ဟုတ်ကဲ့ပါအချစ်ရယ် ကိုကိုဟာကမ္ဘာပေါ်မှာ အကြီးမြတ်ဆုံးသူဘဲဖြစ်တယ်"ဟု ပြောလိမ့်မည်၊ ကျွန်ုပ်၏သူငယ်ချင်းလူငယ်လေးသည် ထိုစက်ရုပ်မိန်းမကို လက်ခံမခံ သင်မည်သို့ထင်သနည်း။ (သင်စက်ရုပ်ကဲ့သို့ ပြောသောအခါ၊ စက်ရုပ်ပုံသရုပ်ဆောင်ပါ)

နှလုံးသားမှချစ်ခြင်းမေတ္တာနှင့်

နှလုံးသားပေါ်တွင် လက်နှစ်ဖက်ယှက်တင်ပြီး ဘုရားသခင်အားချီးမွမ်းရန် လက်မြှောက်ပုံ ပြုလုပ်ပါ။

- လက်အမူအရာ(၃)ခုကို အကြိမ်ပေါင်းများစွာလေ့ကျင့်ပါ။

"သခင်ယေရှုသည် ကျွန်ုပ်တို့အား အမြဲတမ်း၊ ချက်ခြင်း၊ နှလုံးသားမှချစ်ခြင်းမေတ္တာနှင့် နာခံမှုရှိစေလိုသည်။"

"သခင်ယေရှုသည် ယုံကြည်သူတိုင်းအား ပညတ်ချက်လေးခုပေးထားသည်။ ကျွန်ုပ်တို့မည်ကဲ့သို့ နာခံသင့်သနည်း?"

**သူသည် ကျွန်ုပ်တို့အားသွားရန် မိန့်မှာခဲ့သည်။**

လက်ချောင်းများကို ရှေ့သို့ "လမ်းလျှောက်သည့်"ပုံလုပ်ပါ၊

**ကျွန်ုပ်တို့မည်ကဲ့သို့နာခံရမည်နည်း?**

"အမြဲတမ်း၊ ချက်ခြင်း၊ နှလုံးသားမှချစ်ခြင်းမေတ္တာနှင့်"

**သူသည် တပည့်တော်များမွေးထုတ်ရန် မိန့်မှာခဲ့သည်။**

"ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်းပုံစံလုပ်ပါ။ ချီးမွမ်းခြင်း၊ ဆုတောင်းခြင်း၊ ကျမ်းစာလေ့လာခြင်း၊ လက်တွေ့လုပ်ဆောင်ခြင်း"

**ကျွန်ုပ်တို့မည်ကဲ့သို့နာခံရမည်နည်း?**

"အမြဲတမ်း၊ ချက်ခြင်း၊ နှလုံးသားမှချစ်ခြင်းမေတ္တာနှင့်"

**သူသည် ကျွန်ုပ်တို့အား ဗတ္တိဇံပေးရန် မိန့်မှာခဲ့သည်။**

"လက်ကိုအခြားတံတောင်ကွေးပေါ်တင်၍၊အထက်အောက်တစ်စုံတစ်ယောက်မှ ဗတ္တိဇံခံနေသည့်ပုံ ပြုလုပ်ပါ။"

**ကျွန်ုပ်တို့မည်ကဲ့သို့နာခံရမည်နည်း?**

"အမြဲတမ်း၊ ချက်ခြင်း၊ နှလုံးသားမှချစ်ခြင်းမေတ္တာနှင့်"

**သူသည် ပညတ်တော်များကိုနာခံရန် သင်ကြားပေးခိုင်းထားသည်။**

"သင်သည် စာဖတ်သကဲ့သို့ လက်များကို စာအုပ်သဏ္ဍာန်လုပ်ပါ။ စာအုပ်ကို ရှေ့/နောက် ဘယ်ညာသို့ရွှေ့ပြီး သင်သည် လူများကို သင်ကြားနေသကဲ့သို့ ပြုလုပ်ပါ။"

**ကျွန်ုပ်တို့မည်ကဲ့သို့နာခံရမည်နည်း?**

"အမြဲတမ်း၊ ချက်ခြင်း၊ နှလုံးသားမှချစ်ခြင်းမေတ္တာနှင့်"

## သခင်ယေရှုသည် ယုံကြည်သူတိုင်းအား မည်သည့်ဂတိတော်ပေးခဲ့သနည်း?

-- မဿဲ ၂၈း၂၀-ခ --ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့် အတူ အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။

"သခင်ယေရှုသည် ကျွန်ုပ်တို့နှင့်အတူ အမြဲရှိသည်။ သူသည် ကျွန်ုပ်တို့နှင့်အတူ ဒီနေရာတွင် ယခုရှိနေသည်။"

## အလွတ်ကျက်မှတ်ရန်ကျမ်းပိုဒ်

-- ယောဟန် ၁၅ း ၁၀ --ငါသည် ငါ့ခမည်းတော်၏ပညတ်တို့ကို စောင့်ရှောက်၍ ခမည်းတော်၏မေတ္တာ၌ တည်နေသကဲ့သို့၊ သင်တို့သည် ငါ့ပညတ်တို့ကိုစောင့်ရှောက်လျှင်၊ ငါ့မေတ္တာ၌ တည်နေကြလိမ့်မည်။

- အားလုံးမတ်တပ်ရပ်၍ ဤကျမ်းပိုဒ်ကို (၁၀)ကြိမ် အတူတကွကျက်မှတ်ရန်ဖြစ်သည်။ ပထမ (၆)ကြိမ်တွင် သင်တန်းသားများသည် ကျမ်းစာအုပ် (သို့)မှတ်စုကို ကြည့်၍ကျက်မှတ်ပြီး ကျန် (၄)ကြိမ်ကို အလွတ်ကျက်မှတ်ရန်ဖြစ်သည်။ ကျမ်းစာ ကျက်မှတ်သည့်အခါတိုင်း ကျမ်းညွှန်းကိုအရင်ထည့်၍ကျက်ရန်နှင့် ပြီးသွားသောသူတိုင်းကို ထိုင်စေပါ။
- ဤသို့ ပြုလုပ်စေခြင်းဖြင့် လက်တွေ့လုပ်ဆောင်ရာတွင် မည်သူကပြီးသည်၊ မပြီးသည်ကို အလွယ်တကူသိမှတ်နိုင်သည်။

# လက်တွေ့လေ့ကျင့်လုပ်ဆောင်ခြင်း

- ယခုသင်ခန်းစာ၌ နှစ်ယောက်တစ်တွဲ အတူဆုတောင်းခဲ့သူအချင်းချင်း မျက်နှာချင်းဆိုင် ထိုင်ခိုင်းပါ။ ပြီးနောက် အချင်းချင်းအပြန်အလှန် တစ်လှည့်စီ သင်ကြားလေ့ကျင့်ဖို့ရန် ဖြစ်သည်။

“နှစ်ယောက်တစ်တွဲတွင် ***အရပ်ရှည်သူမှ*** စတင်သင်ကြားပေးရန်ဖြစ်သည်။”

- စာမျက်နှာ(၂၄)တွင်ပါဝင်သော သင်တန်း၏ သင်ကြားမှုနည်းစနစ်အတိုင်း လုပ်ဆောင်ခိုင်းပါ။
- သင်တန်းသားများသည် သင်ကြားလေ့လာခြင်းတွင် သင်တန်းမှူးသင်ကြားသွားသည့်အတိုင်း တစ်ပုံစံတည်း လေ့ကျင့်သင်ကြားစေပါ။

“သင်တန်းမှူးသင်ကြားသွားသည့် အတိုင်းပထမဦးဆုံး မေးခွန်းမေးခြင်း၊ သမ္မာကျမ်းစာအတူတကွဖတ်ခြင်း၊ အဖြေရှာခြင်းတို့ကို လက်နှင့်အမူအရာ လုပ်ကာ တဆင့်ပြီးတဆင့် လုပ်ဆောင်ရကြောင်း ရှင်းပြပါ။”

- နှစ်ဦးစလုံး သင်ကြားလေ့ကျင့်ပြီးပါက နောက်ထပ်အတွဲသစ်တွဲပြီး နောက်တစ်ကြိမ် လေ့ကျင့်စေပါ။ လေ့ကျင့်ပြီးသွားပါက သင်တန်းသားအားလုံးကို ဤသင်တန်းပြီးဆုံးသွားသောအခါ ဤသင်ခန်းစာကို မည်သူအားသင်ကြားပေးမလဲ ဟု မေးပါ။

  အားလုံးကိုစဉ်းစားစေပြီး၊ သင်ပေးလိုသူ၏အမည်ကို ဤသင်ခန်းစာ၏ ပထမစာမျက်နှာထိပ်တွင် ရေးမှတ်ထားစေပါ။”

# အဆုံးသတ်ခြင်း

## စစ်မှန်သောအခြေခံအုတ်မြစ်ပေါ်တွင် ထပ်ဆင့်တည်ဆောက်ခြင်း ၈၃

- လုပ်အားပေး ၃ ဦးအားဖိတ်ခေါ်ပြီး ဇာတ်လမ်းတစ်ပုဒ်ကို ပါဝင်သရုပ်ဆောင်စေပါ။ ၂ ဦးသည် သရုပ်ဆောင်ရန်ဖြစ်ပြီး တစ်ဦးသည်ပုံပြောရန်ဖြစ်သည်။ သရုပ်ဆောင်၂ဦးကို သင့်ရှေ့တွင်ရှိစေပြီး ပုံပြောသူကိုဘေးတွင်ထားပါ။ သရုပ်ဆောင်၂ ဦးသည် အမျိုးသားဖြစ်ရမည်။
- မဿဲ ၇း၂၄–၂၅ ကို ပုံပြောသူအားဖတ်စေပါ။

“ကျောက်ပေါ်အိမ်ဆောက်သော ပညာရှိအကြောင်းဖြစ်ပါသည်။”

–– မဿဲ ၇ း ၂၄–၂၅ ––အကြင်သူသည် ငါဟောပြောသော ဤစကားကို ကြား၍ နားထောင်၏။ ထိုသူသည် ကျောက်ပေါ်မှာအိမ်ဆောက်သောပညာရှိနှင့်တူကြောင်းကို ငါပုံ

ပြမည်။ မိုဃ်းရွာ၍ ရေစီးသည်နှင့်လေလာ၍ ထိုအိမ်ကိုတိုက်သည်ရှိသော်၊ ကျောက်ပေါ်မှာ တည်သောကြောင့် မပြိုမလဲနေ၏။

- ပုံပြောသူမှ ကျမ်းစာဖတ်ပြီးသောအခါ ပညာရှိ၌ မည်သို့ဖြစ်သည်ကို ရှင်းပြပါ။ ပထမ သရုပ်ဆောင်သူ၏ခေါင်းပေါ်သို့ ရေလောင်းချစဉ်တွင် ပါးစပ်မှ လေတိုက်သံ ပြုလုပ်ပါ။
- ပြဇာတ်လုပ်သည့်အနီးအပါးတွင် ရေပုလင်းကို ဝှက်ထားပါ။
- မဿဲ ၇း၂၆–၂၇ကိုပုံပြောသူအားဖတ်စေပါ။

"သဲပေါ်အိမ်ဆောက်သော လူမိုက်အကြောင်းဖြစ်ပါသည်။"

–– မဿဲ ၇ း၂၆–၂၇ ––အကြင်သူသည် ငါဟောပြောသော ဤစကားကိုကြား၍ နားမထောင်ဘဲနေ၏။ ထိုသူသည် သဲပေါ်မှာ အိမ်ဆောက်သော လူမိုက်နှင့်တူကြောင်းကို ငါပုံပြမည်။ မိုဃ်းရွာ၍ ရေစီးသည်နှင့် လေလာ၍ ထိုအိမ်ကိုတိုက်သောအခါ၊ ကြီးစွာသော ပြိုလဲခြင်းသို့ ရောက်လေသည်ဟု ဟောတော်မူ၏။

- ဖတ်ပြီးသောအခါ လူမိုက်၌မည်သို့ဖြစ်သည်ကို ရှင်းပြပါ။ ဒုတိယ သရုပ်ဆောင်သူပေါ်သို့ ရေလောင်းချသောအခါ လေတိုက်သည့်အသံ ပြုလုပ်ပါ။ နောက်ဆုံးတွင် အောက်သို့လဲကျပြီး "ထိုအိမ်သည်ကြီးစွာပြိုလဲခြင်း" ဖြစ်ရကြောင်း ရှင်းပြပါ။

"သခင်ယေရှု၏မိန့်မှာချက်များကို နာခံသောအခါ ကျွန်ုပ်တို့သည် ပညာရှိကဲ့သို့ ဖြစ်သည်။ နားမထောင်သောအခါ လူမိုက်ကဲ့သို့ဖြစ်သည်။ ကျွန်ုပ်တို့ လက်ဆင့်ကမ်းသင်ကြားနေသောသူများ၏ အသက်တာ အခြေခံသည် သခင်ယေရှု၏ ပညတ်ချက်များကို တိကျသေချာစွာ နာခံသောသူဖြစ်ရမည်။ သူ၏နှုတ်ကပါတ်တော်သည် အသက်တာ၏ခက်ခဲချိန်များ၌ ခိုင်မာသောအုတ်မြစ်ဖြစ်ပါသည်။"

## တမန်တော် ၂၉ မြေပုံအပိုင်း(၁) ထူ

- စစ်မှန်သောအုတ်မြစ်ပြဇာတ်ပြီးနောက် သင်တန်းသားတိုင်းအား ကဒ်ထူကားချပ်၊ ဘောပင်၊ ခဲတံ၊ ရောင်စုံ၊ မာကာများ စသည်တို့ပေးပါ။
- သင်တန်းသားတိုင်း ဘုရားသခင်သူ့အားခေါ်ထားသော နေရာတစ်ခု၏မြေပုံ ပြုလုပ်ရေးဆွဲရန်ပြောပါ။ မြေပုံအား ဖြည့်စွက်ရေးဆွဲရန် သင်တန်းကာလအတွင်းတွင်လည်း ရံဖန်ရံခါအချိန်ရရှိပါမည်။ ညနေပိုင်းတွင်လည်း သူတို့ဆက်လက်ရေးဆွဲနိုင်ပါသည်။ ဤမြေပုံအားဖြင့် ဘုရားသခင်၏မဟာစေခိုင်းချက်ကို ကျွန်ုပ်တို့ မည်မျှနာခံကြောင်း ပုံဆောင်ပြသခြင်းပင်ဖြစ်သည်။
- သင်တန်းသားများအား ဘုရားသခင်သွားခိုင်းသောနေရာ မြေပုံတစ်ပုံဆွဲစေပါ။ ထိုမြေပုံတွင် လမ်းများ၊ မြစ်များ၊ တောင်များ၊ လမ်းမှတ်တိုင်များ စသဖြင့် ပါဝင်


စေပါ။ အကယ်၍ သင်တန်းသားများသည် သူအားဘုရားသခင် ခေါ်ထားသော နေရာကို မသိသေးပါက သူတို့နေထိုင်ရာအိမ် (သို့) အလုပ်လုပ်ရာနေရာကို အခြေ ပြု၍၄င်း၊ မိမိအရင်းနှီးဆုံးမိတ်ဆွေများရှိရာကို၄င်း အခြေပြု၍ မြေပုံတစ်ခု ရေးဆွဲနိုင်ကြောင်း အားပေးပါ။

## မြေပုံပေါ်တွင်ဖြစ်နိုင်သောသင်္ကေတများ

အိမ်၊
ဆေးရုံ/ ဆေးခန်း၊
စေတီ/ ဘုရား၊
အသင်းတော်၊
အိမ်အသင်းတော်၊
စစ်တပ်၊
ဗလီ၊
ကျောင်း၊
ဈေး၊

သင်တန်းသားများမြေပုံကိုပိုမိုကောင်းမွန်အောင်လုပ်ဆောင်နိုင်ရန်

- ပထမပုံကြမ်းဆွဲ၍ ထို့နောက်မှသန့်ရှင်းသောကဒ်ထူ၌ ပြန်ကူးဆွဲပါ။
- တစ်ပတ်လှည့်လည်၍ အခြားသူများ မြေပုံပေါ်တွင် ရေးဆွဲနေမှုများကို မြင်ခြင်းဖြင့် အကြံဉာဏ်သစ်များရယူပါ။
- သင်တန်း ပြီးဆုံးသောအခါ အဖွဲ့သို့ထိုမြေပုံကို ပြန်လည် တင်ပြရမည်ဖြစ်ကြောင်း နားလည်စေပါ။
- ရေဆေး(သို့)ရောင်စုံခဲတံများသုံး၍ မြေပုံကို ပိုမိုအရောင်ထွက်အောင်ပြုလုပ်ရန်။



MY ACTS 29
ဖျားနာသူများ
မိသားစု
ကျမ်းစာကျောင်း
မြစ်
မြစ်
ဆင်းရဲသားများ
စစ်တပ်
ဘောလုံးကွင်း
ရေကန်
မယုံကြည်သူများထံသို့ ဧဝံဂေလိတရားဟောကြားရန်

# အခန်း–၆

# လျှောက်လှမ်းပါ

**လျှောက်**လှမ်းပါတွင် ခရစ်တော်အား သား/သမီး တစ်ဦးအဖြစ်မိတ်ဆက်ပေးပါ။ သား/သမီးတစ်ဦးသည် ဖခင်အားရိုသေခြင်း၊ စည်းလုံးသောဆန္ဒရှိခြင်း နှင့် မိသားစုအောင်မြင်ရန် အလိုရှိပေသည်။ ခမည်းတော်ဘုရားသခင်က၊ ဗတ္တိဇံခံသောနေ့၌ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်ကာ"အချစ်ဆုံးသား"အဖြစ်ဖော်ပြခဲ့ပါသည်။ ယေရှုခရစ်တော်၏အမှုတော်ဆောင်ခြင်းတွင် အောင်မြင်ရခြင်းမှာ၊ သန့်ရှင်းသော ဝိညာဉ်တော်၏တန်ခိုးအပေါ် မှီခိုအားကိုးခြင်းကြောင့် ဖြစ်ပါသည်။

ထိုကဲ့သို့ပင် ကျွန်ုပ်တို့ဘဝအသက်တာ၌လည်း သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအပေါ် မှီခိုအားကိုးရပေမည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်၍ နာခံလုပ်ဆောင်ရန် အချက်လေးချက် တွေ့ရသည်၊ ဝိညာဉ်တော်နှင့်လျှောက်လှမ်းပါ၊ သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေနှင့်၊ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စေပါ၊ ဝိညာဉ်တော်၏အရှိန်ကိုမငြိမ်းစေနှင့် ဆိုသည့်အချက်များဖြစ်သည်။ သခင်ယေရှုခရစ်တော်သည် ဂါလိလဲလမ်းပေါ်တွင် လူသားတို့အားအကူအညီပေးခဲ့သလို ကျွန်ုပ်တို့အားလည်းယနေ့ကူညီပေးရန် အသင့်ရှိပါသည်။ ကျွန်ုပ်တို့၏အသက်တာ၌ သခင်ယေရှုနောက်ကိုနာခံလိုက်လျှောက်ဖို့ရန် ခက်ခဲ တားဆီးပိတ်ဆို့မှုများရှိနေပါက ခရစ်တော်အားခေါ်ဖိတ်ကာ အကူအညီရယူနိုင်ပါသည်။

## ကိုးကွယ်ခြင်း

- တစ်စုံတစ်ယောက်အား ဘုရားသခင်၏ မျက်မှောက်တော်နှင့် ကောင်းကြီးခံစားရရန် ဆုတောင်းစေပါ။
- ဓမ္မသီချင်း(သို့) ချီးမွမ်းသီချင်း နှစ်ပုဒ်အတူတကွသီဆိုစေပါ။

## ဆုတောင်းခြင်း

- သင်တန်းသားများအား နှစ်ယောက်တစ်တွဲတွဲစေပါ။ တစ်ခါမျှမတွဲဘူးသေးသောသူများကို တွဲစေပါ။
- သင်တန်းသားတိုင်း မိမိ၏အပေါင်းအပါနှင့်အတူ အောက်ပါမေးခွန်းနှင့် အဖြေများကို မျှဝေခိုင်းပါ။

၁။ သင်သိသောမယုံကြည်သူများအား ကယ်တင်ခြင်းရရန် ကျွန်ုပ်တို့မည်သို့ ဆုတောင်းပေးရမည်နည်း ?
၂။ မိတ်ဆွေလေ့ကျင့်သင်ကြားပေးနေသည့် အဖွဲ့အတွက် ကျွန်ုပ်တို့မည်သို့ဆု တောင်းပေးနိုင်မည်နည်း ?

- မိမိနှင့်တွဲထားသူနှင့်အတူ ဆုတောင်းပါ။

---

# လေ့လာသင်ကြားခြင်း

## ဓါတ်ဆီပြတ်ခြင်း ၈၉

"မော်တော်ဆိုင်ကယ်တစ်စီးကို ဓါတ်ဆီမဖြည့်ဘဲ နေရာတိုင်းသို့ ကျွန်ုပ်တွန်းယူ သွားနေပါက သင်မည်သို့ထင်မည်နည်း?"

- အကူတစ်ယောက်ခေါ်ပါ။ သူသည် သင်၏မော်တော်ဆိုင်ကယ်အဖြစ် ကူညီစေပါ။ မော်တော်ဆိုင်ကယ်ကို အလုပ်သို့၊ ကျောင်းသို့၊ ဈေးသို့ သူငယ်ချင်းများထံ သွားလည်ရန်တွန်းယူပါ။ သူငယ်ချင်းများက သင်နှင့်အတူ စီးခွင့်တောင်းသည်။ သူတို့ကိုလည်းလိုက်ပါစေ၍ တွန်းသွားပါ။ မည်မျှပင်ပန်းကြောင်း ပေါ်လွင်စေရန် သရုပ်ဆောင်ပါ။

"မဟုတ်သေးပါ။ မော်တော်ဆိုင်ကယ်ထဲသို့ ဓါတ်ဆီထည့်ပြီး သွားခိုင်းခြင်းသည် ပို၍ကောင်းပြီး ကျန်သောအလုပ်များကို ပို၍လွယ်ကူစွာ လုပ်နိုင်မည်ဖြစ်သည်။"

- မော်တော်ဆိုင်ကယ်ကို စက်နှိုးရန် သော့တံကိုလှည့်၍ ခြေနင်းကိုနင်းလိုက်ပါ။ မော်တော်ဆိုင်ကယ် စက်သံထွက်လာပါစေ။
- စက်သံရပ်သွားပါက မော်တော်ဆိုင်ကယ်ကို ပြင်ဆင်သည့်ပုံပြုလုပ်ပါ၊ ပထမအကြိမ်ကပြုခဲ့သည့်အတိုင်း အားလုံးလုပ်ပါ။ သို့သော် ယခုအခါတွင် မော်တော်ဆိုင်ကယ်ကို တွန်းနေစရာမလိုတော့ပါ။ သင်၏မိတ်ဆွေက လိုက်ပါရန်တောင်းဆိုသောအခါတွင်လည်း "လာပါ၊ပြဿနာမရှိတော့ပါ၊ အခုကျွန်ုပ်မှာ အစွမ်းများစွာရှိသည်" ဟုပြော၍ မော်တော်ဆိုင်ကယ်ပေါ် တင်သွားပါ"
  မော်တော်ဆိုင်ကယ်သည် ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာအသက်တာနှင့် တူပါသည်။ လူများစွာသည် သူတို့၏ဝိညာဉ်ရေးရာအသက်တာကို ကိုယ့်ခွန်အားအပေါ် အမှီပြု၍ အားပြုတွန်းသွားနေကြသည်။ ရလဒ်အနေနှင့် သူတို့၏ခရစ်ယာန် အသက်ရှင်ခြင်းသည် ခက်ခဲပင်ပန်းလာပြီး နောက်ဆုံးသူတို့လက်မြှောက် အရှုံးပေးကြသည်။ အချို့သောသူများသည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုတန်ခိုးပေး၍ ဘုရားသခင်စေခိုင်းသမျှ လုပ်နိုင်မည်ဖြစ်သည်။"

## ပြန်လည်လေ့လာခြင်း

သင်ခန်းစာတိုင်းအား ပြန်လည်လေ့ကျင့်ခြင်းဖြင့် အစပြုထားသည်။ သင်တန်းသားတိုင်း သင်ကြားခဲ့ပြီးသောသင်ခန်းစာများအား မတ်တတ်ရပ်ကာ ပြန်လည်လေ့ကျင့်ရန်ဖြစ်သည်။ လက်ဟန်အမူအရာများဖြင့် ပြန်လည်လေ့ကျင့်ရန် အထူးဂရုပြုပါ။

**သခင်ယေရှု နောက်သို့လိုက်လျှောက်ရန် အထောက်အကူဖြစ်စေသည့် ပုံရိပ်(၈)မျိုးကား အဘယ်နည်း?**

စစ်သား၊ ရှာဖွေသူ၊ သိုးထိန်း၊ မျိုးကြဲသူ၊ သား/သမီး၊ သန့်ရှင်းသူ၊ အစေခံနှင့် ဘဏ္ဍာထိန်း

ဆုတောင်းပါ

ဘဏ္ဍာထိန်းတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?
လူသားများအတွက် ဘုရားသခင်၏ ပထမဆုံးမိန့်မှာချက်မှာ အဘယ်နည်း?
လူသားများအတွက် သခင်ယေရှု၏ နောက်ဆုံးမိန့်မှာချက်ကား အဘယ်နည်း?
ကျွန်ုပ်လည်း မည်သို့သောအားဖြင့် ဝိညာဉ်အသီးသီးပြီး တိုးပွားနိုင်မလဲ?
ဣသရေလတိုင်းပြည်တွင်ရှိသော ပင်လယ်နှစ်ခုကား အဘယ်နည်း ?
ပင်လယ်နှစ်ခုကား အဘယ်ကြောင့် လွန်စွာခြားနားရသနည်း ?
သင်သည် မည်သည့်ပင်လယ်ကဲ့သို့ ဖြစ်ချင်ပါသနည်း ?

ချစ်ပါ

သိုးထိန်းတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?
အခြားသောသူများအား သွန်သင်ရမည့်အရေးကြီးဆုံးသော မိန့်မှာချက်ကား အဘယ်နည်း?
ချစ်ခြင်းမေတ္တာသည် မည်သည့်နေရာမှ လာသနည်း?
ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်းကား အဘယ်နည်း?
ကျွန်ုပ်တို့ အဘယ်ကြောင့် ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်း လုပ်ဆောင်ရမည်နည်း?
ရိုးစင်းစွာဝတ်ပြုကိုးကွယ်ရန် လူမည်မျှလိုအပ်သနည်း?

ဆုတောင်းပါ

သန့်ရှင်းသူတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?
ကျွန်ုပ်တို့ မည်သို့ ဆုတောင်းရမည်နည်း?
ကျွန်ုပ်တို့အား ဘုရားသခင်မည်ကဲ့သို့ အဖြေပေးမည်နည်း?
ဘုရားသခင်၏ ဖုန်းနံပါတ်ကား အဘယ်နည်း?

နာခံပါ

အစေခံတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကားအဘယ်နည်း?
ကမ္ဘာလောကတွင် အမြင့်ဆုံးအာဏာရှိသူမှာ မည်သူနည်း?

သခင်ယေရှုသည် ယုံကြည်သူတိုင်းကိုပေးထားသော မိန့်မှာချက်(၄)ခုကား အဘယ်နည်း?
ကျွန်ုပ်တို့သခင်ယေရှုအား မည်ကဲ့သို့နာခံရမည်နည်း?
သခင်ယေရှုသည် ယုံကြည်သူတိုင်းအား မည်သည့်ဂတိတော်ပေးခဲ့သနည်း?

## သခင်ယေရှုအား မည်ကဲ့သို့တွေ့ရသနည်း?

-- မဿဲ ၃ း ၁၆-၁၇ --ယေရှုသည် ဗတ္တိဇံကိုခံတော်မူပြီးလျှင် ရေမှပေါ်ထစဉ်တွင် ကောင်းကင်ဖွင့်လှစ်သဖြင့်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ဆင်းသက်၍ ကိုယ်တော်အပေါ်၌ နားတော်မူသည်ကိုမြင်ရ၍ ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်းဟု ကောင်းကင်ကအသံတော်ဖြစ်လေ၏။

"ယေရှုသည်သားတော်ဖြစ်သည်။ သခင်ယေရှုနှင့်ပတ်သက်၍ အကောင်းဆုံးဖော်ပြချက်မှာ သူသည်ဘုရားသခင်၏သားတော်ဖြစ်ခြင်းပင်ဖြစ်သည်။ သခင်ယေရှုသာလျှင် ထာဝရဘုရားအား "အဘ"ဟု ပထမဦးဆုံး ခေါ်ဆိုထားသည်။ ယခုသူ၏ရှင်ပြန်ထမြောက်မှုကြောင့် ကျွန်ုပ်တို့ဘုရားသခင်၏ မိသားစုဝင် ဖြစ်ခွင့်ရသည်။"

သား/သမီး၊

✋ "စားသောက်သည့်ပုံ ပြုလုပ်ပါ ၊သားများ ပိုစားတတ်သည်။"

## သားတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

-- ယောဟန် ၁၇ း ၄ ၊ ၁၈-၂၁ -(ယေရှုက...) အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်ကိုဘုန်းထင်ရှားစေပါပြီ။ အကျွန်ုပ်ဆောင်ရွက်စရာဘို့ အကျွန်ုပ်၌ အပ်ပေးတော်မူသောအမှုကို အကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ။

ကိုယ်တော်သည်အကျွန်ုပ်ကို ဤလောကသို့ စေလွှတ်တော်မူသည်နည်းတူ၊ အကျွန်ုပ်သည် ဤသူတို့ကို စေလွှတ်ပါ၏။ သမ္မာတရားအားဖြင့် သူတို့ကို သန့်ရှင်းစေမည်အကြောင်း၊ အကျွန်ုပ်သည် သူတို့အဘို့အလိုငှါကိုယ်ကိုသန့်ရှင်းစေပါ၏။ ထိုသူတို့အဘို့ကိုသာ အကျွန်ုပ်ဆုတောင်းသည်မဟုတ်ပါ၊ သူတို့ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကို ယုံကြည်သောသူတို့အဘို့ကိုလည်း ဆုတောင်းပါ၏။ ကိုယ်တော်သည် အကျွန်ုပ်ကို စေလွှတ်တော်မူသည်ကို လောကီသားတို့သည်ယုံကြမည်အကြောင်း ထိုသူအပေါင်းတို့သည် တလုံးတဝ တည်းဖြစ်လျက်၊ အဘ၊ ကိုယ်တော်သည်အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့၊ ထိုသူအပေါင်းတို့သည် ငါတို့၌တလုံးတဝတည်းဖြစ်စေခြင်းငှါ ဆုတောင်းပါ၏။

၁။ သားတစ်ဦးသည် သူ၏ဖခင်ကို ရိုသေဂုဏ်ပြုသည်။

"သခင်ယေရှုသည် မြေကြီးပေါ်တွင်အသက်ရှင် စဉ်ခမည်းတော်၏ဘုန်းကြီးခြင်း ၊ ဂုဏ်ပြုခြင်းကို ဖော်ဆောင်ခဲ့ပါသည်။"

၂။ သားတစ်ဦးသည် သူ၏မိသားစုတွင် ညီညွတ်မှုလိုချင်သည်။

“သခင်ယေရှုသည် ခမည်းတော်ဘုရားနှင့် တလုံးတဝတည်းရှိသကဲ့သို့ သူ့နောက်လိုက်များကိုလည်း ညီညွတ်မှုရှိရန် အလိုရှိသည်။”

၃။ သားတစ်ဦးသည် သူ၏မိသားစုကို အောင်မြင်ရန်အလိုရှိသည်။

“ခမည်းတော်ဘုရားသည်သခင်ယေရှုအား ဤလောကကိုအောင်ရန်စေလွှတ်သကဲ့သို့ သခင်ယေရှုသည်လည်း ကျွန်ုပ်တို့အားအောင်မြင်ရန် ရွေးချယ်စေလွှတ်ထားသည်။”

“ယေရှုသည်သားတော်ဖြစ်၍ ကျွန်ုပ်တို့အထဲတွင် အသက်ရှင်နေသည်။ ကျွန်ုပ်တို့သည် သူ့နောက်လိုက်သောအခါ သူ၏သား/သမီး ဖြစ်ခွင့်ရသည်။ ကျွန်ုပ်တို့၏ကောင်းကင်ဘုံရှင်အဖကိုဂုဏ်ပြုရမည်။ ဘုရားသခင်၏မိသားစုတွင် ညီညွတ်လိုသောဆန္ဒရှိရမည်။ ဘုရားသခင်၏နိုင်ငံတော်၌ အောင်မြင်မှုရရှိရန် ကြိုးစားလုပ်ဆောင်ရမည်။”

## သခင်ယေရှု၏အမှုတော်သည် အဘယ့်ကြောင့် အောင်မြင်ခဲ့သနည်း?

-- လုကာ ၄ း ၁၄ -- ယေရှုသည် ဝိညာဉ်တော်တန်ခိုးနှင့် ဂါလိလဲပြည်သို့ ပြန်၍၊ သိတင်းတော်သည် ပတ်ဝန်းကျင်အရပ်တို့၌ အနှံ့အပြား ကျော်စောလေ၏။ တရားစရပ်တို့၌ ဆုံးမသြဝါဒပေးတော်မူ၍၊

## သခင်ယေရှုကားတိုင်ပေါ်မတက်မီ ယုံကြည်သူတိုင်းအား သန့်ရှင်းသောဝိညာဉ်တော်အကြောင်း မည်သို့ဂတိပေးခဲ့သနည်း?

-- ယောဟန် ၁၄ း ၁၆ – ၁၈ --ခမည်းတော်သည် သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော တပါးသောဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူအစဉ်မပြတ်တည် နေစေခြင်းငှါ သင်တို့အားပေးတော်မူမည်။ ထိုဝိညာဉ်တော်ကို လောကီသားတို့သည် မသိမမြင်သောကြောင့် မခံမယူနိုင်ကြ။ ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူတည်နေ၍၊ သင်တို့၌ရှိတော်မူသောကြောင့် သင်တို့သိရကြ၏။ ငါသည် သင်တို့ကိုမိဘမဲ့ဖြစ်စေခြင်းငှါ စွန့်ပစ်မည်မဟုတ်။ သင်တို့ဆီသို့ လာဦးမည်။

၁။ သူသည်ကျွန်ုပ်တို့ကို သန့်ရှင်းသောဝိညာဉ်တော်ကို ပေးမည်။

၂။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့နှင့်အတူအစဉ်အမြဲရှိလိမ့်မည်။

၃။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ရှိလိမ့်မည်။

၄။ သခင်ယေရှုသည် ကျွန်ုပ်တို့ကို မိဘမဲ့ဖြစ်စေခြင်းငှါ၊ စွန့်ပစ်မည်မဟုတ်။

"သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွင်း၌ အသက်ရှင်နေသောကြောင့် သူ၏မိသားစုဝင်ဖြစ်ရ၏"

## သခင်ယေရှုရှင်ပြန်ထမြောက်ပြီးနောက် ယုံကြည်သူတိုင်းအား သန့်ရှင်းသောဝိညာဉ်တော်အကြောင်း မည်သို့ဂတိပေးခဲ့သနည်း?

-- တမန် ၁ း ၈ --ထိုသို့မရှိသော်လည်း၊ သင်တို့အပေါ်သို့သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်သောအခါ သင်တို့သည်တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒ ပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေ ဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။

"သန့်ရှင်းသောဝိညာဉ်တော် ကျွန်ုပ်တို့အပေါ်သို့ သက်ရောက်သောအခါ တန်ခိုးကို ပေးလိမ့်မည်"

## သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်၍ နာခံရန် မိန့်မှာချက်(၄)ချက်မှာ အဘယ်နည်း?

-- ဂလာတိ ၅ း ၁၆ --ငါပညတ်သည်ကား၊ ဝိညာဉ်ပကတိအတိုင်းကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏ အလိုသို့ မလိုက်ဘဲနေကြလိမ့်မည်။

### ဝိညာဉ်တော်ဖြင့် လျှောက်လှမ်းပါ၊

- ကူညီမည့်သူတစ်ဦးကို ရွေးချယ်ပါ။ ယောကျာ်း (သို့)မိန်းမ အတွဲတစ်တွဲစီ ဖြစ်သင့်သည်။ ရော၍မဖြစ်သင့်ပါ၊ ယဉ်ကျေးမှုအရ ပြဿနာမရှိလျှင် တွဲ၍ ပြုလုပ်နိုင်သည်။

  "ကျွန်ုပ်နှင့် ကျွန်ုပ်အတွဲသည် ဘုရားသခင်၏ ဝိညာဉ်တော်နှင့် အတူလျှောက်လှမ်း အသက်ရှင်ခြင်းအကြောင်း သမ္မာတရား အချို့ကို ပြသမည် ဖြစ်ပါသည်။ ဤ သရုပ်ပြပွဲတွင် ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်တိုင်အဖြစ်သရုပ်ဆောင်ပြီး ကျွန်ုပ်မိတ်ဆွေသည် သန့်ရှင်းသောဝိညာဉ်တော်အဖြစ် သရုပ်ဆောင်ပါမည်။"

- သင်၏အပေါင်းအပါနှင့်အတူ "ဝိညာဉ်တော်နှင့်အတူ လျှောက်လှမ်းအသက်ရှင်ခြင်း"ကို သရုပ်ဆောင်ပြပါ။ သင်နှင့် သင့်သူငယ်ချင်းသည် လက်ချင်းချိတ်လျှက် ပခုံးချင်းဖက်လျှက် စကားပြောနေကြပုံလုပ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် တစ်နေရာရာသို့သွားစေချင်သောအခါ သူ/သူမ နှင့်အတူ သွားပါ။ တစ်ခါတစ်ရံတွင် သန့်ရှင်းသောဝိညာဉ်တော် သွားစေချင်သောနေရာမှ ဆန့်ကျင်ဖက်နေရာသို့သွားပုံပြုပါ။ သို့သော်သင်၏မိတ်ဆွေနှင့်အတူလက်ခြင်းချိတ်နေပါ။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းသောဝိညာဉ်တော်သည် မည်သည့်အခါမှ ကျွန်ုပ်တို့ကို စွန့်ပစ်မထားသောကြောင့်ဖြစ်သည်။ သူကတစ်ဖက်သို့သွားသောအခါ သင်သည် တစ်ခြားတစ်ဖက်သို့သွားသောကြောင့် ရုန်းကန်ခက်ခဲမှုများဖြစ်နေမည်။

"ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော် စေခိုင်းသည့်အတိုင်းသာ လျှောက်လှမ်းသင့်သည်။ ကျွန်ုပ်တို့သဘောအတိုင်း မဟုတ်ရပါ။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သဘောအတိုင်းသွားချင်ကြသည်။ ၄င်းသည် ဝိညာဉ်ရေးရာပြဿနာကို တွေ့ကြုံစေပြီး နှလုံးသားထဲ၌ ကြီးမားသော ပဋိပက္ခကို ဖြစ်စေပါသည်။"

ဝိညာဉ်တော်ဖြင့် လျှောက်လှမ်းပါ။

"လက်နှစ်ဖက်မှ လက်ချောင်းများဖြင့် လမ်းလျှောက်ပုံလုပ်ပါ။"

-- ဧဖက် ၄ း ၃၀ --ရွေးနှုတ်ခြင်း နေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ်ခတ်တော်မူသောဘုရားသခင်၏သန့်ရှင်းသော ဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။

## ဝိညာဉ်တော်ကို စိတ်မနာစေနှင့်၊

"သမ္မာကျမ်းစာတွင် ဝိညာဉ်တော်ကို စိတ်မနာစေရန် ဖော်ပြထားသည်။ ဝိညာဉ်တော်တွင် ခံစားမှုရှိသည်။ ကျွန်ုပ်တို့လုပ်ရပ်သည် သူ့ကိုဝမ်းနည်းစေနိုင်သည်"

- သန့်ရှင်းသောဝိညာဉ်တော် (သင်၏အတွဲ)နှင့် အနီးတဝိုက် လမ်းလျှောက်ပါ။ သင့်အဖွဲ့ထဲမှ တစ်ယောက်အကြောင်းကို အတင်းပြောပုံပြုပါ။ ထိုသို့ပြုသောအခါ သန့်ရှင်းသောဝိညာဉ်တော် စတင်ဝမ်းနည်းမည်။ အခြားတစ်ယောက်နှင့် ရန်ဖြစ်သည့်ပုံ ဟန်ဆောင်ပါ။ ထိုအခါ သန့်ရှင်းသောဝိညာဉ်တော် တစ်ဖန် ဝမ်းနည်းမည်။

"သင်၏အသက်ရှင်မှုကို သတိပြုပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အထဲ၌ ရှိ၍ ဝမ်းနည်းတတ်သည်။ ကျွန်ုပ်တို့၏လုပ်ဆောင်မှု (သို့) ပြောဆိုမှုအား ဖြင့်ဝိညာဉ်တော်ကို ဝမ်းနည်းစေတတ်သည်။"

ဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။

"မျက်စိကိုပွတ်၍ ငိုနေသဏ္ဌာန်ပြုပြီး မှားသည်ဟု အချက်ပြသည့်အနေနှင့် ခေါင်းခါပါ။"

-- ဧဖက် ၅ း ၁၈ --လွန်ကျူးစေတတ်သော စပျစ်ရည်နှင့် ယစ်မူးခြင်းကို ရှောင်၍ ဝိညာဉ်တော်နှင့် ပြည့်စုံလျက်ရှိကြလော့။

## ဝိညာဉ်တော်နှင့် ပြည့်ဝစေကြလော့၊

"သမ္မာကျမ်းစာတွင် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စေရန်ဖော်ပြထားသည်၊ကျွန်ုပ်တို့ အသက်ရှင်မှုကဏ္ဍအသီးသီး၌ သန့်ရှင်းသောဝိညာဉ်တော် လိုအပ်ပေသည်။ တစ်နေ့တာ၏ အချိန်ဇယားတိုင်း၌ ဝိညာဉ်တော်လိုအပ်သည်။

"ကျွန်ုပ်တို့ ခရစ်တော်ကိုရရှိသောအခါ မြေကြီးပေါ်၌ အသက်တာတစ်လျှောက်လုံးတွင် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝနေမည်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော် ပို၍ရတို့ဆိုသည်မှာ မဖြစ်နိုင်ပါ။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ 'ပို'၍ လုပ်ဆောင်နိုင်ပါတယ်။ ကျွန်ုပ်တို့အသက်တာ ပမာဏမည်မျှ၌ ဝိညာဉ်တော်နှင့် ပြည့်စေမလဲဆိုသည်ကို ရွေးချယ်ရမည်ဖြစ်ပေသည်။ ကျွန်ုပ်တို့ အသက်တာ ကဏ္ဍအသီးသီး၌ ဝိညာဉ်တော်နှင့် ပြည့်ဝနေရန် မိန့်မှာထားပါသည်။"

ဝိညာဉ်တော်နှင့် ပြည့်ဝစေပါ။

"လက်နှစ်ဖက်ဖြင့် ခေါင်းမှ ခြေထောက်သို့ တစ်စုံတစ်ခု စွတ်လိုက်ပုံ သဏ္ဍာန် ပြုလုပ်ပါ။"

-- ၁ သက် ၅ း ၁၉ --ဝိညာဉ်တော်၏အရှိန်ကို အငြိမ်းစေကြနှင့်။

## ဝိညာဉ်တော်၏အရှိန်ကို မငြိမ်းစေကြနှင့်။

"သမ္မာကျမ်းစာမှ ဝိညာဉ်တော်၏အရှိန်ကို မငြိမ်းစေကြနှင့်ဟု ဖော်ပြထားသည်။ ၄င်းသည် ကျွန်ုပ်တို့အသက်တာ၌ ဝိညာဉ်တော်၏လုပ်ဆောင်မှုကို မရပ်စေသင့်ကြောင်း ဆိုလိုပါသည်။"

- သင်၏အတွဲ (ဝိညာဉ်တော်အဖြစ်သရုပ်ဆောင်သူ)နှင့် လမ်းလျှောက်ယင်း သန့်ရှင်းသောဝိညာဉ်တော်သည် အဖွဲ့ထဲမှတစ်ဦးကိုသက်သေခံရန်အလိုရှိကြောင်းအဖွဲ့အားပြောပါ။ သို့သော်သင်သည် သက်သေခံရန်ငြင်းပယ်ပုံပြုပါ။ အကြောင်းပြပါ။ ထို့နောက်သင်သွားလိုရာသွားပါ။ တစ်ဖန်သန့်ရှင်းသောဝိ ညာဉ်တော်သည် ဖျားနာသူတစ်ဦးအတွက် ဆုတောင်းခိုင်းသည်။ သို့ရာတွင်သင်ငြင်းပယ်သည်။ သင်ခွင့်တောင်း၍ အခြားတစ်ဖက်သို့ ထွက်သွားပုံပြုပါ။

"ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ အကြောင်းပြချက်များဖြင့် ခွင့်တောင်းကာ၊ ဘုရားသခင် လုပ်ဆောင်နေမှုများကို အတားအဆီးဖြစ်စေကြသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်မှုကို လိုက်နာရမည့်အစား ကျွန်ုပ်တို့ လုပ်ချင်သောအရာကို လုပ်တတ်ကြသည်။ ကျွန်ုပ်တို့မလုပ်ခြင်း မပြောခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်အရှိန်ကိုငြိမ်းစေနိုင်သည်။ ကျွန်ုပ်တို့အသက်ရှင်မှုက သန့်ရှင်းသောဝိညာဉ်တော်မီးကို ငြိမ်းသတ်သကဲ့သို့ ဖြစ်နေသည်။"

ဝိညာဉ်တော်၏အရှိန်ကို မငြိမ်းစေကြနှင့်။

"ညာဖက်လက်ညှိုးကို ဖယောင်းတိုင်ကဲ့သို့ထောင်၍ ဖယောင်းတိုင်ကို မှုတ်နေသကဲ့သို့ပြုပါ။ ခေါင်းမှ"မှားသည်ဟု အချက်ပြအနေနှင့်ခေါင်းခါပါ"

## အလွတ်ကျက်မှတ်ရန်ကျမ်းပိုဒ်

-- ယောဟန် ၇ း ၃၈ --ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည်အတိုင်း အသက်ရေတွက်ရာ စမ်းရေတွင်း ဖြစ်လိမ့်မည် ဟု မိန့်တော်မူ၏။

- အားလုံးမတ်တပ်ရပ်၍ ဤကျမ်းပိုဒ်ကို (၁၀)ကြိမ် အတူတကွကျက်မှတ်ရန်ဖြစ်သည်။ ပထမ (၆)ကြိမ်တွင် သင်တန်းသားများသည် ကျမ်းစာအုပ် (သို့)မှတ်စုကို ကြည့်၍ ကျက်မှတ်ပြီး ကျန် (၄)ကြိမ်ကို အလွတ်ကျက်မှတ်ရန်ဖြစ်သည်။ ကျမ်းစာကျက်မှတ်သည့်အခေါက်တိုင်း ကျမ်းညွှန်းကို အရင်ထည့်၍ကျက်ရန်နှင့် ပြီးသွားသောသူတိုင်းကို ထိုင်စေပါ။
- ဤသို့ပြုလုပ်စေခြင်းဖြင့် လက်တွေ့လုပ်ဆောင်ရာတွင် မည်သူကပြီးသည်၊ မပြီးသည်ကို အလွယ်တကူသိမှတ်နိုင်သည်။

# လက်တွေ့လေ့ကျင့်လုပ်ဆောင်ခြင်း

- ယခုသင်ခန်းစာ၌ နှစ်ယောက်တစ်တွဲအတူ ဆုတောင်းခဲ့သူအချင်းချင်း မျက်နှာချင်းဆိုင်ထိုင်ခိုင်းပါ။ ပြီးနောက် အချင်းချင်းအပြန်အလှန် တစ်လှည့်စီ သင်ကြား လေ့ကျင့်ဖို့ရန်ဖြစ်သည်။

  “နှစ်ယောက်တစ်တွဲတွင် ***အဝေးဆုံးနေရာမှလာတက်သူမှ*** စတင်သင်ကြားပေးရန် ဖြစ်သည်။”

- စာမျက်နှာ(၂၄)တွင် ပါဝင်သောသင်တန်း၏ သင်ကြားမှုနည်းစနစ်အတိုင်း လုပ်ဆောင်ခိုင်းပါ။
- သင်တန်းသားများသည်သင်ကြားလေ့လာခြင်းတွင် သင်တန်းမှူးသင်ကြားသွားသည့်အတိုင်း တစ်ပုံစံတည်း လေ့ကျင့်သင်ကြားစေပါ။

  “သင်တန်းမှူးသင်ကြားသွားသည့်အတိုင်း ပထမဦးဆုံး မေးခွန်းမေးခြင်း၊ သမ္မာကျမ်းစာ အတူတကွဖတ်ခြင်း၊ အဖြေရှာခြင်းတို့ကို လက်နှင့်အမူအရာလုပ်ကာ တဆင့်ပြီးတဆင့် လုပ်ဆောင်ရကြောင်း ရှင်းပြပါ။”

- နှစ်ဦးစလုံးသင်ကြားလေ့ကျင့်ပြီးပါက နောက်ထပ်အတွဲသစ်တွဲပြီး နောက်တစ်ကြိမ် လေ့ကျင့်စေပါ။ လေ့ကျင့်ပြီးသွားပါက သင်တန်းသားအားလုံးကို ဤသင်
- တန်းပြီးဆုံးသွားသောအခါ ဤသင်ခန်းစာကို မည်သူအားသင်ကြားပေးမလဲဟု မေးပါ။

  အားလုံးကိုစဉ်းစားစေပြီး၊ သင်ပေးလိုသူ၏အမည်ကို ဤသင်ခန်းစာ၏ ပထမစာမျက်နှာထိပ်တွင် ရေးမှတ်ထားစေပါ။”

# အဆုံးသတ်ခြင်း

"ဤအပိုင်းသည် အမှုဆောင်ခြင်းအတွက် အလွန်အဓိပ္ပါယ်ရှိသောအချိန်ဖြစ်ပါသည်။ အချိန်မလောက်ပါက နောက်သင်ခန်းစာ၏ ပထမ အစတွင် ဤအစီအစဉ်ကိုထားပါ။ ညနေ ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ် ရှိပါကလည်း ဤအပိုင်းကိုအသုံးပြုနိုင်သည်။"

## သခင်ယေရှုဒီမှာရှိသည်။ 🙏

-- ဟေဗြဲ ၁၃ း ၈ -- ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲ နေတော်မူ၏။

-- မဿဲ ၁၅ း ၃၀ – ၃၁ -- များစွာသောလူအပေါင်းတို့သည် ခြေမစွမ်း၊ မျက်စိကန်း၊ စကားအ၊ အင်္ဂါချို့တဲ့သောသူမှစ၍ အခြားသော အနာရောဂါစွဲသောသူများကို ဆောင်ခဲ့လျက် အထံတော်သို့ရောက်လာ၍ ခြေတော်ရင်း၌ ချထားကြ၏။ အနာရောဂါများကို ငြိမ်းစေတော်မူသဖြင့်၊ အသောသူသည်စကားပြောသည်ကိုင်၊ ချို့တဲ့သောသူသည် ပကတိဖြစ်သည်ကိုင်၊ ခြေမစွမ်းသောသူသည်လှမ်းသွားသည်ကိုင်၊ မျက်စိကန်း သောသူသည်မြင်ရသည်ကိုင်၊ လူအစုအဝေးတို့သည်မြင်လျှင် အံ့သြခြင်းသို့ရောက်၍ ဣသရေလအမျိုး၏ ဘုရားသခင်ဂုဏ်တော်ကို ချီးမွမ်းကြ၏။

-- ယောဟန် ၁၀ း ၁၀ --သူခိုးသည်ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှါသာလာတတ်၏။ ငါမူကား၊ သိုးတို့သည် အသက်လွတ်ရုံမျှမက အထူးသဖြင့်အသက်နှင့်ပြည့်စုံစေခြင်းငှါ လာသတည်း။

"ဟေဗြဲ ၁၃း၈ တွင် သခင်ယေရှုသည် မနေ့၊ ယနေ့၊ နောင်ကာလ၊ မပြောင်းလဲ၊ အတူတူပင်ဖြစ်ကြောင်း ဖော်ပြထားသည်။"

"မဿဲ ၁၅း၃၀ တွင် သခင်ယေရှုသည် လူများစွာ၏ခြားနားသော ပြဿနာမျိုးစုံကို ကုသပေးခဲ့သည်။"

"ယောဟန်၁၀း၁၀တွင် ပြောထားသည်မှာ စာတန်သည် ခိုးရန် သတ်ရန် ဖျက်ဆီးရန် လာသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အား ကြွယ်ဝသောအသက်တာပေးရန် လောကသို့ကြွလာသည်။"

"ယေရှုသည် ကျွန်ုပ်တို့နှင့်အတူ ယခုရှိနေကြောင်းသိရသည်။ သင့်အသက်တာတွင် သခင်ယေရှု၏ ကုသမှုခံယူရန် လိုအပ်နေသောအပိုင်းရှိခဲ့လျှင် မဿဲ၁၅း၃၀ တွင် ကုသပေးသကဲ့သို့ ယခုလည်း ကုသပေးလိုသည်။ စာတန်သည် သင့်အား သတ်ရန် သင့်ထံမှခိုးယူရန် အလိုရှိသည်။ ယေရှုသည်သင့်ကို ကြွယ်ဝပြည့်စုံသောအသက်တာ ပေးလိုပါသည်။"

မသဲ ၁၅း၃၀ ထဲမှ တစ်စုံတစ်ဦးကဲ့သို့ပင် သင်သည် ဝိညာဉ်တော်အားဖြင့် လွတ်မြောက်ခြင်းရနိုင်ပါသည်။"သင်သည် ယေရှုနှင့် လျှောက်လှမ်းမှု အားကြီးပါသလား (သို့)စာတန်က သင့်ကို မစွမ်းမသန် ဖြစ်စေထားပါသလား?"

ခြေထောက်ထော့နဲ့ပုံပြုပြီးသွားလာပြပါ။

"ယေရှု ဒီမှာရှိနေတယ်၊ သူ့ကိုတောင်းပါ။ သူသည် ကုသပေးပါလိမ့်မည်။ ထို့အခါ သင်သည် သခင်ယေရှုနှင့်အတူ ပြန်လည်လျှောက်လှမ်းနိုင်ပေမည်။"

"ဘုရားသခင်အလုပ်လုပ်နေသောနေရာကို သင်တွေ့မြင်ပါသလား? (သို့)စာတန်ကသင်၏မျက်စိကိုမမြင်ရအောင်ကွယ်ထားပြီး စိတ်ဓါတ်ကျထားစေပါသလား?"

မျက်စိကို လက်ဖြင့်ဖုံးထားပါ။

"ယေရှုဒီမှာရှိနေတယ်၊ သူ့ကိုတောင်းပါ။ သူသည် ကုသပေးပါလိမ့်မည်။ ထို့ကြောင့် သူအလုပ်လုပ်သည့်နေရာကို သင်သည် တစ်ဖန် ပြန်မြင်ရပါလိမ့်မည်။"

"သင့်အနားရှိသူများကို ယေရှု၏သတင်းကောင်း ဝေမျှနေပါသလား၊(သို့) သင်ဆွံ့အနေပါသလား?"

ပါးစပ်ကို လက်ဖြင့်ပိတ်ထားပါ။

"ယေရှုဒီမှာရှိနေတယ်၊ သူ့ကိုတောင်းပါ။ သူသည် ကုသပေးပါလိမ့်မည်။ ထိုအခါ သင်သည် သူ့အကြောင်းကို ရဲရင့်စွာ တစ်ဖန် ပြောနိုင်ပါလိမ့်မည်။"

"သင်သည် အခြားသူများကို ကူညီနေပါသလား (သို့)သင်မပေးနိုင်၊ မကူညီနိုင်အောင် စာတန်တိုက်ခိုက်နေပါသလား?

လက်ကျိုး၍ ပတ်တီးစည်းကာ နာကျင်ဟန်ပြပါ။

"ယေရှုဒီမှာရှိနေတယ်၊ သူ့ကိုတောင်းပါ။ သူသည်ကုသပေးပါလိမ့်မည်။ အတိတ်ကို နောက်တွင်ထား၍ သူနှင့် ပြန်လည်အသက်ရှင် လျှောက်လှမ်းနိုင်လိမ့်မည်။"

"သင့်အသက်တာတွင် စိတ်နှလုံးအပြည့်အဝဖြင့် ယေရှုနောက် အစဉ်မလိုက်နိုင်ရန် တားဆီးထားသော ပြဿနာများ ရှိပါသလား၊?"

မည်သည့်ရောဂါစွဲကပ်နေပါစေ ယေရှုသည် ယခု ဤနေရာတွင်ရှိနေသည်။ သင့်ကို ကုသပေးနိုင်သည်။ သခင်ယေရှုကိုခေါ်ပါ။ သူ့ကို ကုသခွင့်ပေးခြင်းအားဖြင့် ဘုရားသခင်ဘုန်းတော် ထင်ရှားစေပါ။

- အတွဲများကို တစ်ယောက်နှင့်တစ်ယောက် အချင်းချင်း ဆုတောင်းစေပါ။ စိတ်နှလုံးအကြွင်းမဲ့နှင့် ခရစ်တော်နောက်လိုက်ခြင်းမှ ကွာဝေးစေသောအရာများကို ကုသမှုရရန် ဆုတောင်းပေးပါ။

# အခန်း–၇

# သွားပါ

**သွား**ပါတွင် ခရစ်တော်အား ရှာဖွေသူတစ်ဦးအဖြစ်မိတ်ဆက်ပေးပါ။ ရှာဖွေသူများသည် အခွင့်အရေးအသစ်များ၊ ပျောက်ဆုံးသောသူများနှင့် နေရာသစ်တို့ကို ရှာဖွေပါသည်။ ခရစ်တော်ဘုရား မည်သည့်နေရာသို့သွား၍ အဘယ်ကဲ့သို့အမှုတော်ဆောင်ခဲ့သနည်း?သူ့စိတ်ဆန္ဒအတိုင်း မလုပ်ဘဲ ဘုရားသခင်အလုပ်လုပ်သောနေရာကို ရှာဖွေလျှက် ဘုရားသခင်နှင့်ပူးပေါင်းကာ ဘုရားသခင်သူ့အားချစ်၍ လုပ်ဆောင်ရမည့်အရာများကို ဖော်ပြမည့်အကြောင်းကိုလည်း သူသိပြီးဖြစ်သည်။ ကျွန်ုပ်တို့လည်း မည်သည့်နေရာတွင် မည်ကဲ့သို့လုပ်ဆောင်မည်နည်း?၊ သခင်ယေရှုပြသကဲ့သို့ပင်ပြုရပေမည်။

ဘုရားသခင် ဘယ်မှာအလုပ်လုပ်နေသနည်း? သူသည် ဆင်းရဲသားများ၊ ကြေကွဲဝမ်းနည်းနေသူများ၊ ချုပ်နှောင်ခံရသူများ၊ ဖျားနာသူများနှင့် နှိပ်စက်ခံရသူများကြားတွင် အလုပ်လုပ်နေပါသည်။ နောက်တစ်နေရာမှာ ကျွန်ုပ်တို့မိသားစုထဲတွင်သူအလုပ်လုပ်နေပါသည်။ ကျွန်ုပ်တို့မိသားစုဝင်အားလုံးကို သူ ကယ်တင်လိုပါသည်။ သင်ယူသူများသည်၊ သူတို့၏ တမန်တော်(၂၉)မြေပုံပေါ်တွင် ဘုရားသခင် အလုပ်လုပ်သည့်နေရာများကို တွေ့မြင်သိရှိလာပေမည်။

---

## ကိုးကွယ်ခြင်း

- တစ်စုံတစ်ယောက်အား ဘုရားသခင်၏ မျက်မှောက်တော်နှင့် ကောင်းကြီးခံစားရရန် ဆုတောင်းစေပါ။
- ဓမ္မသီချင်း(သို့) ချီးမွမ်းသီချင်း နှစ်ပုဒ်အတူတကွသီဆိုစေပါ။

---

## ဆုတောင်းခြင်း

- သင်တန်းသားများအား နှစ်ယောက်တစ်တွဲတွဲစေပါ။ တစ်ခါမျှမတွဲဘူးသေးသောသူများကို တွဲစေပါ။
- သင်တန်းသားတိုင်း မိမိ၏အပေါင်းအပါနှင့်အတူ အောက်ပါမေးခွန်းနှင့် အဖြေများကို မျှဝေခိုင်းပါ။

  ၁။ သင်သိသောမယုံကြည်သူများအား ကယ်တင်ခြင်းရရန် ကျွန်ုပ်တို့မည်သို့ ဆုတောင်းပေးရမည်နည်း ?

၂. မိတ်ဆွေလေ့ကျင့်သင်ကြားပေးနေသည့် အဖွဲ့အတွက် ကျွန်ုပ်တို့မည်သို့ ဆုတောင်းပေးနိုင်မည်နည်း ?

- မိမိနှင့်တွဲထားသူနှင့်အတူ ဆုတောင်းပါ။

# လေ့လာသင်ကြားခြင်း

## ပြန်လည်လေ့လာခြင်း

သင်ခန်းစာတိုင်းအား ပြန်လည်လေ့ကျင့်ခြင်းဖြင့် အစပြုထားသည်။ သင်တန်းသားတိုင်း သင်ကြားခဲ့ပြီးသောသင်ခန်းစာများအား မတ်တတ်ရပ်ကာ ပြန်လည်လေ့ကျင့်ရန်ဖြစ်သည်။ လက်ဟန်အမူအရာများဖြင့် ပြန်လည်လေ့ကျင့်ရန် အထူးဂရုပြုပါ။

**သခင်ယေရှု နောက်သို့လိုက်လျှောက်ရန် အထောက်အကူဖြစ်စေသည့် ပုံရိပ် (၈)မျိုးကား အဘယ်နည်း?**

စစ်သား၊ ရှာဖွေသူ၊ သိုးထိန်း၊ မျိုးကြဲသူ၊ သား/သမီး၊ သန့်ရှင်းသူ၊ အစေခံနှင့် ဘဏ္ဍာထိန်း

ချစ်ပါ

သိုးထိန်းတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

အခြားသောသူများအား သွန်သင်ရမည့် အရေးကြီးဆုံးသော မိန့်မှာချက်ကား အဘယ်နည်း?

ချစ်ခြင်းမေတ္တာသည် မည်သည့်နေရာမှ လာသနည်း?

ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်းကား အဘယ်နည်း?

ကျွန်ုပ်တို့အဘယ်ကြောင့် ရိုးစင်းသော ဝတ်ပြုကိုးကွယ်ခြင်း လုပ်ဆောင်ရမည်နည်း?

ရိုးစင်းစွာဝတ်ပြုကိုးကွယ်ရန် လူမည်မျှလိုအပ်သနည်း?

ဆုတောင်းပါ

သန့်ရှင်းသူတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

ကျွန်ုပ်တို့ မည်သို့ ဆုတောင်းရမည်နည်း?

ကျွန်ုပ်တို့အား ဘုရားသခင်မည်ကဲ့သို့ အဖြေပေးမည်နည်း?

ဘုရားသခင်၏ ဖုန်းနံပါတ်ကား အဘယ်နည်း?

နာခံပါ

အစေခံတစ်ဦး၏လုပ်ဆောင်ချက်သုံးမျိုးကားအဘယ်နည်း?

ကမ္ဘာလောကတွင် အမြင့်ဆုံးအာဏာရှိသူမှာ မည်သူနည်း?

သခင်ယေရှုသည် ယုံကြည်သူတိုင်းကိုပေးထားသော မိန့်မှာချက်(၄)ခု ကား အဘယ်နည်း?

ကျွန်ုပ်တို့သခင်ယေရှုအား မည်ကဲ့သို့နာခံရမည်နည်း?

သခင်ယေရှုသည် ယုံကြည်သူတိုင်းအား မည်သည့်ဂတိတော်ပေးခဲ့သနည်း?

လျှောက်လှမ်းပါ

သားတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

သခင်ယေရှု၏အမှုတော်သည် အဘယ့်ကြောင့်အောင်မြင်ခဲ့သနည်း?

သခင်ယေရှုသည် ကားတိုင်ပေါ်မတက်မီ ယုံကြည်သူတိုင်းအား သန့်ရှင်းသောဝိညာဉ်တော်အကြောင်း မည်ကဲ့သို့ ဂတိပေးခဲ့သနည်း?

သခင်ယေရှု ရှင်ပြန်ထမြောက်ပြီးနောက် ယုံကြည်သူတိုင်းအား သန့်ရှင်းသော ဝိညာဉ်တော်အကြောင်း မည်သို့ဂတိ ပေးခဲ့သနည်း?

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်၍ နာခံရန်မိန့်မှာချက်(၄)ချက်မှာ အဘယ်နည်း?

## သခင်ယေရှုအား မည်ကဲ့သို့ တွေ့ရမည်နည်း?

-- လုကာ ၁၉ း ၁၀ --လူသားသည် ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှါ ကြွလာသတည်းဟု ဇက္ခဲကို မိန့်တော်မူ၏။

"ယေရှုသည် ရှာဖွေသူတစ်ဦးဖြစ်သည်။ သူသည် ပျောက်ဆုံးသူများကို ရှာဖွေခဲ့သည်။ သူ၏အသက်တာတွင် ဘုရားသခင်၏နိုင်ငံတော်နှင့် အလိုတော်ကို ရှေးဦးစွာထား၍ ရှာဖွေခဲ့သည်။"

ရှာဖွေသူ

✋ "မျက်လုံးပေါ်တွင် လက်တင်ပြီးရှေ့/နောက်ရှာဖွေပုံပြုပါ။"

## ရှာဖွေသူတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

-- မာကု ၁ း ၃၇-၃၈ --ကိုယ်တော်ကိုတွေ့လျှင် လူအပေါင်းတို့သည် ကိုယ်တော်ကိုရှာကြပါသည်ဟုလျှောက်ဆို၏။ ကိုယ်တော်ကလည်း ငါသည်နီးစပ်သောမြို့ရွာတို့၌ တရားဟောခြင်းငှါသွားကြကုန်အံ့။ ထိုသို့အလို့ငှါငါကြွလာပြီဟု မိန့်တော်မူ၍၊

၁။ ရှာဖွေသူတစ်ဦးသည် နေရာသစ်များကို ရှာဖွေရန် နှစ်သက်သည်။

၂။ ရှာဖွေသူတစ်ဦးသည် ပျောက်ဆုံးသူများကို ရှာဖွေရန် နှစ်သက်သည်။

၃။ ရှာဖွေသူတစ်ဦးသည်အခွင့်အရေးသစ်များကိုရှာဖွေရန်နှစ်သက်သည်။

"သခင်ယေရှုသည် ရှာဖွေသူတစ်ဦးဖြစ်ပြီး ကျွန်ုပ်တို့အထဲတွင် အသက်ရှင်နေသည်။ သူနောက်လိုက်လျှင် ကျွန်ုပ်တို့လည်း ရှာဖွေသူများဖြစ်လာကြမည်။ "

## သခင်ယေရှုသည် မည်သည့်နေရာတွင်အမှုဆောင်ရန် မည်သို့ဆုံးဖြတ်ခဲ့သနည်း?

-- ယောဟန် ၅ း ၁၉-၂၀ --ယေရှုကလည်း၊ သင်တို့အား ငါအမှန်အကန်ဆိုသည်ကား၊ ခမည်းတော်ပြုတော်မူသောအမှုကို သားတော်သည် မြင်၍သာပြု၏။ မိမိအလိုအလျောက် အဘယ်အမှုကိုမျှမပြုနိုင်၊ ခမည်းတော်ပြုတော်မူသမျှအတိုင်း သားတော်လည်းပြု၏။ ခမည်းတော်သည်သားတော်ကိုချစ်တော်မူ၍ ပြုတော်မူသမျှတို့ကို သားတော်အားပြတော်မူ၏။ သင်တို့သည်အံ့သြဖွယ်ရှိစေခြင်းငှါ ဤမျှမက သာ၍ကြီးစွာသော အမူအရာတို့ကို သားတော်အားပြတော်မူလိမ့်မည်။

ယေရှုက "မိမိသဘောနှင့်မိမိ မည်သည့်အမှုကိုမျှမပြု"ဟုပြောထားသည်။

နှလုံးသားပေါ်တွင် လက်တစ်ဖက်ကိုတင်၍ ခေါင်းကိုခါပါ။

ယေရှုက "ခမည်းတော်လုပ်ဆောင်သောနေရာကို ကျွန်ုပ်ရှာပါသည်"ဟု ပြောထားသည်။

မျက်လုံးပေါ်တွင် လက်ကိုတင်၍ ဘယ်ညာရှာဖွေပါ။

ယေရှုက "ခမည်းတော်လုပ်ဆောင်သောနေရာတွင် ကျွန်ုပ်ပူးပေါင်းပါဝင်ပါသည်" ဟုပြောထားသည်။

သင့်အရှေ့တွင် ရှိသောနေရာသို့ညွှန်ပြ၍ ခေါင်းကိုငြိမ့်ပါ။

ယေရှုက "ခမည်းတော်သည် ကျွန်ုပ်ကိုချစ်၍ ပြုတော်မူသမျှကို ပြတော်မူလိမ့်မည်ဟု ကျွန်ုပ်သိပါသည်"ဟု ပြောထားသည်။

လက်ကိုမြှောက်၍ ချီးမွမ်းပြီး နှလုံးသားပေါ်တွင် လက်နှစ်ဖက်ကို ယှက်တင်ပါ။

## ကျွန်ုပ်တို့လည်း မည်သည့်နေရာတွင်အမှုဆောင်ရန် မည်သို့ဆုံးဖြတ်ရမည်နည်း?

-- ၁ယော ၂ း ၅-၆ --ထိုသခင်၏စကားတော်ကို နားထောင်သောသူမည်သည်ကား၊ ဘုရားသခင်ကို ချစ်ခြင်းမေတ္တာနှင့် အမှန်ပြည့်စုံ၏။ ငါတို့သည် သခင်၌ရှိကြောင်းကို ထိုသို့အားဖြင့်သိရကြ၏။ ထိုသခင်၌ငါတည်၏ဟုဆိုသောသူသည်၊ ထိုသခင်ကျင့်တော်မူသည်နည်းတူကျင့်ရမည်။

"ကျွန်ုပ်တို့သည် သခင်ယေရှုပြုတော်မူသည့်အတိုင်း အမှုဆောင်မည်ဟု ဆုံးဖြတ်ရပါမည်။"

"ကျွန်ုပ်သည် မိမိသဘောနှင့်မိမိ မည်သည့်အမှုကိုမျှမပြုပါ။"

နှစ်လုံးသားပေါ်တွင် လက်တစ်ဖက်ကိုတင်၍ ခေါင်းကိုခါပါ။

"သခင်ယေရှု လုပ်ဆောင်နေသောနေရာကို ကျွန်ုပ်ရှာပါမည်။"

မျက်လုံးပေါ်တွင် လက်ကိုတင်၍ ဘယ်ညာရှာဖွေပါ။

"သခင်ယေရှု လုပ်ဆောင်နေသောနေရာတွင် ကျွန်ုပ်ပူးပေါင်းပါဝင်ပါမည်။"

သင့်အရှေ့တွင်ရှိသော နေရာသို့ညွှန်ပြ၍ ခေါင်းကိုငြိမ့်ပါ။

"သခင်ယေရှုသည် ကျွန်ုပ်ကိုချစ်၍ ပြုတော်မူသမျှတို့ကို ပြလိမ့်မည်ဟု ကျွန်ုပ်သိပါသည်။"

လက်ကိုမြှောက်၍ချီးမွမ်းပြီး နှလုံးသားပေါ်တွင် လက်နှစ်ဖက်ကို ယှက်တင်ပါ။

## ဘုရားသခင် အလုပ်လုပ်နေသည့်နေရာကို ကျွန်ုပ်တို့မည်သို့ သိနိုင်မည်နည်း?

-- ယော ၆ း ၄၄ --ငါ့ကို စေလွှတ်တော်မူသောခမည်းတော်သည် သွေးဆောင်တော်မမူလျှင်၊ အဘယ်သူမျှငါ့ထံသို့မလာနိုင်။ လာသောသူကိုနောက်ဆုံးသောနေ့၌ ငါထမြောက်စေမည်။

"တစ်စုံတစ်ယောက်သောသူသည် သခင်ယေရှုအကြောင်း စိတ်ဝင်စားကာ ပိုမိုသိလိုပါက ထိုသူအထဲတွင် ဘုရားသခင်အလုပ်လုပ်ပြီဖြစ်ကြောင်း သိရှိနိုင်ပါတယ်။ ယော ၆း၄၄ မှာ ဘုရားသခင်တစ်ပါးတည်းသာ လူတွေကို သူ့ထံပြောင်းလဲစေနိုင်ကြောင်း ပြောထားပါတယ်။ ကျွန်ုပ်တို့မေးခွန်းများမေးရင်း ဝိညာဉ်ရေးရာမျိုးစေ့များကြဲရင်း သူတို့၏တုံ့ပြန်မှုကို လေ့လာရပေမည်။ သူတို့ကစိတ်ဝင်စားကာ တုံ့ပြန်လာပါက ထိုသူအထဲတွင် ဘုရားသခင်အလုပ်လုပ်ပြီဖြစ်ကြောင်း သိရှိနိုင်ပါတယ်။"

## သခင်ယေရှု မည်သည့်နေရာတွင် အလုပ်လုပ်နေသနည်း?

-- လုကာ ၄ း ၁၈-၁၉ --ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသိတင်းကို ကြားပြောစေခြင်းငှါငါ့ကိုဘိသိတ်ပေးတော်မူပြီ။ကြေမွသောသူတို့၏အနာကိုပျောက်စေခြင်းငှါလည်း၊ ဘမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအ ကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိမြင်ပြန်ခြင်းအကြောင်းကိုပြစေခြင်းငှါလည်း၊ ညှဉ်း

ဆဲခံရသောသူတို့ကိုကယ်မစေခြင်းငှါငှင်း၊ ထာဝရဘုရား၏ မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှါငှင်း၊ ငါ့ကိုစေလွှတ်တော်မူပြီဟု လာသတည်း။

၁။ ဆင်းရဲသား
၂။ ဖမ်းဆီးချုပ်နှောင်ခံရသောသူ
၃။ ဖျားနာသောသူ
၄။ ညှဉ်းဆဲခံရသောသူ

"သခင်ယေရှုသည် ထိုသို့သောသူများအတွက် အမှုတော်ဆောင်ခဲ့သည်။ သို့သော် သတိပြုရမည်မှာ သူသည် ဆင်းရဲသားတိုင်း (သို့) ညှဉ်းပန်းခံရသူတိုင်းတွင် အမှုမဆောင်ခဲ့ပါ။ ကျွန်ုပ်တို့၏ဆန္ဒမှာ လူတိုင်းကိုကူညီပေးလိုသည်။ သခင်ယေရှုသည် ခမည်းတော်ပြုသမျှကို မြင်အောင်ကြည့်ပြီးမှသာ ပူးပေါင်းပါဝင်ခဲ့သည်။ "ကျွန်ုပ်တို့လည်း ထိုကဲ့သို့လုပ်ဆောင်ရပေမည်။ အကယ်၍ ကျွန်ုပ်တို့သည် ညှဉ်းပန်းခံရသူတိုင်းတွင် သာသနာပြုရန်ကြိုးစားပါက မိမိသဘောနှင့်မိမိအားထုပ်လုပ်ဆောင်သော အမှတ်လက္ခဏာတစ်ခု ဖြစ်မည် သေချာပေသည်။

## သခင်ယေရှုအလုပ်လုပ်နေသည့် အခြားတစ်နေရာကားအဘယ်နည်း?

"ဘုရားသခင်သည် သင်၏မိသားစုတစ်ခုလုံးကိုချစ်ကြောင်း သင်သိပါသလား?၊ ထိုသူတို့အားလုံး ကယ်တင်ခြင်းရပြီး သူနှင့်အတူ ထာဝရကာလမှာအတူနေထိုင်ဖို့ရန် ဘုရားသခင်အလိုရှိသည်။ ဘုရားသခင်သည် မိသားစုတစ်ခုလုံးကို ကယ်တင်ခဲ့ကြောင်း သမ္မာကျမ်းစာထဲတွင် ဥပမာများစွာရှိပါသည်။"

နတ်ဆိုးစွဲသူ– မာကု ၅

"နတ်ဆိုးစွဲသူသည် လုံးဝပြောင်းလဲသွားပါသည်။ သူသည် ယေရှုနှင့်အတူလိုက်လိုသော်လည်း ယေရှုက သူမိသားစုထံသို့ပြန်၍ ဖြစ်ပျက်ခဲ့သမျှကို ပြန်ပြောစေသည်။ ပတ်ဝန်းကျင်ကျေးရွာများမှ လူများစွာသည် ယေရှုပြုခဲ့သမျှအတွက် အံ့သြကြသည်။ ဘုရားသခင်သည် လူတစ်ဦးကိုကယ်တင်သောအခါ ပတ်ဝန်းကျင်ရှိလူများစွာကိုလည်း ကယ်တင်လိုသည်။"

ကော်နေလိ–တမန် ၁၀

"ဘုရားသခင်သည် ပေတရုအား ကော်နေလိနှင့်စကားပြောရန် စေလွှတ်ခဲ့သည်။ ပေတရု ဝေငှသောအခါ တရားစကားကိုကြားသော ကော်နေလိနှင့်အပေါင်းအပါအားလုံးတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝကြသည်။ ကော်နေလိယုံကြည်သကဲ့သို့ ပတ်ဝန်းကျင်ရှိလူအားလုံးသည်လည်း ယုံကြည်ခြင်းသို့ရောက်ကြသည်။"

ဖိလိပ္ပိမှထောင်မှူး– တမန် ၁၆

"ငလျှင်လှုပ်၍ ထောင်တံခါးများ ပွင့်သွားသော်လည်း ပေါလုနှင့်သိလတို့သည် ထောင်ထဲမှာပင်နေကြသည်။ ထိုအရာကို ထောင်မှူးသည်အံ့ဩ၍ သခင်ယေရှုကို ယုံကြည်ခဲ့သည်။ သူ့တစ်မိသားစုလုံးသည်လည်း ကယ်တင်ခြင်းခံရသည်။"

"သင်တို့တစ်မိသားစုလုံး ကယ်တင်ခြင်းရပြီး ထာဝရကာလမှာ အတူနေရဖို့ယုံကြည်ပြီး ဆုတောင်းခြင်းကို ဘယ်အခါမျှမမေ့လျော့ပါနှင့်။"

## အလွတ်ကျက်မှတ်ရန်ကျမ်းပိုဒ်

–– ယောဟန် ၁၂ း ၂၆ ––ငါ၏အမှုကို ဆောင်ရွက်သောသူဖြစ်လျှင် ငါ့နောက်သို့လိုက်ရမည်။ ငါ၏အမှုဆောင်သည်လည်း ငါရှိရာအရပ်၌ရှိရလိမ့်မည်။ ငါ၏အမှုကိုဆောင်ရွက်သောသူဖြစ်လျှင် ထိုသူကိုခမည်းတော်သည် ချီးမြောက်တော်မူလတံ့။

- အားလုံးမတ်တပ်ရပ်၍ ဤကျမ်းပိုဒ်ကို (၁၀)ကြိမ် အတူတကွ ကျက်မှတ်ရန်ဖြစ်သည်။ ပထမ (၆)ကြိမ်တွင် သင်တန်းသားများသည် ကျမ်းစာအုပ် (သို့) မှတ်စုကို ကြည့်၍ကျက်မှတ်ပြီး ကျန် (၄)ကြိမ်ကို အလွတ်ကျက်မှတ်ရန်ဖြစ်သည်။ ကျမ်းစာကျက်မှတ်သည့်အခါက်တိုင်း ကျမ်းညွှန်းကိုအရင်ထည့်ကျက်ရန်နှင့် ပြီးသွားသောသူတိုင်းကို ထိုင်စေပါ။
- ဤသို့ ပြုလုပ်စေခြင်းဖြင့် လက်တွေ့လုပ်ဆောင်ရာတွင်မည်သူကပြီးသည်၊ မပြီးသည်ကို အလွယ်တကူသိမှတ်နိုင်သည်။

---

# လက်တွေ့လေ့ကျင့်လုပ်ဆောင်ခြင်း

- ယခုသင်ခန်းစာ၌ နှစ်ယောက်တစ်တွဲ အတူဆုတောင်းခဲ့သူအချင်းချင်း မျက်နှာ ချင်းဆိုင်ထိုင်ခိုင်းပါ။ ပြီးနောက် အချင်းချင်းအပြန်အလှန် တစ်လှည့်စီ သင်ကြားလေ့ကျင့်ဖို့ရန် ဖြစ်သည်။

  "နှစ်ယောက်တစ်တွဲတွင် ***<u>မောင်နှမအများဆုံးရှိသူမှ</u>*** စတင်သင်ကြားပေးရန် ဖြစ်သည်။"

- စာမျက်နှာ(၂၄)တွင် ပါဝင်သော သင်တန်း၏ သင်ကြားမှုနည်းစနစ်အတိုင်း လုပ်ဆောင်ခိုင်းပါ။
- သင်တန်းသားများသည် သင်ကြားလေ့လာခြင်းတွင် သင်တန်းမှူးသင်ကြားသွားသည့်အတိုင်း တစ်ပုံစံတည်းလေ့ကျင့်သင် ကြားစေပါ။

  "သင်တန်းမှူး သင်ကြားသွားသည့်အတိုင်း ပထမဦးဆုံး မေးခွန်းမေးခြင်း၊ သမ္မာကျမ်းစာ အတူတကွဖတ်ခြင်း၊ အဖြေရှာခြင်းတို့ကို လက်နှင့်အမူအရာ လုပ်ကာ တဆင့်ပြီးတဆင့် လုပ်ဆောင်ရကြောင်း ရှင်းပြပါ။"


- နှစ်ဦးစလုံး သင်ကြားလေ့ကျင့်ပြီးပါက နောက်ထပ်အတွဲသစ်တွဲပြီး နောက်တစ်ကြိမ် လေ့ကျင့်စေပါ။ လေ့ကျင့်ပြီးသွားပါက သင်တန်းသားအားလုံးကို ဤသင်တန်းပြီးဆုံးသွားသောအခါ ဤသင်ခန်းစာကို မည်သူ့အားသင်ကြားပေးမလဲဟု မေးပါ။

  "အားလုံးကိုစဉ်းစားစေပြီး သင်ပေးလိုသူ၏အမည်ကို ဤသင်ခန်းစာ၏ ပထမ စာမျက်နှာထိပ်တွင် ရေးမှတ်ထားစေပါ။"

# အဆုံးသတ်ခြင်း

## တမန်တော် ၂၉ မြေပုံအပိုင်း(၂) ရ

သင်၏တမန်တော်၂၉မြေပုံတွင် ယေရှု အလုပ်လုပ်နေသောနေရာများကို အမှတ်အသားပြုပါ။ မြေပုံပေါ်ရှိ သခင်ယေရှု အလုပ်လုပ်နေသောနေရာ အနည်းဆုံး ၅ နေရာတွင် နေရာတစ်ခုစီကို ကြက်ခြေခတ်အမှတ်အသားပြုပါ။ ဘုရားသခင် အဘယ်ကဲ့သို့ အလုပ်လုပ်နေကြောင်း အမည်တပ်ပါ။


MY ACTS 29

## အခန်း–၈

# ဝေငှပါ

ဝေငှပါတွင် ခရစ်တော်အား စစ်သားတစ်ဦးအဖြစ်မိတ်ဆက်ပေးပါ။ စစ်သားများသည် ရန်သူများကိုတိုက်ခိုက်သည်။ ပင်ပန်းခက်ခဲမှုများကို ကြံ့ကြံ့ခံနိုင်သည်။ ချုပ်နှောင်ခံရသူများကို လွတ်မြောက်စေသည်။ သခင်ယေရှုသည် စစ်သားတစ်ဦးဖြစ်သည်။ ကျွန်ုပ်တို့ ခရစ်တော်နောက်လိုက်ပါက ကျွန်ုပ်တို့လည်း စစ်သားများဖြစ်လာပေမည်။ ဘုရားသခင်အလုပ်လုပ်နေသောနေရာတွင် ကျွန်ုပ်ပူးပေါင်းပါဝင်သည်နှင့် တပြိုင်တည်းတွေ့ရမည့်အချက်က ဝိညာဉ်ရေးရာတိုက်ပွဲပင်ဖြစ်သည်။ ထို့ကြောင့်စာတန်ကိုဘယ်လိုချေမှုန်းမလဲ၊? ကျွန်ုပ်တို့သည် သခင်ယေရှုကားတိုင်ပေါ်တွင်အသေခံခဲ့ခြင်းဖြင့်၎င်း၊ မိမိသက်သေခံချက်အားဖြင့်၎င်း၊ မိမိအသက်ကိုမနှမြောဘဲ အမှုဆောင်ခြင်းဖြင့် အောင်နိုင်ပါသည်။ တန်ခိုးနှင့်ပြည့်ဝသောသက်သေခံချက်တစ်ခုတွင် ခရစ်တော်နှင့်မတွေ့ ခင်အသက်တာ၊ ခရစ်တော်နှင့်တွေ့ရှိခဲ့ပုံ၊ ပြီးနောက် ခရစ်တော်နောက်လိုက်ခြင်းအားဖြင့် ထူးခြားပြောင်း လဲသွားသောအရာများ ပါဝင်သည်။ သက်သေခံချက်တစ်ခုအား အချိန် ၃/၄ မိနစ်ခန့်ကန့်သတ်ထားခြင်းဖြင့် ပိုမိုထိရောက်စေပါတယ်။ သက်သေခံရာတွင်၊ အသက်အရွယ်ကိုမပြောပါနှင့်၊ (အသက်အရွယ်သည် အဓိကအရေးကိစ္စမဟုတ်ပါ) မယုံကြည်သူတို့ အတွက်နားလည်လွယ်သော စကားလုံးများသာအသုံးပြုဝေငှပါ။ ဤသင်ခန်းစာကို သင်သိသော မယုံကြည်သူအယောက် ၄၀ နာမည်ကို အမြန်ဆုံးရေးရသောပြိုင်ပွဲတစ်ခုဖြင့် အဆုံးသတ်ထားပါသည်။ ပထမ၊ ဒုတိယ၊ တတိယဆုများ ချီးမြှင့်ပေးသည်။ သို့သော် အားလုံးဆုရရှိကြပါသည်၊ အဘယ်ကြောင့်ဆိုသော ကျွန်ုပ်တို့သည် မည်ကဲ့သို့သက်သေခံရမည်ကိုသိရှိပြီးဖြစ်သောကြောင့် အားလုံးအောင်မြင်ကြသူများဖြစ်ပေသည်။

## ကိုးကွယ်ခြင်း

- တစ်စုံတစ်ယောက်အား ဘုရားသခင်၏ မျက်မှောက်တော်နှင့် ကောင်းကြီးခံစားရရန် ဆုတောင်းစေပါ။
- ဓမ္မသီချင်း(သို့) ချီးမွမ်းသီချင်း နှစ်ပုဒ်အတူတကွသီဆိုစေပါ။

# ဆုတောင်းခြင်း

- သင်တန်းသားများအား နှစ်ယောက်တစ်တွဲတွဲစေပါ။ တစ်ခါမျှမတွဲဘူးသေးသော သူများကို တွဲစေပါ။
- သင်တန်းသားတိုင်း မိမိ၏အပေါင်းအပါနှင့်အတူ အောက်ပါမေးခွန်းနှင့် အဖြေများကို မျှဝေခိုင်းပါ။
  ၁။ သင်သိသောမယုံကြည်သူများအား ကယ်တင်ခြင်းရရန် ကျွန်ုပ်တို့မည်သို့ ဆုတောင်းပေးရမည်နည်း ?
  ၂။ မိတ်ဆွေလေ့ကျင့်သင်ကြားပေးနေသည့် အဖွဲ့အတွက် ကျွန်ုပ်တို့မည်သို့ဆုတောင်းပေးနိုင်မည်နည်း ?
- မိမိနှင့်တွဲထားသူနှင့်အတူ ဆုတောင်းပါ။

# လေ့လာသင်ကြားခြင်း

## ပြန်လည်လေ့လာခြင်း

သင်ခန်းစာတိုင်းအား ပြန်လည်လေ့ကျင့်ခြင်းဖြင့် အစပြုထားသည်။ သင်တန်းသားတိုင်း သင်ကြားခဲ့ပြီးသောသင်ခန်းစာများအား မတ်တတ်ရပ်ကာ ပြန်လည်လေ့ကျင့်ရန်ဖြစ်သည်။ လက်ဟန်အမူအရာများဖြင့် ပြန်လည်လေ့ကျင့်ရန် အထူးဂရုပြုပါ။

**သခင်ယေရှု နောက်သို့လိုက်လျှောက်ရန် အထောက်အကူဖြစ်စေသည့် ပုံရိပ်(၈)မျိုးကား အဘယ်နည်း?**

စစ်သား၊ ရှာဖွေသူ၊ သိုးထိန်း၊ မျိုးကြဲသူ၊ သား/သမီး၊ သန့်ရှင်းသူ၊ အစေခံနှင့် ဘဏ္ဍာထိန်း

ဆုတောင်းပါ

သန့်ရှင်းသူတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?
ကျွန်ုပ်တို့ မည်သို့ ဆုတောင်းရမည်နည်း?
ကျွန်ုပ်တို့အား ဘုရားသခင်မည်ကဲ့သို့ အဖြေပေးမည်နည်း?
ဘုရားသခင်၏ ဖုန်းနံပါတ်ကား အဘယ်နည်း?

နာခံပါ

အစေခံတစ်ဦး၏လုပ်ဆောင်ချက်သုံးမျိုးကားအဘယ်နည်း?
ကမ္ဘာလောကတွင် အမြင့်ဆုံးအာဏာရှိသူမှာ မည်သူနည်း?
သခင်ယေရှုသည် ယုံကြည်သူတိုင်းကိုပေးထားသော မိန့်မှာချက်(၄)ခု ကား အဘယ်နည်း?
ကျွန်ုပ်တို့သခင်ယေရှုအား မည်ကဲ့သို့နာခံရမည်နည်း?
သခင်ယေရှုသည် ယုံကြည်သူတိုင်းအား မည်သည့်ဂတိတော်ပေးခဲ့သနည်း?

လျှောက်လှမ်းပါ

သားတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

သခင်ယေရှု၏အမှုတော်သည် အဘယ့်ကြောင့်အောင်မြင်ခဲ့သနည်း?

သခင်ယေရှုသည်ကားတိုင်ပေါ်မတက်မီ ယုံကြည်သူတိုင်းအားသန့်ရှင်း သောဝိညာဉ်တော်အကြောင်း မည်ကဲ့သို့ ဂတိပေးခဲ့သနည်း?

သခင်ယေရှုရှင်ပြန်ထမြောက်ပြီးနောက် ယုံကြည်သူတိုင်းအား သန့်ရှင်းသောဝိညာဉ်တော်အကြောင်း မည်သို့ဂတိ ပေးခဲ့သနည်း?

သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပတ်သက်၍ နာခံရန်မိန့်မှာချက်(၄)ချက်မှာအဘယ်နည်း။ ?

သွားပါ။

ရှာဖွေသူတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

သခင်ယေရှုသည် မည်သည့်နေရာတွင် အမှုဆောင်ရန် မည်သို့ဆုံးဖြတ်ခဲ့သနည်း?

ကျွန်ုပ်တို့လည်း မည်သည့်နေရာတွင်အမှုဆောင်ရန် မည်သို့ဆုံးဖြတ်ရမည်နည်း?

သခင်ယေရှုမည်သည့်နေရာတွင် အလုပ်လုပ်နေသနည်း?

သခင်ယေရှုအခြားမည့်သည်နေရာတွင် အလုပ်လုပ်နေသေးသနည်း?

## သခင်ယေရှုအား မည်ကဲ့သို့ တွေ့ရမည်နည်း?

-- မဿဲ ၂၆ း ၅၃ --ယခုပင် ငါအဘကို ငါတောင်းနိုင်သည်ကိုင်၊ တောင်းလျှင် ကောင်းကင်တမန် တဆယ်နှစ်တပ်မက ငါ့ထံသို့စေလွှတ်တော်မူမည်ကိုင်၊ သင်သည် မထင်သလော။

"ယေရှုသည် စစ်သားတစ်ဦးဖြစ်သည်။ ကောင်းကင်တမန် (၁၂)တပ်မကကိုပင် အမိန့်ပေးနိုင်သော် ဘုရားသခင်စစ်တပ်၏ ဗိုလ်ချုပ်ကြီးဖြစ်သောကြောင့် ဖြစ်သည်။ ဝိညာဉ်ရေးရာတိုက်ပွဲတွင် စာတန်နှင့်တွေ့ဆုံပြီး ကားတိုင်ပေါ်တွင် စာတန်ကိုအဆုံးမဲ့ အောင်နိုင်ခဲ့သူ ဖြစ်ပါသည်။"

စစ်သား

👋 "ဓါးကိုမြှောက်သည့်ပုံပြပါ။"

## စစ်သားတစ်ဦး၏ လုပ်ဆောင်ချက်(၃)ခုကား အဘယ်နည်း?

-- မာကု ၁ း ၁၂-၁၅ --ထိုခဏခြင်းတွင် ဝိညာဉ်တော်သည် ယေရှုကိုတောသို့သွားစေတော်မူ၏။ အရက်လေးဆယ်ပတ်လုံး ထိုတော၌နေ၍ စာတန်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံတော်မူ၏။ သားရဲတို့နှင့်အတူ ရှိတော်မူ၏။ ကောင်းကင်တမန်တို့သည်

လည်း လုပ်ကျွေးကြ၏။ ယောဟန်သည် ထောင်ထဲသို့ရောက်သည်နောက် ယေရှုသည် ဂါလိလဲပြည်သို့ကြွတော်မူလျှင်၊ အချိန်ပြည့်စုံပြီ၊ ဘုရားသခင်၏နိုင်ငံတော်သည် တည်လု နီးပြီ၊ နောင်တရကြလော့။ ဧဝံဂေလိတရားကို ယုံကြည်ကြလော့ဟူသော ဘုရားသခင်၏ နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ဟောတော်မူ၏။

၁။ စစ်သားတစ်ဦးသည် ရန်သူကိုတိုက်ခိုက်သည်။

"သခင်ယေရှုသည် ဝိညာဉ်နတ်ဆိုးတို့ကို ချေမှုန်း၍အောင်မြင်ခဲ့သည်။"

၂။ စစ်သားတစ်ဦးသည် ပင်ပန်းခက်ခဲမှုများကို ခံနိုင်ရည်ရှိကြသည်။

"သခင်ယေရှုသည် စုံစမ်းနှောင့်ယှက်ခြင်းများကိုကြံ့ကြံ့ခံအောင်မြင်ခဲ့သည်"

၃။ စစ်သားများသည် ဖမ်းဆီးချုပ်နှောင်ခြင်းခံနေရသူများကို လွတ်မြောက်စေ သည်။

"သခင်ယေရှု၏ နိုင်ငံတော်သည် လူသားများအား လွတ်မြောက်ရန်အတွက် ဖြစ်သည်။"

"ယေရှုသည် စစ်သားတစ်ဦးဖြစ်သည်။ သူသည် ဘုရားသခင်၏စစ်တပ်ကို ဦးစီး၍ ဝိညာဉ်ရေးရာတိုက်ပွဲတွင် စာတန်ကိုတိုက်ပွဲဝင်ရသည်။ ယေရှုသည် ကားတိုင်ပေါ်တွင် စာတန်ကိုကျွန်ုပ်တို့အတွက် အောင်နိုင်ခဲ့သည်။ ယေရှုသည် ကျွန်ုပ်တို့အထဲတွင် အသက်ရှင်လျှင် ကျွန်ုပ်တို့သည်လည်း အောင်မြင်သောစစ်သားများ ဖြစ်ပေလိမ့်မည်။ ကျွန်ုပ်တို့ ဝိညာဉ်ရေးရာတိုက်ပွဲများဝင်ကြမည်။ ပင်ပန်းခက်ခဲခြင်းများကို ကြံ့ကြံ့ခံ ခြင်းအားဖြင့် ကျွန်ုပ်တို့ ဗိုလ်ချုပ်ကြီးအား ဂုဏ်ပြုထိုက်ပေသည်။ ဖမ်းဆီးချုပ်နှောင် ခြင်းနှင့် ညှင်းပန်းခံရသူများကိုလည်း လွတ်မြောက်မှုရရန် ကူညီနိုင်သည်။"

## စာတန်ကို ကျွန်ုပ်တို့မည်ကဲ့သို့ အောင်နိုင်မည်နည်း?

-- ဗျာဒိတ် ၁၂ း ၁၁ --သူတို့သည် သိုးသငယ်၏ အသွေးအားဖြင့်၎င်း၊ မိမိတို့သက် သေခံချက်နှုတ်ကပတ်တရားအားဖြင့်၎င်း အောင်မြင်၍၊ အသေခံသည်တိုင်အောင် ကိုယ် အသက်ကို မနှမြောကြ။

### သိုးသူငယ်၏ အသွေးတော်အားဖြင့်

"ယေရှုအသွေးတော် ကားတိုင်ပေါ်တွင် သွန်းလောင်းခြင်းအားဖြင့် စာတန်ကိုအောင်နိုင် ခဲ့သည်။ ကျွန်ုပ်တို့သည် ယေရှုခရစ်၏ လုပ်ဆောင်ပေးခဲ့မှုအားဖြင့် အောင်မြင်သော သူများ ဖြစ်ကြသည်။"

သိုးသူငယ်၏ အသွေးတော်အားဖြင့်၊

- "လက်ဖဝါးနှစ်ဘက်စလုံးကို လက်ခလယ်ဖြင့်ညွှန်ပြပါ၊ စာသားမဲ့ အ သေခံခြင်း အမှတ်အသား"

"သင်သည် ဝိညာဉ်ရေးရာတိုက်ပွဲနှင့် တွေ့ကြုံရလျှင် သခင်ယေရှု ကားတိုင်ပေါ်တွင် စာတန်ကို အောင်နိုင်ခဲ့ပြီဖြစ်ကြောင်း သတိရပါ။ စာတန်သည် ယေရှုကိုမြင်သည့်အခါ တိုင်း တုန်လှုပ်သည်၊ နှာမှုန်သည်၊ ငိုကြွေးသည်။ စာတန်သည် ခရစ်တော်သူ့အား နာကျင်အောင်မလုပ်ရန်နှင့် သူ့အား လွှတ်ပေးရန် စတင်တောင်းပန်တော့သည်။

သတင်းကောင်းမှာ သခင်ယေရှုသည် ကျွန်ုပ်တို့နှင့်အတူ အသက်ရှင်နေခြင်းပင်ဖြစ် သည်။ ထို့ကြောင့် ကျွန်ုပ်တို့၌ရှိသော သခင်ယေရှုကို တွေ့မြင်သောအခါ စာတန်စပြီး တုန်လှုပ်နှာမှုန်တော့သည်။ ကလေးကဲ့သို့ ငိုကြွေးတော့သည်။ သခင်ယေရှုကားတိုင် ပေါ်တွင် ပြုခဲ့သောအမှုအားဖြင့် စာတန်သည် ရှုံးနိမ့်သောသူ ဖြစ်သွားတော့သည်။ မည့်သည့်အခါမျှမမေ့ပါနှင့်၊ ကျွန်ုပ်တို့အသက်တာတွင် မည်မျှပင်ခက်ခဲပါလေ့စေ "ကျွန်ုပ်တို့နိုင်လိမ့်မည်။ ကျွန်ုပ်တို့နိုင်လိမ့်မည်။ ကျွန်ုပ်တို့နိုင်လိမ့်မည်။"

## ကျွန်ုပ်တို့၏ သက်သေခံချက်အားဖြင့်

"ကျွန်ုပ်တို့၏ တန်ခိုးပါသော သက်သေခံချက်သည် စာတန်ကို အောင်မြင်နိုင်သော လက် နက်ဖြစ်သည်။ ကျွန်ုပ်တို့အသက်တာတွင် ဘုရားသခင် ပြုခဲ့သောအရာများအ တွက် ပြန်လည်သက်သေခံခြင်းကို မည်သူမှ အငြင်းပွားစရာမရှိပါ။ ကျွန်ုပ်တို့သည် ဤလက်နက်ကို မည်သည့်နေရာ မည်သည့်အချိန်မဆို အသုံးပြုနိုင်ပါသည်။"

ကျွန်ုပ်တို့၏ သက်သေခံချက်

"ပါးစပ်တွင် လက်ကိုခွက်ပုံသဏ္ဌာန်ပြု၍ တစ်ယောက်ယောက်အား စ ကားပြောနေသကဲ့သို့ ပြုပါ။"

## အသေခံရန် မကြောက်ခြင်း

"ကျွန်ုပ်တို့အတွက် ထာဝရအသက်ကို ဘုရားသခင်သည် အာမခံထားသည်။ သူနှင့် အတူ အသက်ရှင်ခြင်းသည် ပိုကောင်းသည်။ ဤလောကမှာအသက်ရှင်ချိန်၌ ဧဝံဂေလိ တရားဖြန့်ဝေဖို့ မရှိမဖြစ်လိုအပ်သည်။ ကျွန်ုပ်တို့ ဘယ်တော့မှမရှုံးပါ၊"

အသေခံရန် မကြောက်ပါနှင့်

"လက်ထိပ်ခတ်ထားသကဲ့သို့ လက်ကောက်ဝတ်နှစ်ခုကို ပူးထားပါ။"

# တန်ခိုးနှင့်ပြည့်ဝသော သက်သေခံချက်တစ်ခု၏ အကြမ်းဖျင်းဖော်ပြချက် ကား အဘယ်နည်း?

## ယေရှုနှင့်မတွေ့မှီကျွန်ုပ်အသက်တာ

ယခင်အသက်တာ

"သင်ရှေ့ရှိဘယ်ဘက်သို့လက်ညှိုးညွှန်ပါ။"

"ယုံကြည်သူမဖြစ်မီ သင်၏အသက်တာအကြောင်းကိုပြောပြပါ။ အကယ်၍သင်သည် ခရစ်ယာန်မိသားစုမှ ကြီးပြင်းလာပါက မယုံကြည်သူများအား ခရစ်ယာန်မိသားစုအကြောင်းကြားခြင်းဖြင့် စိတ်ပါဝင်စားမှု ဖြစ်စေပါ။"

## ယေရှုနှင့်ကျွန်ုပ် တွေ့ရှိခဲ့ပုံ

မည်ကဲ့သို့တွေ့ခဲ့ပုံ

"သင်၏အရှေ့သို့လက်ညှိုးညွှန်ပါ။"

"ယေရှုကို မည်ကဲ့သို့ယုံကြည်လာပုံနှင့် နောက်တော်သို့လိုက်ပုံတို့ကို ဖော်ပြပါ။"

## ယေရှုနှင့်တွေ့ပြီးနောက် ကျွန်ုပ်အသက်တာ

သခင်ယေရှုကို တွေ့ရှိပြီးနောက်အသက်တာ

"သင့်ရှေ့ရှိ ညာဖက်သို့လက်ညှိုးညွှန်ပါ။ ပြောင်းလဲပြီးနောက် ယေရှုနောက်လိုက်သောအသက်တာအကြောင်းနှင့် ဘုရားသခင်နှင့်မိဿဟာယရှိလာပုံတို့ကို ဖော်ပြပါ။"

## ရိုးရှင်းသောမေးခွန်း မေးခြင်း

"သက်သေခံချက်ပြီးသောအခါ ထိုသူကို 'ယေရှုနောက်လိုက်ခြင်းအကြောင်း ပိုမိုကြားသိလိုပါသလား'ဟု မေးပါ။ ဤမေးခွန်းသည် 'ဘုရားသခင်သူ့အထဲ၌ အလုပ်လုပ်နေကြောင်း' သိရှိရန် မေးခြင်းဖြစ်သည်။

မေးခွန်းမေးပါ၊

"သင်၏နားထင်ကို လက်ညှိုးထိုး၍ မေးခွန်းတစ်ခု စဉ်းစားဟန်ပြုပါ။"

"အကယ်၍သူသည် 'သိလိုပါသည်'ဟုပြောလျှင် ဤအခြေအနေသည် သူ့အထဲ၌ ဘုရားသခင် အလုပ်လုပ်နေပါသည်။ ဘုရားသခင်သွေးဆောင်တော်မမူလျှင်၊ အဘယ်သူမျှ မလာနိုင်ဟုဖော်ပြထားပါသည်။ ထိုအချက်အားဖြင့် ယေရှုနောက်လိုက်ခြင်း အကြောင်း ပိုမိုဝေငှပါ။
အကယ်၍ 'စိတ်မဝင်စားပါက' ဘုရားသခင် အလုပ်မလုပ်သေးကြောင်း သိရသည်။ ကောင်းကြီးခံစားရရန်အတွက် ဆုတောင်းခွင့်ပြုမပြု မေးမြန်း၍ခွင့်ပြုပါက ဆုတောင်းပေးပါ။"

## နာခံလုပ်ဆောင်ရန် အရေးကြီးသောလမ်းညွှန်ချက်အချို့ကား အဘယ်နည်း?

### သက်သေခံချက်ကို ၃–၄ မိနစ်ခန့် ကန့်သတ်ထားပါ။

"ကမ္ဘာပေါ်တွင် ပျောက်ဆုံးဝိညာဉ်များစွာရှိသည်။ သင်၏သက်သေခံချက်ကို ကန့်သတ်ထားခြင်းဖြင့် တုံ့ပြန်မှုကို အလွယ်တကူသိနိုင်ပေသည်။ အားလုံးထက် အရေးကြီးဆုံးမှာ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းညွှန်မှု ရယူရန်ပင်ဖြစ်သည်။ ယုံကြည်သူလူသစ်အတွက် ၃–၄ မိနစ် ဝေငှခြင်းသည် ၃–၄ နာရီဝေငှခြင်းထက် ပို၍ သက်တောင့်သက်သာ ရှိစေမည်ဖြစ်သည်။"

### ယုံကြည်သူတစ်ယောက်ဖြစ်လာသောအသက်အရွယ်ကိုမပြောပါနှင့်။

သက်သေခံရာတွင် ယေရှု နောက်လိုက်တစ်ယောက်ဖြစ်ခဲ့သော သင့်၏ အသက်အရွယ်သည် အဓိက အရေးကိစ္စမဟုတ်ပါ။ သို့ရာတွင် ၎င်းသည် မယုံကြည်သူများအတွက် မှားယွင်းသော သတင်းစကား ဖြစ်စေတတ်သည်။ သူတို့ အသက်အရွယ်သည် သင်ပြောင်း လဲသောအသက်အရွယ်ထက် ငယ်နေလျှင် သူတို့သည် "စောပါသေးတယ်၊ အချိန်ရှိသေးတယ်၊ စောင့်ဦးမည်"ဟု ဆိုနိုင်သည်။ အကယ်၍သူသည် သင်ပြောင်းလဲသော အသက်အရွယ်ထက်ကြီးနေလျှင် သူတို့သည် "ငါတို့အခွင့်အရေးဆုံးရှုံးပြီ"ဟု ထင်ပေမည်။ သို့သော် သမ္မာကျမ်းစာ၌ ယနေ့သည် ကယ်တင်ရာနေ့ရက်ဖြစ်သည်ဟု ဖော်ပြထားပေသည်။ အသက်အရွယ်ပြောခြင်းသည် ရှုပ်ထွေးမှုကိုသာဖြစ်စေသည်။

### ခရစ်ယာန် ဘာသာရေးစကားကိုမသုံးပါနှင့်။

"အချိန်တိုအတွင်း ယုံကြည်သူဖြစ်လာပြီးနောက် ထိုသူတို့သည် အခြားခရစ်ယာန်များ သုံးနှုန်းသော စကားလုံးများကို စတင်သုံးလာကြသည်။ ဥပမာ 'သိုးသူငယ်၏အသွေးတော်ဖြင့်ဆေးကြောသည်၊ လောကသို့ဆင်းလာသည်' (သို့) 'တရားဟောဆရာနဲ့ စကား ပြောတယ်'စသည်တို့သည် မယုံကြည်သူတို့အတွက် နိုင်ငံခြားဘာသာစကားကဲ့သို့ဖြစ်သဖြင့် ခရစ်ယာန်အသုံးအနှုန်းများကို တတ်နိုင်သမျှ အနည်းဆုံးအသုံးပြုပါ။ သက်သေခံချက်ကို အတတ်နိုင်ဆုံး ရှင်းလင်းစွာ နားလည်နိုင်ရန် ဝေငှပါ။"

## အလွတ်ကျက်မှတ်ရန်ကျမ်းပိုဒ်

–– ၁ကော ၁၅ း ၃–၄ –– ငါသည် ကိုယ်တိုင်ခံယူသည်အတိုင်း၊ သင်တို့အား ရှေ့ဦးစွာအပ်ပေးသောအကြောင်းအရာဟူမူကား၊ ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။

- အားလုံးမတ်တပ်ရပ်၍ ဤကျမ်းပိုဒ်ကို (၁၀)ကြိမ် အတူတကွ ကျက်မှတ်ရန်ဖြစ်သည်။ ပထမ (၆)ကြိမ်တွင် သင်တန်းသားများသည် ကျမ်းစာအုပ် (သို့) မှတ်စုကိုကြည့်၍ကျက်မှတ်ပြီး ကျန်(၄)ကြိမ်ကို အလွတ်ကျက်မှတ်ရန်ဖြစ်သည်။ ကျမ်း

စာကျက်မှတ်သည့်အခေါက်တိုင်း ကျမ်းညွှန်းကို အရင်ထည့်၍ကျက်ရန်နှင့် ပြီးသွားသောသူတိုင်းကို ထိုင်စေပါ။

- ဤသို့ပြုလုပ်စေခြင်းဖြင့် လက်တွေ့လုပ်ဆောင်ရာတွင် မည်သူကပြီးသည်၊ မပြီးသည်ကို အလွယ်တကူသိမှတ်နိုင်သည်။

# လက်တွေ့လေ့ကျင့်လုပ်ဆောင်ခြင်း

- ပေးထားသော အချက်များကိုအသုံးပြု၍၊ သင်တန်းသားများ မှတ်စုစာအုပ်ထဲတွင် မိမိ၏ သက်သေခံချက်ကို ရေးစေပါ။ အချိန်(၁၀)မိနစ်ပေးပြီးနောက် အဖွဲ့ထဲမှ တစ် ယောက်ယောက်အား သက်သေထွက်ခံရန် ဖိတ်ခေါ်မည်ဖြစ်ကြောင်း ကြေညာထားပါ။
- ၁၀မိနစ်စေ့သောအခါ ဘောလ်ပင်များကိုချစေ၍ အဖွဲ့သားများထဲမှ သင်ဖိတ်ခေါ်သောတစ်ယောက်ကို သက်သေခံခိုင်းမည်ဖြစ်ကြောင်း ပြောပါ။ ခေတ္တစောင့်ပြီးမှ သင်သည် သင်၏သက်သေခံချက်ကို အဖွဲ့သို့ တင်ပြမည်ဖြစ်ကြောင်းပြောပါ။ ထိုအခါမှ လူတိုင်းသက်ပြင်းချပြီး ပေါ့ပါးသွားကြောင်း တွေ့ရလိမ့်မည်။
- အထက်တွင် ပေးထားသောအချက်များကို အသုံးပြု၍၊ သင်၏သက်သေခံချက်ကို လမ်းညွှန်ချက်များအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဝေမျှပါ။ ပြီးဆုံးသောအခါ သင်၏သက်သေခံချက်သည် လမ်းညွှန်ချက်များအတိုင်းမှန်ကန်မှု ရှိ/မရှိ တပည့်များအား မေးမြန်းပါ။
- ဤအပိုင်းကို လေ့ကျင့်နေစဉ် နာရီကိုအသုံးပြု၍ အချိန်မှတ်ပေးပါ၊ အတွဲများတွဲစေ၍ တစ်ယောက်လျှင် ၃မိနစ်စီ ဝေမျှစေပါ။
  ***<u>အသံအကျယ်ဆုံးသူမှ</u>*** ဦးဆောင်ပါစေ။ ထို့သူမှပထမဆုံး စပြောစေပါ။
- ပထမဆုံးသူကို အချိန်သတ်မှတ်၍ ၃မိနစ် ပြည့်လျှင် ရပ်စေရမည်။ တပည့်များအား သူတို့၏အတွဲများသည် မိမိ၏တန်ခိုးပါသော သက်သေခံချက်ကို ပြောရာတွင် ပေးထားသောအချက်များ လမ်းညွှန်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ မေးပါ။ ထို့နောက် ဒုတိယလူကို ၃မိနစ် ဝေမျှစေပါ။ တပည့်များအား တုံ့ပြန်ချက်များကိုမေးပါ။
- နှစ်ဦးစလုံးဝေမျှပြီးသောအခါ အတွဲသစ်ကိုရှာစေ၍ အသံအကျယ်ဆုံးသူအား ဦးဆောင်စေကာ၊ သက်သေခံချက်ကို တစ်ဖန်ပြန်လည် လေ့ကျင့်ပါ။ အနည်းဆုံး ၄ ကြိမ်မျှ အတွဲသစ်ရှာစေပြီး လေ့ကျင့်စေပါ။
- သင်ခန်းစာကို အပြန်အလှန်သင်ကြားပြီးနောက် သင်တန်းပြီးဆုံးသောအခါ ပြန်လည်ဝေငှရန် ဝေငှမည့်သူတစ်ဦးကို စဉ်းစားစေပါ။ ထိုသူ၏အမည်ကို သင်ခန်းစာ ပထမစာမျက်နှာထိပ်ဆုံးတွင် ရေးမှတ်ထားစေပါ။

**ဆားနှင့်သကြား ❧**

တုံ့ပြန်မှုများပြုလုပ်ချိန်အတွင်း နှလုံးသားနှင့်ဝေငှမှုသည် အရေးကြီးကြောင်းနှင့် အလေးပေးရန် ဤသရုပ်ဖော်မှုကို အသုံးပြုရှင်းပြပါ။

"လတ်ဆတ်၍ မှည့်နေသောသစ်သီးသည် အရသာရှိပေသည်။ ၎င်းသည် ချို၍ ခံတွင်းတစ်ခုလုံးကို အာသာပြေစေသည်။ နာနတ်သီးအကြောင်းစဉ်းစားသောအခါအဝါရောင်ဖြစ်ပြီး ချိုမြနေသည်။ ထိုအကြောင်းပြောရင်းနှင့်ပင် စားချင်စိတ် ဖြစ်လာသည်။

"သို့သော်လည်း သစ်သီးကို အရသာပိုကောင်းအောင် လုပ်နိုင်သောနည်းရှိပါတယ်။ သကြား၊ ဆား (သို့) ငရုတ်ကောင်း၊ အနည်းငယ်ခန့် ရောလိုက်ပါက 'ဟား––––'၊ ၎င်းသည် အလွန်ပင်ထူးကဲသောအရသာ ရှိလာပါသည်။"

"ထိုနည်းတူပင် သင်ခန်းစာသင်ကြားခြင်း (သို့) ဧဝံဂေလိဝေမျှခြင်း ပြုလုပ်စဉ်တိုင်းတွင် ဘုရားသခင်၏ နှုတ်ကပါတ်တော်သည်၊ သစ်သီးကဲ့သို့ပင် အလွန်ကောင်းပါသည်။ သခင်ဘုရား ကောင်းမြတ်ကြောင်း ကျွန်ုပ်တို့မြည်းစမ်းသင့်ကြသည်။ သို့သော် နှလုံးသားထဲမှ ခံစားမှုအပြည့်နှင့်ဝေမျှသောအခါ၊ ၎င်းသည်ဆား၊ သကြား၊ ငရုတ်ကောင်းတို့နှင့် ရောထားသော သစ်သီးနှင့်တူသည်။ ၎င်းသည် အလွန်ပင်ထူးကဲသောအရသာ ရှိလာပါသည်။

"သင်သည် မိမိအတွဲနှင့် ယခုတစ်ကြိမ် ဝေမျှသောအခါ ဆား၊ သကြား (သို့) ငရုတ်ကောင်းများများထည့်ပြီး ဝေငှစေချင်ပါသည်။

---

# အဆုံးသတ်ခြင်း

## ပျောက်ဆုံးဝိညာဉ်လေးဆယ်၏အမည်ကို မည်သူအမြန်ဆုံးစာရင်း ပြုစုနိုင်သနည်း? ❧

- သင်တန်းသားတိုင်းအား မှတ်စုစာအုပ်ကိုထုတ်စေပြီး အမှတ်စဉ် ၁ မှ ၄၀ အထိ အစဉ်အတိုင်း ရေးစေပါ။

"ယခု ကျွန်ုပ်တို့ ပြိုင်ပွဲဝင်ရန်ရှိသောကြောင့် ပြင်ဆင်ကြမည်။ ပထမ၊ ဒုတိယ၊ တတိယ ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။"

- သင်က'ရေးတော့'ဟုပြောလျှင် သူတို့သိသော မယုံကြည်သူ ၄၀ ၏ အမည်ကိုချရေးခိုင်းပါ။ အမည်များကိုမမှတ်မိပါက 'ဆံပင်ညှပ်ဆရာ၊ စာပို့သမား' စသည်ဖြင့်ရေးနိုင်သည်။ ရေးတော့ဟုမပြောမချင်း မည်သူမျှ စ မရေးရန်ပြောပါ။
- သင် လမ်းညွှန်ချက်ပေးနေစဉ်မှာပင် အချို့မှာ စရေးတတ်ကြသဖြင့် သင်တန်းသားများကို ဘောလ်ပင်များ လေထဲတွင်မြှောက်ထားကြရန် ပြောပါ။

- လူ ၄၀ နာမည် ရေးပြီးပါက မတ်တပ်ရပ်စေပါ။ ပထမ၊ ဒုတိယ၊ တတိယ ဆုများ ကို ချီးမြှင့်ပေးပါ။


  "ယုံကြည်သူများသည် သူတို့၏ယုံကြည်ခြင်းကို မဝေမျှနိုင်သည့်အကြောင်းရင်း နှစ်ရပ်မှာ မည်သို့ဝေမျှရမည်ကိုမသိ၍တစ်ကြောင်း၊ မည်သူ့ကိုဝေမျှရမည်ကို မ

  သိ၍တစ်ကြောင်း ဖြစ်သည်။ ယခုသင်ခန်းစာတွင် ပြဿနာနှစ်ခုလုံးကို ဖြေရှင်း ထားသည်။ ယခုသင်သည် မည်သို့ဝေငှရမည်ကို သိသည့်အပြင် မည်သူ့ကို ဝေ ငှရမည့်စာရင်းကိုလည်း ရရှိပြီးဖြစ်သည်။"

- သင်တန်းသားများအား စာရင်းထဲမှ လူ(၅)ဦး၏အမည်ကို ရွေးချယ်စေကာ သက် သေခံချက်ဝေငှရန် အမည်ဘေးတွင် ကြယ်ပွင့်များပြထားစေပါ။ နောက်အပတ် ထဲတွင် ဝေငှနိုင်ရန်အားပေးပါ။

"သင်၏လက်ကိုကြည့်ပါ၊ လက်ချောင်း(၅)ချောင်းသည် သင် နေ့စဉ်ဆုတောင်းပေးရ မည့် ပျောက်ဆုံးဝိညာဉ် (၅)ယောက်ကို သတိရစေသည်။ ပန်းကန်ဆေးသောအခါဖြစ် စေ၊ စာရေးသောအခါဖြစ်စေ၊ ကွန်ပျူတာရိုက်သောအခါဖြစ်စေ၊ သင့်လက်ချောင်း (၅) ချောင်းသည် သင့်ကိုဆုတောင်းရန် သတိပေးနေသည်။"

- သင်တန်းသားများအား စာရင်းထဲရှိ ပျောက်ဆုံးဝိညာဉ်များအတွက် အသံထွက်၍ ဆုတောင်းရန် အချိန်ပေးပါ။
- ဆုတောင်းပြီးသောအခါ၊ သကြားလုံးတစ်လုံးစီ ဆုအဖြစ်ပေး၍ ကျွန်ုပ်တို့သည် ယခု အောင်မြင်သူများဖြစ်ကြောင်း၊ ဧဝံဂေလိတရားကို မည်သို့ဝေငှရမည်၊ မည် သူ့ကိုဝေငှရမည်ကို သိရှိပြီးဖြစ်ကြောင်းပြောပါ။


MY ACTS 29
ဖျားနာသူများ
မြစ်
ကျမ်းစာကျောင်း
မြစ်
ဆင်းရဲသားများ
စစ်တပ်
ဘောလုံးကွင်း
ရေကန်
မယုံကြည်သူများထံသို့ ဧဝံဂေလိတရားဟောကြားရန်

# အခန်း–၉

# မျိုးကြဲပါ

မျိုး ကြဲပါတွင် ခရစ်တော်သည် မျိုးကြဲသူတစ်ဦးဖြစ်ကြောင်း မိတ်ဆက်ပေးပါ။ မျိုးကြဲသူများသည် မျိုးစေ့များကိုကြဲ၍ စိုက်ပျိုးကြသည်။ လယ်ယာများကို ပေါင်းသင်ပြုပြင်ကြသည်။ ဝမ်းမြောက်စွာနှင့်ကြီးမားသည့် ရိတ်သိမ်းမှုပြုကြသည်။ သခင်ယေရှုသည် မျိုးကြဲသူတစ်ဦးဖြစ်သည်။ ကျွန်ုပ်တို့ ခရစ်တော်နောက်လိုက်ပါက ကျွန်ုပ်တို့လည်း မျိုးကြဲသူများဖြစ်လာပေမည်။ ကျွန်ုပ်တို့အနည်းငယ်ကြဲလျှင် အနည်းငယ်သာရိတ်သိမ်းရမည်ဖြစ်ပြီး များစွာကြဲလျှင် များစွာရိတ်သိမ်းရလိမ့်မည်။

လောကလူသားများအသက်ရှင်မှုအကြား ကျွန်ုပ်တို့မည်သည့်အရာကိုကြဲမည်နည်း။ ရိုးရှင်းသော ဧဝံဂေလိသတင်းစကားသာလျှင် ထိုသူတို့အား ဘုရားသခင်၏မိသားစုဝင်များ အဖြစ်သို့ ပြောင်းလဲစေမှာဖြစ်သည်။ လူတစ်ဦးတစ်ယောက်အသက်တာတွင်ဘုရားသခင် အလုပ်လုပ်နေကြောင်း သူ့အား ရိုးရှင်းသောဧဝံဂေလိသတင်းစကား ဝေငှခြင်းအားဖြင့် ကျွန်ုပ်တို့သိရှိနိုင်ပေသည်။ ဘုရားသခင်၏တန်ခိုးတော်ကြောင့်သာ ထိုသူတို့ကယ်တင် ခြင်းရနိုင်ကြောင်း ကျွန်ုပ်တို့သိရှိရသည်။

## ကိုးကွယ်ခြင်း

- တစ်စုံတစ်ယောက်အား ဘုရားသခင်၏ မျက်မှောက်တော်နှင့် ကောင်းကြီးခံစားရရန် ဆုတောင်းစေပါ။
- ခမ္မသီချင်း(သို့) ချီးမွမ်းသီချင်း နှစ်ပုဒ်အတူတကွသီဆိုစေပါ။

## ဆုတောင်းခြင်း

- သင်တန်းသားများအား နှစ်ယောက်တစ်တွဲတွဲစေပါ။ တစ်ခါမျှမတွဲဘူးသေးသောသူများကို တွဲစေပါ။
- သင်တန်းသားတိုင်း မိမိ၏အပေါင်းအပါနှင့်အတူ အောက်ပါမေးခွန်းနှင့် အဖြေများကို မျှဝေခိုင်းပါ။
  ၁။ သင်သိသောမယုံကြည်သူများအား ကယ်တင်ခြင်းရရန် ကျွန်ုပ်တို့မည်သို့ ဆုတောင်းပေးရမည်နည်း ?
  ၂။ မိတ်ဆွေလေ့ကျင့်သင်ကြားပေးနေသည့် အဖွဲ့အတွက် ကျွန်ုပ်တို့မည်သို့ဆုတောင်းပေးနိုင်မည်နည်း ?

- မိမိနှင့်တွဲထားသူနှင့်အတူ ဆုတောင်းပါ။

# လေ့လာသင်ကြားခြင်း

## ပြန်လည်လေ့လာခြင်း

သင်ခန်းစာတိုင်းအား ပြန်လည်လေ့ကျင့်ခြင်းဖြင့် အစပြုထားသည်။ သင်တန်းသားတိုင်း သင်ကြားခဲ့ပြီးသောသင်ခန်းစာများအား မတ်တတ်ရပ်ကာ ပြန်လည်လေ့ကျင့်ရန်ဖြစ်သည်။ လက်ဟန်အမူအရာများဖြင့် ပြန်လည်လေ့ကျင့်ရန် အထူးဂရုပြုပါ။

**သခင်ယေရှု နောက်သို့လိုက်လျှောက်ရန် အထောက်အကူဖြစ်စေသည့် ပုံရိပ်(၈)မျိုးကား အဘယ်နည်း?**

စစ်သား၊ ရှာဖွေသူ၊ သိုးထိန်း၊ မျိုးကြဲသူ၊ သား/သမီး၊ သန့်ရှင်းသူ၊ အစေခံနှင့် ဘဏ္ဍာထိန်း

နာခံပါ

အစေခံတစ်ဦး၏လုပ်ဆောင်ချက်သုံးမျိုးကားအဘယ်နည်း?
ကမ္ဘာလောကတွင် အမြင့်ဆုံးအာဏာရှိသူမှာ မည်သူနည်း?
သခင်ယေရှုသည် ယုံကြည်သူတိုင်းကိုပေးထားသော မိန့်မှာချက်(၄)ခု ကား အဘယ်နည်း?
ကျွန်ုပ်တို့သခင်ယေရှုအား မည်ကဲ့သို့နာခံရမည်နည်း?
သခင်ယေရှုသည် ယုံကြည်သူတိုင်းအား မည်သည့်ဂတိတော်ပေးခဲ့သနည်း?

လျှောက်လှမ်းပါ

သားတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?
သခင်ယေရှု၏အမှုတော်သည် အဘယ့်ကြောင့်အောင်မြင်ခဲ့သနည်း?
သခင်ယေရှုသည်ကားတိုင်ပေါ်မတက်မီ ယုံကြည်သူတိုင်းအား သန့်ရှင်းသော ဝိညာဉ်တော်အကြောင်း မည်ကဲ့သို့ ဂတိပေးခဲ့သနည်း?
သခင်ယေရှုရှင်ပြန်ထမြောက်ပြီးနောက် ယုံကြည်သူတိုင်းအား သန့်ရှင်းသော ဝိညာဉ်တော်အကြောင်း မည်သို့ဂတိ ပေးခဲ့သနည်း?
သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပတ်သက်၍ နာခံရန်မိန့်မှာချက် (၄)ချက်မှာ အဘယ်နည်း။ ?

သွားပါ။

ရှာဖွေသူတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?
သခင်ယေရှုသည် မည်သည့်နေရာတွင် အမှုဆောင်ရန် မည်သို့ဆုံးဖြတ်ခဲ့သနည်း?
ကျွန်ုပ်တို့လည်း မည်သည့်နေရာတွင် အမှုဆောင်ရန် မည်သို့ဆုံးဖြတ်ရမည်နည်း?
သခင်ယေရှု မည်သည့်နေရာတွင် အလုပ်လုပ်နေသနည်း?

သခင်ယေရှုအခြားမည့်သည့်နေရာတွင် အလုပ်လုပ်နေသေးသနည်း?
ဝေငှပါ
စစ်သားတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?
စာတန်ကို ကျွန်ုပ်တို့မည်ကဲ့သို့ အောင်နိုင်မည်နည်း?
တန်ခိုးနဲ့ပြည့်ဝသော သက်သေခံချက်တစ်ခု၏ အကြမ်ဖျင်းဖော်ပြချက်မှာ အဘယ်နည်း?
နာခံလုပ်ဆောင်ရန်အရေးကြီးသောလမ်းညွှန်ချက်အချို့ကားအဘယ်နည်း?

## သခင်ယေရှုအား မည်ကဲ့သို့ တွေ့ရမည်နည်း?

-- မဿဲ ၁၃ း ၃၆-၃၇ --ထိုနောက်မှ ယေရှုသည် လူအစုအဝေးများကိုလွှတ်၍ အိမ်သို့ဝင်တော်မူပြီးမှ၊ တပည့်တော်တို့သည် ချဉ်းကပ်၍၊ လယ်၌ကြဲသောတောမျိုးစေ့၏ ဥပမာအနက်အဓိပ္ပါယ်ကို အကျွန်ုပ်တို့အား ဘော်ပြတော်မူပါဟု လျှောက်ကြလျှင်၊ ကိုယ်တော်က၊ ကောင်းသောမျိုးစေ့ကိုကြဲသောသူသည် လူသားဖြစ်၏။

"သခင်ယေရှုသည် မျိုးစေ့ကြဲသူဖြစ်ပြီး၊ ရိတ်သိမ်းသောသခင်လည်းဖြစ်ပါသည်။

မျိုးကြဲသူ

✋ "မျိုးစေ့များကို လက်နှင့်ကြဲသည့်ပုံပြုပါ။"

## မျိုးကြဲသူတစ်ဦး၏ လုပ်ဆောင်ချက်(၃)ခုကား အဘယ်နည်း?

-- မာကု ၄ း ၂၆-၂၉ --ထိုမှတပါး လူသည် လယ်၌ မျိုးစေ့ကြဲပြီးမှ နောက်တဖန် မိမိမကြည့်မမှတ်၊ ညဉ့်၊ နေ့ အိပ်လျက်၊ နိုးလျက် နေသော်လည်း အပင်ပေါက်၍ ကြီးပွားသည်နှင့် ဘုရားသခင်၏ နိုင်ငံတော်တူ၏။ မြေကြီးသည် မိမိအလိုအလျောက် အသီးကို သီးစေ၍ ရှေ့ဦးစွာအညှောက်၊ ထိုနောက်အနှံ၊ ထိုနောက်အနှံထဲမှ အောင်မာသောအဆန်ကိုဖြစ်စေတတ်၏။ အသီးမှည့်၍ ရိတ်ချိန်ရောက်သောအခါ၊ လယ်ရှင်သည် မဆိုင်းမလင့်၊ တံစဉ်နှင့် ရိတ်စေတတ်သည်ဟု မိန့်တော်မူ၏။

၁။ မျိုးကြဲသူတစ်ဦးသည် ကောင်းသောမျိုးစေ့ကိုသာ စိုက်ပျိုးကြသည်။

၂။ မျိုးကြဲသူတစ်ဦးသည် သူတို့မျိုးစေ့ရှင်သန်ရန် ပေါင်းသင်ပြုစုကြသည်။

၃။ မျိုးကြဲသူတစ်ဦးသည် ကြီးမားသောရိတ်သိမ်းမှုကို မျှော်လင့်ကြသည်။

"သခင်ယေရှုသည် မျိုးကြဲသူဖြစ်ပြီး ကျွန်ုပ်တို့တွင် အသက်ရှင်နေသည်။ သူသည် ကျွန်ုပ်တို့နှလုံးသားတွင် ကောင်းသောမျိုးစေ့များ စိုက်ပျိုးသကဲ့သို့ စာတန်သည်

လည်း မကောင်းသောမျိုးစေ့များ စိုက်ပျိုးလိုသည်။ ယေရှုစိုက်သောအပင်သည် ထာဝရအသက်သို့ဦးဆောင်သည်။ သူ့နောက်လိုက်ပါက ကျွန်ုပ်တို့လည်း မျိုးစေ့ကြဲသူများ ဖြစ်လာပေမည်။ ဧဝံဂေလိတရားတည်းဟူသော ကောင်းသောမျိုးစေ့များကို စိုက်ပျိုးရမည်။ ဘုရားသခင်ပို့ဆောင်သောနေရာ၌ လယ်ကွင်းများကိုကြပ်မတ်ကြည့်ရှု ပြုစုရမည်။ ကြီးမားသော ရိတ်သိမ်းခြင်းကို တွေ့မြင်ကြရမည်။”

## ရိုးစင်းသော ဧဝံဂေလိသတင်းစကားဆိုသည်မှာ အဘယ်နည်း?

-- လုကာ ၂၄ း ၁-၇ -- ခုနစ်ရက်တွင် ပဌမနေ့ရက် အာရုဏ်တက်သောအချိန်၌၊ ထိုမိန်းမတို့သည် အခြားသောမိန်းမတို့နှင့်တကွ မိမိတို့ပြင်ဆင်သော နံ့သာမျိုးကိုဆောင်လျက် သင်္ချိုင်းတော်သို့ သွားကြ၏။ ရောက်သောအခါ တွင်းဝ၌ ပိတ်သောကျောက်သည် လိမ့်လန်လျက်ရှိသည်ကိုတွေ့မြင်၍ အတွင်းသို့ဝင်သော်၊ သခင်ယေရှု၏အလောင်းတော်ကိုမတွေ့ကြ။ထို အကြောင်းကြောင့် သူတို့သည် တွေးတောသောစိတ်ရှိစဉ်တွင်၊ လူနှစ်ယောက်တို့သည် ပြိုးပြိုးပြက်ပြက်သောအဝတ်ကို ဝတ်ဆင်လျက် ပေါ်လာ၏။ ထိုမိန်းမတို့သည် ကြောက်လန့်သောစိတ်နှင့်ငုံ့ ၍နေစဉ်တွင်၊ ထိုသူတို့က၊ သင်တို့သည်အသေကောင်ရှိရာ အရပ်၌အသက်ရှင်သောသူကို အဘယ်ကြောင့်ရှာကြသနည်း။ ဤအရပ်၌မရှိ၊ ထမြောက်တော်မူပြီ။ လူသားသည်ဆိုးသောသူတို့လက်သို့ အပ်နှံခြင်း၊ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကိုခံရမည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်ဟု ဂါလိလဲပြည်၌ရှိတော်မူစဉ် သင်တို့အား မိန့်တော်မူသောစကားကို အောက်မေ့ကြဦးဟု ဆိုကြသည်ရှိသော်၊

**ပထမ...**

“ဘုရားသခင်သည် ပြည့်ဝစုံလင်သော ကမ္ဘာကြီးကို ဖန်ဆင်းခဲ့သည်။”

☝ လက်ဖြင့် စက်ဝိုင်းအကြီးကြီးပုံ ပြုလုပ်ပါ။

“သူသည် လူကို ဘုရားသခင်၏မိသားစုဝင်အဖြစ်သတ်မှတ်ခဲ့သည်။”

☝ လက်နှစ်ဖက်ကို ယှက်ထားပုံ ပြုလုပ်ပါ။

**ဒုတိယ...**

“လူသည် ဘုရားကိုမနာခံခြင်းအားဖြင့် အပြစ်တရားနှင့် ဆင်းရဲပင်ပန်းမှု ဒုက္ခဝေဒနာများ ကမ္ဘာလောကထဲသို့ဝင်ရောက်လာခဲ့သည်။”

☝ ရန်ဖြစ်သလို လက်သီးကိုမြှောက် ပုံပြုလုပ်ပါ

“ထို့ကြောင့် လူသည် ဘုရားသခင်၏ မိသားစုဝင်အဖြစ်မှ အပယ်ခံခဲ့ရသည်။”

☝ လက်နှစ်ဖက်ကို ယှက်ထားရာမှတစ်ဖက်စီ ဖြန့်လိုက်ပုံ ပြုလုပ်ပါ။

## တတိယ...

"ဘုရားသခင်သည် အပြစ်နှင့်ကင်းသော မိမိ၏တစ်ပါးတည်းသောသားတော်ကို ဤလောကသို့ စေလွှတ်ခဲ့သည်။"

လက်ကိုအပေါ်သို့မြှောက်ပြီး အောက်သို့ပြန်ချပုံ ပြုလုပ်ပါ။

"ကားတိုင်ပေါ်တွင် ကျွန်ုပ်တို့အပြစ်အတွက် သခင်ယေရှုအသေခံခဲ့သည်။"

လက်ဖဝါးနှစ်ဘက်ကို လက်ခလယ်ဖြင့်ညွှန်ပြီး ဒဏ်ချက်များကိုပြပုံပြုပါ။

"သင်္ဂြိုလ်ခြင်းခံရသည်။"

ညာဖက်တံတောင်ဆစ်ကို ဘယ်ဘက်လက်ဖြင့်ကိုင်ပြီး ညာလက်မောင်းကို နောက်သို့လှဲကာ သင်္ဂြိုလ်ခြင်းခံရပုံပြုပါ။

"ဘုရားသခင်သည် ယေရှုကို (၃)ရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်စေခဲ့သည်။"

လက်(၃)ချောင်းထောင်လျှက် လက်မောင်းကိုပြန်မပြီး ထမြောက်ပုံပြုပါ။

"ဘုရားသခင်သည် ကျွန်ုပ်တို့အပြစ်များအတွက် သခင်ယေရှု၏ ကိုယ်စားအသေခံပေးဆပ်ခြင်းကို လက်ခံခဲ့သည်။"

လက်ကိုအပေါ်သို့မြှောက်ပြီး အောက်သို့ပြန်ချကာ လက်ချောင်းများဖြင့် နှလုံးသားပေါ်တွင် ကားတိုင်ပုံပြုပါ။

## စတုတ္ထ...

"မည်သူမဆို သခင်ယေရှုအား ဘုရားသခင်၏သားတော်ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့အပြစ်များအတွက် ကိုယ်စားအသေခံပေးဆပ်သော ကယ်တင်ရှင်အဖြစ် ယုံကြည်သူတိုင်း..."

သင် ယုံကြည်ကိုးကွယ်သောသူထံသို့ လက်နှစ်ဖက်က မြှောက်ပြပါ။

"...မိမိအပြစ်ကို ဝန်ချတောင်းပန်ပြီး..."

လက်နှစ်ဖက်ကို ဘေးတွင်ယှက်၍မျက်နှာကိုအခြားတဖက်သို့လှည့်ထားပါ။

"...ကယ်တင်ခြင်း တောင်းခံပါက..."

လက်များအား ခွက်သဏ္ဍာန်ပုံပြုလုပ်ပါ။

"...ဘုရားသခင်၏ မိသားစုဝင် ပြန်လည်ဖြစ်ခွင့်ရသည်။"

ဆုတောင်းပုံပြုပြီး လက်ခုပ်တီးပါ။

- ရိုးစင်းသော ဇဝ်ဂေလိသတင်းစကားပါ အချက်များကို အလွတ်ရစေရန် အကြိမ်ကြိမ် ပြန်လည်လေ့ကျင့်စေပါ။ ကျွန်ုပ်တို့၏အတွေ့အကြုံအရ ယုံကြည်သူ အတော်များများသည် သူတို့၏ယုံကြည်ခြင်းကို မည်သို့ ပြန်လည်ဝေမျှရမည်ကိုမသိကြပေ။ ထို့အတွက်ကြောင့် သင်တန်းသားတိုင်း ရိုးစင်းသော ဇဝ်ဂေလိသတင်းစကားကို ရှင်းလင်းစွာ နားလည်သဘောပေါက်စေရန် လုံလောက်သောအချိန်ကို အသုံးပြုပါ။
- သင်တန်းသားများအား ဤသင်ခန်းစာကို ကိုယ်ဟန်မူအရာနှင့်တကွ တိကျစွာ မှတ်မိတည်ဆောက်နိုင်ရန် ကူညီပေးပါ။ ဤသင်ခန်းစာ၏ ပထမပိုင်းမှအစပြုကာ အကြိမ်ရေအနည်းငယ်မျှ ပြန်လည်လေ့ကျင့်ပါ။ ၄င်းနောက် ဒုတိယပိုင်းကို ဝေငှပြီး အကြိမ်ရေအနည်းငယ်မျှ ပြန်လည်လေ့ကျင့်ပါ။ ထို့နောက် သင်ခန်းစာ၏ ပထမပိုင်းနှင့်ဒုတိယပိုင်းကို အကြိမ်ရေအနည်းငယ်မျှ ပြန်လည်လေ့ကျင့်ပါ။ ၄င်းနောက် တတိယပိုင်းကိုဝေငှပြီး အကြိမ်ရေအနည်းငယ်မျှ ပြန်လည်လေ့ကျင့်ပါ။ ပြီးနောက် ပထမပိုင်း၊ ဒုတိယပိုင်းနှင့် တတိယပိုင်းကို အကြိမ်ရေအနည်းငယ်မျှ ပြန်လည်လေ့ကျင့်ပါ။ နောက်ဆုံး စတုတ္ထပိုင်းကိုဝေငှပြီး အကြိမ်ရေအနည်းငယ်မျှပြန်လည်လေ့ကျင့်ပါ။ ထိုနောက် သင်ခန်းစာတစ်ခုလုံးကို အကြိမ်ရေအနည်းငယ်မျှ ကိုယ်ဟန်အမူအရာဖြင့်လက်တွေ့ပြန်လည်လေ့ကျင့်စေပါ။

## အလွတ်ကျက်မှတ်ရန်ကျမ်းပိုဒ်

-- လုကာ ၈ း ၁၅ -- ကောင်းသောမြေ၌ရှိသောသူကား၊ ဖြောင့်မတ်စင်ကြယ်သော စိတ်နှလုံးနှင့် တရားစကားကိုကြားလျှင်၊ စွဲလမ်းသောအားဖြင့် မြဲမြံစွာအသီးသီးသော သူကိုဆိုလိုသတည်း။

- အားလုံးမတ်တပ်ရပ်၍ ဤကျမ်းပိုဒ်ကို (၁၀)ကြိမ် အတူတကွ ကျက်မှတ်ရန် ဖြစ်သည်။ ပထမ(၆)ကြိမ်တွင် သင်တန်းသားများသည် ကျမ်းစာအုပ် (သို့) မှတ်စုကို ကြည့်၍ကျက်မှတ်ပြီး ကျန် (၄)ကြိမ်ကို အလွတ်ကျက်မှတ်ရန်ဖြစ်သည်။ ကျမ်းစာကျက် မှတ်သည့်အခေါက်တိုင်း ကျမ်းညွှန်းကို အရင်ထည့်၍ကျက်ရန်နှင့်ပြီး သွားသောသူတိုင်းကို ထိုင်စေပါ။
- ဤသို့ပြုလုပ်စေခြင်းဖြင့် လက်တွေ့လုပ်ဆောင်ရာတွင် မည်သူကပြီးသည်၊ မပြီးသည်ကို အလွယ်တကူသိမှတ်နိုင်သည်။

# လက်တွေ့လေ့ကျင့်လုပ်ဆောင်ခြင်း

- ကျေးဇူးပြု၍ဖတ်ရန်–ဤသင်ခန်းစာ၏ လက်တွေ့လေ့ကျင့်ခြင်းပုံစံတွင် အခြားသင်ခန်းစာ၏ လက်တွေ့လေ့ကျင့်ခြင်းပုံစံနှင့် မတူပါ။

- သင်တန်းသားများအား မိမိနှင့်အတူ ဆုတောင်းခဲ့သူနှင့် မျက်နှာခြင်းဆိုင် မတ်တတ် ရပ်စေပါ။ နှစ်ဦးစလုံး ရိုးရှင်းစွာဇဝံဂေလိဝေငှခြင်းကို ကိုယ်ဟန်အမူအရာနှင့်တစ်ကွ ပြန်လည်လေ့ကျင့် လုပ်ဆောင်ရန်ဖြစ်သည်။
- ပထမအတွဲနှင့် လက်တွေ့လေ့ကျင်ပြီးပါက သင်တန်းသားတိုင်းသည်နောက်ထပ်အတွဲသစ်ကိုရှာကာ နှစ်ယောက်အတူ မျက်နှာခြင်းဆိုင်မတ်တတ်ရပ်လျက် ရိုးရှင်းစွာဇဝံဂေလိဝေငှခြင်းကို ကိုယ်ဟန်အမူအရာနှင့် ထပ်မံလေ့ကျင့်လုပ်ဆောင်ရန်ဖြစ်သည်။
- ဒုတိယအတွဲနှင့် လက်တွေ့လေ့ကျင်ပြီးပါက သင်တန်းသားတိုင်းသည် နောက်ထပ်အတွဲသစ်ကိုရှာကာ နှစ်ယောက်အတူ မျက်နှာခြင်းဆိုင်မတ်တတ်ရပ်ကာ ရိုးရှင်းစွာ ဧဝံဂေလိဝေငှခြင်းကို ကိုယ်ဟန်အမူအရာနှင့်တစ်ကွ ထပ်မံလေ့ကျင့် လုပ်ဆောင်ရန်ဖြစ်ပြီး "ဂကြိမ်" တိုင်အောင် လုပ်ဆောင်ရပေမည်။
- သင်တန်းသားတိုင်း မိမိ၏ "ဂယောက်"မြောက်အတွဲနှင့် လက်တွေ့လေ့ကျင့်ပြီးပါက အဖွဲ့သားအားလုံးအား တစ်ဖန်ရိုးရှင်းစွာဇဝံဂေလိဝေငှခြင်းကို ကိုယ်ဟန်အမူအရာနှင့်တစ်ကွ ထပ်မံလေ့ကျင့် လုပ်ဆောင်စေပါ။ ယခုအချိန်တွင်သင်တန်းသားများသည် ရိုးရှင်းစွာဇဝံဂေလိဝေငှခြင်းကို အကြိမ်များစွာ လက်တွေ့လေ့ကျင့်လုပ်ဆောင်ပြီးနောက် မည်မျှတိုးတက်လာကြောင်း သင်သည် အံ့သြဖွယ် တွေ့ရှိရပေမည်။

## ဧဝံဂေလိ မျိုးစေ့ကြဲရန်သတိရပါ။

"ဧဝံဂေလိမျိုးစေ့ စိုက်ပျိုးရန်သတိရပါ။ သင်သည်မျိုးစေ့မစိုက်ပါက ရိတ်သိမ်းခြင်းအမှု မရှိပါ။ သင်သည် အနည်းငယ်သာမျိုးစေ့စိုက်ပျိုးပါက အနည်းငယ်သာ ရိတ်သိမ်းခြင်းရှိပါမည်။ သင်သည် များစွာသောမျိုးစေ့စိုက်ပျိုးပါက ဘုရားသခင်သည် သင့်အားကြီးမားသော ရိတ်သိမ်းခြင်းအမှုအားဖြင့် ကောင်းကြီးပေးပါလိမ့်မည်။ သင်မည်ကဲ့သို့သော ရိတ်သိမ်းမှုမျိုး အလိုရှိပါသလဲ?"

"သင်သည် တစ်စုံတစ်ယောက်အား ခရစ်တော်နောက်လိုက်ရန် ပိုမိုသိရှိလိုပါသလားဟု မေးသောအခါ ထိုသူမှပိုမိုသိရှိလိုပါတယ်ဟု ဝန်ခံပါက ထိုသူအထဲတွင် ဘုရားသခင်အလုပ်လုပ်နေပြီဖြစ်သောကြောင့် ဤအချိန်သည် ဧဝံဂေလိမျိုးစေ့စိုက်ပျိုးရန် အချိန်ကောင်းပင်ဖြစ်သည်။"

"ဧဝံဂေလိမျိုးစေ့ကြဲပါ။ မျိုးစေ့မကြဲလျှင်=ရိတ်သိမ်းခြင်းမရှိ၊ သခင်ယေရှုသည် မျိုးကြဲသူတစ်ဦးဖြစ်ပြီး သူသည်ကြီးမားသော ရိတ်သိမ်းမှုကိုမျှော်မှန်းထားသည်။"

"သင်တန်းသာအားလုံးအား အချိန်အနည်းငယ်စဉ်းစားစေကာ သင်တန်းပြင်ပမှ သူတို့ပြန်လည် သင်ကြားပေးနိုင်မည့်သူ တစ်ဦးကို ရွေးချယ်စေကာ ထိုသူ၏နာမည်ကို ဤသင်ခန်းစာ၏ ပထမစာမျက်နှာထိပ်တွင် ရေးမှတ်စေပါ။"

# အဆုံးသတ်ခြင်း

## တမန်တော်၂၉ သည် ဘယ်မှာနည်း? ❧

"သင်တန်းသားများအား ကျမ်းစာအုပ်မှ "တမန်တော်၂၉း၂၁"ကိုလှန်ခိုင်းပါ။

- သူတို့သည် တမန်တော်ဝတ္ထုတွင်၂၈ခန်း သာရှိကြောင်း ပြောလိမ့်မည်။

"သင့်ကျမ်းစာတွင် တမန်တော်ဝတ္ထု အခန်းကြီး၂၉ ရှိကြောင်းပြောပါ။"

- သင်ယူသူအချို့အား ရှေ့သို့လာစေပါ။ သူတို့ကျမ်းစာအုပ်များရှိ အခန်းကြီး၂၈ ၏ အဆုံးသို့ညွှန်ပြပြီး သူတို့၌လည်း တမန်တော်ဝတ္ထု အခန်းကြီး၂၉ အထိသေချာပေါက် ရှိကြောင်းကိုပြောပါ။

"ယခု အချိန်ကာလသည် ကျွန်ုပ်တို့တစ်ယောက်စီတိုင်းအတွက် တမန်တော်၂၉ ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အားဖြင့် လုပ်ဆောင်နေသမျှကို ဘုရားသခင်သည် မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး၊ တစ်နေ့သောအချိန်တွင် ကျွန်ုပ်တို့ ပြန်လည်ဖတ်ရှုကြရမည်ဖြစ်သည်။ သင့်မှတ်တမ်းနှင့်ပတ်သက်ပြီး သင်ဘာတွေများပြောစေချင်ပါသလဲ?၊ သင့်ရဲ့ရုပါရုံကဘာလဲ?၊ ယခု ကျွန်ုပ်တို့ရေးဆွဲထားကြသောမြေပုံသည် ကျွန်ုပ်၏တမန်တော်၂၉ ဖြစ်ပြီး ဘုရားသခင်ကျွန်ုပ်တို့အသက်တာ၌ လုပ်ဆောင်စေလိုသောအရာ ရူပါရုံတစ်စိတ် တစ်ပိုင်းပင်ဖြစ်ပေသည်။ ကျွန်ုပ်ရဲ့တမန်တော်၂၉ ရူပါရုံကို သင့်အားဝေမျှလိုပါ တယ်။"

- သင်ရဲ့"တမန်တော်၂၉"ရူပါရုံကို အဖွဲ့သားများနှင့် ဝေမျှပါ။ မယုံကြည်သူနှင့် ယုံကြည်သူများအား ရူပါရုံထားရှိမှုများ ပါဝင်ပါစေ။ ဘုရားသခင်သည် မယုံကြည်သူများအား ဧဝံဂေလိတရားဝေငှစေလိုပြီး၊ ယုံကြည်သူများအား ခရစ်တော်နောက်သို့လိုက်ရန် လေ့ကျင့်သင်ကြားပေးပြီး သူတို့ယုံကြည်ခြင်းအား ဝေငှစေလိုပါသည်။

"ကျွန်ုပ်တို့၏ 'တမန်တော်ဝတ္ထု၂၉'မြေပုံသည် ကားတိုင်ကိုပုံဆောင်ထားပြီး ခရစ်တော်သည် ကျွန်ုပ်တို့အားထမ်းရန်ခေါ် ထားပါသည်။ ယခုကျွန်ုပ်တို့သည် မိမိတို့၏ မြေပုံများကို ရှင်းလင်းတင်ပြရန်နှင့် ဆပ်ကပ်ခြင်းအတွက် သန့်ရှင်းသောအချိန်ဖြစ်ပါသည်။ အချင်းချင်းအတွက် ဆုတောင်းပေးပြီး ခရစ်တော်နောက်လိုက်ရန် ကျွန်ုပ်တို့အသက်တာများအား ဆပ်ကပ်အပ်နှံရန်ဖြစ်သည်။

## တမန်တော်၂၉မြေပုံ–အပိုင်း၃ 

- သင်တန်းသားများအားမြေပုံပေါ်တွင် တစ်ပည့်တော်စုအသစ်စတင်နိုင်မည်ဖြစ်နိုင်ခြေရှိသည့် နေရာအနည်းဆုံး သုံးနေရာခန့်ကို စက်ဝိုင်းအမှတ်အသား ပြုခိုင်းပါ။ ဖြစ်နိုင်ခြေရှိသည့် အဖွဲ့ခေါင်းဆောင်နှင့် ထိုနေရာပတ်ဝန်းကျင်ရှိ မိသားစု အိမ်ရှင်အမည်များကိုရေးခိုင်းပါ။
- အကယ်၍ တစ်ပည့်တော်စုများ စတင်လုပ်ဆောင်နေသူများအတွက် ကျေးဇူးတော်ချီးမွမ်းပြီး မြေပုံပေါ်တွင် ထိုနေရာများကို အမှတ်အသားပြုစေပါ။ သို့မဟုတ် တစ်ပည့်တော်စုများ စတင်လုပ်ဆောင်ခြင်း မရှိသေးသူများအတွက် သူ၏ဒေသတွင် ဘုရားသခင် မည်သည့်နေရာ၌ အလုပ်လုပ်နေကြောင်း မြင်တွေ့စေရန် ကူညီရှာ ဖွေပေးပါ။
- သင်တန်းသားများအတွက် မြေပုံပြင်ဆင်ဖြည့်စွက်ခြင်းသည် ဆပ်ကပ်ခြင်းမပြုမှီ ဤအကြိမ်သည် နောက်ဆုံးဖြစ်ပြီး အချိန်ကိုလုံလောက်စွာ အသုံးပြုစေပါ။

# အခန်း–၁၀

# ထမ်းပါ

**ထမ်း**ပါ ဟူသောသင်ခန်းစာသည် ဤသင်တန်း၏ အဆုံးပိတ်သင်ခန်းစာဖြစ်သည်။ ယေရှုခရစ်တော်ပေးသည့်မိန့်မှာချက်မှာ ကိုယ့်ကားတိုင်ကိုထမ်း၍ နေ့စဉ်သူ့နောက်တော်သို့လိုက်ရန်ဖြစ်သည်။ တမန်တော်(၂၉)မြေပုံ ကားချပ်သည် သင်တန်းသားအယောက်စီတိုင်းအား ယေရှုခရစ်တော် သယ်ဆောင်စေခိုင်းသည့် ကားတိုင်ပင်ဖြစ်သည်။

နောက်ဆုံးသင်ခန်းစာတွင် သင်တန်းသားတိုင်းမိမိတို့အဖွဲ့အတွင်း မိမိ၏တမန်တော် (၂၉) မြေပုံကို ရှင်းလင်းတင်ပြရန်ဖြစ်သည်။ သင်တန်းသားတဦး ရှင်းလင်းတင်ပြပြီးတိုင်း အဖွဲ့သားများသည် တမန်တော်(၂၉)မြေပုံနှင့် ထိုသင်တန်းသားပေါ်တွင်လက်တင်ပြီး၊ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာနှင့် သူ၏သာသနာပြုခြင်း၌ ဘိသိတ်ခံစားရရန် ဆုတောင်းပေးရမည်။ ဆက်လက်ပြီး "သင့်ကားတိုင်ကိုထမ်း၍ ခရစ်တော်နောက်သို့လိုက်ပါ" ဟူသည့် မိန့်မှာချက်ကို သုံးကြိမ်တိုင်တိုင်ပြောကာ မြေပုံပိုင်ရှင်ထံအပ်ပေးရမည်။ သင်ယူသူအားလုံး တယောက်တလှည့် တင်ပြခြင်းပြုလုပ်ဆောင်ရွက်စေပါ။ သင်တန်းအားတပည့် တော်ဖြစ်ခြင်းနှင့်သက်ဆိုင်သော ချီးမွမ်းကိုးကွယ်ခြင်းသီချင်းတစ်ပုဒ် ကျူးဧပြီးနောက် ဆက်ကပ်မှုပြုကာ ဝိညာဉ်ရေးရာခေါင်းဆောင်တစ်ဦးမှ ဆုတောင်းခြင်းဖြင့်အဆုံးသတ်စေပါ။

## ကိုးကွယ်ခြင်း

- တစ်စုံတစ်ယောက်အား ဘုရားသခင်၏မျက်မှောက်တော်နှင့် ကောင်းကြီးခံစားရရန် ဆုတောင်းစေပါ။
- ဓမ္မသီချင်း(သို့) ချီးမွမ်းသီချင်း နှစ်ပုဒ်အတူတကွသီဆိုစေပါ။

## ဆုတောင်းခြင်း

- အုပ်စုအတွင်းမှ ဝိညာဉ်ရေးရာ ခေါင်းဆောင်တစ်ဦးအား ဘုရားသခင်၏ မျက်မှောက်တော်နှင့် ကောင်းကြီးခံစားရရန် ဆုတောင်းစေပါ။

# ပြန်လည်တင်ပြခြင်း

## ပြန်လည်လေ့လာခြင်း

သင်ခန်းစာတိုင်းအား ပြန်လည်လေ့ကျင့်ခြင်းဖြင့် အစပြုထားသည်။ သင်တန်းသားတိုင်း သင်ကြားခဲ့ပြီးသောသင်ခန်းစာများအား မတ်တတ်ရပ်ကာ ပြန်လည်လေ့ကျင့်ရန်ဖြစ်သည်။ လက်ဟန်အမူအရာများဖြင့် ပြန်လည်လေ့ကျင့်ရန်အထူးဂရုပြုပါ။

**သခင်ယေရှုနောက်သို့လိုက်လျှောက်ရန်အထောက်အကူဖြစ်စေသည့်ပုံရိပ်(၈)မျိုးကား အဘယ်နည်း?**

စစ်သား၊ ရှာဖွေသူ၊ သိုးထိန်း၊ မျိုးကြဲသူ၊ သား/သမီး၊ သန့်ရှင်းသူ၊ အစေခံနှင့် ဘဏ္ဍာထိန်း

ဆတိုးပွားပါ

ဘဏ္ဍာထိန်းတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

လူသားများအတွက် ဘုရားသခင်၏ ပထမဆုံးမိန့်မှာချက်မှာ အဘယ်နည်း?

လူသားများအတွက်သခင်ယေရှု၏နောက်ဆုံးမိန့်မှာချက်ကားအဘယ်နည်း?

ကျွန်ုပ်လည်း မည်သို့သောအားဖြင့် ဝိညာဉ်အသီးသီးပြီး တိုးပွားနိုင်မလဲ?

ဣသရေလတိုင်းပြည်တွင်ရှိသော ပင်လယ်နှစ်ခုကား အဘယ်နည်း?

ပင်လယ်နှစ်ခုကား အဘယ်ကြောင့် လွန်စွာခြားနားရသနည်း?

သင်သည် မည်သည့်ပင်လယ်ကဲ့သို့ ဖြစ်ချင်ပါသနည်း?

ချစ်ပါ

သိုးထိန်းတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

အခြားသောသူများအား သွန်သင်ရမည့်အရေးကြီးဆုံးသော မိန့်မှာချက်ကား အဘယ်နည်း?

ချစ်ခြင်းမေတ္တာသည် မည်သည့်နေရာမှ လာသနည်း?

ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်းကား အဘယ်နည်း?

ကျွန်ုပ်တို့ အဘယ်ကြောင့် ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်း လုပ်ဆောင်ရမည်နည်း?

ရိုးစင်းစွာဝတ်ပြုကိုးကွယ်ရန် လူမည်မျှလိုအပ်သနည်း?

ဆုတောင်းပါ

သန့်ရှင်းသူတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

ကျွန်ုပ်တို့ မည်သို့ ဆုတောင်းရမည်နည်း?

ကျွန်ုပ်တို့အား ဘုရားသခင်မည်ကဲ့သို့ အဖြေပေးမည်နည်း?

ဘုရားသခင်၏ ဖုန်းနံပါတ်ကား အဘယ်နည်း?

နာခံပါ

အစေခံတစ်ဦး၏လုပ်ဆောင်ချက်သုံးမျိုးကားအဘယ်နည်း?

ကမ္ဘာလောကတွင် အမြင့်ဆုံးအာဏာရှိသူမှာ မည်သူနည်း?

သခင်ယေရှုသည် ယုံကြည်သူတိုင်းကိုပေးထားသော မိန့်မှာချက်(၄)ခုကား အဘယ်နည်း?

ကျွန်ုပ်တို့သခင်ယေရှုအား မည်ကဲ့သို့နာခံရမည်နည်း?

သခင်ယေရှုသည် ယုံကြည်သူတိုင်းအား မည်သည့်ဂတိတော်ပေးခဲ့သနည်း?

လျှောက်လှမ်းပါ

သားတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

သခင်ယေရှု၏အမှုတော်သည် အဘယ့်ကြောင့်အောင်မြင်ခဲ့သနည်း?

သခင်ယေရှုသည်ကားတိုင်ပေါ်မတက်မီယုံကြည်သူတိုင်းအားသန့်ရှင်းသောဝိညာဉ်တော်အကြောင်း မည်ကဲ့သို့ ဂတိပေးခဲ့သနည်း?

သခင်ယေရှုရှင်ပြန်ထမြောက်ပြီးနောက် ယုံကြည်သူတိုင်းအား သန့်ရှင်းသော ဝိညာဉ်တော်အကြောင်း မည်သို့ဂတိ ပေးခဲ့သနည်း?

သန့်ရှင်းသောဝိညာဉ်တော်နှင့် ပတ်သက်၍ နာခံရန် မိန့်မှာချက်(၄)ချက်မှာ အဘယ်နည်း?

သွားပါ။

ရှာဖွေသူတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

သခင်ယေရှုသည် မည်သည့်နေရာတွင် အမှုဆောင်ရန် မည်သို့ ဆုံးဖြတ်ခဲ့သနည်း?

ကျွန်ုပ်တို့လည်း မည်သည့်နေရာတွင် အမှုဆောင်ရန် မည်သို့ ဆုံးဖြတ်ရမည်နည်း?

သခင်ယေရှု မည်သည့်နေရာတွင် အလုပ်လုပ်နေသနည်း?

သခင်ယေရှုအခြားမည့်သည်နေရာတွင် အလုပ်လုပ်နေသေးသနည်း?

ဝေငှပါ

စစ်သားတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

စာတန်ကို ကျွန်ုပ်တို့မည်ကဲ့သို့ အောင်နိုင်မည်နည်း?

တန်ခိုးနဲ့ပြည့်ဝသော သက်သေခံချက်တစ်ခု၏ အကြမ်ဖျင်း ဖော်ပြချက်မှာ အဘယ်နည်း?

နာခံလုပ်ဆောင်ရန် အရေးကြီးသောလမ်းညွှန်ချက်အချို့ကား အဘယ်နည်း?

မျိုးကြဲပါ။

မျိုးကြဲသူတစ်ဦး၏ လုပ်ဆောင်ချက်သုံးမျိုးကား အဘယ်နည်း?

ရိုးစင်းသော ဧဝံဂေလိသတင်းစကားကို ကျွန်ုပ်တို့မည်သို့ဝေငှမည်နည်း?

## ခရစ်တော်သည် သူ၏နောက်လိုက်များကို နေ့စဉ်မည်ကဲ့သို့အသက်ရှင်ရန် မိန့်မှာခဲ့သနည်း?

-- လုကာ ၉ း ၂၃ -- ထိုမှတပါး၊ လူအပေါင်းတို့အား မိန့်တော်မူသည်ကား၊ ငါ၌ ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင် ကို နေ့တိုင်းထမ်း၍ ငါ့နောက်သို့လိုက်ရမည်။

"မိမိကိုယ်ကို ငြင်းပယ်ပါ၊ မိမိကားတိုင်ကို ထမ်း၍ ခရစ်တော်နောက်လိုက်ပါ။"

## မိမိကားတိုင်ကိုထမ်းရန် ကျွန်ုပ်တို့အားခေါ်နေသော အသံ(၄)မျိုးကား အဘယ်နည်း?

### အထက်မှလာသောအသံ

-- မာကု ၁၆ း ၁၅ --သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိ တရားကို ဟောကြလော့။

"သခင်ယေရှုသည် ကျွန်ုပ်တို့အား ဧဝံဂေလိဝေငှရန် အထက်မှခေါ်နေသည်။ သူသည် အမြင့်ဆုံးအာဏာရှိသူဖြစ်ပြီး ကျွန်ုပ်တို့ သူ့ကို အမြဲတမ်း၊ ချက်ခြင်း၊ နှလုံးသားမှချစ်ခြင်းမေတ္တာဖြင့် နာခံရမည် ဖြစ်သည်။"

"ဤအသံသည် အထက်မှလာသောအသံ ဖြစ်သည်။"
အထက်
"ကောင်းကင်သို့လက်ညှိုးညွှန်ပါ။"

### အောက်မှလာသောအသံ

-- လုကာ ၁၆ း ၂၇-၂၈ -- သူဌေးကလည်၊ အိုအဘ၊ ထိုသို့မှန်လျှင်၊ အကျွန်ုပ်၌ ညီငါးယောက် ရှိပါသည်ဖြစ်၍၊ သူတို့သည် ဤပြင်းပြစွာခံရာအရပ်သို့ မရောက်မည့် အကြောင်း၊ သူတို့အား သက်သေခံစေခြင်းငှါ၊ လာဇရုကို အကျွန်ုပ်အဘ၏အိမ်သို့ စေလွှတ်တော်မူပါ။ အကျွန်ုပ် တောင်းပန်ပါ၏ဟု ပြောဆိုလျှင်၊

"သခင်ယေရှုသည် ငရဲသို့ရောက်သွားသော သူဌေးတစ်ဦးအကြောင်း ပြောပြသည်။ ဤအဖြစ်အပျက်တွင် သူဌေးသည် ဆင်းရဲသား လာဇရုအား ကောင်းကင်မှ ညီအစ်ကို(၅)ဦးရှိရာ လောကမြေသို့သွားကာ သူတို့အား ငရဲအမှန်ရှိကြောင်း ပြောခိုင်းစေလိုသည်။ အာဗြဟံက သူတို့၌ သတိပေးမည့်သူများစွာရှိကြ၏ဟု ပြန်ပြောလေသည်။"

လာဇရုက လောကသို့ပြန်မသွားနိုင်တော့ပါ။ သေဆုံးပြီးနောက် ငရဲကျနေသော သူများက ကျွန်ုပ်တို့အား ဧဝံဂေလိဝေငှပေးဖို့ရန် ခေါ်နေပါသည်။

“ဤအသံသည် အောက်အရပ်မှလာသောအသံဖြစ်သည်။”

အောက်

“လက်ညှိုးကို မြေကြီးသို့ညွှန်ပါ။”

## အတွင်းမှလာသောအသံ

-- ၁ ကော ၉ း ၁၆ -- ငါသည်ဧဝံဂေလိတရားကို ဟောရုံပြုလျှင် ဝါကြွားခြင်း အကြောင်းမရှိသေး။ အဘယ်ကြောင့် နည်းဟူမူကား၊ မဟောဘဲမနေနိုင်။ မဟောဘဲနေလျှင် အမင်္ဂလာရှိ၏။

“ပေါလု အတွင်းထဲမှ သန့်ရှင်းသောဝိညာဉ်တော်သည် သူ့အား ဧဝံဂေလိဝေငှရန် နှိုးဆော်နေသည်ကို တွေ့ရသည်။ ထိုသန့်ရှင်းသောဝိညာဉ်တော်ကပင် ကျွန်ုပ်တို့အား မိမိကားတိုင်ကိုထမ်း၍ ဧဝံဂေလိဝေငှရန် ခေါ်နေသည်။”

ဤအသံသည်အတွင်းမှလာသောအသံဖြစ်သည်။

အတွင်း

“လက်ညှိုးကို သင်၏နှလုံးသားသို့ညွှန်ပါ။”

## အပြင်မှလာသောအသံ

-- တမန်တော် ၁၆ း ၉ --ညဥ့်အခါပေါလုသည် ဗျာဒိတ်ရူပါရုံကိုမြင်ရ၍၊ မာကေဒေါနိလူတယောက်က၊ မာကေဒေါနိ ပြည်သို့ ကူးပါ။ ငါတို့ကိုမစပါဟုရပ်လျက် တောင်းပန်၏။

“ရှင်ပေါလုသည်၊ အာရှသို့သွားရန် စီစဉ်ခဲ့သည်။ သို့သော် ထိုအချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်မှ ခွင့်မပြုခဲ့ပါ။ မာကေဒေါနိပြည်သားတစ်ဦးသည် ဧဝံဂေလိတရားဝေမျှဘို့ တောင်းပန်နေကြောင်း ရူပါရုံရရှိခဲ့သည်။ ခရစ်တော်အကြောင်း မကြားဘူးသေးသောလူစုများက ကျွန်ုပ်တို့ကို ကားတိုင်ထမ်း၍ ဧဝံဂေလိတရားဝေမျှရန် ခေါ်နေပါသည်။”

“ဤအသံသည်၊ အပြင်မှလာသောအသံဖြစ်သည်။”

အပြင်

“လက်နှစ်ဖက်ရှေ့သို့ဆန့်ပြီး အခြားသူကို လာပါ လာပါ ဟု ဖိတ်ခေါ်ပုံပြုပါ။”

- အသံ(၄)မျိုးကို လက်အမူအရာဖြင့် အကြိမ်ကြိမ်လေ့ကျင့်ပြီး သင်တန်းသားများအား ‘ဘယ်သူ့အသံလဲ၊ ဘယ်နေရာကလဲ၊ ဘာပြောတာလဲ ‘အစရှိသဖြင့် မေးပါ။

# တမန်တော်၂၉မြေပုံများ

## ဆုတောင်းဆက်ကပ်ခြင်း ၀၃

- တစ်ဖွဲ့တွင် ၈ယောက်မျှပါသော သင်တန်းသားများကိုဖွဲ့စည်းပါ၊ ခရစ်တော်နောက်လိုက်သင်တန်းတွင် ပါဝင်ခဲ့ဘူးသော ဝိညာဉ်ရေးရာခေါင်းဆောင်များကို အဖွဲ့တစ်ဖွဲ့စီတွင် ဦးဆောင်စေပါ။
- တင်ပြခြင်းနှင့်ဆက်ကပ်ချိန်တွင် လုပ်ဆောင်ရမည့်အရာများကို သင်ယူသူများအား ရှင်းပြပါ။
- သင်တန်းသားအဖွဲ့တိုင်းသည် စက်ဝိုင်းပုံနေ၍ သူတို့၏တမန်တော်၂၉ မြေပုံများကိုအလယ်ဗဟိုတွင်ထားကာ တစ်ဦးပြီးတစ်ဦးမိမိမြေပုံကို အဖွဲ့သားများအား ရှင်းပြစေပါ၊ ထို့နောက်အဖွဲ့သားများသည် မြေပုံနှင့်မြေပုံပိုင်ရှင်ပေါ်တွင် လက်တင်ကာ ဘုရားသခင်၏ တန်ခိုးတော်နှင့် ကောင်းကြီး ထိုသူအပေါ်၌ ခံစားရရန်ဆုတောင်းပေးပါ။
- လူတိုင်း မြေပုံပိုင်ရှင်အတွက် တစ်ပြိုင်တည်း အတူတကွ ကျယ်လောင်စွာ ဆုတောင်း ပေးနိုင်ပါသည်။ ထိုနောက် အဖွဲ့၏ဝိညာဉ်ရေးရာခေါင်းဆောင်မှ အဆုံးသတ် ဆုတောင်းရပေမည်။
- ထိုနောက် မြေပုံအားလိပ်ပြီး မြေပုံပိုင်ရှင်ဖြစ်သူ၏ ပခုံးထက်တွင်ထားစေကာ အဖွဲ့သားများက သုံးကြိမ် တစ်ညီတည်းပြောရမည်မှာ၊" သင့်ကားတိုင်ကိုထမ်း၍ ခရစ်တော်နောက်လိုက်ပါ၊"ဟူ၍ဖြစ်သည်။ ထို့နောက်နောက်တဦးမှ မိမိမြေပုံကိုအဖွဲ့သားများအားရှင်းပြစေကာ ယခင်ပုံစံအတိုင်းအစမှအဆုံးလုပ်ဆောင်စေပါ။
- ဆက်ကပ်ခြင်းမစမှီ သင်ယူသူများအား "သင့်ကားတိုင်ကိုထမ်း၍ ခရစ်တော်နောက်လိုက်ပါ။"ဟု သုံးကြိမ်တိုင်လေ့ကျင့်ပြောဆိုစေပါ။ ထိုကဲ့သို့ပြုလုပ်ခြင်းသည်၊ လူတိုင်းမိမိမြေပုံကို အဖွဲ့သားများအားရှင်းပြပြီးနောက် အဘယ်ကဲ့သို့တစ်ညီတည်းပြောရမည်ဖြစ်ကြောင်း အထောက်အကူပေးပါလိမ့်မည်။
- အဖွဲ့တစ်ဖွဲ့တွင် သူတို့၏မြေပုံများကိုဆက်ကပ်ပြီးပါက အခြားမပြီးသေးသောအဖွဲ့တွင် ဆက်လက်ပါဝင် ဆုတောင်းပေးခြင်းအားဖြင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပေါင်းပြီး နောက်ဆုံးတွင် သင်တန်းသားအားလုံး အဖွဲ့ကြီးတစ်ဖွဲ့တည်းဖြစ်သွားသည့်အထိ ပြုလုပ်ပါ။
- နောက်ဆုံးတွင် သင်တန်းသားအားလုံး အဓိပ္ပါယ်နှင့်ပြည့်ဝသည့် ဆက်ကပ်သီချင်းအားဖြင့် ဂုဏ်တော်ချီးမွမ်းကာ အဆုံးသတ်ပါ။

# အပိုင်း(၃)

# ရည်ညွှန်းချက်

# ဆက်လက်လေ့လာရန်

သင်ကြားထားသော ခေါင်းစဉ်နှင့်ပတ်သက်ပြီး၊ ပိုမိုလေးနက်စွာ ဆွေးနွေးနိုင်ရန်၊ အောက်ပါစာအုပ်များကိုဖတ်ရှုပါ။ အသစ်သောသာသနာနယ်မြေတွင် သမ္မာကျမ်းစာပြီးလျှင် ဖတ်ရှုရန် ကောင်းသော စာအုပ်များဖြစ်သည်။

## အဆင့်(၁)း ဘုရားသခင်၌ကြီးထွားရိုင်ခံခြင်း


Bright, Bill(1971). သန့်ရှင်းသောဝိညာဉ်တော်နှင့် မည်သို့ ပြည့်ဝစေမည်နည်း။Campus Crusade For Christ,

Graham, Billy (1978). သန့်ရှင်းသော ဝိညာဉ်တော်ဘုရားသခင်၏ တန်ခိုးတော်နှင့် သင့်အသက်တာ၌ နှိုးဆွခြင်း။ W.Publishing Group,

Patterson, George and Scoggins, Richard (1994).အသင်းတော် ဆပွား ခြင်း လမ်းညွှန်။ William Carey Library ,

Hybels, Bill (1988). ဆုမတောင်းနိုင်လောက်အောင် အလုပ်ရှုပ်လွန်းခြင်း။ Intervarsity Press,

Murray, Andrew (2007). ခရစ်တော်နှင့်အတူ ဆုတောင်းခြင်းကျောင်း၌။ Diggory Press,

Packer, J.I(1993). ဘုရားသခင်အားသိကျွမ်းခြင်း။Intervarsity Press,

Piper,John(2006). ကမ္ဘာမြေမှ သခင်ယေရှုမည်သည့်အရာကိုတောင်းဆိုသနည်း။ Cross wayBooks


## အဆင့်(၂)း တစ်ပည့်တော်ဖြစ်စေခြင်း


John Chen. သင်ကြားပေးမည့်သူအတွက် သင်ကြားခြင်း (T4T). Unpublished, no date.

Blackaby, Henry T.and
King, ClaueleV(1990). ဘုရားသခင်နှင့်ကြုံတွေ့ခြင်း၊ ဘုရားသခင်၏ အလိုတော် ကို သိရှိခြင်းနှင့်လုပ်ဆောင်ခြင်း၊ LifewayPress.

Billheimer, Paul.(1975 ). ပလ္လင်တော်သို့ ဦးတည်ခြင်းChristian Literatur Crusade

Carlton, R.Bruce(2003).တမန်တော်၂၈. Neglected ရိုတ်သိမ်းရာလယ်ကွင်းများအတွက် အသင်းတော်တည် ဆောက်ခြင်း အထောက်အကူပြုဆိုင်ရာလက်တွေ့လေ့ကျင့်သင်ကြားခြင်း.Kairos Press

Hodges, Herb. (2001).Tally Ho theFox!ကမ္ဘာ့ရူပါရုံအတွက်အဆောက်အဦးအုတ်မြစ်ချခြင်း၊ကမ္ဘာကြီးအားထိတွေ့ခြင်းတပည့်တော်များ ထပ်မံမွေးထုတ်ခြင်း။ Spirituallife Life Ministries,

Neighbour, Ralph T (1967). သက်သေခံရပ်တည်ခြင်း၊ Unknown Binding.

Ogden,Greg.(2003). တပည့်တော်ဖြစ်သင်တန်းအား အသွင်ပြောင်းခြင်း။ အချိန်အနည်းငယ်နှင့် တပည့်တော်မွေးထုတ်ခြင်း။ Inter Varsity .Press,

# အညွှန်း

# အဆုံးသတ်မှတ်စု

1. Galen Currah and George Patterson, Train and Multiply Workshop Manual (Project World Outreach, 2004)
2. Currah and Patterson
3. Currah and Patterson

# နောက်ဆက်တွဲအပိုင်း(က)

## ဘာသာပြန်ရန် လမ်းညွှန်

ဤသင်ခန်းစာအားဘုရားသခင်၏ဖွင့်ပြချက်အတိုင်း မည်သည့်လူမျိုး၏စကားအဖြစ်သို့မဆို ဘာသာပြန်၍ပြောင်းလဲထုပ်လုပ်သုံးစွဲရန် ခွင့်ပြုသည်။ ကျေးဇူးပြု၍ အောက်တွင်ဖော်ပြထားသော လမ်းညွှန်မှုများအတိုင်း ယေရှုခရစ်တော်နောက်သို့လိုက်ခြင်း (F J T) သင်ခန်းစာအား ဘာသာပြန်ရန်ဖြစ်သည်။

- F J T သင်ခန်းစာအား သင်တန်းအကြိမ်အနည်းငယ်တက်ရောက်ပြီး လက်တွေ့သင်ကြားဖူးပြီးမှသာလျှင် ဘာသာပြန်ရန်ဖြစ်သည်။ ဘာသာပြန်ဆိုရာတွင် စာသားမှစာသားသို့မဟုတ်ဘဲ ဆိုလိုယင်းအနက်အဓိပ္ပါယ်ကို ဦးစားပေးရန်ဖြစ်သည်။ ဥပမာအားဖြင့် "သန့်ရှင်းသောဝိညာဉ်တော်နှင့် လျှောက်လှမ်းပါ၊"သင်ခန်းစာတွင် သင့်အား သမ္မာကျမ်းစာ၏ဖွင့်ပြချက်အရ "သန့်ရှင်းသောဝိညာဉ်တော်နှင့်အသက်ရှင်ပါ၊"ဟု အသုံးပြုပြီးလက်ဟန်အမူအရာကိုလည်း ပြင်ဆင်အသုံးပြုနိုင်ပါသည်။
- ဘာသာပြန်ဆိုရာတွင် မိမိဒေသတွင်း အများအသုံးပြုနားလည်လွယ်သော စကားဖြစ်ရန်နှင့် ဘာသာရေး စကားအသုံးအနှုန်း မဖြစ်စေပါနှင့်။
- ဘာသာပြန်ဆိုရာတွင် မိမိဒေသအတွင်းအများအသုံးပြုနေသော သမ္မာကျမ်းစာကိုအသုံးပြု၍ လူတိုင်းနားလည်စေရန် အဓိကထားပြန်ပါ။ အကယ်၍ အသုံးပြုနေသော သမ္မာကျမ်းစာအား နားလည်ရန်ခက်ခဲပါက သူတို့အားရှင်းလင်းနားလည်လွယ်စေအောင် အဓိကထားပြန်ပါ။
- သခင်ယေရှု၏ ရုပ်ပုံဇမျိုး အဓိပ္ပါယ်အား သေချာစွာ ရှင်းလင်းနားလည်သဘောပေါက်ရန်အချိန်ပေးလေ့လာဖို့လိုအပ်ပေသည်။ ဆိုလိုယင်းအနက်အဓိပ္ပါယ်ကိုအတိအကျရရှိဖို့ရန်မှာ သင်တန်းတစ်ခုနှင့်တစ်ခု အချိန်ကာလကြာမြင့်ပုံခြင်း မတူညီကြပေ။
- "သူတော်စင်"အားဘာသာပြန်ရာတွင် မိမိ၏ကာလဒေသလိုက်၍ ချီးမွမ်းကိုးကွယ်ခြင်း၊ ဆုတောင်းခြင်းနှင့် အကျင့်သိက္ခာကောင်းသောအသက်တာဖြင့် ဦးဆောင်အသက်ရှင်နေထိုင်သူကို သန့်ရှင်းသူအဖြစ် ခေါ်ဆိုနိုင်ပေသည်။ သခင်ယေရှု၏သန့်ရှင်းဖြောင့်မတ်ခြင်းအား အဓိပ္ပါယ်ဖွင့်မည်ဆိုပါကသန့်ရှင်းသူဟုအသုံးပြုရန် အဓိကမကျပေ။ ဤနေရာတွင်သန့်ရှင်းသူဟုအသုံးပြုထားရခြင်းမှာ သခင်ယေရှုအား သူတော်စင်ဟုသရုပ်ဖော်ရန်မပြည့်စုံသောကြောင့်ဖြစ်သည်။

- “အစေခံ ”အားမှန်ကန်စွာမြင်နိုင်အောင် ဘာသာပြန်ရန်မှာ ခက်ခဲနိုင်ပါသည်၊ သို့သော် သင့်အတွက်လည်းခံယူရန် အလွန်အရေးကြီးပေသည်။ သင်သည် အလုပ်ကြိုးစားပြီး နှိမ့်ချသောနှလုံးသားရှိကာ အခြားသူများအား ကူညီပေးတတ်သူတစ်ဦးအား သေချာအချိန်ပေးမွေးထုတ်ရန် အရေးကြီးပေသည်။ အစေခံတစ်ဦး၏နှလုံးသားမျိုးကို ယဉ်ကျေးမှုတော်တော်များများတွင် တွေ့ရသည်။
- သရုပ်ပြသမှုများအားလုံးသည် အရှေ့တောင်အာရှနိုင်ငံများ၏ယဉ်ကျေးမှုအပေါ်တွင်အခြေခံပြီးအသုံးပြုထားခြင်းဖြစ်သောကြောင့် မိမိပတ်ဝန်းကျင်ယဉ်ကျေးမှုနှင့်လိုက်လျောညီထွေပြီး ပိုမိုထိရောက်သောသရုပ်ပြနည်းလမ်းများရှိပါကလွတ်လပ်စွာ ဖြည့်စွက်အသုံးပြုနိုင်ပါသည်။ မိတ်ဆွေတို့၏ လုပ်ဆောင်မှုများကို ကျွန်ုပ်တို့သိရှိခြင်းအားဖြင့် ကျွန်ုပ်တို့သည်လိုက်လှဲစွာအားပေးကူညီပံ့ပိုးပေးလိုပါသည်။
- ကျွန်ုပ်တို့အား translations@Follow Jesus Training.Com ဖြင့် ဆက်သွယ်ခြင်းအားဖြင့် ကျွန်ုပ်တို့ အတူတကွ လက်တွဲလုပ်ဆောင်ခြင်းဖြင့် များစွာသောသူများအား သခင်ယေရှုခရစ်တော်နောက်သို့လိုက်လျှောက်လာစေနိုင်ပါလိမ့်မည်။

# နောက်ဆက်တွဲအပိုင်း(ခ)

# F A Q

## ၁. တပည့်တော်စစ် မွေးထုထ်ခြင်း၏အဓိကပန်းတိုင်သည် အဘယ်နည်း?

သေးငယ်သော ယုံကြည်သူအုပ်စုတစ်ခု(ထိုသူများသည် ချီးမွမ်းရန်၊ ဆုတောင်းရန်၊ သမ္မာကျမ်းစာလေ့လာရန်နှင့် အချင်းချင်းခရစ်တော်နောက်သို့လိုက်ရန် တစ်ယောက်ကိုတစ်ယောက်အားပေးရန် အမြဲတွေ့ဆုံနေကြ)သည်၊ ကျမ်းမာသန်စွမ်းသောအသင်းတော် (သို့) ရေရှည်ထိရောက်တိုးတက်သောလုပ်ရှားမှု့အတွက် ခိုင်မာသောအခြေခံ အုတ်မြစ်ဖြစ်သည်။ ကျွန်ုပ်တို့၏ပန်းတိုင်မှာ ယုံကြည်သူတိုင်းအား ခရစ်တော်၏ လောကသားများကိုကယ်တင်ရန် နည်းဗျူဟာအတိုင်း အသက်ရှင်လိုက်လျှောက်တတ်ရန်အတွက် ခရစ်တော်၏နည်းဗျူဟာများထဲမှ ပထမသုံးဆင့်ဖြစ်သော ဘုရားသခင်၌ ကြီးထွားခိုင်ခံခြင်း၊ ဝမ်းမြောက်ဖွယ်သတင်းကောင်းဝေငှခြင်းနှင့် တပည့်တော်ဖြစ်စေခြင်းတို့ကို သင်ကြားလေ့ကျင့်ပေးခြင်းပင်ဖြစ်သည်။ သာသနာပြုများအတွက်တစ်ခါတစ်ရံအပြောင်းအလဲဖြစ်စေရန် အချို့အရာများသည် အထောက်အကူပြုပါသည်။ သို့သော်တပည့်တော်မှတပည့်တော်များ ဆင့်ပွားမွေးထုတ်ရန်အတွက်ကိုမူ ဘယ်တော့မှ ဦးတည်ချက်မရှိတတ်ကြပေ။

ကျွန်ုပ်တို့၏အတွေ့အကြုံအရ ယုံကြည်သူအတော်များများသည် လူ့အဖွဲ့အစည်းအတွင်းအသွင်ပြောင်းခြင်းအဖြစ် တပည့်တော်စုများစတင်ပြုစုပျိုးထောင်ရန် အတွေ့အကြုံမရှိကြပါ။ တပည့်တော်မှတပည့်တော်များ ဆင့်ပွားမွေးထုတ်ခြင်းလုပ်ရှားမှု့ တွင် "မိသားစုဝတ်ပြုကိုးကွယ်ခြင်းဖြင့် မိသားစုအတွင်း တပည့်တော်ဖြစ်စေခြင်း၊ အသင်းတော်ဥပုဒ်စာဖြေကျောင်းနှင့် တပည့်တော်စုများမှအသင်းတော်၏အသင်းသားတပည့်တော်များဖြစ်စေခြင်း၊ အုပ်စုငယ်များတွင်လည်း အဖွဲ့ဝင်အချင်းချင်း တစ်ဦးကိုတစ်ဦး တပည့်တော်များဖြစ်လာစေရန် လေ့ကျင့်ပေးစေခြင်းနှင့်အသင်းတော်သစ်များ တည်ထောင်လိုသူများအတွက်လည်း သေးငယ်သောတပည့်တော်စုငယ်များမှ စတင်လုပ်ဆောင်နိုင်ရန်အထောက်အကူဖြစ်စေသည်။ ဤလုပ်ရှားမှု့လမ်းညွှန်တွင် တပည့်တော်စုများစတင်ရန်မှာ နေရာမရွေးဘဲ မည်သည့်နေရာတွင်မဆို စတင်နိုင်ပေသည်။

## ၂. သင်ကြားခြင်းနှင့် လေ့ကျင့်သင်ကြားခြင်း၏ကွာခြားချက်က အဘယ်နည်း?

သင်ကြားခြင်းသည် မှတ်ဉာဏ်အတွက်အားဖြစ်စေပါသည်။ လေ့ကျင့်သင်ကြားခြင်းသည် လက်နှင့်နှလုံးသားအတွက်အစာဖြစ်စေပါသည်။ သင်ကြားမှုပုံစံတစ်ခုတွင် ဆရာမှစကားများများပြောပြီး ကျောင်းသားများမှမေးခွန်းအနည်းငယ်သာ မေးတတ်ကျသည်။ လေ့ကျင့်သင်ကြားမှုပုံစံတွင် ကျောင်းသားများမှစကားများများပြောပြီး ဆရာမှ မေးခွန်းအနည်းငယ်သာမေးသည်။ သင်ကြားမှုပုံစံတစ်ခုပြီးဆုံးတိုင်း မေးနေကြမေးခွန်းတစ်ခုမှာ "သင်တို့နားလည်ရဲ့လား(သို့) မှတ်မိရဲ့လား?"ပင်ဖြစ်သည်။ လေ့ကျင့်သင်ကြားမှုပုံစံတစ်ခုပြီးနောက် အဓိကမေးခွန်းမှာ "သူတို့လုပ်နေရဲ့လား?"ဟူ၍ ပင်ဖြစ်သည်။

## ၃. သင်ခန်းစာသင်ကြားပို့ချရန် အချိန်မလုံလောက်ပါက မည်သို့လုပ်နိုင်မည်နည်း?

F J T သင်တန်း၏ သင်ကြားခြင်းနည်းစနစ်သည် အလွန်အရေးကြီးပေသည်၊ သင်တန်းသားများအား သင်ကြားပေးရုံသက်သက်မဟုတ်ဘဲ အခြားသူများကိုလည်း လက်ဆင့်ကမ်းသင်ကြားပေးတတ်ရန်ဖြစ်သည်။ များသောအားဖြင့် သင်ကြားလေ့လာခြင်းအပိုင်းကို နှစ်ပိုင်းခွဲလိုက်ခြင်းအားဖြင့် အချိန်ပေါ်မူတည်၍ သင်ကြားလျှင်ပိုကောင်းပါသည်။ သို့သော် အဓိကတွေ့ကြုံလေ့ရှိသောပြဿနာမှာ အချင်းချင်းရင့်ကျက်မှုရရန် လက်တွေ့လေ့ကျင့်သင်ကြားခြင်းအပိုင်းကို မလုပ်ဆောင်နိုင်ခြင်းပင်ဖြစ်သည်။ ထိုအခါသင်ကြားခြင်းသည် သမားရိုးကျကျမ်းစာသင်တန်းကဲ့သို့ ဖြစ်သွားပေသည်။ ဆင့်ပွါး ခြင်းနှင့်တိုးတက်များပြားဖို့ရန်အဓိကသော့ချက်မှာ အချင်းချင်းရင့်ကျက်မှုရရန် လက်တွေ့ လေ့ကျင့်သင်ကြားခြင်းပင်ဖြစ်သည်။ သို့အတွက်ကြောင့် လက်တွေ့လေ့ကျင့်သင်ကြားခြင်းအပိုင်းကိုမပယ်ပါနှင့်၊ သင်ကြားလေ့လာခြင်းအပိုင်းကို နှစ်ပိုင်းခွဲပြီး သင်ကြားမှုနည်းစနစ်အတိုင်း နှစ်ကြိမ်ခွဲသင်ကြားနိုင်ပါသည်။

## ၄. မည်သို့ စတင်လုပ်ဆောင်နိုင်ကြောင်း သင်သည်အကြံပြုချက်များ ပေးနိုင်ပါသလား?

မိမိကိုယ်ကိုအစပြုရပေမည်၊ သင်၌မရှိသောအရာကို အခြားသူအားမပေးနိုင်ပါ၊ သင်ခန်းစာကိုဦးစွာလေ့လာပြီး မိမိ၏နေ့စဉ်အသက်တာကို အခြေခံဆန်းစစ်ရပေမည်။ သင်သည် 'အခြားသူများအားစတင်လေ့ကျင့်သင်ကြားရန် အဆင့်တစ်ခုလိုအပ်သည်' ဆိုသော နေရာအနံ့ပျံ့နှံ့နေသည့် မှားယွင်းသောထင်မြင်ယူဆချက်မျိုး မလုပ်ပါနှင့်။ ထို့အတူသင်မပေးသောအရာကို သင်ပြန်မရနိုင်ခြင်းမှာအမှန်ပင်ဖြစ်သည်။ သင်သည် ယုံကြည်သူတဦးဖြစ်ပါက သန့်ရှင်းသောဝိညာဉ်တော်သည် သင့်အထဲ၌အသက်ရှင်

နေပြီး သင်သည် အခြားသူများအားစတင်လေ့ကျင့်သင်ကြားနိုင်ရန် လိုအပ်သောအဆင့်ကို ပြင်ဆင်ပေးရန် အာမခံထားပေသည်။
သင်မလေ့လာထားသောအရာကို သင်သည် မသင်ကြားပေးနိုင်သကဲ့သို့ သင်မတွေးထားပါကလည်း သင်သည် မလေ့လာနိုင်ပေ၊ အစပြုလုပ်ဆောင်လိုက်ပါ၊ အပြင်သို့ထွက်ပြီးအခြားသူများအားလေ့ကျင့်သင်ကြားပျိုးထောင်လိုက်ပါ။ ဘုရားသခင်အလုပ်လုပ်နေသောနေရာတွင် သင်ပူးပေါင်းပါဝင်သောအခါ ထိုနေရာတွင်အခြားသူများအားစတင် လေ့ကျင့်သင်ကြားရန် အခွင့်အရေးသစ်များတွေ့ရှိလာပေမည်။ ဦးစွာသင်သည် အခြားသူ ၅ဦးအား အဓိကအာရုံစိုက်လျှက် လေ့ကျင့်ပြုစုပျိုးထောင်ခြင်းအားဖြင့် များမကြာမီတွင် အချင်းချင်းအပြန်အလှန်လက်ဆင့်ကမ်းသင်ကြားပေးနိုင်ကာ အယောက် ၅၀ လေ့ကျင့်သင်ကြားလာနိုင်ပေလိမ့်မည်။ မျိုးစေ့အနည်းငယ်သာကြဲသူသည်အနည်းငယ်သာရိတ်သိမ်းရမည်၊ မျိုးစေ့များများကြဲသူသည် များများရိတ်သိမ်းရမည်၊ ရိတ်သိမ်းခြင်းသည် သင်၏အခြားသူများအားလက်ဆင့်ကမ်း ပြုစုသင်ကြားခြင်းပေါ်တွင် အခြေခံပြီး သင်၏ကတိသစ္စာပေါ်တွင် မူတည်ပေသည်။

## ၅. စည်းမျဉ်းငါးခုဆိုသည်မှာ အဘယ်နည်း?

သင်တန်းသားများသည် အခြားသူတစ်ဦးအားလက်ဆင့်ကမ်းသင်ကြားခြင်းမပြုမှီ မိမိကိုယ်ကိုယုံကြည်မှုရှိစေရန် သင်ခန်းစာအားငါးကြိမ် လေ့ကျင့်ရမည်။ ပထမအကြိမ်တွင်သင်တန်းသားများက "သင်ခန်းစာတွေကအရမ်းကောင်းတယ်၊ ကျေးဇူးအရမ်းတင်ပါတယ်"ဟု ပြောကြပါလိမ့်မည်။ ဒုတိယအကြိမ်တွင် သင်တန်းသားများသည် (သင်ခန်းစာအားထိတွေ့ပြီးနောက်) "ကျွန်တော် ဒီသင်ခန်းစာတွေကို ပြန်သင်ပေးနိုင်မယ်လို့တော့ထင်တယ်၊ ဒါပေမဲ့မသေချာဘူး"ဟု ပြောဆိုပါလိမ့်မည်။ တတိယအကြိမ်တွင် သင်တန်းသားများက"သင်ခန်းစာတွေက ကျွန်တော်ထင်ထားသလောက်မခက်ပါဘူး၊ သင်ခန်းစာအားလုံးပြီးသွားရင်တော့ ကျွန်တော်ပြန်သင်ပေးနိုင်မယ်လို့ထင်တယ်၊"လို့ ပြောလာပါလိမ့်မည်။
စတုတ္ထအကြိမ်တွင်သင်တန်းသားများက "အခုမှသင်ခန်းစာတွေကဘယ်လောက်လေးနက်ပြီး အရေးကြီးသလဲဆိုတာတွေ့လာရတယ်။ ကျွန်တော်တစ်ခြားသူတွေကိုပြန်သင်ပေးချင်လိုက်တာဗျာ..သင်ရင်းသင်ရင်းပိုမိုလွယ်ကူလာတယ်"ဟုပြောလာကြလိမ့်မည်။ ပဉ္စမအကြိမ်တွင် သင်တန်းသားများက "ကျွန်တော်တစ်ခြားသူတွေကို လေ့ကျင့်သင်ကြားပေးရင်း သူတို့တွေကိုလည်းအခြားသူတွေကို ဒီသင်ခန်းစာအားလက်တွေ့ ဆက်လက်လုပ်ဆောင်တတ်ရန် လေ့ကျင့်သင်ကြားပေးနိုင်ပြီး ဘုရားသခင်သည် ကျွန်ုပ်မိတ်ဆွေများနှင့်မိသားစုများ၏ဘဝကို ဤသင်ခန်းစာများဖြင့်ပြောင်းလဲစေရန်ပြုလုပ် ပေးမည်ဖြစ်ကြောင်း ကျွန်ုပ်ကိုကျွန်ုပ်စိတ်ချယုံကြည်မှုရှိသွားပြီ"ဟု ပြောဆိုလိမ့်မည်။သင်ခန်းစာများအား လေ့ကျင့်ချိန်ကာလအတွင်း ကြည့်ရှုမြင်တွေ့ခြင်းနှင့်လက်တွေ့လုပ်ဆောင်ခြင်းတို့ပါဝင်သောကြောင့် လေ့ကျင့်သင်ကြားခြင်းကို နှစ်ကြိမ်လုပ်ဆောင်စေခြင်းဖြစ်သည်။ ပထမတစ်ဦးသည် မိမိနှင့်အတူဆုတောင်းခဲ့သူနှင့်အတူ တစ်ကြိမ်လေ့

ကျင့်စေပြီး၊ နောက်တစ်ကြိမ်အတွဲသစ်ရာတွဲကာ သင်ခန်းစာအား ပြန်လည်လေ့ကျင့်သင်ကြားစေရန်ဖြစ်သည်။

## ၆. သင်ခန်းစာများတွင် အဘယ်ကြောင့် လက်ဟန်အမူအရာများ အသုံးပြုရသနည်း?

ပထမတွင် ကလေးဆန်သည်ဟုထင်ရသော်လည်း အချို့သောသင်တန်းသားများအတွက်သင်ခန်းစာများအားပိုမိုလွယ်ကူစွာမှတ်မိစေရန် အထောက်အကူဖြစ်စေပါသည်။ လက်ဟန်အမူအရာများအသုံးပြု၍ သင်ကြားလေ့လာခြင်းသည် တွေ့မြင်ရမှုအပေါ်တွင် လက်တွေ့ကျကျ လေ့ကျင့်လုပ်ဆောင်နည်းပင်ဖြစ်သည်။

လက်ဟန်အမူအရာများအသုံးပြုရာ၌ အထူးသတိထားရန်မှာ မိမိဒေသပတ်ဝန်းကျင်နှင့်သင့်တော်ပြီး အဓိကဆိုလိုရင်းအနှစ်သာရမပျေါ်သွားစေရန်ပင်ဖြစ်သည်။ ယခုသင်ခန်းစာတွင် ပါဝင်သောလက်ဟန်အမူအရာများသည် အရှေ့တောင်အာရှနိုင်ငံအချို့တွင် စမ်းသပ်လေ့လာပြီး အသုံးပြုထည့်ထားသော်ငြားလည်း ပိုမိုထိရောက်ကောင်းမွန်သော အမူအရာများကို ဆက်လက်လေ့လာ အသုံးပြုသွားမည်ဖြစ်ပေသည်။

ရှေ့နေများ၊ ဆရာဝန်များ၊ စစ်တပ်အရာရှိများ၊ စီးပွားရေးသမားများနှင့် အခြားပညာတတ်များသည် ဤသင်ခန်းစာအား အမူအရာနှင့်တစ်ကွ လေ့လာသင်ယူသောကြောင့် မအံ့သြပါနှင့်။ ကြားနေကျစကားတစ်ခွန်းမှာ "နောက်ဆုံးတော့ သင်ခန်းစာအားလုံးကို အခြားသူများအားကျွန်ုပ်ပြန်သင်နိုင်ပြီးသူတို့လည်းနားလည်ပြီးလက်ဆင့်ကမ်းလုပ်ဆောင် နိုင်ပေလိမ့်မည်၊" ဟုပင်ဖြစ်ပါသည်။

## ၇. သင်ခန်းစာများသည် အဘယ်ကြောင့်လွယ်ကူရိုးရှင်းရသနည်း?

သခင်ယေရှုသည် ရိုးရှင်းပြီး မှတ်မိလွယ်သောနည်းဖြင့် လေ့ကျင့်သင်ကြားပေးခဲ့သည်၊ ကျွန်ုပ်တို့လည်း လက်ရှိအသက်တာကိုဥပမာပြကာ သရုပ်ပြခြင်းဖြင့် ပုံပြင်များကို အသုံးပြုခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် သခင်ယေရှုသည် ထိုကဲ့သို့ပင်လုပ်ဆောင်ပြခဲ့သောကြောင့်ဖြစ်သည်။ သင်ခန်းစာများကိုအမှန်ပင် လက်တွေ့ဆင့်ပွားလုပ်ဆောင်နိုင်ရန်ဖြစ်သော်လည်း လက်နီးစုတ်ကဲ့သို့လည်း ဖြစ်သွားတတ်သည်။ လက်ကိုင်ပုဝါတစ်ခုပေါ်တွင် အကြမ်းဖျင်း ဟင်းအမည်တစ်မျိုးကို ရေးချလိုက်ကာ သင်တန်းသားများအား ချက်ခြင်းဆင်ပွားလုပ်ဆောင်ခိုင်းပါက ဖြစ်နိုင်ပါ့မလား? FJT ၏ သင်ခန်းစာများသည် "မိမိကိုယ်ကို ဆန်းစစ်သင်ကြားခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်မှုအတိုင်း ကောင်းသောမျိုးစေ့များစိုက်ပျိုးရန်ဖြစ်သည်။ ဆင့်ပွါးလုပ်ဆောင်နိုင်ရန် အဓိကအထောက်အကူဖြစ်စေသောအချက်မှာ ရိုးရှင်းပြီးလွယ်ကူသောကြောင့်ဖြစ်သည်။

## ၈. အခြားသူများအား လေ့ကျင့်သင်ကြားပေးရာတွင် ဖြစ်လေ့ဖြစ်ထရှိသည့် အမှားအယွင်းများက အဘယ်နည်း?

- *သူတို့သည်သင်တန်း၏ အဓိကကျသောအပိုင်းကို ချန်ထားတတ်ကြသည်။* သေးငယ်သောအစုအဖွဲ့များကို ချီးမွမ်းခြင်း၊ ဆုတောင်းခြင်း၊ ကျမ်းစာလေ့လာခြင်းတို့နှင့် ပေါင်းစပ်ဖွဲ့စည်းကာ သရုပ်ဖေါ်ထားကြသည်။ လေ့ကျင့်သင်ကြားခြင်းတွင်လည်း ထိုအချက်သုံးချက်ပါဝင်သည့်အပြင် အဓိကကျသော လက်တွေ့လုပ်ဆောင်ခြင်းအပိုင်းကို ထပ်မံဖြည့်စွက်ထားပေသည်။ အချို့သောသူများသည် မေတ္တာနှင့်ပတ်သက်၍ အခြားသူများအပေါ်တွင် အဓိက လက်တွေ့ကျသောအရာများကို လုပ်ဆောင်နိုင်ခြင်းမရှိဟု ယုံကြည်ထားကြသည်။ ထို့ကြောင့် ဤအပိုင်းကိုသူတို့သည်ခက်ခဲသော မေးခွန်းများမေးခြင်း၊ ဥပမာနှင့်ပုံစံနမူနာများမေးကာ ချန်လုပ်ထားကြသည်။ မည်သို့ပင်ဆိုစေကာမူ အုပ်စုတစ်ခုအတွင်း၌မူ အဓိကလက်တွေ့ကျသောအရာများကို အချင်းချင်း ထိန်းသိမ်းလုပ်ဆောင်ခြင်းဖြင့် ဝိညာဉ်ရေးရာ ရင့်ကျက်ကြီးထွားလာကြောင်းတွေ့ရှိရပေသည်။
- *စကားပြောများခြင်း* –မိနစ်ကိုးဆယ်ရှိသော သင်ခန်းစာပုံစံတွင် လေ့ကျင့်သင်ကြားပေးသူမှသင်တန်းသားများအား မိနစ်သုံးဆယ်မျှသာသွန်သင်ညွှန်ပြပြီး ကျန်အချိန်အားလုံးကိုသင်တန်းသားများမှ သင်တန်းအတွင်း ချီးမွမ်းခြင်း၊ ဆုတောင်းခြင်း၊ ဆွေးနွေးခြင်းနှင့် လေ့ကျင့်ခြင်းတို့အတွက်အသုံးပြုကြရသည်။ အနောက်တိုင်းပညာရေး နောက်ခံရှိသောသူများတွင် ထိုကဲ့သို့သောအချိန်ခွဲဝေသုံးစွဲမှု့မှာ ပြောင်းပြန်ဖြစ်သည်။
- *သူတို့သည် အနည်းငယ်ကိုသာအာရုံစိုက်ပြီး အများကိုသတိမထားမိကြပေ။* တစ်ဦးခြင်း တပည့်တော်မွေးထုတ်ခြင်း အစီအစဉ်သည် အလွန်ကောင်းမွန်သော အယူအဆသဘောတရားဖြစ်သည်။ သို့သော် လက်တွေ့လုပ်ဆောင်သောအခါ မအောင်မြင်ပေ။ သမ္မာကျမ်းစာတွင်လည်း သေးငယ်သောအစုအဖွဲ့ပုံစံအားဖြင့် (တပည့်တော်မွေးထုတ်ခြင်းကို) လုပ်ဆောင်လေ့ရှိကြောင်းတွေ့ရသည်။ သခင်ယေရှုသည် ပေတရု၊ ယာကုပ်၊ ယောဟန်တို့နှင့် ပိုမို အချိန်ပေးကာ နီးကပ်စွာရှိခဲ့သည်ကို တွေ့ရသည်။ ပေတရုသည်လည်း သူ၏အုပ်စုငယ်များကိုဦးဆောင်ကာ တပည့်တော်စစ်များမွေးထုတ်ပြီး ယေရုရှလင်မှအသင်းတော်များကို အထောက်အမရရှိစေခဲ့သည်။ ရှင်ပေါလုရေးသားသောစာများတွင် သူ၏အုပ်စုငယ်များနှင့်တပည့်တော်များကိုလည်း တွေ့ရှိရသည်။

  အမှန်တစ်ကယ်တွင် သင်လေ့ကျင့်သင်ကြားပေးလိုက်သော လူအားလုံး၏ ၁၅% မှ ၂၀% သော သင်တန်းသားများသာလျှင် လက်တွေ့ပြန်လည်လေ့ကျင့် သင်ကြားပေးနိုင်သူများဖြစ်လာကြောင်းတွေ့ရသည်။

သို့သော်ဤကဲ့သို့သောရလဒ်အတွက်စိတ်မပျက်ပါနှင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်သစ္စာရှိစွာဇဝ်ဂေလိတရားမျိုးစေ့ကိုကျယ်ပြန့်စွာ ကြဲဖြန့်လုပ်ဆောင်ပါက အနည်းငယ်သောလူစုအားဖြင့် တပည့်တော်စစ်များမွေးထုတ်ခြင်းလုပ်ငန်းစဉ်ကို ကောင်းကြီးပေးတိုးပွါးစေပါလိမ့်မည်။

- *သင်တန်းပြုလုပ်ရာတွင် ပြန်လည်ဆင့်ပွါးလုပ်ဆောင်နိုင်ခြင်းမရှိသောနည်းကို အသုံးပြုခြင်း* –တပည့်တော်မွေးထုတ်ခြင်း လမ်းညွှန်စာစဉ်သည် ဆင့်ပွါးလုပ်ဆောင်နိုင်သော နည်းဖြစ်သည်။ ရလဒ်အဖြစ် သင်လေ့ကျင့်သင်ကြားပေးသောသူများမှာ အခန်းတွင်း၌အတွက်သာမဟုတ်ဘဲ သူတို့၏ တတိယမျိုးဆက်၊ စတုတ္ထမျိုးဆက်၊ ပဉ္စမမျိုးဆက်တိုင်အောင် တပည့်တော်မွေးထုတ်ခြင်းမှဆင့်ပွားတပည့်တော်မွေးထုတ်ဖို့ရန် အလွန်အရေးကြီးသောသူများဖြစ်ကြပေသည်။

  အဓိက လမ်းညွှန်မေးခွန်းတစ်ခုမှာ "နောက်ထပ်မျိုးဆက်မှ ပေါ်ထွက်လာမဲ့ တပည့်တော်များသည် ကျွန်ုပ်လုပ်ဆောင်သောအရာများကို အတိအကျ တစ်ပုံစံတည်းလုပ်ဆောင်နိုင်ခြင်းနှင့် အခြားသူများကိုလည်း လက်ဆင့်ကမ်းနိုင်ရဲ့လား? ဟူ၍ဖြစ်သည်။ အကယ်၍စတုတ္ထမျိုးဆက်မှ ယုံကြည်သူများသည် ဝေငှခြင်း၊ ပုံဖေါ်ခြင်း၊ ဖြည့်စွက်ခြင်း၊ တူညီသောသင်ခန်းစာညွှန်းတမ်းနှင့် သင်ထောက်ကူပစ္စည်းများကို သင့်ကဲ့သို့ပင်လုပ်ဆောင်အသုံးပြုပါက မည်သို့ဖြစ်နိုင်သနည်း? သင့်အတိုင်းသူတို့လွယ်ကူစွာလိုက်လုပ်နိုင်ပါကသူတို့သည် အမှန်ပင်ဆင့်ပွါးလုပ်ဆောင်နိုင်ပါမည်။ အကယ်၍သူတို့သည် ကိုယ်ပိုင် ထိန်းသိမ်းမွေးစားလိုက်မည်ဆိုပါက ဆင့်ပွါးလုပ်ဆောင်နိုင်မည်မဟုတ်ပေ။

## ၉. မိမိ ပတ်ဝန်းကျင်ရှိသူများသည် မယုံကြည်သူများဖြစ်လျှင် မည်သို့ လုပ်ဆောင်ရမည်နည်း?

F J T သင်ခန်းစာအားလေ့လာပြီးနောက် သင်၏ပတ်ဝန်းကျင်ရှိမယုံကြည်သူများအကြားတွင် ပုံသက်သေကောင်းပြခြင်းဖြင့် တပည့်တော်များမွေးထုတ်ပါ။ F J T သင်ခန်းစာမှပုံရိပ်များသည် သခင်ယေရှု၏သဏ္ဍာန်နှင့် ခရစ်ယာန်၏အနက်အဓိပ္ပါယ်ကို ဖွင့်ပြထားသည်။ အရှေ့တောင်အာရှနိုင်ငံများတွင် ကျွန်ုပ်တို့သည် ဦးစွာတပည့်တော်ဖြစ်စေပြီး ဧဝံဂေလိဝေငှစေသည်။ F J T သင်ခန်းစာသည် ဖိအားပေးမှုမပါဝင်ဘဲလုပ်ဆောင်နိုင်ရန် လမ်းပြထားသည်။

- မိမိအုပ်စုပတ်ဝန်းကျင်ရှိယုံကြည်သူများနှင့် ဆက်သွယ်ပါ၊ ထို့အပြင်ပတ်ဝန်းကျင်ရှိ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် သုတေသနလုပ်ဆောင်နေသူများကို F J T သင်ခန်းစာများဖြင့်လက်ဆင့်ကမ်းသင်ကြားပေးပြီး သူတို့

ပတ်ဝန်းကျင်တွင်လည်း ပျောက်ဆုံးသောဝိညာဉ်များအတွက် လုပ်ဆောင်စေပါ။

- ကျမ်းစာသင်တန်းများ၊ ကျမ်းစာကျောင်းများသို့သွားရောက်ပြီး သင်၏ပတ်ဝန်းကျင်ရှိ မယုံကြည်သူများအား ကူညီလုပ်ဆောင်ပေးမည့်သူများကို ရှာဖွေပါ။
- တခါတရံ ခေါင်းဆောင်များအား ဘုရားသခင်ရွေးကောက်ထားသော်လည်း ကျွန်ုပ်တို့မသိရှိကြပေ။ သင်၏အုပ်စုအား ဦးဆောင်နိုင်မည့်သူတဦးကို ရွေးပါ။ ပျောက်ဆုံးသောဝိညာဉ်များအတွက် သူတို့တွင်လည်း ရူပါရုံများရှိကြပေမည်။ သို့သော်လုပ်ဆောင်ရန်မှာ အတွေ့အကြုံနုနယ်ကြပေသည်။

## ၁၀. အသစ်သောတပည့်တော်မှ အခြားတပည့်တော်အသစ် မွေးထုပ်ရန် ပထမဦးဆုံးအဆင့်မှာ အဘယ်နည်း?

သင်တန်းသားများလေ့ကျင့်ခဲ့သော ရှိစင်းစွာဝတ်ပြုကိုးကွယ်ခြင်းပုံစံကို စတင်အသုံးပြုရန်တိုက်တွန်းအားပေးပါ၊ အဖွဲ့သားအားလုံး အတူတကွချီးမွမ်းကြမည်၊ အတူတကွဆုတောင်းကြမည်၊ ကျမ်းစာလေ့လာခြင်းအပိုင်းတွင် F J T သင်တန်း၏ သင်ခန်းစာတစ်ခု (သို့)ကျမ်းစာထဲမှ ပုံဥပမာတစ်ခုကိုပြောပြပြီး မေးခွန်းသုံးခုအားဖြင့်ဆင် ခြင်ကြမည်။ လက်တွေ့လေ့ကျင့်ခြင်းအပိုင်းတွင် လေ့လာခဲ့ပြီးသောသင်ခန်းစာအား အချင်းချင်းပြန်လည်သင်ကြားစေခြင်းပင်ဖြစ်သည်။ သင်တန်းကာလအတွင်း သင်တန်းသားများသည် ရိုးစင်းစွာဝတ်ပြုကိုးကွယ်ခြင်းပုံစံကို ၉ ကြိမ် တိုင်တိုင် လက်တွေ့လုပ်ဆောင်စေခြင်းအားဖြင့် မိမိဒေသ၌ အုပ်စုငယ်များအစပြုရာတွင်လည်း ယုံကြည်မှုအပြည့်ဖြင့် ပြန်လည်စတင်အသုံးပြုနိုင်မည်။

## ၁၁. ဤသင်ခန်းစာအား သင်တန်းသားများအသုံးပြုနိုင်မည့်နည်းလမ်းများကား အဘယ်နည်း?

F J T သင်တန်းကို အောက်ပါနည်းလမ်းများအတိုင်း ထိရောက်စွာအသုံးပြုနိုင်ပါသည်။

- ***<u>သင်တန်းပုံစံ</u>***– သင်တန်းကျင်းပရန်နှင့် ထိရောက်စေရန် ပျမ်းမျှသင်တန်းသားဦးရေမှာ ၂၄ ဦးမှ ၃၀ ဦးကြားပင်ဖြစ်သည်။ သင်တန်းကာလမှာ သင်တန်းသားများ၏နားလည်မှုစွမ်းရည်ပေါ်မူတည်၍ နှစ်ရက်ခွဲ (သို့) သုံးရက်ကျင်းပနိုင်ပါသည်။
- ***<u>အပတ်စဉ်သင်ကြားခြင်းပုံစံ</u>***– အပတ်စဉ်သင်ကြားရန် အကောင်းဆုံးပျမ်းမျှသင်တန်းသားဦးရေမှာ ၁၀ ဦးမှ ၁၂ ဦး ကြားပင်ဖြစ်သည်။ ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကို ထပ်မံဖြည့်စွက်ထားခြင်းဖြင့် သင်ခန်းစာမှာ အချိန် ၁၂ ပတ်ကြာပေလိမ့်မည်။ သင်ကြားခြင်းကိုအသင်းတော် (သို့) အိမ်

တစ်အိမ်တွင်ပြုလုပ်နိုင်သည်။ အချို့သောသင်ကြားပေးသူများသည်မိမိသင်ကြားပေးလိုက်သော သင်ခန်းစာတစ်ခုပြီးတိုင်း ရုံးပိတ်ရက်များ၌ အခြားသူများအား လက်ဆင့်ကမ်း လေ့ကျင့်သင်ကြားစေသည်။ ဤသို့ပြုလုပ်ခြင်းသည် လျှင်မြန်သောအရှိန်ဖြင့် အသင်းတော်များ တိုးတက်တည်ထောင်နိုင်ရန်ရှေ့ ပြေးသင်္ကေတပင်ဖြစ်ပေသည်။

- ***<u>ဥပုဒ်စာဖြေကျောင်းပုံစံ</u>***– ဥပုဒ်စာဖြေကျောင်းတွင် သင်ကြားရန် အကောင်းဆုံးပျမ်းမျှသင်တန်းသားဦးရေမှာ ၈ ဦး မှ ၁၂ ဦး ကြားပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သင်ကြားခြင်းနည်းစနစ်အရအချိန်ပေါ်မူတည်ပြီးသင်ကြားလေ့လာခြင်းအပိုင်းအား နှစ်ပိုင်းခွဲ၍ တနင်္ဂနွေနှစ်ပတ် သင်ကြားရမည်ဖြစ်သည်။ သင်းကြားမှုတိုင်း ရိုးစင်းသောဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကိုအပတ်စဉ် ကျင်းပပြုလုပ်ရမည်ဖြစ်သောကြောင့် သင်ခန်းစာအားလုံးပြီးရန်မှာ အချိန် ၂၀ ပတ်ကြာပေလိမ့်မည်။
- ***<u>ကျမ်းစာသင်တန်း (သို့) ကျမ်းစာသင်ကျောင်းပုံစံ</u>***– ဇဝံဂေလိသင်ခန်းစာ (သို့) တပည့်တော်ဖြစ်သင်ခန်းစာ သင်ကြားချိန်တွင် FJT သင်ခန်းစာကိုအသုံးပြုသင်ကြားနိုင်ပြီး အပတ်စဉ်လက်တွေ့ကွင်းဆင်း လုပ်ဆောင်စေနိုင်ပါသည်။
- ***<u>ညီလာခံပုံစံ</u>***– လူ ၁၀၀ ကျော် သင်တန်းသားအုပ်စုကြီးအတွက် FJT သင်ခန်းစာကို လက်တွဲကူညီသင်ကြားပေးနိုင်သူများကိုအသုံးပြုပြီး အုပ်စုငယ်များဖွဲ့ကာ သင်ကြားပေးနိုင်ပါသည်။
- ***<u>တရားဒေသနာပုံစံ</u>***– FJT သင်ခန်းစာကို နားလည်ပြီးသော သင်းအုပ်ဆရာသည် အသင်းတော်၌သင်ခန်းစာအားရုံဖန်ရံခါသင်ကြားခြင်းဖြင့် အသင်းသားများထဲမှ အခြားသူများအား ခရစ်တော်နောက်သို့ လိုက်လျှောက်တတ်လာစေရန် စိတ်အားကြီးသူများကို မွေးထုတ်ပေးနိုင်ပါသည်။
- ***<u>ဆွေးနွေးတင်ပြခြင်းပုံစံ</u>***– သာသနာပြုများသည် မိမိအားကူညီပံ့ပိုးနေသူများအား မိမိသာသနာကွင်းတွင် မည်ကဲ့သို့လက်တွေ့ကျစွာ လေ့ကျင့်သင်ကြားနေပုံကို ပြန်လည်ဝေငှနိုင်ပေသည်။ အားပေးကူညီပံ့ပိုးနေသူများသည်ထိရောက်မှုရှိသောအရာများနှင့်ခရစ်တော်နောက်သို့ရိုးရှင်းစွာလိုက်လျှောက်ရန်အချက်များကို မှတ်သားခြင်းနှင့် သာသနာပြုများ၏လုပ်ဆောင်မှုများကိုသိရှိနားလည်လာနိုင်ပေမည်။
- ***<u>နည်းပြခြင်းပုံစံ</u>***– အချို့သောသူများသည် သင်ခန်းစာတစ်စိတ်တစ်ပိုင်းကိုအသုံးပြုပြီးခေါင်းဆောင်များကို နည်းပြသွန်သင်ပေးသည်။ FJT သင်ခန်းစာသည်အလွန်နက်ရှိုင်းပေသည်။ (သင်ခန်းစာအားလုံးသည်တစ်ခုနှင့် တစ်ခုဆက်နွှယ်နေပြီး အစိတ်အပိုင်းတစ်ခုစီတိုင်းတွင် လေးနက်သောအကြောင်းအရာများပါဝင်ပေသည်)၊ သင်ကြားပေးသူသည် သင်ခန်းစာအားမည်သည့်

အခန်းမှမဆိုစတင်သင်ကြားနိုင်သော်လည်း သခင်ယေရှု၏ ပုံရိပ်အားလုံးကို ပြည့်စုံစွာ သင်ကြားပေးခြင်းအားဖြင့် စစ်မှန်သောခရစ်တော်နောက်လိုက်သူ ဖြစ်စေပါ။

## ၁၂. အကယ်၍ဤသင်တန်းအား စာမတတ်သူ(သို့) အနည်းငယ်သာတတ်သူများ တက်ရောက်လာပါက မည်သို့သင်ကြားပေးနိုင်မည်နည်း?

ဤအခြေအနေမျိုးနှင့် ပတ်သက်ပြီး လုပ်ဆောင်ခဲ့ပုံတစ်ခုကို ပြန်လည်ပြောပြချင်ပါတယ်။ မှတ်မိနေသေးတယ်၊ ထိုင်းနိုင်ငံမှာသင်တန်းတစ်ကြိမ်ကျင်းပစဉ်ကသင်တန်းသားအများစုမှာ မြောက်ပိုင်းမှာရှိတဲ့ တောင်ပေါ်ဒေသမှအမျိုးသမီးအများစုပင် ဖြစ်တယ်။ သူတို့ရဲ့ယဉ်ကျေးမှုအရ အရွယ်ရောက်သည့်အချိန်အထိ စာပေသင်ကြားလေ့လာခွင့်တားမြစ်ပိတ်ပင်ခံထားရတယ်။ ဒါကြောင့်သူတို့အတော်များများဟာ စာမတတ်ကြဘူး။

သင်တန်းသင်ကြားချိန်တိုင်း အမျိုးသားများလေ့လာသင်ယူနေစဉ်တွင် အမျိုးသမီးအများစုမှာ တိတ်ဆိတ်စွာထိုင်ပြီးနားထောင်နေတတ်ကြသည်။ မည်သို့ပင်ဖြစ်စေ ***ယေရှုခရစ်တော်နောက်သို့လိုက်ခြင်းသင်တန်း၏*** လက်တွေ့လေ့ကျင့်သင်ကြားခြင်းနည်းအရ ထိုအမျိုးသမီးအားလုံးသည် ၃ ရက်တာ သင်တန်း ကာလအတွင်းပါဝင်လေ့လာခွင့်ရခဲ့သည်။ သင်တန်းသင်ကြားနေစဉ်တွင် သင်တန်းသားတစ်ဦးအား (သင်တန်းသားအားလုံးကိုယ်စား) ကျမ်းစာကိုအသံကျယ်ကျယ်ဖတ်စေပြီး အမျိုးသမီးများအားလည်း(နှစ်ယောက်တစ်တွဲအစား) ၅ ယောက် (သို့) ၆ ယောက်တစ်ဖွဲ့ဖွဲ့စေပါသည်။ အမျိုးသမီးများသည် ၃ ရက်တာသင်တန်း ကာလအတွင်း မျက်ရည်လည်ရွဲနှင့် အကြိမ်ကြိမ်ပြောနေတာကတော့ "အခုတော့ကျွန်မတို့သူများတွေကိုတောင်ပြန်ပြီး ပြောပြနိုင်တဲ့အရာတွေ သင်ယူလေ့လာခွင့် ရခဲ့ပြီ" တဲ့ဗျာ။

# နောက်ဆက်တွဲအပိုင်း(ဂ)

## သင်တန်းဇယားစစ်ဆေးခြင်း

**သင်တန်းမစမီ ...**

- ***ဆုတောင်းအဖွဲ့၏အကူအညီယူပါ***– သင်တန်းမစမီနှင့် သင်တန်းကာလအတွင်း လူ(၁၂)ဦးပါရှိသည့် ဆုတောင်းအဖွဲ့အားကိုယ်စားပြု ဆုတောင်းစေပါ။ ဤအချက်မှာ "လွန်စွာ"အရေးကြီးပေသည်။
- ***လက်ထောက်တစ်ဦး၏ အကူအညီယူပါ***– F J T သင်တန်းဆင်းတစ်ဦး၏ အကူအညီရယူပါ။ ဖြစ်နိုင်လျှင်လွန်ခဲ့သော F J T ၏ အခြေခံတပည့်တော်စစ် မွေးထုတ်ခြင်းသင်တန်းတက်ရောက်ဖူးသူဖြစ်ရမည်။
- ***ပါဝင်သူများကိုဖိတ်ခေါ်ပါ***– သင်တန်းသားများအားပါဝင်နိုင်ရန် ယဉ်ကျေးစွာဖိတ်ခေါ်ပါ။ စာပေးပို့၍ဖြစ်စေ၊ ဖိတ်စာဖြင့်ဖြစ်စေအသုံးပြုဖိတ်ခေါ်ပါ။ F J T ၏ အခြေခံတပည့်တော်စစ် မွေးထုတ်ခြင်းသင်တန်းအတွက် အသင့်တော်ဆုံး သင်တန်းသားဦးရေမှာ ၂၄ မှ ၃၀ ယောက်ဖြစ်ပြီး သင်တန်းအတွက်ကူညီပေးမည့်သင်တန်းတက်ဖူးသူများရှိပါက သင်တန်းသားဦးရေ(၁၀၀)အထိ သင်ကြားနိုင်သည်။ F J T ၏ အခြေခံတပည့်တော်စစ်မွေးထုတ်ခြင်းသင်တန်းအား သင်တန်းသားသုံးလေးယောက်သာရှိသော အုပ်စုငယ်များနှင့် တစ်ပတ်တစ်ကြိမ် တွေ့ဆုံသင်ကြားပေးခြင်းသည်လည်း လွန်စွာထိရောက်ပေသည်။
- ***လိုအပ်ချက်များပြင်ဆင်ပါ***– သင်တန်းသူ/သားများအတွက် နေရေးထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေး စသည်တို့ကိုပြင်ဆင်ပါ။
- ***သင်တန်းနေရာစီစဉ်ပါ***– သင်တန်းခန်းမအနောက်ဖက်တွင် စားပွဲ(၂)လုံးနှင့်သင်တန်းသားများအတွက် ကုလားထိုင်များအား စက်ဝိုင်းသဏ္ဍာန်ပြင်ဆင်ပါ။ သင်တန်းကာလအတွင်း သရုပ်ပြလှုပ်ရှားမှုအတွက် နေရာအကျယ်အဝန်းရှိပါစေ။ အဆင်ပြေလျှင်ထိုင်ခုံအစား ဖျာအသုံးပြုခြင်းဖြင့် ပိုမိုအဆင်ပြေစေပါသည်။တစ်နေ့(၂)ကြိမ် ကော်ဖီ၊ လ္ဘက်ရည်နှင့် မုန့်အတွက်ပြင်ဆင်ထားပါ။
- ***သင်တန်းအထောက်အကူ ပစ္စည်းများပင်ဆင်ထားပါ***– ကျမ်းစာအုပ်၊ မှတ်စုစာအုပ်၊ သင်ပုန်းဖြူ နှင့် မာကာများ၊ ခေါင်းဆောင်မှတ်စု၊သင်တန်းသား မှတ်စုများ၊ ရောင်စုံခဲတံ၊ ဘောလ်ပင်နှင့် မြေပုံဆွဲရန်ကဒ်ထူစက္ကူများ အဆင်သင့်ရှိပါစေ။

- ***ချီးမွမ်းဝတ်ပြုချိန်စီစဉ်ပါ***– သင်တန်းသားများအတွက် ဂီတာ၊ သီချင်းစာရွက်၊ သီချင်းစာအုပ်များ စီစဉ်ထားပါ။ ဂီတာတီးတတ်သူတစ်ဦးကို အကူအညီတောင်းပါ။ သင်ကြားမည့်သင်ခန်းစာအား အထောက်အကူပြုမည့်သီချင်းများ ချီးမွမ်းသီဆိုပါ။
- သရုပ်ပြလှုပ်ရှားမှုအတွက် အထောက်အကူပစ္စည်းများစီစဉ်ပါ၊ ပူစီပေါင်း၊ ရေပုလင်းနှင့် ဆုများစီစဉ်ထားပါ။

## သင်တန်းကာလအတွင်း

- ***ပြောင်းလွယ်ပြင်လွယ်ရှိပါစေ***– သင်တန်းချိန်သတ်မှတ်ထားပါ။ သို့သော် သင်တန်းသားများ၏ဘဝတွင် ဘုရားသခင်၏လုပ်ဆောင်မှုအတွက် ပြောင်းလွယ်ပြင်လွယ်ရှိပါစေ။
- ***လေ့ကျင့်ခြင်းနှင့်ကျွမ်းကျင်မှုကိုဦးစားပေးပါ***– သင်တန်းသားများအား သင်ခန်းစာတစ်ခုပြီးတိုင်း အချင်းချင်းပြန်လှန်သင်ကြားတတ်ရန်လေ့ကျင့်ပေးပါ။ လက်တွေ့ လေ့ကျင့်သင်ကြားခြင်းမပြုလုပ်ပါက သင်တန်းသားများသည် အခြားသူများကို ဆင့်ပွားသင်ကြားပို့ချရန် စိတ်ချယုံကြည်ခြင်းမရှိဖြစ်နေမည်။ သင်ခန်းစာကိုလျှော့ချပြီးလက်တွေ့လေ့ကျင့် သင်ကြားချိန်ပိုပေးပါက ပိုကောင်းပါသည်။ လေ့ကျင့်သင်ကြားခြင်းနှင့် ကျွမ်းကျင်မှုသည်တိုးပွားများပြားစေသော အဓိကသော့ချက်များပင်ဖြစ်သည်။
- ***ဦးဆောင်နိုင်သူများအဖြစ်မှတ်စေပါ***– သင်တန်းချိန်ပြီးဆုံးတိုင်း ဆုတောင်းရန်လူသစ်တစ်ယောက်ကိုရွေးချယ်ပါ။ ဤနည်းဖြင့်သင်တန်းပြီးဆုံးသောအခါ အယောက်စီတိုင်းသည် အနည်းဆုံး(၁)ခါ ဆုတောင်းနိုင်မည်ဖြစ်ပါသည်။ သင်တန်းသားတိုင်း အုပ်စုငယ်အတွင်း ရိုးစင်းစွာဝတ်ပြုကိုးကွယ်ချိန်၌ အချက်တစ်ချက်ကိုဦးဆောင်စေပါ။
- ***ဘုရားပေးထားသောအရည်အချင်းကိုအသုံးပြုစေပါ***– သင်တန်းသားတိုင်း ဘုရားပေးထားသောအရည်အချင်းကို ပါဝင်အသုံးပြုစေပါ။ ဂီတ၊ သီချင်း၊ ကြီးကြပ်မှု၊ ကာယ၊ သင်ကြားခြင်း စသည့်လူတိုင်းတွင်ရှိသောအရည်အချင်းမျိုးစုံကိုအသုံးပြုရန်အားပေးတိုက်တွန်းပါ။
- ***ပြန်လည်လေ့ကျင့်ခြင်း***– သင်ခန်းစာတစ်ခုအစပြုတိုင်းတွင် ပြန်လည်လေ့ကျင့်ခြင်းအပိုင်းကိုမဖယ်ပါနှင့်။ သင်တန်းကာလပြီးဆုံးသွားချိန်တွင် သင်တန်းသားတိုင်းသည် မေးခွန်းများ၊ အဖြေများ၊ လက်ဟန်အမူအရာများကိုလွယ်ကူစွာမှတ်မိသင်ကြားနိုင်မည်ဖြစ်သည်။ သင်တန်းသားအချင်းချင်း ပြန်လှန်သင်ကြားရာတွင် သင်တန်းဆရာသင်ကြားပေးသည့်ပုံစံအတိုင်း သင်ကြားရန် အမြဲသတိပေးပါ။ အချင်းချင်း လေ့ကျင့်သင်ကြားရာတွင်လည်း ပြန်လည်လေ့ကျင့်ခြင်းအပိုင်းကို မဖယ်ပါစေနှင့်။

- ***<u>ရလဒ်ကိုမှတ်သားပါ</u>***– သင်တန်းသားများ နားမလည်ခြင်းများ၊ မေးခွန်းများကို မှတ်စုထဲတွင်ရေးသားထားပါ။ ဤအချက်များသည် သင်တန်းပြီးဆုံးပြီးသောအခါ သင်၏လက်ထောက်နှင့်ရလဒ်ကို ပြန်လည်ဆွေးနွေးသောအခါ အထောက် အကူရရှိမည်ဖြစ်ပါသည်။
- ***<u>ရှိရှင်းစွာဝတ်ပြုခြင်းအပိုင်းကို မပယ်ပါနှင့်</u>***– ရိုးရှင်းစွာဝတ်ပြုခြင်းသည် သင်တန်း၏အရေးကြီးသောအပိုင်းဖြစ်ပေသည်။ သင်တန်းသားများသည် ရိုးရှင်းစွာဝတ်ပြုခြင်းအား ရှင်းလင်းစွာနားလည်သဘောပေါက်ကာဦးဆောင်နိုင်ပါက သင်တန်းပြီးဆုံးသွားသောအခါတွင်လည်း အဖွဲ့ငယ်များစတင်ဖို့ရန် မိမိကိုယ်ကို ယုံကြည်မှုရှိနေမည်။

## သင်တန်းပြီးဆုံးပြီးနောက် …

- ***<u>သင်တန်းကာလအားလုံးကို လက်ထောက်နှင့်ဆန်းစစ်ပါ</u>***– သင်တန်းအခြေအနေအားလုံးကို ပြန်လည်စစ်ဆေးသုံးသပ်ရန် အနည်းဆုံးနေ့ တစ်ဝက်အချိန်ပေးပါ။ ကောင်းသည့်အချက်၊ မကောင်းသည့်အချက်များကိုစာရင်းပြုပြီး နောက်တစ်ကြိမ် သင်တန်းအတွက် ပိုမိုကောင်းမွန်စေရန် ပြင်ဆင်ပါ။
- ***<u>ဆက်လက်ပြုလုပ်မည့်သင်တန်းများအတွက် ဖြစ်နိုင်ခြေရှိသည့် အကူများကို ရွေးချယ်ထားပါ</u>***– သင်တန်းမှ ခေါင်းဆောင်အရည်အချင်းရှိသူ (၂)ယောက် (၃) ယောက်ကို နောက်ထပ်အခြေခံတပည့်တော်စစ်မွေးထုတ်ခြင်းသင်တန်းကျင်းပပြုလုပ်သည့်အခါ သင့်အားကူညီနိုင်ရန်ဆက်သွယ်ထားပါ။
- ***<u>သင်တန်းသားများကိုနောက်တစ်ကြိမ်တွင် သူငယ်ချင်းတယောက်ကိုခေါ်လာရန် အားပေးပါ</u>***– နောက်တစ်ကြိမ်သင်တန်းပြုလုပ်ပါက သင်တန်းသားများအား သူငယ်ချင်း(၁)ယောက်ကို ခေါ်လာစေရန်အားပေးပါ။ ဤနည်းဖြင့်သင်တန်း ပေးသူများတိုးပွားလာစေနိုင်သည်။

# အချိန်ဇယား

ဤသင်တန်းကို (၃)ရက်(သို့)အပတ်စဉ်(၁၂)ပတ် သင်ကြားမှုပုံစံဖြင့်သင်ကြားနိုင်ပါသည်။ ပုံစံနှစ်မျိုးစလုံးတွင် သင်ခန်းစာတစ်ခု၏သင်ကြားချိန်မှာ ပျမ်းမျှခြင်း(၁နာရီ၃၀မိနစ်) ခန့် ဖြစ်ပြီး စာမျက်နှာ(၂၆)မှ သင်တန်းအတွက် သင်ကြားမှုနည်းစနစ်အတိုင်းပင်ဖြစ်သည်။

## အခြေခံတပည့်တော်ဖြစ်သင်တန်း (၃)ရက်

| ပထမနေ့ | | ဒုတိယနေ့ | | တတိယနေ့ | |
|---|---|---|---|---|---|
| ၈း၃၀ | ကြိုဆိုနှုတ်ခွန်းဆက်ပါ | ၈း၃၀ | ရိုးစင်းစွာဝတ်ပြုခြင်း | ၈း၃၀ | ရိုးစင်းစွာဝတ်ပြုခြင်း |
| ၁၀း၀၀ | နားချိန်၊ | ၉း၀၀ | နာခံပါ၊ | ၉း၀၀ | ဝေငှပါ၊ |
| ၁၀း၁၅ | ဆတိုးပွားပါ | ၁၀း၃၀ | နားချိန်၊ | သက်သေခံရန် လေ့ကျင့်ချိန် | |
| ၁၂း၀၀ | နေ့လည်စာ၊ | ၁၀း၄၅ | လျှောက်လှမ်းပါ | ၁၀း၃၀ | နားချိန်၊ |
| ၁း၀၀ | ချစ်ပါ၊ | ၁၂း၀၀ | နေ့လည်စာ၊ | ၁၀း၄၅ | နောက်တော်လိုက်ပါ၊ |
| ၃း၁၅ | နားချိန်၊ | ၁း၀၀ | ရိုးစင်းစွာဝတ်ပြုခြင်း | ၁၂း၀၀ | နေ့လည်စာ၊ |
| ၃း၃၀ | ဆုတောင်းပါ၊ | ၁း၃၀ | သွားပါ၊ | ၁း၀၀ | မိမိကားတိုင်ကိုထမ်းပါ |
| ၅း၀၀ | ညနေစာ၊ | ၃း၁၅ | နားချိန်၊ | | |
| | | ၃း၃၀ | ဝေငှပါ၊ | | |
| | | ၅း၀၀ | ညနေစာ၊ | | |

# အခြေခံတပည့်တော်ဖြစ် အပတ်စဉ်သင်တန်း

| | | | |
|---|---|---|---|
| (၁)ပါတ် | ကြိုဆိုနှုတ်ခွန်းဆက်ပါ၊ | (၇)ပါတ် | လျှောက်လှမ်းပါ၊ |
| (၂)ပါတ် | ဆတိုးပွားပါ၊ | (၈)ပါတ် | ရိုးစင်းစွာဝတ်ပြုခြင်း၊ |
| (၃)ပါတ် | ချစ်ပါ၊ | (၉)ပါတ် | သွားပါ၊ |
| (၄)ပါတ် | ရိုးစင်းစွာဝတ်ပြုခြင်း၊ | (၁၀)ပါတ် | ဝေငှပါ၊ |
| (၅)ပါတ် | ဆုတောင်းပါ၊ | (၁၁)ပါတ် | နောက်တော်လိုက်ပါ၊ |
| (၆)ပါတ် | နာခံပါ၊ | (၁၂)ပါတ် | မိမိကားတိုင်ကို ထမ်းပါ၊ |

# နောက်ထပ်အားထားရန်

## Website

လက်ရှိ ဘာသာပြန်စာအုပ်များ

ကျောင်းသားကိုင်စာအုပ်